# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

# နှစ်ပတ်လည် အစီရင်ခံစာ

## ၂၀၁၇ ခုနှစ်

ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ မတ်လ

(က)

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ၂၀၁၇ ခုနှစ် အစီရင်ခံစာ
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | **နိဒါန်း** | ၁ |
| | ▪ ကော်မရှင် ဖွဲ့စည်းခြင်း | ၁ |
| | ▪ ကော်မရှင်ရုံး ဖွဲ့စည်းမှု | ၁ |
| ၂။ | **လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ လူ့အခွင့်အရေးအသိပညာဟောပြောပွဲများ | ၂ |
| | ▪ အလုပ်ရုံသင်တန်းများ | ၃ |
| | ▪ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သင်ခန်းစာပို့ချခြင်း | ၅ |
| | ▪ တပ်မတော်စစ်ကျောင်းကြီးများတွင် သင်ခန်းစာပို့ချခြင်း | ၅ |
| | ▪ ပညာရေးဝန်ကြီးဌာန ကျောင်းစီမံခန့်ခွဲအုပ်ချုပ်မှု သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း | ၆ |
| | ▪ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း | ၆ |
| | ▪ စာကြည့်တိုက် (Resource Center) ဖွင့်လှစ်ထားရှိခြင်း | ၆ |
| ၃။ | **လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ** | |
| | ▪ ပြည်ပမှ တိုင်တန်းချက်များအား ဆောင်ရွက်မှု | ၇ |
| | ▪ ပြည်တွင်းတိုင်တန်းချက်များအပေါ် ဆောင်ရွက်မှု | ၉ |
| | ▪ ကွင်းဆင်းစစ်ဆေးမှု | ၁၀ |
| | ▪ လွှတ်တော်မှပေးပို့သည့် တိုင်တန်းချက်များ | ၂၃ |
| | ▪ အကျဉ်းထောင်ဆိုင်ရာ အခြားဆောင်ရွက်ချက်များ | ၂၈ |
| | ▪ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲအချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး စခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်း | ၂၉ |
| | ▪ တိုင်တန်းချက်များအပေါ် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှု | ၃၅ |
| | ▪ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီနှင့် အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီနှစ်ရပ်မှ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံမှု အခြေအနေ | ၃၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၄။ **ဥပဒေရေးရာဆောင်ရွက်ချက်များ**

- လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်း ------------------------------------------ ၃၆
- အကြံပြုချက်နှင့် သဘောထားမှတ်ချက်များ ပေးပို့ခြင်း ------------------------- ၃၆
- စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို ပါဝင်အတည်ပြုချုပ်ဆိုခြင်း ---------------------------- ၄၀
- တရားဥပဒေရေးရာနှင့် လူ့အခွင့်အရေးဆိုင်ရာ ပါဝင်ဆောင်ရွက်မှုများ -------- ၄၁
- ဘာသာပြန်ခြင်းနှင့် ပုံနှိပ်ဖြန့်ချိခြင်း ------------------------------------------ ၄၄

၅။ **နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆောင်ရွက်ချက်များ**

- လုပ်ငန်းတာဝန်များ -------------------------------------------------------------- ၄၅
- အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (SEANF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း ---------------------------------------------------- ၄၅
- အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ ဖိုရမ် (APF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း ----------------- ၄၇
- အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး၏ နှစ်ပတ်လည် အစည်းအဝေး သို့ တက်ရောက်ခြင်း ------------------------------------------ ၄၈
- ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း -------------------------------------------------------------- ၄၈
- အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း- ၅၀
- အာဆီယံဒေသတွင်းရှိ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များနှင့် ဥရောပရှိ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးသည့် အစီအစဉ်သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင် ပါဝင်တက်ရောက်ခြင်း ------- ၅၀
- ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့အလားအလာများ ဆွေးနွေးပွဲ ကျင်းပခြင်း ------------------------------------------------------------------- ၅၁
- နိုင်ငံခြားရေးဝန်ကြီးဌာနတွင် သင်ခန်းစာများ ပို့ချခြင်း ------------------------- ၅၂
- ကော်မရှင်အဖွဲ့ဝင်များ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများတက်ရောက်ခြင်း - ၅၂

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- ကော်မရှင်ရုံးဝန်ထမ်းများ ပြည်ပသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေး တက်ရောက်မှုများ ---------- ၅၃
- ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ လာရောက်တွေ့ဆုံမှုများ ---------- ၅၄

၆။ **စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များ**

- ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ---------- ၅၇
- စီမံရေးရာကိစ္စရပ်များ ---------- ၅၈
- ဝန်ထမ်းရေးရာကိစ္စရပ်များ ---------- ၅၉
- ကော်မရှင်ရုံးဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲခြင်း ---------- ၆၀
- ကော်မရှင်ရုံးခွဲများ ဖွင့်လှစ်ခြင်း ---------- ၆၀
- ကော်မရှင် (ရုံးချုပ်) အဆောက်အဦ အခြေအနေ ---------- ၆၁
- ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ ---------- ၆၂
- ကော်မရှင်ရုံးဝန်ထမ်းများအတွက် အငြိမ်းစားပင်စင် စုဆောင်းငွေ ---------- ၆၂
- ကော်မရှင်ရုံးဝန်ထမ်းများ လူမှုဖူလုံရေးစနစ်သို့ ဝင်ရောက်ခြင်း ---------- ၆၃

၇။ **သုံးသပ်ချက်များ**

- လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ သုံးသပ်ချက် ---------- ၆၃
- အကျဉ်းထောင်၊ အကျဉ်းစခန်းများ စစ်ဆေးမှုအပေါ် သုံးသပ်ချက် ---------- ၆၄
- ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား စစ်ဆေးမှုအပေါ် သုံးသပ်ချက် ----- ၆၈
- ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်မှုများအပေါ် သုံးသပ်ချက် ---------- ၆၈
- လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ၏ ၂၀၁၆ -၂၀၁၇ ခုနှစ် ဆောင်ရွက်မှုများကို နှိုင်းယှဉ်သုံးသပ်ချက် ---------- ၆၉
- ပြည်ထောင်စုဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် သုံးသပ်ချက် -- ၆၉
- ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ပြန်ကြားချက်များအပေါ် သုံးသပ်ချက် ---------- ၇၈

၈။ **သုံးသပ်အကြံပြုချက်များ**

- အကျဉ်းဦးစီးဌာနနှင့် ပတ်သက်သည့် သုံးသပ်အကြံပြုချက်များ ---------- ၇၉
- ရဲတပ်ဖွဲ့နှင့်ပတ်သက်သည့် သုံးသပ်အကြံပြုချက်များ ---------- ၈၃

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


- တရားရုံးအချုပ်ခန်းများနှင့် ပတ်သက်သည့် အကြံပြုချက်------------------------ ၈၆
- ဥပဒေရေးရာ အကြံပြုချက်များ ----------------------------------------------- ၈၇

၉။ **ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ**

- လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ ------------------------------------------------------------ ၈၇
- လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ ------------------------------------------------------------ ၈၇
- ဥပဒေရေးရာဆိုင်ရာ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ ---------------- ၈၈
- နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ------- ၈၈
- စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ----- ၈၉

၁၀။ **နိဂုံး** ---------------------------------------------------------------------- ၉၀

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ၂၀၁၇ ခုနှစ် အစီရင်ခံစာ
## နိဒါန်း

### ကော်မရှင် ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၁ ဖြင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ၂၄ ရက်စွဲပါ အမိန့်အမှတ် (၂၃/၂၀၁၄) ဖြင့် အဖွဲ့ဝင် ၁၁ ဦးပါဝင်သော "မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်" ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ၄ ဦးအား နိုင်ငံတော်သမ္မတရုံး၏ အမိန့်အမှတ် (၅၆/၂၀၁၆) ဖြင့် ၎င်းတို့၏ သဘောဆန္ဒအလျောက် ရာထူးမှနုတ်ထွက်ခွင့်ပြုခဲ့ရာ ၇-၁၀-၂၀၁၆ ရက်နေ့မှစ၍ ကော်မရှင်၏ လုပ်ငန်းတာဝန်များကို အောက်ပါပုဂ္ဂိုလ် ၇ ဦး ဖြင့် ဆောင်ရွက်လျက်ရှိပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးဝင်းမြ | ဥက္ကဋ္ဌ | |
| (ခ) | ဦးစစ်မြိုင် | ဒုတိယဥက္ကဋ္ဌ | |
| (ဂ) | ဦးယုလွင်အောင် | အဖွဲ့ဝင် | (စီမံရေးရာနှင့် ဘဏ္ဍာရေးဌာနနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဌာန တာဝန်ခံ) |
| (ဃ) | ဦးညွန့်ဆွေ | အဖွဲ့ဝင် | (နိုင်ငံတကာဆက်ဆံရေးဌာန တာဝန်ခံ) |
| (င) | ဒေါက်တာမြင့်ကြည် | အဖွဲ့ဝင် | (လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ဌာနတာဝန်ခံ) |
| (စ) | ဦးခင်မောင်လေး | အဖွဲ့ဝင် | (လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာန တာဝန်ခံ) |
| (ဆ) | ဦးစိုးဘုန်းမြင့် | အဖွဲ့ဝင် | (ဥပဒေရေးရာဌာန တာဝန်ခံ) |

### ကော်မရှင်ရုံး ဖွဲ့စည်းမှု

၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးကို အောက်ပါဌာန (၅) ခုဖြင့် ဖွဲ့စည်းထားပါသည်-

(က) လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၊

(ခ) လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန၊

(ဂ) ဥပဒေရေးရာဌာန၊

(ဃ) နိုင်ငံတကာဆက်ဆံရေးဌာန၊

(င) စီမံရေးရာနှင့် ဘဏ္ဍာရေးဌာန။

## လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### လူ့အခွင့်အရေးအသိပညာဟောပြောပွဲများ

၃။ ၂၀၁၇ ခုနှစ်အတွင်း လူ့အခွင့်အရေး အသိပညာပေး ဟောပြောပွဲများကို အောက်ပါအတိုင်း မြို့နယ် ၁၈ မြို့နယ်တွင် ကျင်းပပြုလုပ်ခဲ့ပါသည်[၁] -

(က) ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးတို့သည် ၁၀-၁-၂၀၁၇ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ ကောလင်းမြို့နှင့် ၁၁-၁-၂၀၁၇ ရက်နေ့တွင် ဝန်းသိုမြို့များတွင် ဟောပြောခဲ့ပါသည်။

(ခ) ကော်မရှင် ဥက္ကဋ္ဌဦးဝင်းမြနှင့် ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်တို့သည် ၆-၂-၂၀၁၇ ရက်နေ့တွင် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နှင့် ၇-၂-၂၀၁၇ ရက်နေ့တွင် ကော့ကရိတ်မြို့များတွင် ဟောပြောခဲ့ပါသည်။

(ဂ) ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်သည် ၁၈-၃-၂၀၁၇ ရက်နေ့တွင် ပဲခူးတိုင်း ဒေသကြီး၊ အောင်မြင် (တောင်ကျွဲအင်း) မြို့တွင် ဟောပြောခဲ့ပါသည်။

(ဃ) ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးတို့သည် ၂၂-၃-၂၀၁၇ ရက်နေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သီပေါမြို့၊ ကျောက်မဲမြို့နှင့် ၂၃-၃-၂၀၁၇ ရက်နေ့တွင် နောင်ချိုမြို့များတွင် ဟောပြောခဲ့ပါသည်။

(င) ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးတို့သည် ၁၁-၉-၂၀၁၇ ရက်နေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့၊ ၁၂-၉-၂၀၁၇ ရက်နေ့တွင် မိုင်းဖြတ်မြို့၊ တာလေမြို့နှင့် ၁၃-၉-၂၀၁၇ ရက်နေ့တွင် တာချီလိတ်မြို့များတွင် ဟောပြောခဲ့ပါသည်။

(စ) ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးတို့သည် ၁၆-၁၀-၂၀၁၇ ရက်နေ့တွင် ကချင်ပြည်နယ်၊ ပူတာအိုမြို့နှင့် မချမ်းဘောမြို့များတွင် ဟောပြောခဲ့ပါသည်။

(ဆ) ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးနှင့် ဒေါက်တာမြင့်ကြည်တို့သည် ၂၈-၁၂-၂၀၁၇ ရက်နေ့တွင် ကချင်ပြည်နယ်၊ မိုးကောင်းမြို့၊ ဟိုပင်မြို့နှင့် ၂၉-၁၂-၂၀၁၇ ရက်နေ့တွင် မိုးညှင်းမြို့များတွင် ဟောပြောခဲ့ပါသည်။

၄။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ ၃၀ ရက်နေ့အတွင်း ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ၃၄ ခုသို့ ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်၍ ကော်မရှင်အဖွဲ့ဝင်တစ်ဦးစီ လိုက်ပါလျက် လူ့အခွင့်အရေး အသိပညာများ ဆွေးနွေးဟောပြောခဲ့ပါသည်။[၂]

---

[၁] နောက်ဆက်တွဲ - က

[၂] နောက်ဆက်တွဲ - ခ

**အလုပ်ရုံသင်တန်းများ**

၅။ ခရိုင်အဆင့် အစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း (၄) ကြိမ်ကို အောက်ပါအတိုင်း ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်[၃] -

(က) **ကော့ကရိတ်ခရိုင်၊ ကရင်ပြည်နယ်**။ ၁၆-၁-၂၀၁၇ ရက်နေ့မှ ၁၇-၁-၂၀၁၇ ရက်နေ့ထိ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်နှင့် ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့ ဟောပြောပို့ချခဲ့ပါသည်။

(ခ) **မင်းဘူးခရိုင်၊ မကွေးတိုင်းဒေသကြီး**။ ၂၁-၂-၂၀၁၇ ရက်နေ့မှ ၂၂-၂-၂၀၁၇ ရက်နေ့ ထိ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်ဝင်းနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးတို့ ဟောပြောပို့ချခဲ့ပါသည်။

(ဂ) **အရှေ့ပိုင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး**။ ၇-၃-၂၀၁၇ ရက်နေ့မှ ၈-၃-၂၀၁၇ ရက်နေ့ ထိ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင် ဦးခင်မောင်လေးနှင့် ဒုတိယ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့ ဟောပြောပို့ချခဲ့ပါသည်။

(ဃ) **လားရှိုးခရိုင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)**။ ၂၀-၃-၂၀၁၇ ရက်နေ့မှ ၂၁-၃-၂၀၁၇ ရက်နေ့ထိ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေး နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့ ဟောပြောပို့ချခဲ့ပါသည်။

၆။ ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း (၃) ကြိမ်ကို အောက်ပါ အတိုင်း ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်[၄] -

(က) **ရန်ကုန်တိုင်းဒေသကြီး**။ ၂၅-၁-၂၀၁၇ ရက်နေ့မှ ၂၆-၁-၂၀၁၇ ရက်နေ့ထိ ကော်မရှင် ဒုတိယဥက္ကဋ္ဌဦးစစ်မြိုင်၊ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးတို့သည် တိုင်း ဒေသကြီး၊ ရဲတပ်ဖွဲ့မှူးရုံးတွင် ဟောပြောပို့ချခဲ့ပါသည်။

(ခ) **မကွေးတိုင်းဒေသကြီး**။ ၂၃-၂-၂၀၁၇ ရက်နေ့မှ ၂၄-၂-၂၀၁၇ ရက်နေ့ထိ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်ဝင်း၊ ဒုတိယညွှန်ကြား ရေးမှူး ဦးအာကာဟိန်းစိုးတို့သည် တိုင်းဒေသကြီး၊ ရဲတပ်ဖွဲ့မှူးရုံးတွင် ဟောပြောပို့ ချခဲ့ပါသည်။

(ဂ) **ကချင်ပြည်နယ်**။ ၂၂-၃-၂၀၁၇ ရက်နေ့မှ ၂၄-၃-၂၀၁၇ ရက်နေ့ထိ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ၊ အဖွဲ့ဝင်ဦးယုလွင်အောင်နှင့် ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးတို့သည် ပြည်နယ်၊ ရဲတပ်ဖွဲ့မှူးရုံးတွင် ဟောပြောပို့ချခဲ့ပါသည်။

---

[၃] နောက်ဆက်တွဲ - ဂ

[၄] နောက်ဆက်တွဲ - ဃ

၇။ အမျိုးသမီး အဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း (၂) ကြိမ်ကို အောက်ပါအတိုင်း ကျင်းပပြုလုပ်နိုင်ခဲ့ပါသည်[၅] –

(က) **နေပြည်တော်**။ ၇-၂-၂၀၁၇ ရက်နေ့မှ ၈-၂-၂၀၁၇ ရက်နေ့ထိ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ အဖွဲ့ဝင်ဦးခင်မောင်လေးနှင့် ညွှန်ကြားရေးမှူး ဒေါက်တာခိုင်ခိုင်ဝင်း၊ ဒုတိယညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးတို့သည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ရုံးတွင် ဟောပြောပို့ချခဲ့ပါသည်။

(ခ) **ရန်ကုန်တိုင်းဒေသကြီး**။ ၁၄-၂-၂၀၁၇ ရက်နေ့မှ ၁၅-၂-၂၀၁၇ ရက်နေ့ထိ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း၊ ကျိုက်ဝိုင်းတွင် ဟောပြောပို့ချခဲ့ပါသည်။

၈။ **ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း။** ပညာရေးဝန်ကြီးဌာန၊ သင်ရိုးညွှန်းတမ်းရေးဆွဲရေးအဖွဲ့များအတွက် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းကို ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်၊ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည်နှင့် ဦးခင်မောင်လေးတို့ ဦးဆောင်၍ ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမတွင် ၁၅-၈-၂၀၁၇ ရက်နေ့မှ ၁၆-၈-၂၀၁၇ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ရာ အလုပ်ရုံသင်တန်းသို့ ပါမောက္ခ ၂၁ ဦး၊ ဒေါက်တာဘွဲ့ရရှိသူ ၃၃ ဦး အပါအဝင် တက်ရောက်သူ ၆၄ ဦး ရှိခဲ့ပါသည်။ အမျိုးသား သင်ရိုးညွှန်းတမ်းရေးဆွဲရေး ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသား ပညာရေးကော်မရှင်မှ ဆရာကြီး၊ ဆရာမကြီးများနှင့် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့မှ ဥက္ကဋ္ဌတို့ လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြပါသည်။

၉။ **ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း**။ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ စည်ပင်သာယာ ရဲတပ်ဖွဲ့ဝင်များအတွက် ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်းကို ၁၉-၁၁-၂၀၁၇ ရက်နေ့မှ ၂၁-၁၁-၂၀၁၇ ရက်နေ့ထိ ကျင်းပပြုလုပ်ခဲ့ရာ ကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဦးစစ်မြိုင်နှင့် ကော်မရှင်ရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးတို့သည် အရပ်ဘက် အဖွဲ့အစည်းများဖြစ်သော NGOs Child Rights Working Group (NCRWG) အဖွဲ့မှ ဦးမင်းသိန်း၊ သူရိယအလင်း (SONEE) အဖွဲ့မှ ဦးဝင်းသိန်းတို့နှင့်အတူ ရန်ကုန်မြို့တော်စည်ပင်သာယာ ရဲတပ်ဖွဲ့ခန်းမတွင် ဟောပြောပို့ချခဲ့ရာ ၃ ရက်တာ သင်တန်းကာလအတွင်း သင်တန်းသား ၁၆၀ ဦး တက်ရောက်ခဲ့ပါသည်။[၆]

၁၀။ ကော်မရှင်ရုံးဝန်ထမ်းများအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံအသိပညာနှင့်အတွေးအမြင်များမှန်ကန်စွာ သိရှိနားလည်ပြီး တာဝန်ထမ်းဆောင်ရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ဌာနတွင်း အလုပ်ရုံသင်တန်းကို ၂၉-၅-၂၀၁၇ ရက်နေ့မှ ၂-၆-၂၀၁၇ ရက်နေ့အထိ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အဆိုပါ အလုပ်ရုံသင်တန်းသို့ ကော်မရှင်ရုံး ဌာနအသီးသီးရှိ အငယ်တန်းစာရေးမှ လူ့အခွင့်အရေးအရာရှိအဆင့်ထိ အရာထမ်း၊ အမှုထမ်း ၁၅ ဦး တက်ရောက်ခဲ့ပါသည်။

---

[၅] နောက်ဆက်တွဲ - င

[၆] နောက်ဆက်တွဲ - စ

**ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် သင်ခန်းစာပို့ချခြင်း**

၁၁။ ဗဟိုဝန်ထမ်းတက္ကသိုလ် အထက်မြန်မာပြည်တွင် ၁၁ ကြိမ်၊ အောက်မြန်မာပြည်တွင် ၁၀ ကြိမ် စုစုပေါင်း ၂၁ ကြိမ် ပို့ချဆောင်ရွက်ခဲ့ပါသည်။[၇]

**တပ်မတော်စစ်ကျောင်းကြီးများတွင် သင်ခန်းစာပို့ချခြင်း**

၁၂။ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်သည် ၁-၈-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်အမှတ်စဉ် (၁၆) ၌လည်းကောင်း၊[၈] ၂၇-၇-၂၀၁၇ ရက်နေ့တွင် စစ်ဦးစီးတက္ကသိုလ် အမှတ်စဉ် (၆၅) ၌လည်းကောင်း[၉] လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ ပို့ချခဲ့ပါသည်။

၁၃။ တပ်မတော် (ကြည်း) တိုက်ခိုက်ရေး သင်တန်းကျောင်း (ဗထူး) နှင့် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးသင်တန်းကျောင်း (ဘုရင့်နောင်) တို့တွင် ဖွင့်လှစ်သော အောက်ပါသင်တန်းများတွင် လူ့အခွင့်အရေး သင်ခန်းစာများကို ၆ ကြိမ် သွားရောက် ပို့ချခဲ့ပါသည်[၁၀] -

(က) ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်သည် တပ်မတော်(ကြည်း) တိုက်ခိုက်ရေးသင်တန်းကျောင်း (ဗထူး) ရှိ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၈၂) နှင့် ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၁၉၃) တို့၌ ၃၀-၃-၂၀၁၇ ရက်နေ့တွင် ပို့ချခဲ့ပါသည်။

(ခ) ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးသည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေး သင်တန်းကျောင်း (ဘုရင့်နောင်) ရှိ ခြေလျင် တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၄၂) ကို ၃၀-၃-၂၀၁၇ ရက်နေ့တွင်လည်းကောင်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၄၉) ကို ၃၁-၃-၂၀၁၇ ရက်နေ့တွင်လည်းကောင်း ပို့ချခဲ့ပါသည်။

(ဂ) ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေး သင်တန်းကျောင်း (ဘုရင့်နောင်) ရှိ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၄၃) ကို ၂-၈-၂၀၁၇ ရက်နေ့တွင်လည်းကောင်း၊ ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၅၀) ကို ၃-၈-၂၀၁၇ ရက်နေ့တွင်လည်းကောင်း ပို့ချခဲ့ပါသည်။

(ဃ) ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးသည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေး ကျောင်း (ဘုရင့်နောင်) ရှိ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၈၃) နှင့် ခြေလျင် တပ်ခွဲမှူးသင်တန်း အမှတ်စဉ် (၁၉၄) တို့၌ ၂-၈-၂၀၁၇ ရက်နေ့တွင် ပို့ချခဲ့ပါသည်။

(င) ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေး ကျောင်း (ဗထူး) ရှိ ခြေလျင် တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၈၄) ကို ၃၀-၁၁-၂၀၁၇ ရက်နေ့တွင်လည်းကောင်းနှင့် ခြေလျင်တပ်ခွဲမှူး သင်တန်းအမှတ်စဉ် (၁၉၅) ကို ၁-၁၂-၂၀၁၇ ရက်နေ့တွင်လည်းကောင်း ပို့ချခဲ့ပါသည်။

---

[၇] နောက်ဆက်တွဲ - ဆ

[၈] နောက်ဆက်တွဲ - ဇ

[၉] နောက်ဆက်တွဲ - ဈ

[၁၀] နောက်ဆက်တွဲ - ည

(စ) ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်လေးသည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ရှိ ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၄၄) နှင့် ခြေလျင်တပ်ခွဲမှူးသင်တန်းအမှတ်စဉ် (၅၁) တို့ကို ၁-၁၂-၂၀၁၇ ရက်နေ့တွင် ပို့ချခဲ့ပါသည်။

**ပညာရေးဝန်ကြီးဌာန ကျောင်းစီမံခန့်ခွဲအုပ်ချုပ်မှု သင်တန်းများတွင် သင်ခန်းစာပို့ချခြင်း**

၁၄။ ပညာရေးဝန်ကြီးဌာန၊ အုပ်ချုပ်မှု သင်တန်းကျောင်း (ထောက်ကြန့်) တွင် ဖွင့်လှစ်သော အထက်တန်းကျောင်းအုပ်ကြီး၊ ကျောင်းအုပ်ဆရာမကြီးများအတွက် ကျောင်းစီမံခန့်ခွဲ အုပ်ချုပ်မှု သင်တန်း၌ သင်တန်းသား ၂၀၀ ဦးအား ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်သည် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများကို ၂၃-၈-၂၀၁၇ ရက်နေ့တွင် ပို့ချခဲ့ပါသည်။

**အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၁၅။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် NGOs Child Rights Working Group (NCRWG) တို့၏ ၃ လတစ်ကြိမ် တွေ့ဆုံ၍ ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ ဆွေးနွေးဖလှယ်ခြင်းကို ၂၆-၄-၂၀၁၇ ရက်နေ့တွင် Summit Park View Hotel ၌လည်းကောင်း၊ ၂၀-၇-၂၀၁၇ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၌လည်းကောင်း ပြုလုပ်ခဲ့ပြီး ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ NCRWG အဖွဲ့ဝင် အရပ်ဘက် လူမှုအဖွဲ့အစည်းများ တက်ရောက်ခဲ့ပါသည်။

**စာကြည့်တိုက် (Resource Center) ဖွင့်လှစ်ထားရှိခြင်း**

၁၆။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးတွင် ကော်မရှင်ရုံးမှ ဝန်ထမ်းများ လေ့လာဖတ်ရှုနိုင်စေရန်နှင့် ကိုးကားနိုင်စေရန်တို့အတွက် စာကြည့်တိုက် (Resource Center) တစ်ခု ဖွင့်လှစ်ထားရှိပါသည်။ စာကြည့်တိုက်တွင် RWI မှပေးပို့လှူဒါန်းထားသော လူ့အခွင့်အရေးဆိုင်ရာနှင့် ပတ်သက်သည့် စာအုပ်များ၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်းပြီး ကိုးကားနိုင်စေမည့် စာအုပ်များ၊ အဘိဓာန်များ၊ ဥပဒေစာအုပ်များ၊ ဂျာနယ်များကို ဝယ်ယူစုဆောင်းထားရှိရာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအထိ မြန်မာဘာသာဖြင့် ၁၄၅၄ အုပ်၊ အင်္ဂလိပ်ဘာသာဖြင့် ၇၃၈ အုပ်၊ စုစုပေါင်း အုပ်ရေ ၂၁၉၂ အုပ်အား သိမ်းဆည်းထားရှိပြီးဖြစ်သည့်အပြင် လူ့အခွင့်အရေးနှင့် အထွေထွေ ဘာသာရပ် Ebook ၈၇၅ အုပ် စုဆောင်းထားရှိပြီး ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ်ကထက် မြန်မာဘာသာဖြင့် စာအုပ် ၁၆၅ အုပ်၊ အင်္ဂလိပ်ဘာသာဖြင့် ၆၃ အုပ်၊ စုစုပေါင်းအုပ်ရေ ၂၂၈ အုပ်နှင့် Ebook ၇၅ အုပ် တိုးတက်စုဆောင်းနိုင်ခဲ့ပါသည်။

၁၇။ ကော်မရှင်မှ အခါအားလျော်စွာ ထုတ်ပြန်သည့် ကြေညာချက်များ၊ ပြည်သူများသို့ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရေးနှင့် မြှင့်တင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်း ပို့ချပေးနေသည့်သတင်းများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ပြည်သူများ သိရှိစေနိုင်ရန်အတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဝက်ဘ်ဆိုဒ် www.mnhrc.org.mm နှင့် လူမှုကွန်ရက် www.facebook. com/myanmarnhrc တို့ကို ဖွင့်ထားပြီး အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်လျက် ရှိပါသည်။

## လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### ပြည်ပမှ တိုင်တန်းချက်များအား ဆောင်ရွက်မှု

၁၈။ Amnesty International အပါအဝင် ပြည်ပ အဖွဲ့အစည်းများမှ တိုင်တန်းချက်ပေါင်း ၁၀၆ စောင် လက်ခံရရှိခဲ့ပါသည်။ ၎င်းတိုင်တန်းချက်များမှာ -

(က) International Work Group For Indigenous Affairs (IWGIA) မှ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စားနပ်ရိက္ခာရှားပါးမှုများ ဖြစ်ပေါ်နေကြောင်း တိုင်တန်းချက် ၁ စောင်၊

(ခ) မလေးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ Myanmar Stark Prestige Plantation (MSPP) ၏ လုပ်ငန်းဆောင်ရွက်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများ ဖြစ်ပေါ်ကာ ဒေသခံများအပေါ် ထိခိုက်နစ်နာမှုများနှင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေကြောင်း တိုင်တန်းချက် ၁ စောင်၊

(ဂ) မြဝတီမြို့တွင် လူဝင်မှုကြီးကြပ်ရေး ဥပဒေဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံရသော မလေးရှား နိုင်ငံသား ၄ ဦးနှင့် စပ်လျဉ်း၍ အခြေအနေ သိရှိလိုကြောင်း E-mail ဖြင့် မေးမြန်းချက် ၁ စောင်၊

(ဃ) ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီများအား ဖမ်းဆီးညှဉ်းပန်း နှိပ်စက်နေသည်ဟု ဖော်ပြလျက် ၎င်းတို့အပေါ် လူသားဆန်စွာ ပြုမူဆက်ဆံပေးရေးနှင့် ယင်းသို့ ဖမ်းဆီးညှဉ်းပန်း နှိပ်စက်နေသူများအား အရေးယူပေးရေးတို့ကို တောင်းဆိုထားသည့် တိုင်တန်းချက် ၃၅ စောင်၊

(င) Eleven Media မှ သတင်းထောက် ကိုစိုးမိုးထွန်း မုံရွာမြို့တွင် အသတ်ခံရသည့်ကိစ္စနှင့် စပ်လျဉ်းသည့် တိုင်တန်းချက် ၁ စောင်၊

(စ) ရှမ်းပြည်နယ်တွင် သတင်းသမား ၃ ဦးအား တပ်မတော်မှ ဖမ်းဆီး အရေးယူထားသည့်ကိစ္စနှင့်ပတ်သက်၍ တိုင်တန်းချက် ၁ စောင်၊

(ဆ) မြစ်ကြီးနားမြို့တွင် ကချင်လူမျိုး ခရစ်ယာန်ဘာသာရေးဆရာ ၂ ဦး ဖမ်းဆီးခံထားရသည့်ကိစ္စနှင့် ပတ်သက်သည့် တိုင်တန်းချက် ၃၈ စောင်နှင့်

(ဇ) MDCF မှ ကိုထင်ကျော် လွတ်မြောက်ရေးကိစ္စ တိုင်တန်းချက် ၂၈ စောင်တို့ ဖြစ်ပါသည်။

၁၉။ ယင်းတိုင်ကြားချက်များအား အောက်ပါအတိုင်း ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်-

(က) International Work Group For Indigenous Affairs (IWGIA) မှ တိုင်ကြားသည့် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် စားနပ်ရိက္ခာရှားပါးမှုများ ဖြစ်ပေါ်နေသည့် ကိစ္စကို နိုင်ငံတော်သမ္မတရုံးသို့ ပေးပို့အသိပေးခဲ့ရာ နိုင်ငံတော်သမ္မတရုံးမှ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေး

နှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့သို့ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ပါသည်။

(ခ) MSPP ကုမ္ပဏီ၏ ဆီအုန်းလုပ်ငန်းဆောင်ရွက်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းပြီး ဒေသခံများ ထိခိုက်နစ်နာမှုများနှင့် ပတ်သက်၍ ယင်းဒေသသို့ ကွင်းဆင်းလေ့လာခဲ့ပါသည်။ ၎င်းနောက် တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို နိုင်ငံတော်သမ္မတရုံးသို့ ပေးပို့တင်ပြခဲ့သည့်အပြင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့လည်း ပေးပို့အကြောင်းကြားအသိပေးခဲ့ပါသည်။

(ဂ) မြဝတီမြို့တွင် မလေးရှားနိုင်ငံသား ၄ ဦး အဖမ်းခံရသည့်ကိစ္စနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်ကြားလာမှုကို တိုင်တန်းချက်ပေးပို့ခဲ့သော မလေးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ ပြန်လည် အကြောင်းကြား ပေးပို့ခဲ့ပါသည်။

(ဃ) ရခိုင်ပြည်နယ်တွင် ဘင်္ဂါလီများအား ဖမ်းဆီးညှဉ်းပန်းနှိပ်စက်နေသည်ဟု တိုင်တန်းချက်နှင့်ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ရာ ဝန်ကြီးဌာန၏ ပြန်ကြားချက်ကို တိုင်တန်းချက်ပေးပို့ခဲ့သော နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ [၁၁] သို့ ပြန်ကြားအသိပေးခဲ့ပါသည်။

(င) Eleven Media မှ သတင်းထောက် ကိုစိုးမိုးထွန်း အသတ်ခံရသည့် ကိစ္စနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာနသို့ မေးမြန်းခဲ့ရာ ဝန်ကြီးဌာနမှ ၎င်းတို့ စုံစမ်းစစ်ဆေးနေမှု အခြေအနေများကို ပြန်ကြားလာခဲ့ပါသည်။

(စ) ရှမ်းပြည်နယ်တွင် သတင်းသမား ၃ ဦးအား တပ်မတော်မှ ဖမ်းဆီး အရေးယူထားသည့်ကိစ္စနှင့် ပတ်သက်၍ ၉-၈-၂၀၁၇ ရက်နေ့က သီပေါအကျဉ်းထောင် ကြည့်ရှုစစ်ဆေးသည့်ခရီးစဉ်တွင် ယင်းသတင်းသမား ၃ ဦးတို့အား တွေ့ဆုံမေးမြန်းခဲ့ပြီး ကာကွယ်ရေး ဝန်ကြီးဌာနသို့ အကြံပြုချက်ပေးပို့ခြင်း၊ သတင်းထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့ပါသည်။ များမကြာမီ ၁-၉-၂၀၁၇ ရက်နေ့၌ ယင်းသတင်းထောက် ၃ ဦးသည် ပြန်လည် လွတ်မြောက်ခဲ့ပါသည်။

(ဆ) ဖမ်းဆီးခံထားရသည့် ကချင်လူမျိုး ခရစ်ယာန်ဘာသာရေးဆရာ ၂ ဦးတို့အား ၂၄-၃-၂၀၁၇ ရက်နေ့က မြစ်ကြီးနားအကျဉ်းထောင် စစ်ဆေးသည့် ခရီးစဉ်တွင် ယင်းတို့ ၂ ဦးတို့အား တွေ့ဆုံမေးမြန်းခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုချက် ပေးပို့ခဲ့ပါသည်။

[၁၁] Amnesty International

(ဓ) MDCF မှ ကိုထင်ကျော် လွှတ်မြောက်ရေးကိစ္စနှင့် ပတ်သက်၍ တိုင်တန်းစာ ရရှိချိန်တွင် လွှတ်မြောက်သွားပြီးဖြစ်၍ မှတ်တမ်းထားရှိခဲ့ပါသည်။

**နှစ်အလိုက် ပြည်ပတိုင်တန်းချက်များအပေါ် ဆောင်ရွက်မှု**

| စဉ် | (ပြည်ပ) ဆောင်ရွက်မှု | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ |
|---|---|---|---|---|
| ၁ | **လက်ခံရရှိမှု** | | | |
| | ယခင်လက်ကျန် | | ၈၂၀ | မရှိ |
| | ယခုလက်ခံရရှိမှု | ၂၅၉၈ | ၁၂၇၄ | ၁၀၆ |
| | တစ်နှစ်အတွင်းဆောင်ရွက်ရန် စုစုပေါင်း | **၂၅၉၈** | **၂၀၉၄** | **၁၀၆** |
| ၂ | **ဆောင်ရွက်မှု** | | | |
| | သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခြင်း | ၆၀၇ | ၁၈၅ | ၃၈ |
| | တိုင်တန်းသူများသို့ အကြောင်းကြားခြင်း | ၃၁၂ | ၉၁၅ | ၃၉ |
| | ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း | | | ၁ |
| | မှတ်တမ်းတင်ခြင်း | ၈၅၉ | ၉၉၄ | ၂၈ |
| ၃ | **တစ်နှစ်အတွင်းဆောင်ရွက်မှု စုစုပေါင်း** | **၁၇၇၈** | **၂၀၉၄** | **၁၀၆** |
| ၄ | **လက်ကျန်အမှု** | **၈၂၀** | **မရှိ** | **မရှိ** |

**ပြည်တွင်းတိုင်တန်းချက်များအပေါ် ဆောင်ရွက်မှု**

၂၀။ ၂၀၁၇ ခုနှစ်အတွင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ တိုင်စာပေါင်း ၁၁၂၅ စောင်လက်ခံရရှိခဲ့ရာ တိုင်တန်းချက်များကို စုံစမ်းစစ်ဆေးရေးအဖွဲ့ အစည်းအဝေး ၆၄ ကြိမ် ပြုလုပ်ခဲ့ပါသည်။ ၆၇၂ မှုမှာ လူ့အခွင့်အရေးနှင့် သက်ဆိုင်မှုမရှိသဖြင့် ကျန် ၄၅၄ မှုကို အောက်ပါအတိုင်း စိစစ်အရေးယူ ဆောင်ရွက်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းမေးမြန်းခြင်း | ၂၉၀ မှု |
| (ခ) | တိုင်တန်းသူများသို့ အကြောင်းကြားခြင်း | ၁၃၇ မှု |
| (ဂ) | မှတ်တမ်းထားရှိခြင်း | ၆ မှု |
| (ဃ) | ကာယကံရှင်မှ အမှုရုပ်သိမ်းခြင်း | ၃ မှု |
| (င) | ပြည်တွင်းတိုင်တန်းချက်များအရ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း | ၁၇ မှု |
| | **စုစုပေါင်း** | **၄၅၄ မှု** |

၂၁။ **၂၀၁၇ ခုနှစ်အတွင်း ကွင်းဆင်း စုံစမ်းစစ်ဆေးခြင်း**

| | | |
|---|---|---|
| (က) | ပြည်တွင်းတိုင်တန်းချက်များအရ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း | ၁၇ ကြိမ်၊ |
| (ခ) | ပြည်ပတိုင်တန်း ချက်များအရ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း | ၁ ကြိမ်၊ |
| (ဂ) | လူမှုကွန်ရက် မီဒီယာများမှ သတင်းအရ ကွင်းဆင်းစုံစမ်းစစ်ဆေးခြင်း | ၆ ကြိမ် |
| (ဃ) | ရခိုင်ပြည်နယ် မောင်တောဒေသများသို့ ကွင်းဆင်းလေ့လာခြင်း | ၂ ကြိမ် |
| | **စုစုပေါင်း ကွင်းဆင်း စုံစမ်းစစ်ဆေးခြင်း** | **၂၆ ကြိမ်** |

၂၂။ **အကြောင်းပြန်ကြားစာရရှိမှု။** ၂၀၁၇ ခုနှစ်အတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြန်ကြားစာ ၂၇၉ စောင် လက်ခံရရှိခဲ့ပါသည်။ ကော်မရှင်မှ သက်ဆိုင်ရာ ဌာနများသို့ ညှိနှိုင်းမေးမြန်းခဲ့သည့် အမှုပေါင်း ၂၉၁ မှုအတွက် စာပေါင်း ၃၃၇ စောင် ပေးပို့ခဲ့ပါသည်။ ယင်း ပေးပို့သောစာ ၃၃၇ စောင် အနက် ၁၇၂ စောင်သာ ပြန်ကြားချက်ရရှိခဲ့သဖြင့် ၁၆၅ စောင် ပြန်ကြားရန် လိုအပ်နေသည်ကို တွေ့ရှိရပါသည်။[12] ယင်းပြန်ကြားစာ ၂၇၉ စောင်အား အောက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ပါသည်-

| | | |
|---|---|---|
| (က) | သက်ဆိုင်ရာဌာနများမှ ပြန်ကြားစာအပေါ် ပြန်လည်မေးမြန်းခြင်း | ၁၀ စောင် |
| (ခ) | တိုင်တန်းသူများသို့ အကြောင်းပြန်ကြားခြင်း | ၂၂၉ စောင် |
| (ဂ) | မှတ်တမ်းထားရှိခြင်း | ၃၃ စောင် |
| (ဃ) | သက်ဆိုင်ရာဌာနများမှ ပြန်ကြားစာ စောင့်ဆိုင်းခြင်း | ၇ စောင် |

၂၃။ ၂၀၁၇ ခုနှစ်အတွင်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အစိုးရအဖွဲ့ရုံးများမှ ပြန်ကြားစာ ၂၇၉ စောင် လက်ခံရရှိခဲ့သည့်အနက် ၁၇၂ စောင်မှာ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ အဖွဲ့ရုံးများသို့ ၂၀၁၇ ခုနှစ်အတွင်း ပေးပို့ခဲ့သည့်စာများကို ဤနှစ်အတွင်း ပြန်ကြားလာခြင်း ဖြစ်ပါသည်။ ကျန်ရှိသည့် ပြန်ကြားစာ ၁၀၇ စောင်မှာ ယခင်နှစ်များက ပေးပို့ခဲ့သော စာများအပေါ် ပြန်ကြားချက်များ ဖြစ်သည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည် -

| | | | |
|---|---|---|---|
| (က) | ၂၀၁၃ ခုနှစ် လက်ကျန်စာပြန်ကြားချက် | ၁ စောင် | |
| (ခ) | ၂၀၁၅ ခုနှစ် လက်ကျန်စာပြန်ကြားချက် | ၇ စောင် | |
| (ဂ) | ၂၀၁၆ ခုနှစ် လက်ကျန်စာပြန်ကြားချက် | ၉၉ စောင် | **ပေါင်း ၁၀၇ စောင်** |
| (ဃ) | ၂၀၁၇ ခုနှစ် ပေးပို့စာပြန်ကြားချက် | ၁၇၂ စောင် | |
| | **စုစုပေါင်းပြန်ကြားချက်** | **၂၇၉ စောင်** | |

**ကွင်းဆင်းစစ်ဆေးမှု**

၂၄။ ၂၀၁၇ ခုနှစ်အတွင်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့သည့်အကြိမ် ၂၆ ကြိမ် ရှိသည့်အနက် တိုင်တန်းချက်များအရ ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့သည့် ကိစ္စရပ်များမှာ ၁၈ ကြိမ်ဖြစ်ပြီး အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(က) **မွန်ပြည်နယ်၊ ကျိုက္ခမီမြို့တွင် နေမင်းထွန်း (ခ) လုလေးစိန်အား ညှဉ်းပန်းနှိပ်စက်၍ ဆိုင်ကယ်ခိုးသည်ဟု ဝန်ခံခိုင်းသည့်ကိစ္စ။** နေမင်းထွန်း (ခ) လုလေးစိန်၏ ခန္ဓာကိုယ်နှင့် လိင်အင်္ဂါတို့အား ကျင်စက်ဖြင့်တို့ပြီး ညှဉ်းပန်းနှိပ်စက်၍ ဆိုင်ကယ်ခိုးသည်ဟု ဝန်ခံခိုင်းခြင်းကြောင့် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ တာဝန်ရှိသူများအား အရေးယူပေးပါရန် တိုင်တန်းချက်နှင့် စပ်လျဉ်း၍ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် ဦးဆောင်သော ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၁၈-၁-၂၀၁၇ ရက်နေ့မှ ၂၀-၁-၂၀၁၇ ရက်နေ့ထိ မော်လမြိုင်မြို့၊ ကျိုက္ခမီမြို့၊ ပဲခူးမြို့များသို့ သွားရောက်၍ သက်သေ ၁၉ ဦးတို့အား တွေ့ဆုံမေးမြန်းခဲ့ကာ စစ်ဆေးတွေ့ရှိချက်များအရ

---
[12] ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီးအစိုးရများထံမှ ပြန်ကြားစာရရှိမှု အခြေအနေကို နောက်ဆက်တွဲ (ဌ) ဖြင့် ဖော်ပြအပ်ပါသည်။

သက်ဆိုင်ရာ တာဝန်ရှိသူ ရဲတပ်ဖွဲ့ဝင်များအား ဥပဒေနှင့်အညီ အရေးယူသင့်ကြောင်းနှင့် ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ ရဲလုပ်ငန်းများကို နည်းလမ်းတကျ ပြည့်စုံအောင် ဆောင်ရွက်စေသင့်ကြောင်း စသည့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ ကော်မရှင်၏ Website တွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာန၏ ဆောင်ရွက်ချက်အမှတ်စဉ် (၂/ကာကွယ်/၂၀၁၇) ဖြင့်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

(ခ) **မွန်ပြည်နယ်၊ သထုံမြို့၊ မြစ်လေးရွာနေ စောလေ့ (ခ) မောင်ပုလဲ မတရား သတ်ဖြတ်ခံရသည်ဟု စွပ်စွဲသည့်ကိစ္စ**။ ယင်းတိုင်ကြားချက်နှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ မြင့်ကြည်တို့ ဦးဆောင်သောအဖွဲ့သည် ၉-၄-၂၀၁၇ ရက်နေ့မှ ၁၁-၄-၂၀၁၇ ရက်နေ့ထိ မွန်ပြည်နယ်၊ သထုံမြို့သို့ သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်နှင့် စောလေ့ (ခ) မောင်ပုလဲ သေဆုံးခဲ့ခြင်းနှင့် စပ်လျဉ်း၍ အသေးစိတ် စုံစမ်းစစ်ဆေးပြီး တာဝန်ရှိသူများကို တည်ဆဲဥပဒေနှင့် အညီဖော်ထုတ် အရေးယူသင့်ကြောင်း စသည့်အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပြီး ကာကွယ်ရေး ဝန်ကြီးဌာနသို့ မိတ္တူ ပေးပို့ခဲ့ပါသည်။

(ဂ) **ကရင်ပြည်နယ်ရှိ မြေယာအငြင်းပွားမှုများ**။ ကရင်ပြည်နယ်တွင် အစိုးရနှင့် တပ်မတော်မှ မြေယာသိမ်းဆည်းမှုများကြောင့် ဒေသခံများဒုက္ခရောက်နေကြောင်း Human Rights Watch (HRW) အဖွဲ့၏ အစီရင်ခံစာအရလည်းကောင်း၊ ကရင်ပြည်နယ် ဒေသခံများကို ကိုယ်စားပြု၍ အရပ်ဘက်အဖွဲ့အစည်းအသီးသီး၏ အကြိမ်ကြိမ်တိုင်ကြားချက်များအရလည်းကောင်း ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ မြင့်ကြည်တို့ ဦးဆောင်သောအဖွဲ့သည် ကရင်ပြည်နယ် ဘားအံမြို့၊ ကော့ကရိတ်မြို့၊ မြဝတီမြို့များသို့ ၂၁-၅-၂၀၁၇ ရက်နေ့မှ ၂၅-၅-၂၀၁၇ ရက်နေ့ထိ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်ဝန်ကြီးအဆင့် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဆင့် ပုဂ္ဂိုလ်များ ဦးဆောင်ပါဝင်ပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနနှင့် အခြားသက်ဆိုင်သော ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဥပဒေပညာရှင်များ ပါဝင်သည့် လုပ်ငန်းကော်မတီတစ်ရပ် ဖွဲ့စည်းဆောင်ရွက်သင့်ကြောင်း၊ လယ်ယာမြေများကို မြို့မြေကွက်အဖြစ် ပြောင်းလဲအသုံးပြုနိုင်ရေးအတွက် မြေယာဥပဒေနှင့်အညီ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ပြန်လည်တည့်မတ် ဆောင်ရွက်စေသင့်ကြောင်းစသည့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကော်မရှင်၏ ဆောင်ရွက်ထားရှိမှုအား သိရှိနိုင်ရန် ကော်မရှင်ရုံး Website တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၁၅/ ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(ဃ) **ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့တွင် မောင်မင်းမြတ်လွင် (ခ) အာနိုးဆိုသူအား ရဲတပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်မေးမြန်းသည့်ကိစ္စနှင့် အင်းမရဲစခန်းတွင် လူငယ် ၃ ဦးအား ရဲစခန်းမှူးမှ အရက်သောက်စားပြီး နှိပ်စက်မေးမြန်းသည့်ကိစ္စ**။ ပထမကိစ္စရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ရုံးမှ အကြောင်းကြားပေးပို့လာခြင်းဖြစ်ပြီး၊ ဒုတိယကိစ္စရပ်မှာ တိုင်ကြားစာရရှိခြင်း ဖြစ်ပါသည်။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင် ဦးဆောင်သောအဖွဲ့သည် ၁၁-၆-၂၀၁၇ ရက်နေ့မှ ၁၄-၆-၂၀၁၇ ရက်နေ့ထိ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နှင့် အင်းမမြို့များသို့ သွားရောက်ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပြီး နစ်နာသူအား နှိပ်စက်ညှဉ်းပန်း၍ ဖွတ်အတင်း ဝန်ခံစေခြင်းဖြင့်တရားရုံးမှ ထောင်ဒဏ် ၂ နှစ် ကျခံခဲ့ရခြင်းနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား ထိုက်သင့်သလို အရေးယူသင့်ကြောင်းနှင့် သံသယရှိသူတစ်ဦးအား အထောက်အထား ခိုင်လုံမှုမရှိဘဲ ဖမ်းဆီးချုပ်နှောင်၍ နှိပ်စက်ညှဉ်းပန်းပြီး ဖွတ်အတင်း ဝန်ခံစေ၍ တရားစွဲဆို တင်ပို့ခြင်း၊ တရားရုံးမှလည်း ပြစ်ဒဏ်ချမှတ် ကျခံစေသည့်ဖြစ်စဉ်မျိုး ထပ်မံ မဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်းများနှင့် တရားစီရင်ရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ ညှိနှိုင်း၍ လိုအပ်သည့်လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များ ချမှတ်ရေးဆွဲ ဆောင်ရွက်သင့်ကြောင်းစသည့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင်ရုံး Website နှင့် Facebook တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၁၀/ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။ အင်းမရဲစခန်းတွင် လူငယ် ၃ ဦးအား မူးယစ်သောက်စားပြီးညှဉ်းပန်းနှိပ်စက်မှုနှင့် ပတ်သက်၍ စစ်ဆေးတွေ့ရှိချက်နှင့် တာဝန်ရှိသူများအား စီမံခန့်ခွဲရေးနည်းလမ်းအရ လိုအပ်သလို အရေးယူဆောင်ရွက်သင့်ကြောင်း၊ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်အချို့နှင့် တာဝန်ရှိ ကြီးကြပ်သူအဆင့်ဆင့်ကို လိုအပ်သလို အရေးယူဆောင်ရွက်သင့်ကြောင်း စသည့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင်ရုံး Website နှင့် Facebook တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၁၁/ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(င) **လှည်းကူးမြို့နယ်၊ ရန်ကုန်-နေပြည်တော် အမြန်လမ်းဘေးရှိ ကျူးကျော်နေအိမ်များ ဖယ်ရှားခံရမှု**။ လှည်းကူးမြို့နယ်ရှိ ကျူးကျော်အိမ်များ ဖယ်ရှားခံရမှုနှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင် ဦးဆောင်သောအဖွဲ့သည် ၂၀-၆-၂၀၁၇ ရက်နေ့၊ ၂၁-၆-၂၀၁၇ ရက်နေ့နှင့် ၂၇-၆-၂၀၁၇ ရက်နေ့များတွင် လှည်းကူးမြို့နယ်သို့ သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့ပြီး နိုင်ငံတော်ပိုင် မြေပေါ်တွင် ကျူးကျော်နေသူများအား အချိန်ပေးခြင်း၊ သတိပေးခြင်းများ ပြုလုပ်ပြီးမှ ရှင်းလင်းဖယ်ရှားရန်၊ မိုးကာလဖြစ်သဖြင့် ဖယ်ရှားခံရသူများ နေထိုင်ရေး၊ ကျောင်းပညာရေးများအတွက် လိုအပ်သည့် ထောက်ပံ့ကူညီမှုများပေးရန်၊ အုပ်စုဖွဲ့ မသမာ စီးပွားရှာခဲ့သူများအား ဖော်ထုတ်ပြီးအရေးယူရန်၊ ၂၀၁၅ ခုနှစ် ကျူးကျော်နေအိမ် ဖယ်ရှားရှင်းလင်းရာတွင် လုပ်သင့်သည်များကို လုပ်ဆောင်ခြင်းမပြုခဲ့သော တာဝန်ရှိသူများအား လိုအပ်သလို အရေးယူဆောင်ရွက်ရန်၊ အလားတူ ကျူးကျော်နေရာများ ရှင်းလင်းဖယ်ရှားရာတွင်

အခြေခံလူတန်းစားများ အတိဒုက္ခ မရောက်စေရေးအတွက် ကြိုတင်ပြင်ဆင်မှုများ စီစဉ်ရေးဆွဲပြီး ရာသီဥတုနှင့်အချိန်ခါ ရွေးချယ်၍ လုံလောက်သောအချိန်ပေးပြီး ဆောင်ရွက်သင့်ကြောင်း စသည်တို့ ပါရှိသော အကြံပြုချက်များကို သက်ဆိုင်ရာဌာန သို့ ပေးပို့ခဲ့ပါသည်။ ဆောင်ရွက်မှုကို ကော်မရှင်ရုံး Website တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၁၄/ကာကွယ်/၂၀၁၇) ဖြင့် သတင်း ထုတ်ပြန်ခဲ့ပါသည်။

(စ) **ဟသ်ာတအကျဉ်းထောင်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများရှိနေကြောင်း တိုင်ကြားချက်**။ ဟသ်ာတအကျဉ်းထောင်ရှိ အကျဉ်းသားများ၏ အခက်အခဲနှင့်စပ်လျဉ်း၍ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် ဦးဆောင်သောအဖွဲ့သည် ၁၇-၇-၂၀၁၇ ရက်နေ့မှ ၁၈-၇-၂၀၁၇ ရက်နေ့ထိ ယင်းအကျဉ်းထောင်သို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး စီမံခန့်ခွဲမှု စနစ်ကျကောင်းမွန်စေရေး၊ ဝန်ထမ်းနှင့် အကျဉ်းသား မျှတသည့် ဆက်ဆံမှု ဖြစ်ပေါ်စေရေး၊ တာဝန်ရှိသူများ အနီးကပ်ကြီးကြပ် ဆောင်ရွက်ရန်၊ ကိုးကွယ်သည့်ဘာသာ အသီးသီးအတွက် ၎င်းတို့၏ ဓလေ့ထုံးစံနှင့်အညီ ဝတ်ပြုဆုတောင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန်၊ အကျဉ်းသားများ၏ ရပိုင်ခွင့်ကို ပွင့်လင်းမြင်သာစွာ ချပြရှင်းလင်းရန် စသည်တို့ပါရှိသော အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကော်မရှင်ရုံး Website နှင့် Facebook တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၁၇/ကာကွယ်/၂၀၁၇) ဖြင့် သတင်း ထုတ်ပြန်ခဲ့ပါသည်။ ၎င်းနောက် ကာယကံရှင်မှ ယင်းတိုင်ကြားချက်ကို ပြန်လည် ရုပ်သိမ်းခဲ့ပါသည်။

(ဆ) **ကျောက်တန်းမြို့နယ်၊ သီလဝါရွာဟောင်းရှိ မြေကွက်အမှတ် (၁၂၊ ၁၃) မြေနေရာနှင့် လမ်းများကို လန်းပြီ-ပင်လယ်ရေကြောင်းကုမ္ပဏီမှ ခြံစည်းရိုးများ ကာရံလိုက်ခြင်းကြောင့် လမ်းများပိတ်ဆို့သည့်ကိစ္စ**။ ကျောက်တန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်အေးမြမြမျိုး၏ ကြယ်ပွင့်မပြမေးခွန်းအရ ပြည်သူ့လွှတ်တော်ရုံး၏ ၂၂-၇-၂၀၁၇ ရက်စွဲပါစာဖြင့် မေးမြန်းလာခြင်းကြောင့် ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော အဖွဲ့သည် ၂၂-၇-၂၀၁၇ ရက်နေ့တွင် သက်ဆိုင်ရာကုမ္ပဏီမှ တာဝန်ရှိသူများအား စစ်ဆေးမေးမြန်းခြင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများကို တွေ့ဆုံမေးမြန်းခြင်း၊ နစ်နာသူနှင့် တိုင်ကြားသူများအား တွေ့ဆုံမေးမြန်းခြင်း၊ ပြုလုပ်ခဲ့ကာ ပြည်သူ့လွှတ်တော်ရုံးသို့ ပြန်လည်ဖြေကြားခဲ့ပါသည်။ နစ်နာသူများက ထပ်မံတိုင်ကြားခြင်းကြောင့် လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ပေးပို့ခဲ့ပြီး နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၊ အမျိုးသားလွှတ်တော်နှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီ၊ ပြည်သူ့လွှတ်တော်သို့ ဆောင်ရွက်ထားရှိမှုအား အသိပေး တင်ပြခဲ့ပါသည်။

(ဇ) **ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ စပယ်ချောင်ကျေးရွာရှိ ကြက်မွေးမြူရေးခြံတွင် ကိုင်လားဆွန် (ခ) မောင်မြင့် သေဆုံးသည့်ကိစ္စ**။ ယင်းကိစ္စနှင့်ပတ်သက်၍ ကော်မရှင်အဖွဲ့ဝင်ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ဦးဆောင်သော အဖွဲ့သည် သုံးခွမြို့သို့ သွားရောက်ပြီး လိုအပ်သည့်သက်သေများအား စစ်ဆေးခြင်း၊ ကိုင်လားဆွန် (ခ) မောင်မြင့်သေဆုံးခဲ့သည့်စိန်သုံးလုံးဆန်စက်အနီးရှိကြက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးခြင်းများပြုလုပ်ခဲ့ပြီး စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် သံသယကင်းရှင်းစေရေးအတွက် အဆင့်မြင့် တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများ ပါဝင်သည့် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ပြန်လည်စစ်ဆေး အတည်ပြုသင့်ကြောင်း အကြံပြုချက်ကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဈ) **ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြို့မရဲစခန်း တာဝန်ရှိသူများက အချုပ်သား ဦးကျော်စိုးဦးအား ညှဉ်းပန်းနှိပ်စက်သည့်ကိစ္စ**။ လှိုင်သာယာမြို့နယ်၊ မြို့မရဲစခန်းရှိ တာဝန်ရှိသူများက ဦးကျော်စိုးဦးအား ညှဉ်းပန်းနှိပ်စက်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ခေတ္တညွန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် ဦးဆောင်သော ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၆-၇-၂၀၁၇ ရက်နေ့တွင် အခင်းဖြစ်ပွားရာနေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးခြင်း၊ တာဝန်ရှိသူများနှင့် နစ်နာသူတို့အား စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်ခဲ့ပြီး စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အမှုများကို စုံစမ်းဖော်ထုတ် စစ်ဆေးရာတွင် ဖမ်းဆီးခြင်း၊ ချုပ်နှောင်စစ်ဆေးခြင်းများကို ဆောလျင်စွာ ဆောင်ရွက်ခြင်းမရှိဘဲ သက်သေအထောက်အထား ခိုင်လုံပြည့်စုံမှသာ ရဲလုပ်ငန်း စနစ်နှင့်အညီ ဆောင်ရွက်စေသင့်ကြောင်းနှင့် စွပ်စွဲခံရသူအား နာကျင်စေမှု ဖြစ်စေခဲ့သော တာဝန်ရှိသူ ရဲတပ်ဖွဲ့ဝင်များအား လိုအပ်သလို အရေးယူဆောင်ရွက်စေသင့်ကြောင်း အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။

(ည) **မကွေးမြို့မရဲစခန်း၊ အချုပ်ခန်းအတွင်း၌ ဦးသန်းထိုက်အောင် သေဆုံးခဲ့သည့်ကိစ္စ**။ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည် ဦးဆောင်သော ကွင်းဆင်းစုံစမ်း စစ်ဆေးရေးအဖွဲ့သည် မကွေးမြို့မရဲစခန်းရှိ အချုပ်ခန်းအတွင်း၌ ဦးသန်းထိုက်အောင် သေဆုံးခဲ့သည့်ကိစ္စနှင့်စပ်လျဉ်း၍ အခင်းဖြစ်ပွားရာသို့ ၁-၈-၂၀၁၇ ရက်နေ့မှ ၃-၈-၂၀၁၇ ရက်နေ့ထိ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အချုပ်သား သေဆုံးရခြင်းနှင့် စပ်လျဉ်း၍ အဆင့်မြင့် အဖွဲ့အစည်းတစ်ခုမှ စစ်ဆေးပြီး သေဆုံးသူ၏ မိသားစုအား ပွင့်လင်းမြင်သာစွာ ရှင်းလင်းစေသင့်ကြောင်းနှင့် ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ တာဝန်ရှိသူ အဆင့်ဆင့်ကို စိစစ်ဖော်ထုတ် အရေးယူသင့်ကြောင်း အကြံပြုချက်များအား သက်ဆိုင်ရာဌာနသို့ လိပ်မူ၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ မိတ္တူပေးပို့ခဲ့ပါသည်။ အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကော်မရှင်ရုံး Website နှင့် Facebook တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၁၉/ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(၉) **အင်းဖြောင်ကုန်ထုတ်စခန်းတွင် ကျောက်ပိပြီး အောက်ပိုင်းအရိုးနှင့် အသားများ ကျေသွားခဲ့သော အကျဉ်းသားအား မည်သည့်ဆေးရုံ၊ ဆေးခန်းမျှ ပြသပေးခြင်း မရှိကြောင်း တိုင်ကြားသည့်ကိစ္စ**။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အင်းဖြောင်ကုန်ထုတ်စခန်းတွင် လုပ်ငန်းခွင်အတွင်း ကျောက်ပိပြီး ခန္ဓာကိုယ် အောက်ပိုင်းအရိုးနှင့် အသားများ ကျေသည့် ဒဏ်ရာရရှိခဲ့သော အကျဉ်းသားမောင်ရဲလွင်ထွန်း (ခ) မိုးဒီအား ဆေးရုံ၊ ဆေးခန်းပြသပေးခြင်းမရှိကြောင်း တိုင်တန်းချက်နှင့် စပ်လျဉ်း၍ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် ဦးဆောင်သော ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၁၆-၈-၂၀၁၇ ရက်နေ့မှ ၁၈-၈-၂၀၁၇ ရက်နေ့ထိ အင်းဖြောင်ကုန်ထုတ်စခန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် ဒဏ်ရာရရှိသော အကျဉ်းသားအား ထိရောက်သော ကျန်းမာရေး စောင့်ရှောက်မှုကို ဆောင်ရွက်ပေးခြင်း မရှိသည့်အတွက် တာဝန်ရှိသူ စခန်းတာဝန်ခံအား ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ကြောင်းနှင့် အကျဉ်းထောင် စခန်းများရှိ ကျန်းမာရေး ဝန်ထမ်းများ ဆေးရုံ၊ ဆရာဝန်၊ ဆရာမများ၏ တင်ပြအကြံပြုချက်၊ ညွှန်ကြားချက်များကို အကျဉ်းထောင် တာဝန်ခံအရာရှိများက အလေးထား လိုက်နာဆောင်ရွက်ခြင်းဖြင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်စေသင့်ကြောင်း အကြံပြုချက်များအား သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ ကော်မရှင်ရုံး Website နှင့် Facebook တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၂၂/ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(၄) **တရားခံ၏ရွှေထည်ပစ္စည်းများအား ရဲစခန်းမှ သိမ်းဆည်းထားပြီး တရားစွဲဆိုရာတွင် သက်သေခံပစ္စည်းများကို မတင်သွင်းကြောင်း တိုင်ကြားလာသည့်ကိစ္စ**။ ကော်မရှင်အဖွဲ့ဝင်ဒေါက်တာမြင့်ကြည် ဦးဆောင်သောအဖွဲ့သည် ၈-၉-၂၀၁၇ ရက်နေ့တွင် သာကေတရဲစခန်းသို့ ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် တာဝန်ရှိအမှုစစ်ရဲအရာရှိ၊ မှုခင်းစာရေး၊ သက်ဆိုင်ရာတရားရုံး၏ ဘီးလစ်စာရေးတို့အား လိုအပ်သလို အရေးယူဆောင်ရွက်သင့်ကြောင်း အကြံပြုချက်ကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ အဆိုပါဖြစ်စဉ်ကို ဆောင်ရွက်ချက်အမှတ်စဉ် (၂၇/ကာကွယ်/၂၀၁၇) ဖြင့် ကော်မရှင်ရုံး Website နှင့် Facebook တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

(၃) **ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အဖျားဘိုတဲကျေးရွာနေ ဒေါ်ခင်မျိုးသင်းအား မဟုတ်မမှန် လုပ်ကြံတိုင်ကြားခံရသည့်ကိစ္စ**။ တိုင်တန်းသူက ၎င်းအား မဟုတ်မမှန် လုပ်ကြံ တိုင်ကြားခံခဲ့ရပြီး မြဝတီမြို့နယ်နှင့် ဝေါမြို့နယ်တို့မှ ရဲအရာရှိများက မတရားဖမ်းဆီးခဲ့သည်ဟု အမျိုးသားလွှတ်တော်ရုံးသို့ တိုင်တန်းချက်ပေးပို့ခဲ့ရာ အမျိုးသားလွှတ်တော်ရုံးမှ ကော်မရှင်သို့ ပေးပို့လာသဖြင့် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် ဦးဆောင်သောအဖွဲ့သည် ၁၂-၁၀-၂၀၁၇ ရက်နေ့မှ ၁၃-၁၀-၂၀၁၇ ရက်နေ့ထိ ဝေါမြို့သို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး အမှုဖြစ်စဉ်သည် ကျေးရွာအုပ်ချုပ်ရေးမှူးတာဝန်ကို ရလိုမှုကြောင့် မိသားစုအုပ်စု ၂ စုအတွင်း အပြန်အလှန် ပဋိပက္ခဖြစ်ပွားခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်ပါ၍ ကျေးရွာတွင် ညီညွတ်မှုရရှိစေရေး

အတွက် အလေးထား ဆောင်ရွက်သင့်ကြောင်း၊ Facebook အသုံးပြုသည့် ဖုန်းနံပါတ်နှင့် အကောင့်ပိုင်ရှင်ကို ထပ်မံစိစစ် ဖော်ထုတ်သင့်ကြောင်းနှင့် အချင်းဖြစ်ပွားသူနှစ်ဦးနှစ်ဘက်၏ ပြဿနာများ ပိုမိုကြီးထွားလာပြီး လူမှုရေးနှင့် နိုင်ငံရေး ရှုပ်ထွေးမှု မရှိစေရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်အဆင့်ဆင့်မှ ကြိုတင်ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သင့်ကြောင်း စသည်တို့ ပါရှိသော အကြံပြုချက်များကို အမျိုးသား လွှတ်တော်ရုံးသို့ ပြန်လည်ပေးပို့ခဲ့ပါသည်။ အဆိုပါ ဖြစ်စဉ်ကို ဆောင်ရွက်ချက် အမှတ်စဉ် (၂၉/ကာကွယ်/ ၂၀၁၇) ဖြင့် ကော်မရှင်ရုံး Website နှင့် Facebook တွင် သတင်း ထုတ်ပြန်ခဲ့ပါသည်။

(ဃ) **မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်သာစည် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းတွင် အကျဉ်းသားတစ်ဦးအား တာဝန်ခံ တပ်ကြပ်က အနိုင်ကျင့်ရိုက်နှက် ညှဉ်းပန်းနှိပ်စက်ခြင်း**။ ကိုးပင်သာစည် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းတွင် အကျဉ်းသား မောင်သိန်းဇော်အောင်အား တာဝန်ခံ တပ်ကြပ်အောင်ကျော်သန်းဆိုသူက အနိုင်ကျင့်ရိုက်နှက်ညှဉ်းပန်းနှိပ်စက်သောကြောင့် အောက်နှုတ်ခမ်းကွဲပြီး ရှေ့အောက်သွားတစ်ချောင်း ပြုတ်ခဲ့သဖြင့် ထိရောက်စွာ အရေးယူပေးပါရန် တိုင်ကြားလာခြင်းနှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည် ဦးဆောင်သောအဖွဲ့သည် ၂၃-၁၀-၂၀၁၇ ရက်နေ့တွင် သရက်အကျဉ်းထောင်သို့ သွားရောက်၍ နစ်နာသူ အကျဉ်းသား မောင်သိန်းဇော်အောင်နှင့် ၎င်း၏ဖခင် (တိုင်တန်းသူ) တို့အား စစ်မေးခြင်း၊ ၂၄-၁၀-၂၀၁၇ ရက်နေ့နှင့် ၂၅-၁၀-၂၀၁၇ ရက်နေ့များတွင် ကိုးပင်သာစည် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းသို့ ကွင်းဆင်းပြီး တာဝန်ရှိသူများအား စစ်ဆေးခဲ့ပြီး အကျဉ်းသားများ၏ စည်းကမ်းထိန်းသိမ်းဆောင်ရွက်ရာတွင် အကျဉ်းထောင်လက်စွဲဥပဒေနှင့် အညီ ဆောင်ရွက်ရန်၊ ထူးခြားဖြစ်စဉ် ဖြစ်ပွားပါက အချိန်နှင့်တပြေးညီ တင်ပြဆောင်ရွက်ရန် စသည်တို့ပါဝင်သော အကြံပြုချက်များအား သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ အဆိုပါဖြစ်စဉ်ကို ဆောင်ရွက်ချက်အမှတ်စဉ် (၃၁/ကာကွယ်/၂၀၁၇) ဖြင့် ကော်မရှင်ရုံး Website နှင့် Facebook တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

(ဏ) **တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့တွင် ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းများကြောင့် ဒေသခံများအပေါ် ထိခိုက်မှုများဖြစ်ပေါ်နေသည့်ကိစ္စ**။ မြိတ်မြို့တွင် MSPP ကုမ္ပဏီ၏ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများကြောင့် ကရင်ရွာ ၄ ရွာရှိ လူဦးရေ ၄၄၈၀ ခန့်ကို ထိခိုက်မှုများဖြစ်ပေါ်ပြီး စိုက်ပျိုးမြေဧက ၆၀၀၀ ခန့် ဖယ်ရှားခံခဲ့ရကာ စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့နေရကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူ့အခွင့်အရေးကိစ္စရပ်များ ဆောင်ရွက်နေသော မြန်မာနိုင်ငံမှ အရပ်ဘက် အဖွဲ့အစည်း ၇ ခုက မလေးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ တိုင်တန်းခဲ့ရာ မလေးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ အသိပေး အကြောင်းကြားလာသဖြင့် ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကွင်းဆင်းစုံစမ်း

စစ်ဆေးရေးအဖွဲ့သည် ၁၉-၁၁-၂၀၁၇ ရက်နေ့မှ ၂၁-၁၁-၂၀၁၇ ရက်နေ့ထိ မြိတ်မြို့သို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဒေသခံရွာသားများ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပြီးမှ ဆက်လက်ဆောင်ရွက်ရန်၊ စီမံကိန်း ဆက်လက် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံးတို့မှ တာဝန်ရှိသူများ ပူးပေါင်းညှိနှိုင်းပြီး ဒေသခံများ သဘောတူညီချက် ရသည်ထိ ရှင်းလင်းဆွေးနွေးရန်၊ ပေးလျော်ရန် ကျန်ရှိသည့် မြေယာနှင့် တိရိစ္ဆာန်လျော်ကြေးများအတွက် ကျွမ်းကျင်သူများ၊ ကြားနေဌာနဆိုင်ရာ အဖွဲ့အစည်းများ ပါဝင်သော အထူးကော်မတီတစ်ရပ် ဖွဲ့စည်း၍ စစ်ဆေး အတည်ပြုပေးလျော်ရန်၊ ဘောဆနွင်းချောင်းရေ သောက်သုံးရန် သင့် မသင့် စစ်ဆေးပြီး ဒေသခံများ ရေရှည်သောက်သုံးရေ ရရှိရေးအတွက် စီမံဆောင်ရွက်ရန်၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ လုပ်ကိုင်ရန် ဆုံးဖြတ် စာချုပ်ချုပ်ပြီးပါက စာချုပ်ပါအချက်များ အကောင်အထည်ဖော်နိုင်ရေးအတွက် လက်အောက်ရှိ တာဝန်ရှိသူ အဆင့်ဆင့်ကို လိုအပ်သည့် ညွှန်ကြားချက်များ လုပ်ငန်းလမ်းညွှန်များ ချမှတ်အသိပေးခြင်း၊ အချိန်နှင့်တပြေးညီ စောင့်ကြည့် ကူညီဖြေရှင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရန် စသည်တို့ ပါရှိသော အကြံပြုချက်များအား သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။

(တ) **ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့၊ သာယာဝတီ ဗဟိုအကျဉ်းထောင်အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများရှိနေကြောင်း တိုင်တန်းလာသည့်ကိစ္စ**။ ယင်းတိုင်တန်းချက်အား နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ တစ်ဆင့် ပေးပို့လာသဖြင့် ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်၊ ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၃၀-၁၁-၂၀၁၇ ရက်နေ့နှင့် ၁-၁၂-၂၀၁၇ ရက်နေ့များတွင် သာယာဝတီဗဟိုအကျဉ်းထောင်သို့ ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပြီး အကျဉ်းထောင်အတွင်း အခန်းလူကြီးကိုယ်တိုင် မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချခြင်းများ ရှိနေနိုင်သဖြင့် ထောင်တွင်းထောင်ပြင် အဆက်အသွယ်များကို ဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ကြောင်း၊ အကျဉ်းသားများထံမှ တံစိုးလက်ဆောင်နှင့် လာဘ်ငွေများကို နည်းမျိုးစုံဖြင့် ရယူဆောင်ရွက်တတ်သည့် လက်အောက်ဝန်ထမ်း အဆင့်ဆင့်ကို စိစစ်ဖော်ထုတ်၍ အရေးယူသင့်ကြောင်း၊ သိသာထင်ရှားမှု မရှိသော နပုလ္လိင်များကို ခွဲခြားရန်ခက်ခဲသဖြင့် သက်ဆိုင်ရာ အခန်းလူကြီးနှင့် အဆောင်တာဝန်ခံ ဝန်ထမ်းများက မျက်ခြည်မပြတ် စောင့်ကြည့်ပြီး တာဝန်ခံအရာရှိထံ သတင်းပို့၍ စီမံခန့်ခွဲ ဆောင်ရွက်သင့်ကြောင်းနှင့် အကျဉ်းထောင်အသီးသီးတွင် လိင်တူဆက်ဆံမှုများ အနည်းနှင့်အများ ရှိတတ်ရာ လူမှုရေးနှင့် မလိုလားအပ်သောပြဿနာများ ကြီးထွားလာနိုင်ပြီး အကျဉ်းထောင်၏ စီမံခန့်ခွဲမှုကို ထိခိုက်လာနိုင်သဖြင့် သင်ခန်းစာဖော်ထုတ်၍ စနစ်တကျ ထိန်းသိမ်းကြပ်မတ်

ဆောင်ရွက်သင့်ကြောင်း စသည်တို့ ပါရှိသော အကြံပြုချက်များအား သက်ဆိုင်ရာ ဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဃ) **ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံစက်မှုဇုန်အတွင်းရှိ မြန်မာတော့ရှင်း အထည်ချုပ်စက်ရုံတွင် စက်ရုံတာဝန်ခံက ခံဝန်လက်မှတ်များ ဖိအားပေး ရေးထိုးခိုင်းပြီး အလုပ်သမားအချို့အား အလုပ်ထုတ်ပစ်ရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်နေသည့်ကိစ္စ**။ မင်္ဂလာဒုံစက်မှုဇုန်အတွင်းရှိ မြန်မာတော့ရှင်း အထည်ချုပ်စက်ရုံတွင် စက်ရုံတာဝန်ခံက အလုပ်သမားအချို့အား အလုပ်ထုတ်ပစ်ရန် ရည်ရွယ်ချက်ဖြင့် ခံဝန်လက်မှတ်များ ဖိအားပေး ရေးထိုးခိုင်းနေကြောင်း တိုင်ကြားလာသဖြင့် ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်၊ ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သောအဖွဲ့သည် ၂၉-၁၂-၂၀၁၇ ရက်နေ့နှင့် ၂-၁-၂၀၁၈ ရက်နေ့များတွင် အခင်းဖြစ်ပွားရာစက်ရုံသို့ သွားရောက်ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပြီး ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အလုပ်ရှင်က လက်မှတ်ရေးထိုးခိုင်းသော ဝန်ခံကတိပြုချက်တွင် ပါဝင်သည့် စက်ရုံစည်းကမ်းများတွင် EC စာချုပ်ပါ စည်းကမ်းချက်များနှင့် ကွာဟမှုမရှိကြောင်း အလုပ်သမားများအား ရှင်းလင်းပြခြင်း၊ အလုပ်ရှင်ဘက်မှလည်း အချို့အချက်များကို ဖြေလျှော့ပေးခြင်းများကို ပြုလုပ်ပြီး အလုပ်သမားများ လက်မှတ်ရေးထိုးနိုင်ရေး စည်းရုံးဆောင်ရွက်ရန်နှင့် ဆန္ဒပြအလုပ်သမားများအား အလုပ်ပြန်လည် ဆင်းခွင့်မပြုလိုပါက နစ်နာကြေးကို လုပ်ထုံးလုပ်နည်းအညီ ထုတ်ပေးနိုင်ရေး အလုပ်ရှင်အား စည်းရုံးဆောင်ရွက်ရန်စသည့် အကြံပြုချက်များအား သက်ဆိုင်ရာ ဌာနသို့ ပေးပို့ခဲ့ပြီး ဆောင်ရွက်ချက် အမှတ်စဉ် (၁/ကာကွယ်/၂၀၁၈) ဖြင့် ကော်မရှင်ရုံး Website တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

၂၅။ တိုင်တန်းချက်အရမဟုတ်ဘဲ လူမှုကွန်ရက်မှ ရရှိသည့်သတင်းများအရ ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့သည့် ကိစ္စရပ်များမှာ (၆) ကြိမ်ဖြစ်ပြီး အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(က) **ကိုရင်တစ်ပါးအား အစေ့သဃ်န်းချွတ်၍ လူအုပ်စုဖြင့် ဝိုင်းဝန်းထိုး ကြိတ်ခဲ့သည့်ကိစ္စ**။ ၂၃-၂-၂၀၁၇ ရက်နေ့တွင် ဒုတိယညွှန်ကြားရေးမှူး ဦးသူရကျော် ဦးဆောင်သော အဖွဲ့သည် ကိုရင်တစ်ပါးအား အစေ့ သဃ်န်းချွတ်၍ လူအုပ်စုဖြင့် ဝိုင်းဝန်းထိုးကြိတ်ခဲ့သည့်အတွက် သွေးထွက်သံယိုဖြစ်ခဲ့သည့်သတင်းကို လူမှုကွန်ရက် စာမျက်နှာများတွင် တွေ့ရှိရခြင်းကြောင့် အခင်းဖြစ်ပွားခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်သို့ သွားရောက်၍ ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ရာ ဥပဒေနှင့်အညီ ဆောင်ရွက်နေပြီဖြစ်သဖြင့် မှတ်တမ်းတင်ထားခဲ့ပါသည်။

(ခ) **အမရပူရမြို့နယ်၊ ဟိန်းအာကာ အပ်ချုပ်ဆိုင်တွင် အိမ်အကူ မအေးကြင် (၁၄ နှစ်) ကို ဆိုင်ရှင် ဇနီးမောင်နှံမှ နှိပ်စက်ညှဉ်းပန်းသည့်ကိစ္စ**။ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ရတနာပုံတက္ကသိုလ်အနီး အပ်ချုပ်ဆိုင်တွင် အိမ်အကူလုပ်ကိုင်နေသည့် မအေးကြင်ကို ဆိုင်ရှင်ဇနီးမောင်နှံတို့က နှိပ်စက်ညှဉ်းပန်းမှုမျိုးစုံ ပြုလုပ်ခဲ့သည့်အပြင် အိမ်ရှင်အမျိုးသမီးမှ အဆိုပါ မအေးကြင်၏ ခန္ဓာကိုယ် အပေါ်ပိုင်း

ကိုယ်လုံးတီးချုတ်ပြီး အိမ်ရှင်အမျိုးသား၏ ရှေ့တွင်ပြသခိုင်းခဲ့ကြောင်း လူမှုကွန်ရက်များတွင် တွေ့ရှိရသဖြင့် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် ဦးဆောင်သော အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်သို့ ၇-၃-၂၀၁၇ ရက်နေ့မှ ၁၀-၃-၂၀၁၇ ရက်နေ့ထိ သွားရောက် ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် လူမဆန်စွာ နှိပ်စက်ညှဉ်းပန်းခဲ့သည့် အိမ်ရှင်ဇနီးမောင်နှံအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ကြောင်းနှင့် ရဲစခန်းသို့ တိုင်ကြားလာသည့်အမှုကို ရဲလက်စွဲနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ခြင်း မပြုဘဲ ပျက်ကွက်ခဲ့သော တာဝန်ရှိသူရဲတပ်ဖွဲ့ဝင်များအား ဥပဒေနှင့်အညီ အရေးယူသင့်ကြောင်း စသည့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင်ရုံး Website တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၇/ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(ဂ) **ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်ဝင်းအတွင်းရှိ စတိုးဆိုင်တွင် အလုပ်လုပ်ကိုင်နေသော အသက်မပြည့်သေးသည့် မိန်းကလေး ၂ ဦးအား ဆိုင်ရှင်ဖြစ်သူက ညှဉ်းပန်းနှိပ်စက်သည့်ကိစ္စ။** အောင်မင်္ဂလာအဝေးပြေး ဂိတ်ဝင်းအတွင်းရှိ ဆွေညီနောင်စတိုးဆိုင်တွင် အလုပ်လုပ်နေသော မထက်ထက်ဇော် (၁၂ နှစ်) နှင့် မမေသဇင် (၁၀ နှစ်) တို့အား ဆိုင်ရှင်ဖြစ်သူ ဒေါ်ဖြူဖြူထွန်း (ခ) မငယ် မှ ညှဉ်းပန်းနှိပ်စက်သည့်ကိစ္စကို လူမှုကွန်ရက်တွင်တွေ့ရှိရသဖြင့် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် ဦးဆောင်သည့်အဖွဲ့သည် ၁၄-၃-၂၀၁၇ ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ်သို့ သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် မင်္ဂလာဒုံမြို့မရဲစခန်းမှ တာဝန်ရှိရဲတပ်ဖွဲ့များသည် ရဲလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင် တာဝန်ရှိအဖွဲ့အစည်းများနှင့် အချိန်နှင့်တပြေးညီ ဆက်သွယ်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ရဲတပ်ဖွဲ့၏ ဆောင်ရွက်ချက်များကို မှတ်တမ်းတင်သင့်ကြောင်းနှင့် မင်္ဂလာဒုံမြို့မရဲစခန်း၏ဆောင်ရွက်ချက်ကို သင်ခန်းစာဖော်ထုတ်၍ တာဝန်ရှိသူ အဖွဲ့အစည်းများသို့ စံနမူနာအဖြစ် ချပြဆောင်ရွက်ပေးသင့်ကြောင်း စသည့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ ကော်မရှင်ရုံး Website တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၈/ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(ဃ) **ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ ၉၄ ရပ်ကွက်၊ အေ ၆ လမ်းနေ အိမ်ရှင်ဖြစ်သူမှ အသက် ၁၃ နှစ်အရွယ် အိမ်အကူ မိန်းကလေးငယ်အား ညှဉ်းပန်းနှိပ်စက်မှု။** ၂၀-၇-၂၀၁၇ ရက်နေ့တွင် အထက်ပါအမှုနှင့် စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်သည် ကော်မရှင်ရုံးဝန်ထမ်းများနှင့်အတူ ဒဂုံဆိပ်ကမ်းမြို့နယ် ရဲတပ်ဖွဲ့သို့ သွားရောက် စစ်ဆေးမေးမြန်းခဲ့ပြီး တိုင်းတရားသူကြီး၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ အမှုနှောင့်နှေး ကြန့်ကြာမှု မဖြစ်စေရေးနှင့် နစ်နာသူအား လူ့အခွင့်အရေးအရ ကာကွယ်စောင့်ရှောက်မှု အပြည့်အဝ ရရှိစေရေး ညှိနှိုင်း မေတ္တာ

ရပ်ခံခဲ့ပါသည်။ အဆိုပါဖြစ်စဉ်ကို ကော်မရှင်ရုံး Website နှင့် Facebook တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၁၆/ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။ အဆိုပါအမှုအား တရားရုံးတွင် တရားလိုပြသက်သေများအား စစ်ဆေးဆဲဖြစ်ကြောင်း သိရှိရပါသည်။

(င) **ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ကရုဏာကလေးများ မေတ္တာရိပ်မြုံ ဂေဟာမှ ကလေးသူငယ် ၉ ဦးသည် ရိုက်နှက်ခြင်းကြောင့် မုံရွာမြို့ဘက်သို့ ထွက်ပြေးသွားသည့်ကိစ္စ**။ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် မှော်ဘီမြို့နယ်ရှိ အဆိုပါ ကရုဏာကလေးများမေတ္တာရိပ်မြုံဂေဟာသို့ ၂၅-၈-၂၀၁၇ ရက်နေ့တွင် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် ကလေးများအား ပြုစုစောင့်ရှောက်သည့်ဂေဟာတွင် စီမံအုပ်ချုပ်သူများအနေဖြင့် ကလေးများကို ဆုံးမရာတွင် ကိုယ်ထိလက်ရောက် ပြုမူဆုံးမခြင်းအစား ၎င်းတို့၏စိတ်ခံစားမှုကိုနားလည်သဘောပေါက်အောင်ကြိုးစားကာ မိသားစုသဖွယ် နှစ်သိမ့်ဆွေးနွေးခြင်း၊ ပြုပြင်ဆုံးမခြင်းများ ဆောင်ရွက်သင့်ကြောင်းနှင့် သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးများသည် မိမိတို့၏နယ်မြေအတွင်း ဖွင့်လှစ်ထားရှိသော ပရဟိတဂေဟာများကို စာရင်းပြုစု၍ သက်ဆိုင်ရာ လူမှုဝန်ထမ်းဦးစီးဌာနနှင့်ညှိနှိုင်း၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သင့်ပါကြောင်း စသည့် အကြံပြုချက်များအား သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ အဆိုပါ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကော်မရှင်ရုံး Website နှင့် Facebook တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၂၅/ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(စ) **ဧရာဝတီတိုင်းဒေသကြီး၊ ဓနုဖြူမြို့တွင် အရွယ်မရောက်သေးသည့် ကလေးငယ် ၂ ဦးအား ညှဉ်းပန်းနှိပ်စက်သည့်ကိစ္စ**။ ဓနုဖြူမြို့တွင် အရွယ်မရောက်သေးသည့် ကလေးငယ် ၂ ဦးဖြစ်သော မထိုက်ထိုက်ထွန်း (၁၀ နှစ်) နှင့် မောင်ကံ (၆ နှစ်) တို့အား ညှဉ်းပန်း နှိပ်စက်ခဲ့ကြောင်း လူမှုကွန်ရက်မီဒီယာမှ ကြားသိရသဖြင့် ခေတ္တ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် ဦးဆောင်သော အဖွဲ့သည် ၁၉-၁၂-၂၀၁၇ ရက်နေ့နှင့် ၂၀-၁၂-၂၀၁၇ ရက်နေ့များတွင် ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပြီး စစ်ဆေး တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် မြို့နယ်ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်တွင် ပါရှိသည့် ကလေးသူငယ် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကလေးသူငယ် မှုခင်းများမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်ရေးအတွက် လုပ်ငန်းအစီအမံများ ထိရောက်စွာ ဆောင်ရွက်သင့်ကြောင်းနှင့် အရေးယူ ဆောင်ရွက်ရမည့် မှုခင်းတစ်ရပ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန် နှောင့်နှေးကြန့်ကြာခဲ့သော မြို့မရဲစခန်းမှူးအား ထိုက်သင့်သလို အရေးယူဆောင်ရွက်သင့်ကြောင်း စသည့်အကြံပြုချက်များအား သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသော ကလေးနှစ်ဦးအား ဆေးကုသပေးနေသည့် ပုသိမ်ပြည်သူ့ဆေးရုံကြီးသို့

သွားရောက်၍ တွေ့ဆုံနှစ်သိမ့် အားပေးစကား ပြောကြားပြီး ကော်မရှင်မှ ထောက်ပံ့ငွေကျပ် တစ်သိန်းစီကို တိုင်းလူမှု ဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးမှတစ်ဆင့် ကလေးငယ် ၂ ဦးသို့ ပေးအပ်ခဲ့ပါသည်။ ၎င်းတို့နှစ်ဦးအနက် မထိုက်ထိုက်ထွန်း (၁၀ နှစ်) မှာ ညှဉ်းပန်းသူ ရဲလေး၏ သမီးအရင်းဖြစ်ပြီး၊ မောင်ကံဆိုသူမှာ ရဲလေး၏ တူတော်စပ်ပါသည်။ မောင်ကံသည် ၎င်း၏အစ်မ မဝင်းသီရိနှင့်အတူ ပထွေးနှင့်နေထိုင်ရာ မိခင် သေဆုံးသွားသဖြင့် အစ်မဖြစ်သူ မဝင်းသီရိ (၁၁ နှစ်) အား ပထွေးဖြစ်သူနှင့်အတူ ဆက်လက်နေထိုင်ရန် မသင့်လျော်သည့်အပြင် ပထွေးဖြစ်သူကိုယ်တိုင်မှလည်း ကျွေးမွေးစောင့်ရှောက်ရန် မတတ်နိုင်ကြောင်း တင်ပြသဖြင့် သက်ဆိုင်ရာဌာနသို့ ပေးပို့အကြောင်းကြားခဲ့ပါသည်။ ဆောင်ရွက်ချက်အမှတ်စဉ် (၃၆/ကာကွယ်/၂၀၁၇) ဖြင့်ကော်မရှင်ရုံး Website နှင့် Facebook တို့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

၂၆။ တိုင်တန်းချက်အရမဟုတ်ဘဲ ထူးခြားသော အခြေအနေအရ ကွင်းဆင်းကြည့်ရှုလေ့လာရန် လိုအပ်သဖြင့် ကွင်းဆင်းကြည့်ရှုလေ့လာမှု (၂) ကြိမ်ကို အောက်ပါအတိုင်း ပြုလုပ်ခဲ့ပါသည် -

(က) **ရခိုင်ပြည်နယ်၊ မောင်တော၊ ဘူးသီးတောင်မြို့နယ်များတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် လူ့အခွင့်အရေးထိခိုက်နစ်နာမှုများ။** ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရခိုင်ပြည်နယ်၊ မောင်တော၊ ဘူးသီးတောင်မြို့နယ်များတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် လူ့အခွင့်အရေး ထိခိုက်နစ်နာမှုများ အခြေအနေကို လေ့လာရန် ၂၄-၉-၂၀၁၇ ရက်နေ့မှ ၂၉-၉-၂၀၁၇ ရက်နေ့ထိ ယင်းဒေသသို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ပြီး တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် ကျန်ရှိနေသော ဘင်္ဂါလီများနှင့် တိုင်းရင်းသားများအား ကျန်းမာရေးစောင့်ရှောက်ရေး၊ ၎င်းတို့ သားသမီးများ၏ ပညာရေးအပါအဝင် အဆိုပါဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကူညီဆောင်ရွက်ပေးသင့်ကြောင်း စသည့် အကြံပြုချက်များအား သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၁၁/၂၀၁၇) ကို ၃-၁၀-၂၀၁၇ ရက်နေ့တွင် ကော်မရှင်ရုံး Website နှင့် Facebook တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

(ခ) **ရခိုင်ပြည်နယ်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များသို့ ဒုတိယအကြိမ်သွားရောက် လေ့လာကြည့်ရှုခြင်း။** အဆိုပါဒေသရှိ ရခိုင်၊ မြို၊ ခမီ၊ ဒိုင်းနက်၊ ကမန်နှင့် ဟိန္ဒူလူမျိုးတို့၏ လူ့အခွင့်အရေး ထိခိုက်မှုများ ရှိ မရှိ စက်တင်ဘာလအတွင်းက သွားရောက်ကြည့်ရှု လေ့လာခဲ့ပြီးနောက် တိုးတက်မှုအခြေအနေများကို လေ့လာသိရှိနိုင်ရန်အတွက်ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သောအဖွဲ့သည် ၁၀-၁၂-၂၀၁၇ ရက်နေ့မှ ၁၅-၁၂-၂၀၁၇ ရက်နေ့ထိ ဒေသခံ တိုင်းရင်းသားများ၏ လူ့အခွင့်အရေး အခြေအနေများ တိုးတက်မှု ရှိ မရှိနှင့် တဖက်နိုင်ငံသို့ ထွက်ပြေးသွားသော မွတ်စလင်ဘာသာဝင် ဘင်္ဂါလီများ ပြန်လည်

လက်ခံရေး ပြင်ဆင်ထားမှု အခြေအနေများကို ထပ်မံ သွားရောက်ကြည့်ရှု လေ့လာခဲ့ပါသည်။ ကြည့်ရှုလေ့လာရေးအဖွဲ့၏ တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် နေရပ်စွန့်ခွာသွားသည့် ဘင်္ဂါလီများအား ပြန်လည်လက်ခံရေး အစီအစဉ်အရ ဝင်ရောက်လာမည့် ဘင်္ဂါလီများကို အမြဲတမ်းနေထိုင်ခွင့်ပြုမည့် နေရာများအား ရေရှည်လုံခြုံရေး အမြင်ဖြင့် သုံးသပ်ဆောင်ရွက်ရန်၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ကျန်းမာရေး၊ ပညာရေး အခက်အခဲများ အဆင်ပြေစေရေး ဆောင်ရွက်ပေးရန် စသည့် အကြံပြုချက်များအား နိုင်ငံတော်သမ္မတရုံးသို့ ပေးပို့ခဲ့ပါသည်။ ၎င်းနောက် သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁၂/၂၀၁၇) ဖြင့် ၁၀-၁၁-၂၀၁၇ ရက်နေ့တွင် ကော်မရှင်ရုံး Website တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။


(ဂ) ယင်းတင်ပြခဲ့သည့် အစီရင်ခံစာများနှင့်စပ်လျဉ်း၍ ၂၇-၁၂-၂၀၁၇ ရက်နေ့တွင် ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ဦးယုလွင်အောင်တို့သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံ၍ ရှင်းလင်းပြောကြားခြင်း၊ မြေပြင်အတွေ့အကြုံများကို အမြင်ချင်းဖလှယ် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

(ဃ) ၂၀၁၇ ခုနှစ်၊ ဇူလိုင်လအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော လက်နက်ကိုင် ပဋိပက္ခများကြောင့် နမ္မတူမြို့နှင့် သီပေါမြို့သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည့် ဒေသခံပြည်သူ ဦးရေ ၃၀၀၀ ခန့်အား ကော်မရှင် ကြည့်ရှုစစ်ဆေးရေး အဖွဲ့မှ သွားရောက်ကြည့်ရှုရန် လျာထားစီစဉ်ခဲ့သော်လည်း လုံခြုံရေးအခြေအနေအရ ခွင့်ပြုနိုင်ခြင်း မရှိသောကြောင့် သွားရောက်နိုင်ခဲ့ခြင်းမရှိပါ။

**၂၀၁၅ မှ ၂၀၁၇ တိုင်တန်းချက်များပါ အမှုအမျိုးအစားများ**

| စဉ် | အကြောင်းအရာ | ၂၀၁၅ | ၂၀၁၆ | ၂၀၁၇ | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | မြေယာနှင့်ဆိုင်သောကိစ္စ | ၆၂၆ | ၂၇၄ | ၁၃၆ | **၁၀၃၆** |
| ၂ | တရားရေးနှင့်ဆိုင်သောကိစ္စ | ၁၄၁ | ၈၀ | ၄၁ | **၂၆၂** |
| ၃ | ဝန်ထမ်းရေးရာနှင့်ဆိုင်သောကိစ္စ | ၉၂ | ၃၆ | ၃၀ | **၁၅၈** |
| ၄ | ရဲတပ်ဖွဲ့နှင့်ဆိုင်သောကိစ္စ | ၇၃ | ၄၃ | ၇၁ | **၁၈၇** |
| ၅ | မြို့/ကျေးအုပ်ချုပ်ရေးမှူးနှင့်ဆိုင်သောကိစ္စ | ၅၃ | ၂၄ | ၁၀ | **၈၇** |
| ၆ | အမျိုးသမီး၊ အလုပ်သမားနှင့် သာသနာရေးဆိုင်ရာ | ၄၄ | ၁၉ | ၃၁ | **၉၄** |
| ၇ | ငွေကြေးနှင့်ဆိုင်သောကိစ္စ | ၃၆ | ၂၅ | ၁၄ | **၇၅** |
| ၈ | စည်ပင်နှင့်ဆိုင်သောကိစ္စ | ၄၄ | ၁၅ | ၁၄ | **၇၃** |
| ၉ | အကြမ်းဖက်၊ အကျဉ်းထောင်နှင့် လူကုန်ကူးဆိုင်ရာ | ၁၃ | ၁၅ | ၁၇ | **၄၅** |
| ၁၀ | အခြားကိစ္စများ | ၁၆၅ | ၈၀ | ၉၀ | **၃၃၅** |
| | **စုစုပေါင်း** | **၁၂၈၇** | **၆၁၁** | **၄၅၄** | **၂၃၅၂** |

၂၇။ ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ လက်ခံစိစစ်ခဲ့သော တိုင်တန်းချက်များမှာ ၂၃၅၂ မှု ရှိကာ ၎င်းတို့အား အမှုအမျိုးအစား ခွဲခြားမည်ဆိုပါက မြေယာသိမ်းဆည်းမှုနှင့် ဆိုင်သောကိစ္စမှာ ၁၀၃၆ မှုဖြစ်ပြီး ၃ နှစ်အတွင်း လက်ခံစိစစ်ခဲ့သော တိုင်တန်းချက်များ၏ ၄၄.၀၄% ရှိကြောင်း တွေ့ရှိရပါသည်။ ရဲနှင့်ဆိုင်သော ကိစ္စမှာ ၁၈၇ မှုဖြစ်၍ ဒုတိယအများဆုံး အမှုအမျိုးအစားဖြစ်ပြီး ၃ နှစ်အတွင်း လက်ခံစိစစ်ခဲ့သည့် တိုင်တန်းချက်များ၏ ၇.၉၅% ဖြစ်ပါသည်။ တရားရေးနှင့်ဆိုင်သော အမှုမှာ ၂၆၂ မှုဖြစ်ပြီး ၁၁.၁၃ % ဖြစ်ပါသည်။




**လွှတ်တော်မှပေးပို့သည့် တိုင်တန်းချက်များ**

၂၈။ ၂၀၁၇ ခုနှစ်အတွင်း တိုင်တန်းချက်များကို စိစစ်ပေးနိုင်ရေးအတွက် လွှတ်တော်အသီးသီးမှ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ အောက်ပါအတိုင်း အမှုတွဲများ လွှဲပြောင်းပေးပို့ခဲ့ရာ ကော်မရှင်မှ စိစစ်ပြီး တိုင်တန်းချက်ပါ အခင်းဖြစ်ပွားရာနေရာများသို့ ကွင်းဆင်းစုံစမ်းစစ်ဆေးပြီး တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာ လွှတ်တော်ရုံးများသို့ ပြန်ကြားခဲ့ပါသည်-

(က) ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ လွှဲပြောင်းပေးပို့သောတိုင်တန်းချက် ၂ စောင်-

(၁) မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နေ အငြိမ်းစားကျောင်းဆရာမ ဒေါ်ခင်လှမြင့်ဆိုသူက ၎င်းကို ညီမဖြစ်သူနှင့် ပန်းတိမ်ဖိုလုပ်သားများမှ ဝိုင်းဝန်းရိုက်နှက်နှိပ်စက်ခြင်းနှင့် အမွေခွဲဝေမပေးခြင်းစသည့် စွပ်စွဲချက်များဖြင့် တိုင်တန်းသည့်ကိစ္စကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့ပါသည်။ ယင်းကိစ္စကို ကာယကံရှင် ကိုယ်တိုင် ကော်မရှင်ထံတိုင်ကြားပြီး ဖြစ်သည့်အပြင် သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြောင်းကြားဖြေရှင်းစေခဲ့ပြီး ဝန်ကြီး

ဌာန၏ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုကိုလည်း ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်ထံသို့ ပြန်ကြားခဲ့ပါသည်။

(၂) ကရင်ပြည်နယ်၊ ဘားအံမြို့နေ ဒေါ်မေရီသိန်း (ခ) မငယ်ဆိုသူမှ ကိုယ်အင်္ဂါချို့ယွင်းပြီး မသန်စွမ်းဘဝဖြင့် ရှင်သန်နေရသော မိသားစုပေါ်တွင် လူသားချင်းစာနာစိတ်မဲ့ကာ အုပ်စုဖွဲ့၍ အနိုင်ကျင့်ခြင်းခံရနေမှုအပေါ် ကူညီဆောင်ရွက်ပေးပါရန် တိုင်တန်းချက်ကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့ပါသည်။ ယင်းကိစ္စသည် ကာယကံရှင်ကိုယ်တိုင် ကော်မရှင်ထံ တိုင်ကြားပြီးဖြစ်သည့်အတွက် စိစစ်ခဲ့ရာ ကျေးရွာမီးလင်းရေး ကော်မတီမှ ဒေါ်မေရီသိန်းအား တရားစွဲဆိုခဲ့ရာ တရားရုံး၏ ဆုံးဖြတ်ချက်ကို မကျေနပ်သဖြင့် ဒေါ်မေရီသိန်းက ပြန်လည်တရားစွဲဆိုသည်ကိုမူ တရားရုံးက ပလပ်ခဲ့ခြင်းကြောင့် တိုင်ကြားသောအမှုဖြစ်သည်ကိုတွေ့ရှိရပါသည်။ သို့ဖြစ်၍ ကော်မရှင်ဥပဒေ ပုဒ်မ ၃၇ (ခ) အရ တရားရုံး တစ်ခုခုက အပြီးသတ် စီရင်ဆုံးဖြတ်ပြီးသော အမှုဖြစ်သဖြင့် ကော်မရှင်အနေဖြင့် ဆောင်ရွက်၍မရကြောင်း ဆုံးဖြတ်ချက်ကို ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်ထံသို့ ပြန်ကြားခဲ့ပါသည်။

(ခ) အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီမှ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်နေ ဒေါ်ခင်မျိုးသင်းဆိုသူက ၎င်းအား ဝေါမြို့နယ်ရဲစခန်းတွင် ဆက်သွယ်ရေး ဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် မဟုတ်မမှန် လုပ်ကြံတိုင်ကြားခဲ့ခြင်း၊ ခြိမ်းခြောက်ခဲ့ခြင်းနှင့် ၎င်းအား မတရားဖမ်းဆီးခဲ့သော မြဝတီမြို့နယ်နှင့် ဝေါမြို့နယ်တို့မှ ရဲအရာရှိများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူပေးနိုင်ရေး တိုင်တန်းချက်ကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့ပါသည်။ ကော်မရှင်မှ ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် အခင်းဖြစ်ပွားရာသို့ ၁၂-၁၀-၂၀၁၇ ရက်နေ့မှ ၁၃-၁၀-၂၀၁၇ ရက်နေ့ထိ ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဖြစ်စဉ်သည် ကျေးရွာအတွင်း အုပ်ချုပ်ရေးမှူးအဟောင်းနှင့် အသစ်အကြားမိသားစု၊ အုပ်စုနှစ်ခုအတွင်း အပြန်အလှန် ပဋိပက္ခဖြစ်ပွားရာမှ စတင်ခဲ့ခြင်းဖြစ်သဖြင့် ကျေးရွာအတွင်း ညီညွတ်မှုကို တည်ဆောက်ရန်၊ Facebook ပေါ်တွင် မခင်မျိုးသင်း၏ နေ့စဉ် လှုပ်ရှားမှုများကို ဖော်ပြနေသည့် အကောင့်အတုကို စိစစ်ဖော်ထုတ်ရန် အပြန်အလှန်တရားစွဲဆိုမှုများနှင့် ပတ်သက်၍ လူမှုရေးနှင့် နိုင်ငံရေး ရှုပ်ထွေးမှုမရှိစေရေးအတွက် ဒေသ အာဏာပိုင်အဆင့်ဆင့်မှ ထိန်းသိမ်းကြပ်မတ်ရန် စသည့် အကြံပြုချက်များ ပါရှိသည့် အစီရင်ခံစာကို အမျိုးသား လွှတ်တော်ရုံးသို့ ပြန်လည်ပေးပို့ခဲ့ပါသည်။

(ဂ) ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ မူလအခွင့်အရေးဆိုင်ရာ ကော်မတီမှ လွှဲပြောင်းပေးပို့သောတိုင်တန်းချက် ၈ စောင် -

(၁) မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်နေ မအောင်ကြည်သိန်းဆိုသူက ၎င်း၏ ခင်ပွန်း ယာထဲသွားနေချိန် ၎င်းအား စိတ်ကြွဆေးပြားများ မည်သည့်နေရာတွင် ထားသလဲဟု မေးမြန်းပြီး ရဲတပ်ဖွဲ့ဝင်များနှင့် နေပြည်တော်တိုင်းမ် သတင်းမီဒီယာအဖွဲ့ အပါအဝင် စုစုပေါင်း ၂၅ ဦးခန့်က အိမ်တွင်းသို့ ခွင့်ပြုချက်မတောင်းဘဲ အဓမ္မဝင်ရောက်ခြင်း၊ လက်ထိပ်ခတ်ခြင်း၊ ရှာဖွေပုံစံ ဖမ်းဝရမ်းမပါဘဲ တစ်အိမ်လုံးရှာဖွေခြင်း၊ လက်ထိပ်ခတ်ခံထားရပုံကို ဓာတ်ပုံရိုက်ခြင်းတို့ကို ပြုလုပ်ခဲ့သဖြင့် အရေးယူဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သို့ ပေးပို့လာရာ ကော်မရှင်မှ ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ ပေးပို့ခဲ့ပါသည်။ သက်ဆိုင်ရာဌာနများ၏ ပြန်ကြားချက်အရ ဒေါ်အောင်ကြည်သိန်းအနေဖြင့် သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ တိုင်ကြားသင့်ကြောင်း၊ ဝင်ရောက်ရှာဖွေရာတွင် ကြီးကြပ်ကွပ်ကဲမှု အားနည်းသော ရဲအုပ်အား ရဲစည်းကမ်းနှင့်အညီ အပြစ်ပေး အရေးယူခြင်း၊ နယ်မြေပြောင်းရွှေ့ခြင်း ပြစ်ဒဏ်များပေးပြီးဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ အကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

(၂) မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ် အမှတ် (၂) ခြေမြန်တပ်ရင်းတွင် တာဝန်ထမ်းဆောင်နေသော တပ်သားထိန်လင်းဆိုသူက ၎င်းသည် အသက် ၁၈ နှစ်မပြည့်သေးသူ တစ်ဦးဖြစ်ပြီး နဝမတန်းပညာသင်ကြားနေစဉ် တပ်မတော်တွင် တာဝန်ထမ်းဆောင်ရန် ဆန္ဒမပါဘဲ ခေါ်ယူခြင်းခံခဲ့ရပြီး နုတ်ထွက်ခွင့်ပြုရန် အကြိမ်ကြိမ်တောင်းခံခဲ့သော်လည်း ခွင့်မပြုသောကြောင့် တပ်မှ နုတ်ထွက်ခွင့်ရရှိရေး ကူညီဆောင်ရွက်ပေးပါရန် တိုင်ကြားချက်ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သို့ ပေးပို့လာရာ ကာကွယ်ရေးဝန်ကြီးဌာနသို့ ဆက်လက်ပေးပို့ အကြောင်းကြားခဲ့ပါသည်။ ကာကွယ်ရေးဝန်ကြီးဌာနမှ ယခု အစီရင်ခံစာ ပြုစုနေသည့်အချိန်ထိ အကြောင်းပြန်ကြားစာ ပေးပို့လာခဲ့ခြင်း မရှိသေးပါ။

(၃) စစ်ကိုင်းတိုင်းဒေသကြီး၊ ဆားလင်းကြီးမြို့နယ်နေ မောင်တိုးဝင်းက ၎င်းသည် မိဘများကွယ်လွန်သွား၍ မိဘမဲ့ဘဝဖြင့် ကြီးပြင်းလာပြီး ၂၀၁၆ ခုနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ချိန်တွင် မိဘနေရာ၌ ယောက္ခမအမည်ဖြင့် လျှောက်ထားခဲ့ရာ မိဘအမည် မမှန်မကန်မှားယွင်းလျှောက်ထားသည်ဟု တရားစွဲဆိုခံရသဖြင့် အမှုမှ လွတ်မြောက်ခွင့်ရရှိရေးနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြန်လည်ရရှိရေး တိုင်တန်းချက်ကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ ပေးပို့လာခဲ့ပါသည်။ ကော်မရှင်

မှ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ပါသည်။ ဝန်ကြီးဌာနမှ အမှုမှာ တရားရုံးသို့ ရောက်ရှိသွားပြီဖြစ်၍ တရားရုံး၏ ဆုံးဖြတ်ချက်ကိုသာ ခံယူရန်နှင့် ပြစ်ဒဏ်ကျခံပြီးပါက လုပ်ထုံးလုပ်နည်းအတိုင်း တင်ပြဆောင်ရွက်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားကို အခက်အခဲမရှိ လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ပြန်ကြားလာသည်ကို ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့အကြောင်းကြားခဲ့ပါသည်။

(၄) ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်နေ မကေသီစိုးက တရားမဝင် အိမ်ဖော်များ ပြည်ပသို့ စေလွှတ်နေသည့် မစန္ဒာ (ခ) သန္တာ (ခ) မမွှေးသည် ၎င်း၏တူမဖြစ်သူအား နိုင်ငံသားစိစစ်ရေး ကတ်ပြား၌ မတင်တင်နွယ်ဟု လိမ်လည်ကာ နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးပြီး စင်္ကာပူနိုင်ငံသို့ အခကြေးငွေယူ ပို့ဆောင်ပေးခဲ့ရာ ထိခိုက်ဒဏ်ရာရရှိလာ၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာချိန်တွင် လူမဆန်စွာပစ်ထားပြီး ထွက်ပြေးတိမ်းရှောင်နေသဖြင့် ဥပဒေနှင့်အညီ အရေးယူပေးပါရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ လွှဲပြောင်းပေးပို့လာခဲ့ပါသည်။ ကော်မရှင်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပေးပို့အကြောင်းကြားခဲ့ပါသည်။ ဝန်ကြီးဌာနမှ မဇင်ဇင်ကို စင်္ကာပူသို့ စေလွှတ်ခြင်းနှင့် ပတ်သက်၍ ဦးဇဗျက်ထံနှင့် ၎င်း၏ဇနီး ဒေါ်စန္ဒာ (ခ) ဒေါ်သန္တာ (ခ) ဒေါ်မွှေးတို့အား လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ကျောက်တံတားမြို့နယ် တရားရုံး၌ တရားစွဲဆို အမှုဖွင့်ထားပါကြောင်း ပြန်ကြားချက်ကို ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့အကြောင်းကြားခဲ့ပါသည်။

(၅) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်နေ ဦးမြင့်စန်းက ၎င်း၏အိမ်နီးချင်း ၄ ဦးမှ ၎င်းအား ဓားဖြင့်ခုတ်၍ မိသားစုဝင်များအား အက်ဆစ်ဖြင့်ပက်၍ ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သောကြောင်း အင်းစိန်ရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့သော်လည်း ၁ နှစ်ကြာသည်အထိ ဖမ်းဆီးအရေးယူခြင်း မရှိသောကြောင့် ကူညီဖြေရှင်းဆောင်ရွက်ပေးပါရန် ပြည်သူ့လွှတ်တော်ရုံးမှ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က လွှဲပြောင်းပေးပို့လာပါသည်။ ယင်းကိစ္စကို ကာယကံရှင် ကိုယ်တိုင်မှလည်း ကော်မရှင်ထံ တိုင်ကြားပြီး ဖြစ်ပါသည်။ ကော်မရှင်မှ ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့အကြောင်းကြားခဲ့ရာ အမှုစစ်သည် တရားခံ၏ လိပ်စာနှင့် ဖခင်အမည်တို့ကို မှားယွင်းဖော်ပြခဲ့သဖြင့် ၎င်းအား ရဲစည်းကမ်းနှင့်အညီ အရေးယူသွားရန်နှင့် တရားခံ ဖမ်းဆီးရမိရေးအတွက် အမြန်ဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့သို့ ညွှန်ကြားပြီးဖြစ်ကြောင်း ဝန်ကြီးဌာန၏ ပြန်ကြားချက်ကို ပြည်သူ့လွှတ်တော်ရုံးနှင့် ကာယကံရှင်ထံသို့ ပေးပို့အကြောင်းကြားပြီး ဖြစ်ပါသည်။

(၆) ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်နေ မောင်ကျော်ရာဇာမောင်က တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ပြည့်စုံစွာ ဖြေဆိုနိုင်ခဲ့သော်လည်း ကျရှုံးခဲ့သဖြင့် အဖြေလွှာ ပြန်လည်စိစစ်ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုလုပ်ခြင်းမရှိပါသဖြင့် ၎င်း၏နစ်နာမှုအား လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးပါရန် တိုင်ကြားချက်ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သို့ လွှဲပြောင်းပေးပို့ခဲ့ပါသည်။ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည် ဦးဆောင်သောအဖွဲ့က ကော်မရှင်ရုံး၌ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံမေးမြန်းခဲ့ပြီး မောင်ကျော်ရာဇာမောင်၏ ရမှတ်နှင့်စပ်လျဉ်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ ရမှတ်ပြန်လည်စိစစ်ခြင်းကို ယခုထက်ပိုမို၍ ပွင့်လင်း မြင်သာမှုရှိသော လုပ်ငန်းစဉ်တစ်ရပ်ချမှတ်သင့်ကြောင်းနှင့် အလွယ်တကူ စုံစမ်းမေးမြန်းနိုင်မည့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ ဖွင့်လှစ်ဆောင်ရွက်သင့်ကြောင်း စသည့် အကြံပြုချက်များကို ပြည်သူ့လွှတ်တော်ရုံးသို့ပေးပို့ခဲ့ပါသည်။

(၇) ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်နေ ဦးခိုင်ချစ်လွင်က ၎င်း၏သားဖြစ်သူအသက် ၁၈ နှစ်မပြည့်သေးသော မင်းမြတ်လွင် (ခ) အာနိုးကို ဒေါ်ခင်စန်းဌေး၏နေအိမ်မှ ရွှေထည်၊ ငွေထည်များ ပျောက်ဆုံးသည့်ကိစ္စနှင့်ပတ်သက်၍ ပါဝင်သည်ဟု စွပ်စွဲပြီး ရဲစခန်းအချုပ်ခန်းတွင် နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်စစ်ဆေးကြောင်း တိုင်ကြားချက်ကို ပြည်သူ့လွှတ်တော်ရုံးမှ တိုင်တန်းချက်ပေးပို့လာသဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ လွှဲပြောင်း ပေးပို့ခဲ့ပါသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ကော်မရှင် အဖွဲ့ဝင် ဦးယုလွင်အောင် ဦးဆောင်သော ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် အခင်းဖြစ်ပွားရာနေရာသို့ ကွင်းဆင်းစစ်ဆေးခဲ့ပြီး မောင်မင်းမြတ်လွင် (ခ) အာနိုးအား နှိပ်စက်ညှဉ်းပန်းခဲ့သည့် တာဝန်ရှိသူများအား အရေးယူရန်၊ နောင်တွင်သံသယရှိသူ တစ်ဦးအား အထောက်အထားမခိုင်လုံဘဲ နှိပ်စက်ညှဉ်းပန်း၍ ဖွင့်အတင်းဝန်ခံစေပြီး တရားစွဲဆိုတင်ပို့ခြင်း၊ တရားရုံးမှလည်း ပြစ်ဒဏ်ချမှတ်ခြင်းကဲ့သို့သော ဖြစ်စဉ်များ ထပ်မံမဖြစ်ပွားစေရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များ ချမှတ်ရေးဆွဲရန်စသည့် အကြံပြုချက်နှင့် သုံးသပ်ချက်များကို ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ခဲ့ပါသည်။

(၈) ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်နေ ဦးမျိုးအောင် (ပါ ) ၆ ဦးက မူးယစ်ဆေးဝါးရောင်းသူ ဦးထွန်းခင် (ခ) ဦးထွန်းကြိုင် (ခ) ခါးလီ ထွက်ပြေးသွားရာ ၎င်း၏ မယားပါသမီးဖြစ်သူကို မတရားဖမ်းဆီး ခေါ်ဆောင်သွားသည့် ရဲတပ်ဖွဲ့ဝင်များအား စစ်ဆေးအရေးယူပေးပါရန်နှင့် အမှုမှန်ပေါ်ပေါက်ရေး ဆောင်ရွက်ပေးပါရန် တိုင်ကြားချက်ကို ကော်မရှင်သို့ ပေးပို့ခဲ့ရာ ကော်မရှင်မှ

ပြည်ထဲရေး ဝန်ကြီးဌာနသို့ အကြောင်းကြားပေးပို့ခဲ့ပါသည်။ ဝန်ကြီးဌာနမှ လိုအပ်သည့် စစ်ဆေးမှုများ ပြုလုပ်ပြီး တိုင်ကြားသူ ကိုမျိုးအောင် (ပါ ) ၆ ဦး မှာ တိုင်ကြားစာပါ လိပ်စာတွင် မရှိကြောင်း၊ မဇင်မာဝင်းအနေဖြင့် အမှုပေါ့လျော့သက်သာ စေလိုသောကြောင့် လုပ်ကြံ တိုင်ကြားခြင်းဖြစ်သဖြင့် တရားရုံး၏ အဆုံးအဖြတ်ကိုသာ ခံယူသင့်ကြောင်း ပြန်ကြားလာပါသည်။ ယင်းပြန်ကြားချက်ကို ပြည်သူ့လွှတ်တော်ရုံးသို့ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

**အကျဉ်းထောင်ဆိုင်ရာ အခြားဆောင်ရွက်ချက်များ**

၂၉။ အကျဉ်းထောင်စနစ်ပြုပြင်ပြောင်းလဲရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့်ပူးပေါင်း၍ ပြုလုပ်ရန်အတွက် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (AAPP) မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်၊ ဦးညွန့်ဆွေနှင့် ဦးခင်မောင်လေးတို့ဦးဆောင်၍ ကော်မရှင်ရုံး၌ ၁၄-၇-၂၀၁၇ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြုလုပ်မည့် အစီအစဉ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြရာ ၂၀၁၈ ခုနှစ်၊ မတ်လတွင် နေပြည်တော်၌ ကျင်းပပြုလုပ်ရန် လျာထားသတ်မှတ်ခဲ့ကြပါသည်။

၃၀။ အကျဉ်းထောင်များနှင့် အလုပ်စခန်းများ လေ့လာကြည့်ရှုမှုအတွက် ကောင်းမွန်သော အလေ့အထကောင်းများ ဝေမျှဖလှယ်သည့် လုပ်ငန်းဆွေးနွေးပွဲကို ICRC နှင့် ပူးပေါင်း၍ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် ကော်မရှင်ရုံး၌ ကျင်းပပြုလုပ်ခဲ့ရာ ICRC မှတာဝန်ရှိ ပုဂ္ဂိုလ်များ၊ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဌာန တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်၊ ဒေါက်တာမြင့်ကြည်နှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြပါသည်။ ထိုအလုပ်ရုံဆွေးနွေးပွဲတွင် အကျဉ်းထောင်များသို့ လှည့်လည်လေ့လာကြည့်ရှုသည့် လုပ်ငန်းစဉ်နှင့် အကျဉ်းသားများအား သီးသန့်တွေ့ဆုံမေးမြန်းရာတွင် သတိပြုရမည့်အချက်များနှင့်စပ်လျဉ်း၍ ICRC မှ တင်ပြဆွေးနွေးခဲ့ပြီး ကော်မရှင်မှ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အလုပ်စခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများ လှည့်လည်ကြည့်ရှုရာတွင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏အတွေ့အကြုံများကို အမြင်ချင်း ဖလှယ်၍ အပြန်အလှန် ဆွေးနွေးခဲ့ကြပါသည်။

၃၁။ The Prisons Act (India Act 9, 1894, Vol.I), The Prisons Act (India Act 3, 1900, Vol.I), နှင့် The Identification of Prisoners Act ( India Act 33, 1920, Vol.I) တို့အား အကျဉ်းထောင်များ ဥပဒေ (မူကြမ်း) အဖြစ် ပြင်ဆင်ရေးဆွဲရေးနှင့် စပ်လျဉ်း၍ ၇-၉-၂၀၁၇ ရက်နေ့တွင် လွှတ်တော်ရေးရာဆောင် (I-11)၊ လွှတ်တော်ဝင်းတွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ညှိနှိုင်းအစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင် တက်ရောက် ဆွေးနွေးခဲ့ပါသည်။

**အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲအချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်း**

၃၂။ အောက်ပါအတိုင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည် -

(က) **ညောင်ဦးနှင့် မြင်းခြံမြို့များရှိ အကျဉ်းထောင်၊ ရဲအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ**။ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နှင့် မြင်းခြံမြို့များရှိ အကျဉ်းထောင်၊ ရဲအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းတို့အား ၉-၁-၂၀၁၇ ရက်နေ့မှ ၁၃-၁-၂၀၁၇ ရက်နေ့ထိ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင်၏ Website တွင် သတင်းထုတ်ပြန်ချက် အမှတ် (၂/၂၀၁၇) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(ခ) **ဟသ္သာတမြို့ရှိ အကျဉ်းထောင်၊ ရဲအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး၊ ဟသ္သာတခရိုင်၊ ဟသ္သာတမြို့ရှိ အကျဉ်းထောင်၊ ရဲအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်းနှင့် ဘိုးဘွားရိပ်သာတို့အား ၂၄-၁-၂၀၁၇ ရက်နေ့မှ ၂၇-၁-၂၀၁၇ ရက်နေ့ထိ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင်၏ Website တွင် သတင်းထုတ်ပြန်ချက် အမှတ် (၃/၂၀၁၇) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

(ဂ) **စစ်တွေနှင့် ဘူးသီးတောင်မြို့များရှိ အကျဉ်းထောင်၊ ရဲအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့များရှိ အကျဉ်းထောင်၊ ရဲအချုပ်ခန်း၊ တရားရုံး အချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများအား ၅-၂-၂၀၁၇ ရက်နေ့မှ ၈-၂-၂၀၁၇ ရက်နေ့ထိ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၄/ကာကွယ်/၂၀၁၇) ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

(ဃ) **ရန်ကုန်တိုင်းဒေသကြီး၊ လှေလှော်အင်းနှင့် မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းနှင့် လှည်းကူးမြို့နယ်ရှိ ရဲအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့်ဆေးရုံအချုပ်ခန်းများ**။ ကော်မရှင်အဖွဲ့ဝင်ဒေါက်တာမြင့်ကြည် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ လှေလှော်အင်း၊ မင်းကုန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊ လှည်းကူး

မြို့နယ် ရဲစခန်း အချုပ်ခန်း၊ တရားရုံး အချုပ်ခန်းတို့အား ၂၃-၂-၂၀၁၇ ရက်နေ့တွင် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၆/ ကာကွယ်/ ၂၀၁၇) ဖြင့် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

(င) **သဃ်န်းကျွန်းနှင့် တောင်ဥက္ကလာပမြို့နယ်ရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် သဃ်န်းကျွန်းရဲစခန်းအချုပ်ခန်း၊ တရားရုံး အချုပ်ခန်း၊ သုဝဏ္ဏနယ်မြေရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ တောင်ဥက္ကလာပ မြို့နယ် ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းများကို ၂၇-၂-၂၀၁၇ ရက်နေ့တွင် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင် Website တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၆/ ကာကွယ်/၂၀၁၇) ဖြင့် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

(စ) **ရန်ကုန်တိုင်းဒေသကြီးတွံတေးမြို့၊ တောကြီးတန်းအလုပ်စခန်းနှင့်ရွှေသူဌွေးအလုပ်စခန်း**။ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တောကြီးတန်းနှင့် ရွှေသူဌွေး အလုပ်စခန်း၊ တွံတေးမြို့မ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ၆-၃-၂၀၁၇ ရက်နေ့တွင် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဆ) **ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နှင့် လသာမြို့ရှိ ရဲအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောက်တံတားမြို့နှင့် လသာမြို့၊ မြို့မရဲစခန်း အချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ရန်ကုန်ဆေးရုံကြီး အချုပ်ခန်းတို့အား ၉-၃-၂၀၁၇ ရက်နေ့တွင် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဇ) **အင်းစိန်ဗဟိုအကျဉ်းထောင်၊ အင်းစိန်မြို့မ ရဲစခန်းအချုပ်ခန်းနှင့် အင်းစိန်မြို့နယ် တရားရုံးအချုပ်ခန်းများ**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အင်းစိန် ဗဟိုအကျဉ်းထောင်၊ အင်းစိန်မြို့မ ရဲစခန်းအချုပ်ခန်းနှင့် အင်းစိန်မြို့နယ် တရားရုံးအချုပ်ခန်းတို့အား ၁၄-၃-၂၀၁၇ ရက်နေ့တွင် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ ကော်မရှင်ရုံး Website တွင် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၅/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(ဈ) **မြောက်ဥက္ကလာပမြို့နှင့် တောင်ဒဂုံမြို့ရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်းများ**။ ကော်မရှင်အဖွဲ့ဝင်ဦးယုလွင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မြောက်ဥက္ကလာပ မြို့မ ရဲစခန်းအချုပ်ခန်း၊ တောင်ဒဂုံ မြို့မ ရဲစခန်းအချုပ်ခန်း၊ မြောက်ဒဂုံ မြို့မရဲစခန်းအချုပ်ခန်း၊ မြောက်ဥက္ကလာပ တရားရုံးအချုပ်ခန်း၊ တောင်ဒဂုံတရားရုံး အချုပ်ခန်း၊ မြောက်ဒဂုံတရားရုံးအချုပ်ခန်းတို့အား ၁၆-၃-၂၀၁၇ ရက်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်နှင့်အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။

(ည) **ရှမ်းပြည်နယ်၊ လားရှိုးမြို့ အကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းများ**။ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် လားရှိုးမြို့ အကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းတို့အား ၂၀-၃-၂၀၁၇ ရက်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဋ) **မြစ်ကြီးနားအကျဉ်းထောင်၊ မြစ်ကြီးနား မြို့မရဲစခန်းအချုပ်ခန်း၊ နယ်မြေရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများ**။ ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မြစ်ကြီးနားအကျဉ်းထောင်၊ မြစ်ကြီးနား မြို့မရဲစခန်း အချုပ်ခန်း၊ နယ်မြေရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ၂၄-၃-၂၀၁၇ ရက်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင်ရုံး Website တွင် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၆/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(ဌ) **ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နှင့် သံတွဲမြို့ရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများ**။ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်၊ ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရခိုင်ပြည်နယ်၊ ကျောက်ဖြူအကျဉ်းထောင်၊ ရဲစခန်း အချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်း၊ သံတွဲမြို့ရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းတို့အား ၂၈-၃-၂၀၁၇ ရက်နေ့မှ ၃၀-၃-၂၀၁၇ ရက်နေ့ထိ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ ကော်မရှင်ရုံး Website တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၉/ ကာကွယ်/ ၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(ဍ) **ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရှိ အောင်ချမ်းသာအလုပ်စခန်း၊ မြို့မရဲစခန်းနှင့် တရားရုံးအချုပ်ခန်းများ**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အောင်ချမ်းသာအလုပ်စခန်း၊ သန်လျင်မြို့မရဲစခန်းနှင့်

မြို့နယ်တရားရုံးအချုပ်ခန်းတို့အား ၇-၄-၂၀၁၇ ရက်နေ့တွင် သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့သို့ ပေးပို့ခဲ့ပါသည်။

(ဃ) **ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းနှင့် ကမာရွတ်မြို့နယ်များရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် အရေ့ပိုင်းခရိုင်တရားရုံးအချုပ်ခန်းများ။** ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မရမ်းကုန်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်များ အတွင်းရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် အရှေ့ပိုင်းခရိုင် တရားရုံးအချုပ်ခန်းတို့အား ၃-၅-၂၀၁၇ ရက်နေ့တွင် သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဏ) **စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေး၊ တမူး၊ မုံရွာဒေသရှိ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ။** ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကလေး၊ မုံရွာအကျဉ်းထောင်များ၊ တမူး ရဲအချုပ်ခန်း၊ တရားရုံး အချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်း၊ သနန်စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊ အုတ်ဖိုကန်ဘောင်စခန်း၊ မြို့သစ် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊ ဗန္ဓုလ စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊ ရာဇဂြိုဟ် (၁) စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းနှင့် ရာဇဂြိုဟ် (၂) စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းတို့အား ၇-၅-၂၀၁၇ ရက်နေ့မှ ၁၂-၅-၂၀၁၇ ရက်နေ့ထိ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပြီး ကော်မရှင်ရုံး Website တွင် ဆောင်ရွက်ချက်အမှတ်စဉ် (၁၂/ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(တ) **ရှမ်းပြည်နယ်၊ ကျိုင်းတုံမြို့၊ မိုင်းဆတ်မြို့နှင့် တာချီလိတ်မြို့များရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ။** ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရှမ်းပြည်နယ်၊ ကျိုင်းတုံ၊ မိုင်းဆတ်နှင့် တာချီလိတ်မြို့များရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ သို့ ၁၉-၆-၂၀၁၇ ရက်နေ့မှ ၂၂-၆-၂၀၁၇ ရက်နေ့ထိ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ကာ ကော်မရှင်ရုံး Website တွင် သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁၃/ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(ထ) **မွန်ပြည်နယ်၊ သထုံမြို့နှင့် ကျိုက်ထိုမြို့ရှိ အကျဉ်းထောင်နှင့် အလုပ်စခန်းများ၊ တရားရုံး အချုပ်ခန်းနှင့် ရဲအချုပ်ခန်းများ။** ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် သထုံအကျဉ်းထောင်နှင့် ကုန်ထုတ်စခန်း ၅ ခု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးစခန်း ၁ ခု၊ ရဲ အချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ၁၆-၇-၂၀၁၇ ရက်နေ့မှ ၁၈-၇-၂၀၁၇ ရက်နေ့ထိ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။ ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၁၈/ကာကွယ်/၂၀၁၇) ဖြင့် ကော်မရှင်ရုံး Website နှင့် Facebook တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

(ဒ) **ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ သီပေါနှင့် လားရှိုးမြို့ရှိ အကျဉ်းထောင်၊ ရဲစခန်း အချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းများနှင့် ဆေးရုံအချုပ်ခန်းများ။** ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့်ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေး ရေးအဖွဲ့သည် သီပေါနှင့် လားရှိုးမြို့ရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းများ၊ တရားရုံး အချုပ်ခန်းများ၊ဆေးရုံအချုပ်ခန်းများနှင့် ဘိုးဘွားရိပ်သာနှင့် ပရဟိတဂေဟာများအား ၇-၈-၂၀၁၇ ရက်နေ့မှ ၁၁-၈-၂၀၁၇ ရက်နေ့ထိ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး တွေ့ရှိချက်၊ အကြံပြုချက်နှင့် သုံးသပ်ချက်များအား သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ ကော်မရှင်ရုံး Website နှင့် Facebook တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၂၀/ကာကွယ်/၂၀၁၇) နှင့် (၂၁/ကာကွယ်/၂၀၁၇) တို့ဖြင့်သတင်းထုတ်ပြန်ခဲ့ပါသည်။

(ဓ) **ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နှင့် ပုသိမ်မြို့များရှိ အကျဉ်းထောင်၊ ရဲစခန်း အချုပ်ခန်း၊ ဆေးရုံအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများ၊ ဘိုးဘွားရိပ်သာများနှင့် ပရဟိတဂေဟာများ။** ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မြောင်းမြမြို့နှင့် ပုသိမ်မြို့များရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်းနှင့် တရားရုံး အချုပ်ခန်း၊ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နှင့် ပုသိမ်မြို့များရှိ ဘိုးဘွားရိပ်သာများနှင့် ပရဟိတဂေဟာတို့အား ၂၂-၈-၂၀၁၇ ရက်နေ့မှ ၂၄-၈-၂၀၁၇ ရက်နေ့ထိ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်၊ အကြံပြုချက်နှင့် သုံးသပ်ချက်များအား သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ ကော်မရှင်ရုံး Website နှင့် Facebook တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၂၃/ကာကွယ်/၂၀၁၇) နှင့် (၂၄/ကာကွယ်/၂၀၁၇) တို့ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(န) **မန္တလေးတိုင်းဒေသကြီးရှိ မန္တလေးဗဟိုအကျဉ်းထောင်၊ ကုန်ထုတ်စခန်းများ၊ ရဲစခန်း အချုပ်ခန်းများ၊ ဆေးရုံအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများ။** ကော်မရှင် အဖွဲ့ဝင် ဦးယုလွင်အောင် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မန္တလေးတိုင်းဒေသကြီးရှိ မန္တလေးဗဟိုအကျဉ်းထောင်၊ ကုန်ထုတ်စခန်းများ၊ ရဲစခန်းအချုပ်ခန်းများ၊ ဆေးရုံအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများအား ၁၁-၉-၂၀၁၇ ရက်နေ့မှ

၁၅-၉-၂၀၁၇ ရက်နေ့ထိ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်၊ အကြံပြုချက်နှင့် သုံးသပ်ချက်များအား သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ ကော်မရှင်ရုံး Website နှင့် Facebook တွင် ဆောင်ရွက်ချက် အမှတ်စဉ် (၂၈/ ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(ပ) **ရခိုင်ပြည်နယ်၊ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တောဒေသရှိ အကျဉ်းထောင်နှင့် အချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ။** ၂၈-၉-၂၀၁၇ ရက်နေ့တွင် ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်၊ ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရခိုင်ပြည်နယ်၊ ဘူးသီးတောင် အကျဉ်းထောင်သို့ ၂၈-၉-၂၀၁၇ ရက်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး တွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။

(ဖ) **ရမည်းသင်းနှင့် တောင်ငူမြို့ရှိ အကျဉ်းထောင်များ၊ ကုန်ထုတ်စခန်းများ၊ နေပြည်တော် အချုပ်ထောင်၊ ရဲစခန်းအချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းများ။** ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင် ခေါင်းဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရမည်းသင်းမြို့နှင့် တောင်ငူမြို့ရှိ အကျဉ်းထောင်များ၊ ကုန်ထုတ်စခန်းများ၊ နေပြည်တော် အချုပ်ထောင်၊ ရဲစခန်းအချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းများအား ၂၃-၁၀-၂၀၁၇ ရက်နေ့နှင့် ၂၆-၁၀-၂၀၁၇ ရက်နေ့ထိ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ ကော်မရှင်ရုံး Website နှင့် Facebook တွင် သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၃၀/ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(ဗ) **မကွေးတိုင်းဒေသကြီး၊ သရက်မြို့ အကျဉ်းထောင်နှင့် ဆင်ပေါင်ဝဲမြို့နယ်ရှိ ကိုးပင်သာစည် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း။** ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် သရက်အကျဉ်းထောင်နှင့် ကိုးပင်သာစည် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းကို ၂၃-၁၀-၂၀၁၇ ရက်နေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ ကော်မရှင်ရုံး Website နှင့် Facebook တွင် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၃၃/ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(ဘ) **တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နှင့် ကော့သောင်းမြို့များရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းနှင့်တရားရုံးအချုပ်ခန်းများ။** ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် မြိတ်မြို့နှင့် ကော့သောင်းမြို့များရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံး အချုပ်ခန်းများသို့ ၂၂-၁၁-၂၀၁၇ ရက်နေ့မှ ၂၄-၁၁-၂၀၁၇ ရက်နေ့ထိ ကြည့်ရှုစစ်ဆေးခဲ့

ပြီး ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များအား သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ ကော်မရှင်ရုံး Website နှင့် Facebook တွင် သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၃၃/ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

(မ) **ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်၊ ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၃၀-၁၁-၂၀၁၇ ရက်နေ့မှ ၁-၁၂-၂၀၁၇ ရက်နေ့ထိ သာယာဝတီ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များအား သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ ကော်မရှင်ရုံး Website နှင့် Facebook တွင် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၃၄/ကာကွယ်/၂၀၁၇) ဖြင့် သတင်း ထုတ်ပြန်ခဲ့ပါသည်။

(ယ) **ရခိုင်ပြည်နယ်၊ စစ်တွေနှင့် ဘူးသီးတောင်မြို့များရှိ အကျဉ်းထောင်၊ ရဲစခန်း အချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများ**။ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် စစ်တွေနှင့် ဘူးသီးတောင်မြို့များရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းများအား ၁၁-၁၂-၂၀၁၇ ရက်နေ့မှ ၁၄-၁၂-၂၀၁၇ ရက်နေ့ထိ ကြည့်ရှုစစ်ဆေးခဲ့ပြီး ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များ အား သက်ဆိုင်ရာဌာနသို့ ပေးပို့ခဲ့ပါသည်။ ကော်မရှင်ရုံး Website နှင့် Facebook တွင် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၃၅/ကာကွယ်/၂၀၁၇) ဖြင့် သတင်းထုတ်ပြန်ခဲ့ပါသည်။

## တိုင်တန်းချက်များအပေါ် တွေ့ဆုံဆွေးနွေးညှိနှိုင်းမှု

၃၃။ အိမ်အကူမိန်းကလေးငယ်အား သွား ၆ ချောင်းကျိုးသည်အထိ ရိုက်နှက်ညှဉ်းပန်း နှိပ်စက်မှု ကိစ္စနှင့်စပ်လျဉ်း၍ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာမြင့်ကြည် ဦးဆောင်သော ကော်မရှင်ရုံးဝန်ထမ်းများနှင့်အတူ ၂၄-၁-၂၀၁၇ ရက်နေ့တွင် ကာယကံရှင် မိန်းကလေး၂ ဦး၊ မိန်းကလေး၏ မိခင်ဒေါ်ခင်အုန်းကြည်၊ တိုင်တန်းသူဒေါ်ခင်ဝင်း၊ လိုက်ပါကူညီသူ ပရိဘောဂလုပ်ငန်းရှင် ဦးနေလင်း (ခ) ဦးဘောဂ၊ တိုင်တန်းခံရသူ အိမ်ရှင် ဒေါ်ခင်နန်းတင့်နှင့် ကလေးများအား ပို့ဆောင်ပေးသူ ဒေါ်စိုးဥမ္မာလှိုင်တို့အား ၂၄-၁-၂၀၁၇ ရက်နေ့တွင် ကော်မရှင်ရုံး၌ တွေ့ဆုံမေးမြန်းခဲ့ပြီးနောက် ၎င်းတို့၏သက်သေထွက်ဆိုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ပါရန် သက်ဆိုင်ရာဌာနသို့ အမှုတွဲလွှဲပြောင်း ပေးပို့ခဲ့ပါသည်။ ကော်မရှင်၏ Website တွင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာန၏ ဆောင်ရွက်ချက် အမှတ်စဉ် (၃/ကာကွယ်/၂၀၁၇) ဖြင့်

ထုတ်ပြန်ခဲ့ပါသည်။[၃၃]

**ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီနှင့် အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီနှစ်ရပ်မှ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် တွေ့ဆုံမှုအခြေအနေ**

၃၄။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် လွှတ်တော်ရေးရာဆောင် I- 5 ၌ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီနှင့် အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီနှစ်ရပ်မှ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့်လည်းကောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် လွှတ်တော်ရေးရာဆောင် I-5 ၌ အမျိုးသားလွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီ၊ I-7 ၌ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီတို့နှင့်လည်းကောင်း တွေ့ဆုံပြီး ကော်မတီနှစ်ရပ်နှင့် ကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများ ပိုမိုတိုးတက်ကောင်းမွန်စေရေး အကြံပြုဆွေးနွေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

## ဥပဒေရေးရာဆောင်ရွက်ချက်များ

**လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ခြင်း**

၃၅။ ၇-၁၁-၂၀၁၇ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ၊ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်းသည့် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဝန်ထမ်းများအတွက် အငြိမ်းစားပင်စင် စီမံချက်ကို ပြင်ဆင်သည့် ပြင်ဆင်ချက်များနှင့် စပ်လျဉ်း၍ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၇၊ ၂/၂၀၁၇ နှင့် ၃/၂၀၁၇ တို့ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

**အကြံပြုချက်နှင့် သဘောထားမှတ်ချက်များ ပေးပို့ခြင်း**

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၏ ဝန်ထမ်းနှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များတွင် ကွဲလွဲဆန့်ကျင်နေခြင်းကို လိုက်လျောညီထွေမှုရှိစေရေး လိုအပ်သလိုဆောင်ရွက်နိုင်ရန် အကြောင်းကြားခဲ့ခြင်းအပေါ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်၏ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကော်မရှင်ဥပဒေနှင့် ယင်း၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ သာလျှင် ဆောင်ရွက်စေသင့်ကြောင်း အကြံပြုချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ နိုင်ငံတော်သမ္မတဦးစီး

[၃၃] ကော်မရှင် Website တွင် ဖော်ပြခဲ့သည့် ၂၀၁၇ ခုနှစ်အတွင်း ကော်မရှင်၏ ဆောင်ရွက်ချက် ၃၅ ခုကို နောက်ဆက်တွဲ (၄) ဖြင့်လည်းကောင်း၊ သတင်းထုတ်ပြန်ချက် ၁၄ ခုတို့ ကို နောက်ဆက်တွဲ (၃) ဖြင့်လည်းကောင်း ဖော်ပြပါသည်။

ရုံး၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တို့သို့ ၁၁-၁-၂၀၁၇ ရက်နေ့တွင် ပေးပို့ခဲ့ပါသည်။ အဆိုပါ အကြံပြုချက်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ ဝန်ထမ်းရေးရာကိစ္စနှင့် စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် လွတ်လပ်စွာ လုပ်ကိုင်ခွင့်ရှိစေရေးအတွက် ကော်မရှင်ဥပဒေပုဒ်မ ၂၄ တွင် ပြဋ္ဌာန်းပေးထားကြောင်းနှင့် လက်တွေ့တွင် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြခဲ့ပါသည်။

၃၇။ Asia Pacific Forum of National Human Rights Institutions (APF) မှ သေဒဏ် ပယ်ဖျက်ရေးမြှင့်တင်ရန် အာရှ - ပစိဖိတ်ဒေသ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် ၏ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာ အဆိုပြုလွှာပါမေးခွန်းများ (APF Call for Proposals to strengthen the capacity of national human rights institutions in the Asia Pacific to Promote the abolition of the death penalty) ကို ပေးပို့ခဲ့ရာ မြန်မာနိုင်ငံ၌ သေဒဏ်နှင့် စပ်လျဉ်း သည့် သက်ဆိုင်ရာဥပဒေ ပြဋ္ဌာန်းချက်များနှင့် လက်တွေ့ကျင့်သုံး ဆောင်ရွက်မှုတို့ကို ဖော်ပြသည့် ဖြေကြားချက်တို့ကို ကော်မရှင်သည် ၅-၄-၂၀၁၇ ရက်နေ့တွင်လည်းကောင်း၊ ၁၂-၆-၂၀၁၇ ရက်နေ့ တွင်လည်းကောင်း APF ထံသို့ ပေးပို့ခဲ့ပါသည်။

၃၈။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကြံပြုချက်ကို ၇-၄-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စု လွှတ်တော်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းရေးကော်မတီ တို့သို့ ပေးပို့ခဲ့ပါသည်။ အဆိုပါအကြံပြုချက်တွင် ဥပဒေကြမ်းပါ လူမှုရေးပြစ်ဒဏ် ချမှတ်ရေးနှင့် စပ်လျဉ်း၍ “သတ်မှတ်ဝတ်စုံဖြင့်” ဟူသော စကားရပ်တို့ကို ပယ်ဖျက်သင့်ကြောင်း၊ ဆေးဝါးသုံးစွဲ သူသည် မှတ်ပုံတင်ရမည့်အစား ဆေးကုသခွင့်ခံယူရမည်ဟူ၍ အစားထိုးပြင်ဆင်ခြင်းအားဖြင့် ဆေးဝါးသုံးစွဲသူအား ၎င်းတို့၏ အနာဂတ်ဘဝကို တည့်မတ်ပေးပြီး ဘဝတင့်တယ်စေရာရောက် သဖြင့် လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်ပါက သင့်မြတ်မှုရှိကြောင်း၊ ဆေးဝါးသုံးစွဲကြောင်း သံသယ ရှိသူအား ပဏာမဆေးစစ်ချက် ခံယူရန်နှင့် စပ်လျဉ်း၍ မည်မျှပမာဏအထိ သုံးစွဲနိုင်ကြောင်းကို ဥပဒေတွင် အတိအလင်း ထည့်သွင်းသတ်မှတ်ထားပါက ပိုမိုသင့်လျော်မှု ရှိ မရှိကို စဉ်းစားသုံးသပ် သင့်ကြောင်း၊ ဆေးဝါးသုံးစွဲသူအား ထောင်ဒဏ်မချမှတ်တော့ဘဲ၊ စည်းကမ်းမလိုက်နာပါက လူမှုရေး ပြစ်ဒဏ်ကိုသာ ချမှတ်ရန်ဖြစ်ကြောင်း ရည်ရွယ်ရင်းဖြစ်သဖြင့် ပြန်လည်ထူထောင်ရေးစခန်း သို့မဟုတ် ပြုစုပျိုးထောင်ရေးဌာနများတွင်သာ လူမှုရေးပြစ်ဒဏ်အရ လူမှုရေးလုပ်ငန်းများကို လုပ်ဆောင်စေ သင့်ကြောင်းနှင့် အသက် ၁၆ နှစ် မပြည့်သေးသူများအတွက် လူငယ်ပြုပြင် ထိန်းသိမ်းရေးစခန်း တွင် ကာလသတ်မှတ်ချက် ထည့်သွင်းသင့်ကြောင်း စသည်ဖြင့် အကြံပြုခဲ့ပါသည်။

၃၉။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က ပေးပို့လာသော နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအား ပြန်လည် လေ့လာသုံးသပ်ခြင်း[၁၄] အပေါ် ကော်မရှင်၏ အကြံပြုချက်ကို ၂၅-၄-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စု

[၁၄] Review of Civil Service Personnel Rules

ရာထူးဝန်အဖွဲ့သို့ ပေးပို့ခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေအရ "ဝန်ကြီးဌာန နှင့် အဖွဲ့အစည်း အကြီးအမှူး" ဆိုသည့် စကားရပ်ကို နိုင်ငံ့ဝန်ထမ်းဥပဒေပါ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်အတိုင်း နိုင်ငံ့ဝန်ထမ်းနည်း ဥပဒေတွင် ဖော်ပြသင့်ကြောင်း၊ ဝန်ထမ်းခန့်ထားခြင်းဆိုင်ရာ သတ်မှတ်ချက်များတွင် အမျိုးသမီးများ ၃၀% အထိပါဝင်နိုင်ရေး မူသဘောတရားများကို အခြေပြု ၍ အမျိုးသမီးဝန်ထမ်းများ ဦးစားပေးခန့်ထားနိုင်ရေးနှင့် စပ်လျဉ်း၍ တိကျစွာ ဖော်ပြသင့် ကြောင်း၊ ပြန်တမ်းဝင်အရာထမ်းအတွက် လုပ်ငန်းဘာသာရပ် အထူးပြုမှုနယ်ပယ်[၁၅] နှင့် ယင်းနှင့် စပ်လျဉ်းသော လုပ်ငန်းစံနှုန်းသတ်မှတ်ချက်များ [၁၆] ဖော်ပြသင့်ကြောင်း၊ ခွင့်ခံစားနေစဉ်အတွင်း မဟုတ်ဘဲ ဝန်ထမ်းတစ်ဦးဦးအား ခန့်ထားပြီးလျှင် ခန့်ထားခံရသော ရာထူးတာဝန် ထမ်းဆောင် နေစဉ်ကာလအတွင်း ဝင်ငွေရရှိသည့် အလုပ်တစ်ခုခုတွင် ဝင်ရောက်တာဝန် ထမ်းဆောင်ခြင်းမပြုရန် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေတွင် ထည့်သွင်းသတ်မှတ်ရန် သင့် မသင့် စဉ်းစားသင့်ကြောင်းနှင့် ဝန်ထမ်း ခန့်ထားရာ တွင်လည်းကောင်း၊ ရာထူးတိုးမြှင့်ရာတွင်လည်းကောင်း၊ အခြား ယှဉ်ပြိုင်သူများနှင့် ပါဝင်ယှဉ်ပြိုင်သည့် တိုင်းရင်းသားများ၊ မသန်စွမ်းသူများ အရည်အချင်းတူလျှင် တိုင်းရင်းသား လူမျိုးများနှင့် မသန်စွမ်းသူများကို ဦးစားပေးခန့်ထားရန် အာမခံသည့် တိကျသော သတ်မှတ်ချက်ကို ဖော်ပြသင့်ကြောင်း အကြံပြုခဲ့ပါသည်။

၄၀။ ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ဘာသာပြန်စာပေ စာတမ်းဖတ်ပွဲ (၂၀၁၇) ၌ ၂၉-၄-၂၀၁၇ ရက်နေ့တွင် စာတမ်းရှင်တစ်ဦး ဖတ်ကြားသော "ကမ္ဘာလုံးဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ မြန်မာဘာသာ ပြန်ဆိုမှု နှင့် စပ်လျဉ်းသည့် သုံးသပ်ချက်အချို့" စာတမ်းအပေါ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သဘောထားမှတ်ချက်ကို ၁၆-၅-၂၀၁၇ ရက်နေ့တွင် ပြန်ကြားရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။ အဆိုပါသဘောထားမှတ်ချက်တွင် ကော်မရှင်သည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာ စာတမ်းကို ဘာသာပြန်ဆိုရာတွင် ဥပဒေ၊ သမိုင်း၊ နိုင်ငံတကာဆက်ဆံရေး၊ သံတမန်ရေးရာနှင့် ဘာသာပြန်ဆိုမှု အတွေ့အကြုံရှိသည့် ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် အဘိဓာန်များ၊ Thesaurus များနှင့် ကုလသမဂ္ဂက ထုတ်ပြန်သည့် စာအုပ်စာတမ်းများကို ရည်ညွှန်းကိုးကား၍ အချိန်ယူပြန်ဆို ခဲ့ခြင်းဖြစ်သည့်အပြင် မြန်မာဘာသာပြန်ဆိုချက်မူကြမ်းကို မြန်မာစာပေနှင့် မြန်မာစာရေးထုံး ကျွမ်းကျင်သူ ဝါရင့်ပုဂ္ဂိုလ်က ဖတ်ရှုတည်းဖြတ်ပြီး ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

၄၁။ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အကြံပြုချက်ကို ၁၃-၇-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် သို့ ပေးပို့ခဲ့ပါသည်။ အဆိုပါအကြံပြုချက်တွင် "ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်း ပညာဝန်ကြီးဌာန" ဟူသော စကားရပ်အစား "ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန" ဟူသောစကားရပ်ဖြင့် အစားထိုးသင့်ကြောင်း၊ အနိုင်အထက်ပြုခြင်း၊ မတရားတားဆီးကန့်ကွက် ခြင်း၊ မလျော်ဩဇာသုံးခြင်း စကားရပ်တို့ကို ချန်လှပ်၍ "ဆက်သွယ်ရေး ကွန်ယက်တစ်ခုခုကို

---

[၁၅] specialize area

[၁၆] work norms

အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း သို့မဟုတ် အသရေဖျက်ခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း” ဟူသော စကားရပ်ဖြင့် အစားထိုးသင့်ကြောင်း၊ ယင်းဥပဒေကြမ်းတွင် ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဂ)၊ (ဃ) နှင့် ပုဒ်မ ၆၈ ၊ ပုဒ်မခွဲ (က) တို့ပါ ပြစ်မှုများမှတစ်ပါး ကျန်ပြစ်မှုများကို တရားစွဲဆိုရာတွင် ဝန်ကြီးဌာနအလိုက် ကြိုတင်ခွင့်ပြုချက် ရယူရမည်ဖြစ်ကြောင်း၊ ပုဒ်မ ၆၅ ၊ ပုဒ်မ ၆၆ ၊ ပုဒ်မခွဲ (က)၊ (ခ) နှင့် (ဃ) တို့ပါ ပြစ်မှုများကို အာမခံပေးနိုင်သည့် ပြစ်မှုများအဖြစ် သတ်မှတ်ကြောင်း စသည့်စကားရပ်တို့ဖြင့် အစားထိုးသင့်ကြောင်း၊ အသရေဖျက်ခြင်းနှင့် စပ်လျဉ်း၍ အိမ်နီးချင်းနှင့် အာဆီယံနိုင်ငံများတွင် အသရေဖျက်မှုကို လက်တွေ့ကျင့်သုံးမှုအရ ထောင်ဒဏ်သော်လည်းကောင်း၊ ငွေဒဏ်သော်လည်းကောင်း၊ ထောင်ဒဏ်နှင့် ငွေဒဏ်နှစ်ရပ်စလုံးသော်လည်းကောင်း ချမှတ်နိုင်ခွင့်ကို သက်ဆိုင်ရာဥပဒေအရ ပေးထားကြောင်း၊ ထောင်ဒဏ်ချည်းသက်သက်သာ ချမှတ်မည် သို့မဟုတ် ငွေဒဏ်ချည်းသက်သက်သာ ချမှတ်ရမည် သို့မဟုတ် ထောင်ဒဏ်နှင့် ငွေဒဏ်နှစ်ရပ်စလုံး ချမှတ်ရမည်ဟူ၍ ပြစ်ဒဏ်ပိုင်းကို သုံးသပ်ရာတွင် နိုင်ငံတစ်နိုင်ငံချင်းစီ၏ ဥပဒေကျင့်သုံးမှုအပေါ် မူတည်သဖြင့် မူပိုင်းဆိုင်ရာ ကျယ်ပြန့်စွာ ဆွေးနွေးရမည့် ဥပဒေရေးရာငြင်းချက် (legal issue) ဖြစ်သည်ဟု ယူဆကြောင်း၊ အာမခံနှင့် ပတ်သက်၍ နိုင်သည် (may) ဟူ၍ ပြဋ္ဌာန်းပါက အာမခံ မပေးမနေရ မဟုတ်တော့ဘဲ တရားရုံး၏ ဆင်ခြင်တုံတရားကိုသာ အခြေပြုသဖြင့် တစ်မှုတွင် အာမခံပေးပြီး၊ ကျန်တစ်မှုတွင် အာမခံမပေးခြင်းဟူသော အငြင်းအခုံပြဿနာ ဖြစ်လာနိုင်သည့်အတွက် တစ်ရုံးတစ်ထုံးမဟုတ်ဘဲ တစ်ပြေးညီဖြစ်သင့်သည်ဟု ယူဆသဖြင့် အသရေဖျက်မှုကို ပုဒ်မ ၆၆၊ ပုဒ်မခွဲ (ဃ) အရ အရေးယူ ဆောင်ရွက်လျှင် အာမခံပေးရမည် (shall) ဟု ပြင်ဆင်သတ်မှတ်သင့်ကြောင်း စသည်ဖြင့် အကြံပြုခဲ့ပါသည်။

၄၂။ German Institute for Human Rights မှ ၁၃-၇-၂၀၁၇ ရက်နေ့တွင် ပေးပို့သည့် Survey: Convention on the Rights of Persons with Disabilities (CRPD) မသန်စွမ်းသူ အခွင့်အရေးများဆိုင်ရာ သုတေသနမေးခွန်းများ (questionnaires) နှင့် စပ်လျဉ်း၍ ကော်မရှင်၏ ဖြေကြားချက်ကို ၂-၈-၂၀၁၇ ရက်နေ့တွင် ယင်းအဖွဲ့အစည်းသို့ ပေးပို့ခဲ့ပါသည်။

၄၃။ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်းနှင့် စပ်လျဉ်း၍ ကော်မရှင်၏ အကြံပြုချက်ကို ၈-၈-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ အဆိုပါ အကြံပြုချက်တွင် ကလေးသူငယ်များအား ရာဇဝတ်မှုအတွက် တာဝန်ရှိမှု အနိမ့်ဆုံးအသက် သတ်မှတ်ချက် [၁၇] နှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများ၏ လက်ရှိအသက် သတ်မှတ်ချက်များကို ဖော်ပြပါကြောင်း၊ မြန်မာနိုင်ငံရှိ ကလေးသူငယ်များ၏ ဆင်ခြင်တုံအမြော်အမြင် အခြေအနေပေါ် မူတည်ပြီး ကလေးသူငယ် အသက်သတ်မှတ်ချက်ကို ဥပဒေကြမ်းပါ ၁၀ နှစ်အစား ၁၂ နှစ်အောက်ဟူ၍ ပြင်ဆင်သတ်မှတ်သင့်ကြောင်း၊ မြန်မာနိုင်ငံသည် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် [၁၈] (CRC) အဖွဲ့ဝင်နိုင်ငံဖြစ်ပြီး CRC က ကလေးသူငယ်များ အခွင့်အရေးကိစ္စနှင့် စပ်လျဉ်း၍ ကလေးသူငယ်တိုင်း လူ့အဖွဲ့အစည်း၏ ကာကွယ်စောင့်ရှောက်မှု

[၁၇] minimum age of criminal responsibility

[၁၈] The Convention on the Rights of the Child-CRC

ကို ဦးဦးဖျားဖျား ရယူပိုင်ခွင့်ရှိသည်[၁၉] ဟူသော မူနှင့် ကလေးသူငယ်များ၏ အကောင်းဆုံး အကျိုးစီးပွားအတွက် ရှေးရှုဆောင်ရွက်ရမည်[၂၀] ဟူသော မူကို အလေးထား ဦးစားပေးကြောင်း၊ ကလေးသူငယ်အသက် သတ်မှတ်ချက်ကို ၁၂ နှစ်အောက်သို့ ပြင်ဆင်သတ်မှတ်သင့်ကြောင်း၊ ကော်မရှင်သည် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေပါ တာဝန်များဖြစ်သော လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်ရာတွင် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ အချုပ်ခန်းနှင့် ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများသို့ ကြည့်ရှုစစ်ဆေးခြင်းကိုလည်း ဆောင်ရွက်နေကြောင်း၊ ကြည့်ရှုစစ်ဆေးရာတွင် အကျဉ်းထောင်များအတွင်းရှိ အကျဉ်းကျခံရသော ကလေးသူငယ်အများစုမှာ အသက် ၁၈ နှစ်အောက် အရွယ်များဖြစ်ကြပြီး အသက် ၁၂ နှစ်အောက် ကလေးသူငယ်များ ပြစ်မှုကျူးလွန်သဖြင့် ပြစ်ဒဏ်ခံရခြင်းများ မရှိသည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်းတွင် အနိမ့်ဆုံး အသက်အရွယ်နှင့် စပ်လျဉ်း၍ "အသက် ၁၀ နှစ် မပြည့်သေးသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှု မမြောက်စေရ" ဟူသော စကားရပ်အစား "အသက် ၁၂ နှစ် မပြည့်သေးသော ကလေးသူငယ်၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်စေရ" ဟူသော စကားရပ်ဖြင့် ပြင်ဆင်သင့်ကြောင်း စသည်ဖြင့် အကြံပြုခဲ့ပါသည်။

၄၄။ မြန်မာနိုင်ငံအနေဖြင့် ညှဉ်းပန်းနှိပ်စက်ခြင်း၊ ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ ဂုဏ်ငယ်စေသော အပြုအမူနှင့် အရေးယူအပြစ်ပေးခြင်းကို ဆန့်ကျင်သည့် ကမ္ဘာ့ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (UN Convention Against Torture and Other Cruel, Inhuman or Degrading Treatment or Punishment) အား လက်မှတ်ရေးထိုးရေး ကိစ္စနှင့်ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သဘောထားမှတ်ချက် တောင်းခံလာသည့်အတွက် ကော်မရှင်နှင့် Raoul Wallenberg Institute (RWI) တို့ ပူးပေါင်း၍ Seminar on Convention Against Torture ကို နေပြည်တော်တွင် ကျင်းပခဲ့ရာ အစိုးရနှင့် လွှတ်တော် နှစ်ရပ်မှ အကြီးတန်းအရာရှိများ ပါဝင်တက်ရောက်ခဲ့ကြောင်း၊ အဆိုပါကွန်ဗင်းရှင်းနှင့် ပတ်သက်၍လည်းကောင်း၊ ကွန်ဗင်းရှင်းတွင် ပါဝင်ရေးနှင့် ပတ်သက်၍လည်းကောင်း အသိပညာတိုးပွားစေခဲ့ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ရှိ ဆွစ်ဇာလန်သံရုံးတို့ ပူးပေါင်း၍ ညှဉ်းပန်းနှိပ်စက်မှုဆန့်ကျင်ရေး ကွန်ဗင်းရှင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ရာတွင်လည်း ကော်မရှင် အဖွဲ့ဝင်နှစ်ဦး ပါဝင်တက်ရောက်ဆွေးနွေးခဲ့ကြောင်း စသည့် ကော်မရှင်၏ လုပ်ဆောင်ချက်များကို ဖော်ပြလျက် ပြန်ကြားခဲ့ပါသည်။

**စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို ပါဝင်အတည်ပြုချုပ်ဆိုခြင်း**

၄၅။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights-ICESCR) ကို မြန်မာနိုင်ငံမှ အတည်ပြုချုပ်ဆိုသင့်

---

[၁၉] First Call for Children

[၂၀] Best interests of the Child

ကြောင်း ကော်မရှင်၏ အကြံပြုချက်ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် တစ်ကြိမ်၊ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင် စုစုပေါင်း နှစ်ကြိမ် အကြံပြုတင်ပြခဲ့ပါသည်။ မြန်မာနိုင်ငံသည် ICESCR ကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့တွင် အတည်ပြုချုပ်ဆိုခဲ့ပါသည်။

## တရားဥပဒေရေးရာနှင့် လူ့အခွင့်အရေးဆိုင်ရာ ပါဝင်ဆောင်ရွက်မှုများ

၄၆။ ဥပဒေရေးရာဌာန တာဝန်ခံ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၇ ဖြင့် ဖွဲ့စည်းသော တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာ လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့တွင် ၉-၂-၂၀၁၇ ရက်နေ့မှစတင်၍ အဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခံရပြီး ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။

၄၇။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၁-၂-၂၀၁၇ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် [၂၁] (ICCPR) နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့် တက်ရောက်ခဲ့ပါသည်။ ယင်းအလုပ်ရုံဆွေးနွေးပွဲတွင် ICCPR တွင် ပါရှိသည့် နိုင်ငံတော်က ဆောင်ရွက်ရမည့် တာဝန်များနှင့် လူ့အခွင့်အရေး သတ်မှတ်ချက်များ အကြောင်းကို ပြည်ပပညာရှင်က ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

၄၈။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၂-၆-၂၀၁၇ ရက်နေ့မှ ၂၃-၆-၂၀၁၇ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေဆိုင်ရာ ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်ရုံးဝန်ထမ်းတစ်ဦး တက်ရောက်စေခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေသည် အာဏာသက်ဝင်ပြီးဖြစ်သဖြင့် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် တိုင်းရင်းသား လူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေကို ရေးဆွဲခြင်းဖြစ်ကြောင်း၊ ပင်ရင်းဥပဒေနှင့် ကိုက်ညီမှုရှိစေသည့် ပြဋ္ဌာန်းချက်များကို ဖော်ပြသင့်ကြောင်း၊ နည်းဥပဒေသည် မူရင်းဥပဒေကို အခြေခံပြီးရေးသားရန်လိုအပ်ကြောင်း၊ နည်းဥပဒေရေးထုံးများနှင့် ညီညွတ်မှုရှိစေရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများထံ တရားဝင်စာဖြင့် အကြံပြုချက်များ တောင်းခံသင့်ကြောင်း စသည်တို့ကို ဆွေးနွေးခဲ့ကြပါသည်။

၄၉။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၅-၇-၂၀၁၇ ရက်နေ့မှ ၆-၇-၂၀၁၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်သည့် မြန်မာလက်သင်္ကေတပြ ဘာသာစကားဖြင့် သတင်းထုတ်လွှင့်မှုအပေါ် နားလည်မှုမြင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်ရုံးဝန်ထမ်းတစ်ဦး တက်ရောက်စေခဲ့ပါသည်။ အဆိုပါအလုပ်ရုံ ဆွေးနွေးပွဲ

[၂၁] International Covenant on Civil and Political Rights (ICCPR)

တွင် နားမကြားသူများ လူ့အသိုင်းအဝိုင်းအတွင်း ဝင်ဆံ့မှု မြှင့်တင်နိုင်ရေးအတွက်ဖြစ်ကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်းအရ မသန်စွမ်းသူများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ဖော်ထုတ်ခွင့်၊ သတင်းအချက်အလက်များ ရပိုင်ခွင့်နှင့် မသန်စွမ်းသူများ၏ အခွင့်အရေးဥပဒေအရ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များ တန်းတူ ညီမျှမှု ရရှိရေးတို့ကို အခြေခံ၍ မြန်မာလက် သင်္ကေတပြ ဘာသာစကားဖြင့် သတင်းထုတ်လွှင့်မှု အပေါ် နားလည်မှု မြှင့်တင်ရေးအတွက် ဖြစ်ကြောင်းတို့ကို ဆွေးနွေးခဲ့ပါသည်။

၅၀။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက် အရ ၁၄-၇-၂၀၁၇ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ အစည်းအဝေး ၁/၂၀၁၇ သို့ ကော်မရှင်ရုံးဝန်ထမ်းတစ်ဦး တက်ရောက် စေခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ အနေဖြင့် အမျိုးသမီးများအတွက် လိုအပ်သည့် ဥပဒေများ၊ မူဝါဒများ၊ လုပ်ငန်းစဉ်များ ချမှတ် အကောင်အထည်ဖော်လျက်ရှိပြီး နိုင်ငံတော်အဆင့် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ အမျိုးသမီးများ အား နည်းမျိုးစုံဖြင့် အကြမ်းဖက်မှု ပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း၏ လုပ်ငန်းစဉ် များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်ကိုယ်စား အဓိက တာဝန်ယူ ဆောင်ရွက်နေကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၁၃-၂၀၂၂) (၁၀) နှစ် စီမံကိန်းကို ချမှတ်အကောင် အထည်ဖော်နေကြောင်း၊ အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်နေကြောင်းနှင့် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှု ပပျောက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ကျင်းပရန် လိုအပ်ကြောင်းတို့ကို ဆွေးနွေးခဲ့ကြပါသည်။

၅၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြား ချက်အရ ၂၆-၇-၂၀၁၇ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် အမျိုးသမီးများ အပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးဥပဒေ (မူကြမ်း) အား သိရှိနိုင်ရန် အသိပေးချပြသည့် အစည်းအဝေးသို့ ကော်မရှင်ရုံးဝန်ထမ်းတစ်ဦး တက်ရောက်စေခဲ့ပါသည်။ အဆိုပါ အစည်းအဝေး တွင် ယင်းဥပဒေ (မူကြမ်း) သည် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းပြီးသော မူကြမ်းဖြစ် ကြောင်း ဥပဒေကို မူဝါဒများနှင့် ကိုက်ညီမှုရှိစေရန် ရေးဆွဲခဲ့ခြင်း ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို အကြံပြုချက်များ ပေးပို့လိုပါက နေ့စဉ်ထုတ်သတင်းစာများတွင် ဥပဒေကြမ်း ဖော်ပြသည့်အချိန်၌ သက်ဆိုင်ရာအဖွဲ့အစည်းများက အကြံပြုချက်များ ပေးနိုင်ကြောင်းတို့ကို ဆွေးနွေးခဲ့ပါသည်။

၅၂။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂-၈-၂၀၁၇ ရက်နေ့ မှ ၃-၈-၂၀၁၇ ရက်နေ့ အထိ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ သဘောတူစာချုပ်[၂၂] (ICESCR) နှင့်စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်ရုံး ဝန်ထမ်းတစ်ဦး တက်ရောက်စေခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံ အနေဖြင့် ICESCR ကို ၁၆-၇-၂၀၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ယင်းစာချုပ် အတည်ပြု

---

[၂၂] International Covenant on Economic, Social and Cultural Rights (ICESCR)

ချုပ်ဆိုခြင်း (ratification) ကို စက်တင်ဘာလတွင် ပြုလုပ်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းခြင်းဖြစ်ကြောင်း စသည်တို့ကို ဆွေးနွေးခြင်းဖြစ်ပါသည်။

၅၃။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၁၇-၈-၂၀၁၇ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် အမုန်းစကားများ ကာကွယ်တားဆီးရေးဥပဒေ (မူကြမ်း) ရေးဆွဲရေးနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်ရုံးဝန်ထမ်းတစ်ဦး တက်ရောက်စေခဲ့ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် အမုန်းစကားများ ကာကွယ်တားဆီးရေး ဥပဒေရေးဆွဲရာတွင် အမုန်းစကားနှင့် စပ်လျဉ်း၍ အခြားသောနိုင်ငံများတွင် ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးခြင်း ဖြစ်ပါသည်။

၅၄။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၂-၈-၂၀၁၇ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် ကျား/ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးစွမ်းပကား မြှင့်တင်ရေးလုပ်ငန်းအဖွဲ့၏ ညှိနှိုင်းအစည်းအဝေးသို့ ကော်မရှင်ရုံးဝန်ထမ်းတစ်ဦး တက်ရောက်စေခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် National Strategic Plan for the Advancement of Women 2013-2022, GEWE Coordination Group (GEWE CG), Terms of Reference မူကြမ်းကို အတည်ပြုနိုင်ရန် အကြံပြုချက်များနှင့် မြန်မာနိုင်ငံ အမျိုးသမီးများဆိုင်ရာ ညီလာခံ အစီအစဉ် မူကြမ်းတို့ နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပါသည်။

၅၅။ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဖိတ်ကြားချက်အရ ၁၉-၉-၂၀၁၇ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သည့် မြန်မာဥပဒေ သတင်းအချက်အလက်စနစ် တည်ထောင်ရေး[၂၃] အတွက် အသုံးပြုသူသင်တန်းသို့ ကော်မရှင်ရုံးဝန်ထမ်းတစ်ဦး တက်ရောက်စေခဲ့ပါသည်။ အဆိုပါစနစ်သည် မြန်မာနိုင်ငံတွင် ပြဋ္ဌာန်းထားသောဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အလွယ်တကူ ရှာဖွေနိုင်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ သတင်းအချက်အလက် ဖြန့်ဝေခြင်းနှင့် စပ်လျဉ်း၍ သင်တန်းပေးခြင်း ဖြစ်ပါသည်။

၅၆။ Raoul Wallenberg Institute (RWI) ၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့၌ ၁၉-၁၀-၂၀၁၇ ရက်နေ့မှ ၂၀-၁၀-၂၀၁၇ ရက်နေ့အထိ ကျင်းပပြုလုပ်သည့် Myanmar Right to Nationality Workshops သို့ ကော်မရှင်အဖွဲ့ဝင် နှစ်ဦးနှင့် ကော်မရှင် ရုံးဝန်ထမ်းနှစ်ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည် ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့ရှိ မြို့နယ်အချို့တွင် RWI ၏ ကွင်းဆင်းသုတေသနပြုချက်[၂၄] အရ ထိုဒေသများတွင် နိုင်ငံသားမှတ်ပုံတင် မရှိသူများ၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ နိုင်ငံသားမှတ်ပုံတင် မရရှိသေးသူများကို ခွဲခြားမှု မရှိဘဲ နိုင်ငံသားမှတ်ပုံတင် ကတ်ပြားပြုလုပ်ပေးရန် လိုအပ်ခြင်း၊ မှတ်ပုံတင်ကတ်ပြားရရှိရန် လုပ်ငန်းစဉ် ခက်ခဲခြင်း စသည်တို့နှင့် စပ်လျဉ်း၍ သုတေသနပြုလုပ်ခဲ့မှုများကိုလည်းကောင်း၊ CRC နှင့် CEDAW ပါ လူ့အခွင့်အရေးများကိုလည်းကောင်း ဆွေးနွေးခြင်းဖြစ်ပါသည်။

---

[၂၃] The Project for the Establishment of the Myanmar Law Information System

[၂၄] survey

၅၇။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၂၂-၁၁-၂၀၁၇ ရက်နေ့မှ ၂၃-၁၁-၂၀၁၇ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပသည့် Diversity Management in the age of Globalization Forum သို့ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့် တက်ရောက်ခဲ့ပါသည်။ မတူကွဲပြားမှုများ ရှိကြားသော်လည်း စည်းလုံးညီညွတ်မှုကို တည်ဆောက်နိုင်ကြောင်း နိုင်ငံတကာအတွေ့အကြုံများကို ပြည်ပ ပညာရှင်များက သာဓကတို့ဖြင့် ယင်းဆွေးနွေးပွဲတွင် ဆွေးနွေးတင်ပြခဲ့ကြပါသည်။

၅၈။ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ၁၄-၁၂-၂၀၁၇ ရက်နေ့မှ ၁၅-၁၂-၂၀၁၇ ရက်နေ့အထိ နေပြည်တော်၌ ကျင်းပပြုလုပ်သည့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (ICCPR) နှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲသို့ ကော်မရှင်ရုံးဝန်ထမ်းနှစ်ဦး တက်ရောက်စေခဲ့ပါသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသည် မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များကို လေ့လာခြင်းနှင့် အတည်ပြုပါဝင်ခြင်းဖြင့် ပြည်သူများ၏ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရေးဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ICCPR သို့ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကို ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လျက်ရှိသော ဌာနဆိုင်ရာ အသီးသီးအနေဖြင့် ICCPR တွင် ပါ ဝင်သည့် အချက်အလက်များအား ပိုမို သိရှိနားလည်စေပြီး မြန်မာနိုင်ငံမှ ICCPR သို့ ပါဝင်ရေး စဉ်းစားရာတွင် အထောက်အကူ ဖြစ်စေကြောင်း၊ ကော်မရှင်က မြန်မာနိုင်ငံသည် ICCPR သို့ ပါဝင်ချုပ်ဆိုသင့်ကြောင်းအကြံပြုခဲ့ခြင်း စသည်တို့ကို ဆွေးနွေးခဲ့ပါသည်။

၅၉။ Equality Myanmar က ဖိတ်ကြားသဖြင့် ၁၆-၁၂-၂၀၁၇ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပသည့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် (၅၁) နှစ်မြောက်အခမ်းအနားသို့ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့် တက်ရောက်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် ဦးစိုးဘုန်းမြင့်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်သို့ ပါဝင်ချုပ်ဆိုခြင်း[၂၅] ပြုလုပ်မည်ဟု မျှော်လင့်ကြောင်း စသည်ဖြင့် ပြောကြားခဲ့ပါသည်။

**ဘာသာပြန်ခြင်းနှင့် ပုံနှိပ်ဖြန့်ချိခြင်း**

၆၀။ ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ် (ICCPR) ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုပြီး ၂၂-၁၂-၂၀၁၇ ရက်နေ့တွင် ပုံနှိပ်ခဲ့ပါသည်။ မြန်မာဘာသာပြန်ဆိုပြီးသည့် စာအုပ်များ မိတ်ဆက်ဖြန့်ချိခြင်း အခမ်းအနားကို ၂၀-၂-၂၀၁၇ ရက်နေ့တွင် ကော်မရှင်ရုံး၌ ကျင်းပခဲ့ပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ဝန်ကြီးဌာနများသို့ ဖြန့်ချိပေးပို့ခဲ့ပါသည်။

၆၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် သေဒဏ်ဖျက်သိမ်းရေးကို ရည်ရွယ်သည့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်

[၂၅] accession

၏ ဒုတိယနောက်ဆက်တွဲစာချုပ်[၂၆] ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုၡ ၂၆-၁၀-၂၀၁၇ ရက်နေ့တွင် ပုံနှိပ်ခဲ့ပြီး ၃၀-၁၀-၂၀၁၇ ရက်နေ့နှင့် ၃၁-၁၀-၂၀၁၇ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပသော သေဒဏ်ကျင့်သုံးမှု ဆိုင်းငံ့ခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား ဖြန့်ဝေခဲ့ပါသည်။

## နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆောင်ရွက်ချက်များ

### လုပ်ငန်းတာဝန်များ

၆၂။ နိုင်ငံတကာဆက်ဆံရေးဌာနသည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (ဆ) အရ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အပါအဝင် ကုလသမဂ္ဂ၏ လူ့အခွင့်အရေး ဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ခြင်း၊ အခြားသော အမျိုးသားအဆင့် အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်း အစရှိသည့် ကော်မရှင်၏ နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းတာဝန်များကို ထမ်းဆောင်ပါသည်။

### အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်[၂၇] (SEANF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၆၃။ **SEANF ၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး။** အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ ၂၀၁၇ ခုနှစ်အတွက် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသော ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဖိတ်ကြားချက်အရ ဖိလစ်ပိုင်နိုင်ငံ၊ ကွေဇုန်မြို့၌ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပသော အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ ပထမအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး[၂၈] သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင် ဦးညွန့်ဆွေ ခေါင်းဆောင်သော ကော်မရှင်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် (၁၃) ကြိမ်မြောက် အရှေ့တောင်အာရှ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်၏ နှစ်ပတ်လည် အစည်းအဝေး၌ ထုတ်ပြန်ခဲ့သော သက်ကြီးရွယ်အိုအခွင့်အရေးနှင့် စပ်လျဉ်းသည့် ထုတ်ပြန်ချက်နှင့် ပတ်သက်သော ဆောင်ရွက်ချက်များနှင့် တိုးတက်မှုများ၊ SEANF အမြဲတမ်း အတွင်းရေးမှူးချုပ်ရုံး တည်ထောင်ရေး ကိစ္စရပ်များ၊ ဖိုရမ်၏ ၂၀၁၇-၂၀၂၁ ခုနှစ်အတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းသည့် အဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်ချက်များနှင့် ရွှေ့ပြောင်းသွားလာမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ အတွေ့အကြုံများ၊ ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါသည်။

---

[၂၆] Second Optional Protocol to the International Covenant on Civil and Political Rights, aiming at the abolition of the death penalty

[၂၇] Southeast Asia National Human Rights Institutions Forum

[၂၈] 1st TWG Meeting

၆၄။ **SEANF ၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့အစည်းအဝေး။** ဖိလစ်ပိုင်နိုင်ငံ၊ စီဘူးမြို့တွင် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့မှ ၈ ရက်နေ့အထိ ကျင်းပသည့် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ ဒုတိယအကြိမ် လုပ်ငန်းအဖွဲ့ အစည်းအဝေး[၂၉] သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင် ဦးညွန့်ဆွေ ခေါင်းဆောင်သော ကော်မရှင်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေး၌ ဖိုရမ်၏အမြဲတမ်း အတွင်းရေးမှူးချုပ်ရုံး[၃၀] တည်ထောင်ဖွင့်လှစ်ရန် ဆောင်ရွက်လျက်ရှိသည့် ကိစ္စရပ်များ၊ အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်၏ ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ဆောင်ရွက်မည့် မဟာဗျူဟာ လုပ်ငန်းစဉ်ကိစ္စရပ်များ၊ ရွှေ့ပြောင်း သွားလာမှုနှင့် လူ့အခွင့်အရေးကိစ္စရပ်များ အပါအဝင် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါသည်။

၆၅။ **SEANF ၏ ရွှေ့ပြောင်းနေထိုင်သူများနှင့် ၎င်းတို့မိသားစုဝင်များ၏ အခွင့်အရေးနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲနှင့် အထူးအစည်းအဝေး။** ရွှေ့ပြောင်းနေထိုင်သူများနှင့် ၎င်းတို့မိသားစုဝင်များ၏ အခွင့်အရေးနှင့် စပ်လျဉ်းသည့်ဆွေးနွေးပွဲနှင့် အထူးအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့နှင့် ၉ ရက်နေ့တို့တွင် ဖိလစ်ပိုင်နိုင်ငံ၊ ကွေဇုန်မြို့၌ ကျင်းပခဲ့ရာ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှား၊ တီမောလက်စ်တေ၊ မြန်မာနှင့် ထိုင်းနိုင်ငံတို့မှ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်အဖွဲ့များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်များ၊ အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်နှင့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး[၃၁] (GANHRI) မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲတွင် ရွှေ့ပြောင်းနေထိုင်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ ဖိုရမ်အဖွဲ့ဝင် နိုင်ငံများ၏ ဆောင်ရွက်ချက်များ၊ ၂၀၁၈ ခုနှစ် အတွက် လုပ်ငန်းစီမံချက်များကို ဆွေးနွေးခဲ့ကြပါသည်။ ထို့နောက် အထူးအစည်းအဝေးတွင် ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များအခွင့်အရေး၊ ရွှေ့ပြောင်းနေထိုင်သူများနှင့် ၎င်းတို့၏မိသားစုဝင်များ၏ ပုံမှန်မဟုတ်သော အခြေအနေများ၊ ဒုက္ခသည်များနှင့် ခိုလှုံခွင့်တောင်းခံသူများ၊ နိုင်ငံမဲ့များ၏ အခွင့်အရေး၊ ရွှေ့ပြောင်း နေထိုင်ကြသည့်ကိစ္စတွင် ကလေးသူငယ်များ၏ အခွင့်အရေး၊ လူကုန်ကူးမှု ကိစ္စရပ်များ၊ ပြည်တွင်း၌ ရွှေ့ပြောင်းနေထိုင်သူများ၊ ရွှေ့ပြောင်းနေထိုင်မှုအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များစသည်တို့ ပါဝင်သည့် ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်နိုင်ခဲ့ပါသည်။

၆၆။ **SEANF ၏ (၁၄) ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး။** ဖိုရမ်၏ (၁၄) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ဖိလစ်ပိုင်နိုင်ငံ၊ ကွေဇုန်မြို့၌ ကျင်းပခဲ့ရာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးညွန့်ဆွေတို့ တက်ရောက်ခဲ့ပါသည်။ အစည်းအဝေး၌ ဖိုရမ်၏ လုပ်ထုံးလုပ်နည်း[၃၂] ကို အတည်ပြုနိုင်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၏ တစ်နှစ်တာဆောင်ရွက်ချက်များ၊ ရှေ့လာမည့်နှစ်များတွင် ဆောင်ရွက်

---
[၂၉] 2nd TWG Meeting
[၃၀] Permanent Secretariat
[၃၁] Global Alliance of National Human Rights Institution-GANHRI
[၃၂] Rules of Procedure

မည့် ကိစ္စရပ်များ၊ ၂၀၁၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း ရှေ့လုပ်ငန်းစဉ်များ[၃၃] နှင့် ၂၀၁၈ ခုနှစ်မှစ၍ နှစ်အလိုက် ဆောင်ရွက်မည့် ဘာသာရပ်ရွေးချယ်မှုများ စသည့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါသည်။

## အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ်[၃၄] (APF) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၆၇။ **သေဒဏ်ကျင့်သုံးခြင်းကို တရားဝင်ဆိုင်းငံ့မှုနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း။** မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) ၏ ပံ့ပိုးမှုဖြင့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်နေ့မှ ၃၁ ရက်နေ့အထိ နေပြည်တော်ရှိ Hotel Max တွင် သေဒဏ်ကို တရားဝင်ဆိုင်းငံ့မှုနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ရာ ပြည်ထောင်စု ဒုတိယရှေ့နေချုပ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဝန်ကြီးဌာနများမှ အကြီးတန်းအရာရှိများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးအရာရှိများ၊ အရပ်ဘက် အဖွဲ့အစည်းများနှင့် သတင်းမီဒီယာ ကိုယ်စားလှယ်များ စသည်ဖြင့် စုစုပေါင်း ၃၃ ဦး ပါဝင်တက်ရောက်ကြပါသည်။ အလုပ်ရုံဆွေးနွေးပွဲ၌ သေဒဏ်ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂ၏ ဆောင်ရွက်မှုများနှင့် တစ်ကမ္ဘာလုံး သေဒဏ်ဖျက်သိမ်းရေးကို ရည်ရွယ်သည့် နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်မှုများ၊ သေဒဏ်ချမှတ်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံစီရင်ထုံးများနှင့် အစဉ်အလာများ၊ သေဒဏ်ပယ်ဖျက်ရေး ဆဋ္ဌမအကြိမ် ကမ္ဘာ့ညီလာခံနှင့် ပတ်သက်သည့် အတွေ့အကြုံအမြင်များ၊ သေဒဏ်တရားဝင် ဆိုင်းငံ့ခြင်းဖြင့် ပြည်တွင်းဥပဒေများကို အထောက်အကူပြုစေမှုများနှင့် နိုင်ငံတကာ မျက်နှာစာတွင် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို လူ့အခွင့်အရေးရှုထောင့်မှ ဆွေးနွေးခဲ့ကြပါသည်။ အဆိုပါဆွေးနွေးချက်များအရ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် သေဒဏ်ကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မရှိသဖြင့် ပြည်တွင်းပြည်ပ အကျိုးကျေးဇူးများ ရရှိစေရန် သေဒဏ်ကို တရားဝင်ဆိုင်းငံ့ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် စဉ်းစားသင့်ကြောင်း အချက်အလက်များပါရှိသည့် အလုပ်ရုံဆွေးနွေးပွဲ ရလဒ်ကို ထုတ်ပြန်ခဲ့ပါသည်။[၃၅] ကော်မရှင်သည် သေဒဏ်နှင့် စပ်လျဉ်းသော အလုပ်ရုံဆွေးနွေးပွဲ ကြားဖြတ်အစီရင်ခံစာ[၃၆] ကို ၂၀-၁၁-၂၀၁၇ ရက်နေ့တွင် Asia Pacific Forum (APF) သို့ ပေးပို့ခဲ့ပါသည်။

၆၈။ **APF ၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် (၂) နှစ်လျှင်တစ်ကြိမ် ကျင်းပသည့် ညီလာခံတက်ရောက်ခြင်း။** ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၉ မှ ၃၀ ရက်နေ့အထိ ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ကျင်းပသော အာရှ-ပစိဖိတ်ဒေသတွင်းရှိ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ အာရှ-ပစိဖိတ်ဖိုရမ်၏ (၂၂) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် (၂) နှစ်လျှင်

---

[၃၃] SEANF Strategic Plan 2017-2020

[၃၄] Asia-Pacific Forum

[၃၅] အလုပ်ရုံဆွေးနွေးပွဲ၏ ရလဒ်ကို နောက်ဆက်တွဲ (ဃ) ဖြင့် ဖော်ပြအပ်ပါသည်။

[၃၆] Interim Report of the Workshop on Abolition of the Death Penalty

တစ်ကြိမ် ကျင်းပသည့် ညီလာခံသို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ နှင့် အဖွဲ့ဝင်ဦးညွန့်ဆွေတို့ တက်ရောက်ခဲ့ကြပါသည်။ ယင်းအစည်းအဝေးတွင် APF ၏ ဖွဲ့စည်းပုံ ပြင်ဆင်ရေး ဆောင်ရွက်ချက်များနှင့် နှစ်ပတ်လည်အစီရင်ခံစာ ကိစ္စရပ်များ၊ ပဋိပက္ခကြောင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် သက်ရောက်မှုနှင့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့ အစည်းများ၏ အခန်းကဏ္ဍ၊ ပဋိပက္ခကြောင့် နိုင်ငံတွင်း ရွှေ့ပြောင်းနေထိုင်သူများ (ဒုက္ခသည်များ အပါအဝင်) အပေါ် သက်ရောက်မှုနှင့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ စသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

## အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး[၃၇] ၏ နှစ်ပတ်လည် အစည်းအဝေး သို့ တက်ရောက်ခြင်း

၆၉။ ကုလသမဂ္ဂက ကမကထပြု၍ ဖွဲ့စည်းထားသည့် အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်း များဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး၏ နှစ်ပတ်လည်အစည်းအဝေး ၂၀၁၇[၃၈] ကို ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ ရှိ ကုလသမဂ္ဂရုံး၌ ၂၀၁၇ ခုနှစ်၊ မတ်လ ၆ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပခဲ့ရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြနှင့် အဖွဲ့ဝင် ဦးညွန့်ဆွေတို့ ပါဝင်တက်ရောက် ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၀ ကျော်မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး စီးပွားရေးနှင့် လူ့အခွင့်အရေးဘာသာရပ်၊ ရွှေ့ပြောင်းသွားလာမှုနှင့် ဒုက္ခသည် များ ဆိုင်ရာဘာသာရပ်များကို ရှုထောင့်စုံမှဆွေးနွေးခဲ့ကြပြီး အစည်းအဝေးအပြီးတွင် ရွေးကောက်ပွဲ ဆိုင်ရာ နိုင်ငံရေးအကြမ်းဖက်မှု၊ ပဋိပက္ခဖြစ်ပွားရာတွင် အန္တရာယ် ဖြစ်စေနိုင်သည့် အထူးကိစ္စရပ် များ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအား အကာအကွယ်ပေးရေးနှင့် ကြိုတင် သတိပေးရေး လုပ်ငန်းစဉ်များ၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ လွတ်လပ်စွာ ဆောင်ရွက်နိုင်မှုနှင့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများအတွက် အန္တရာယ်ရှိမှုတို့နှင့် စပ်လျဉ်း၍ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများက နိုင်ငံအစိုးရများအား တိုက်တွန်း အကြံပြုချက်များ ပါဝင်သည့် အပြီးသတ် ထုတ်ပြန်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

## ပြည်တွင်းပြည်ပ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

၇၀။ **ဆွီဒင်နိုင်ငံမှ Raoul Wallenberg Institute (RWI) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

(က) **"Workshop on how to conduct a National Inquiry" ကျင်းပခြင်း။** မြန်မာနိုင်ငံ တွင်းရှိ မသန်စွမ်းသူများ သွားလာလှုပ်ရှားဆောင်ရွက်ရာတွင် ရင်ဆိုင် ကြုံတွေ့နေရ သော အဟန့်အတားများအား ထုတ်ဖော်၍ သက်ဆိုင်ရာတာဝန်ရှိသူများထံ အကြံပြု တိုက်တွန်းရန် ရည်ရွယ်၍ "Workshop on how to conduct a National Inquiry" ကို ရန်ကုန်မြို့၊ Summit Parkview Hotel ၌ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် RWI တို့

[၃၇] Global Alliance of National Human Rights Institutions –GANHRI

[၃၈] GANHRI 2017 Annual Meeting

ပူးပေါင်းကျင်းပခဲ့ရာ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ Mr. Christopher Dominic Sidoti နှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဝန်ထမ်းများ၊ မသန်စွမ်းအဖွဲ့ အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

(ခ) **"Workshop on Communication Strategy for the MNHRC" ကျင်းပခြင်း။** လူ့အခွင့်အရေး ပညာပေးခြင်း၊ ကာကွယ်ခြင်းနှင့် မြှင့်တင်ဆောင်ရွက်ခြင်းများအတွက် ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ နည်းဗျူဟာများနှင့် မီဒီယာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါသော အခန်းကဏ္ဍကို ပိုမိုသိရှိ နားလည်နိုင်စေရန် ရည်ရွယ်၍ "Workshop on Communication Strategy for the MNHRC" ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် RWI တို့ ပူးပေါင်းကျင်းပခဲ့ရာ ယင်းအလုပ်ရုံ ဆွေးနွေးပွဲသို့ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင် ပုဂ္ဂိုလ်များဖြစ်သည့် RWI မှ Communication Director Mr. Garbriel Stein နှင့် Asia-Pacific Forum (APF) မှ ကျွမ်းကျင်သူ Communications Consultant Mr. James Iliffe (Director of Black and White Media) တို့ လာရောက် ဆွေးနွေးခဲ့ကြပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များနှင့် ဝန်ထမ်းများ ပါဝင်တက်ရောက်ခဲ့ကြသည်။ အလုပ်ရုံဆွေးနွေးပွဲ၌ မီဒီယာနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ နည်းဗျူဟာများ၊ မီဒီယာနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါသော အခန်းကဏ္ဍများ၊ အကြပ်အတည်းနှင့် ကြုံတွေ့စဉ် ဖြေရှင်းဆောင်ရွက်ခြင်းဆိုင်ရာ နည်းလမ်းများ၊ ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာ အရေးကြီးသော အချက်အလက်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လုပ်ငန်းတာဝန်များဖြစ်သော လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေး ကိစ္စရပ်များကို ပိုမိုထိရောက်စေရန် မီဒီယာများနှင့် ချိတ်ဆက်ဆောင်ရွက်ရာ၌ သိရှိရန်လိုအပ်သော အချက်အလက်များအား တစ်ဦးချင်း၊ အုပ်စုလိုက် လေ့ကျင့်ခန်းများ ပြုလုပ်ဆောင်ရွက်ခြင်းနှင့် လက်တွေ့အင်တာဗျူး သရုပ်ပြလေ့ကျင့်ခြင်းတို့ ပြုလုပ်ခဲ့ကြပါသည်။

၇၁။ **Democracy Reporting International (DRI) နှင့် ပူးပေါင်းဆောင်ရွက်ခြင်း။** မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် DRI တို့ ပူးပေါင်း၍ "MNHRC နှင့် CSOs တို့ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့်ပတ်သက်သည့် ပိုမိုကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုဆီသို့" ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်မြို့ရှိ Green Hill Hotel ၌ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်နေ့က ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးဌာနတာဝန်ခံများ၊ အရပ်ဘက်အဖွဲ့အစည်း ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲတွင် နီပေါနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် Ms. Mohna

Ansari က ၎င်းတို့ကော်မရှင်နှင့် CSOs တို့ ပူးပေါင်းဆောင်ရွက်ရေး အတွေ့အကြုံများကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် CSOs ကိုယ်စားလှယ်များကလည်း လူ့အခွင့်အရေး မြှင့်တင်ရေးတွင် နှစ်ဖက်ပူးပေါင်း ဆောင်ရွက်ရေး ကိစ္စရပ်များကို ပြန်လည် ဆွေးနွေးခဲ့ကြပါသည်။ အလားတူပင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်နှင့် DRI တို့ ပူးပေါင်း၍ မန္တလေးမြို့ရှိ အရပ်ဘက်အဖွဲ့ အစည်းများနှင့် တွေ့ဆုံပွဲကို ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် မန္တလေးမြို့ရှိ Marvel ဟိုတယ်၌ ကျင်းပရာ ကော်မရှင် အဖွဲ့ဝင် ဦးညွန့်ဆွေနှင့် ဦးစိုးဘုန်းမြင့်တို့ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

၇၂။ **ပြည်တွင်း အရပ်ဘက် လူ့အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။** မြန်မာနိုင်ငံ အာဆီယံဆိုင်ရာ အရပ်ဘက်လူ့အဖွဲ့အစည်းများ အလုပ်အဖွဲ့နှင့် ညီမျှခြင်း (မြန်မာ)[၃၉] တို့ ပူးပေါင်း၍ အာဆီယံအသင်းကြီးတည်ထောင်ခြင်း နှစ် (၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့၊ စင်ထရယ် ဟိုတယ်၌ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့က ကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေ တက်ရောက်၍ အမှာစကား ပြောကြားခဲ့ရာ အာဆီယံအသင်းကြီးအနေဖြင့် လူ့အခွင့်အရေး ကာကွယ်ရေးနှင့် မြှင့်တင်ရေးဆောင်ရွက်ရာတွင် ဒေသတွင်းရှိအစိုးရများ၊ အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်များ၊ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များနှင့် အရပ်ဘက် လူ့အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို ထည့်သွင်း ပြောကြားခဲ့ပါသည်။

**အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း**

၇၃။ မလေးရှားနိုင်ငံ၊ Sabah မြို့တွင် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့မှ ၂၇ ရက်နေ့အထိ မလေးရှားနိုင်ငံ အာဆီယံ အစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေး ကော်မရှင်က လက်ခံကျင်းပသည့် AICHR Regional Consultation on the Right to Safe Drinking Water & Sanitation in ASEAN သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ တက်ရောက်ခဲ့ပါသည်။ အဆိုပါဆွေးနွေးပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ သန့်ရှင်းသော သောက်သုံးရေရရှိရေးအပေါ် လူ့အခွင့်အရေးဆိုင်ရာ ချဉ်းကပ်မှုနည်းလမ်းများ၊ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများ၏ ကောင်းမွန်သော အလေ့အကျင့်များ၊ Sustainable Development Goals (SDG) နှင့် အာဆီယံ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အချက်အလက်များစသည့် ဒေသတွင်း လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါသည်။

**အာဆီယံဒေသတွင်းရှိ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များနှင့် ဥရောပရှိ လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးသည့် အစီအစဉ်သို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပါဝင်တက်ရောက်ခြင်း**

၇၄။ အာဆီယံဒေသတွင်းရှိ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များနှင့် ဥရောပအဖွဲ့အစည်းများအကြား ကျင်းပသည့် လူ့အခွင့်အရေးဆွေးနွေးပွဲများကို ဘယ်လ်ဂျီယံနိုင်ငံ၊ ဘရပ်ဆဲလ်မြို့နှင့်

[၃၉] Equility Myanmar

ဂျာမနီနိုင်ငံ၊ ဘာလင်မြို့တို့တွင် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ ၂၂ ရက်နေ့အထိ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေ ပါဝင်တက်ရောက်ခဲ့သည်။

၇၅။ ဥရောပသမဂ္ဂနှင့် ဥရောပပါလီမန်အပါအဝင် ဥရောပအဖွဲ့အစည်းအသီးသီးမှ ကိုယ်စားလှယ်များနှင့် အာဆီယံဒေသတွင်းရှိ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အသီးသီးမှ ကိုယ်စားလှယ်များ တွေ့ဆုံရာတွင် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးစနစ်၊ အာရှ-ဥရောပ ဆက်ဆံရေးတွင် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာမူဝါဒများ၊ ဥရောပသမဂ္ဂနှင့် အာဆီယံဆက်ဆံရေး ကိစ္စရပ်များ၊ အာဆီယံ၏ လူ့အခွင့်အရေးကဏ္ဍတွင် ဥရောပသမဂ္ဂ၏ ပံ့ပိုးဆောင်ရွက်မှုများ၊ ဥရောပသမဂ္ဂ၏ ကုန်သွယ်ရေးမူဝါဒတွင် လူ့အခွင့်အရေးအလေးထားမှု ကိစ္စရပ်များ၊ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ဥရောပကွန်ယက်အဖွဲ့၏ ဆောင်ရွက်ချက်များ၊ လူ့အခွင့်အရေးဆိုင်ရာ ဥရောပသမဂ္ဂ အထူးကိုယ်စားလှယ်၏ ဆောင်ရွက်ချက်များ စသည်တို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါသည်။

၇၆။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အပါအဝင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် ပြည်သူများ၏လူ့အခွင့်အရေး မထိပါးစေရေး အတွက် ကုလသမဂ္ဂက ချမှတ်ထားသည့် "စီးပွားရေး လုပ်ငန်းနှင့် လူ့အခွင့်အရေး"[၄၀] ဘာသာရပ်နှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို ဘရပ်ဆဲလ်မြို့ နှင့် ဘာလင်မြို့တို့တွင် ကျင်းပဆွေးနွေးခဲ့ကြသည်။

၇၇။ ထို့ပြင် အာဆီယံဒေသတွင်းရှိ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အသီးသီး၏ ကိုယ်စားလှယ်များသည် ဂျာမနီနိုင်ငံ၊ ဘာလင်မြို့၌ရှိစဉ် ကုလသမဂ္ဂက ကမကထပြု၍ ဖွဲ့စည်းထားသည့် "အမျိုးသားလူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး"[၄၁] ၏ လက်ရှိ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိသော ဂျာမနီနိုင်ငံ အမျိုးသား လူ့အခွင့်အရေးအဖွဲ့ ဥက္ကဋ္ဌ Professor Dr. Beate Rudolf နှင့် တွေ့ဆုံကာ ကမ္ဘာ့အဖွဲ့ကြီးက ချမှတ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများတွင် အရှေ့တောင်အာရှ ဒေသတွင်းရှိ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များက ပူးပေါင်းပါဝင် ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

### ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့အလားအလာများ ဆွေးနွေးပွဲ ကျင်းပခြင်း

၇၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ရခိုင်ပြည်နယ်အရေးကိစ္စအပေါ် လွတ်လပ်မှုအခြေခံဖြင့် အမြင်ချင်းဖလှယ်ခြင်းအားဖြင့် နိုင်ငံတော်က ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်း ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ "ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့အလားအလာများ ဆွေးနွေးပွဲ" ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၊ Summit Parkview ဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များ၊ ပြည်တွင်း NGOs ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများ ပါဝင်

---

[၄၀] Business and Human Rights

[၄၁] GANHRI

တက်ရောက် ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲတွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကိုယ်စားလှယ်အဖွဲ့၏ ရခိုင်ပြည်နယ်တွင် ၂၄-၉-၂၀၁၇ ရက်နေ့မှ ၂၉-၉-၂၀၁၇ ရက်နေ့အထိ သွားရောက်ကြည့်ရှုလေ့လာတွေ့ရှိချက်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှု အတွေ့အကြုံများ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် သတင်းမီဒီယာ၏အခန်းကဏ္ဍ စသည်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပဆက်ဆံရေးအပေါ် ရခိုင်ပြည်နယ်အရေးကိစ္စ၏ သက်ရောက်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ဆက်ဆံရေး၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် အပါအဝင် အခြားနိုင်ငံများနှင့်ဆက်ဆံရေး၊ မြန်မာနိုင်ငံနှင့် အာဆီယံ၊ ဥရောပသမဂ္ဂဆက်ဆံရေးစသည်တို့ကိုလည်းကောင်း ကော်မရှင်အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အတွေ့အကြုံရှိသည့်ပုဂ္ဂိုလ်များက ဆွေးနွေးတင်ပြခဲ့ကြပြီး တက်ရောက်ကြသူများက မေးခွန်းမေးမြန်းခြင်း၊ သုံးသပ်ခြင်းနှင့် အကြံပြုခြင်းတို့ ပြုလုပ်ခဲ့ကြပါသည်။ အဆိုပါ ဆွေးနွေးသုံးသပ်အကြံပြုချက်များကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံ တင်ပြခဲ့ပါသည်။ ထို့ပြင် သတင်းတစ်ရပ်အနေဖြင့်လည်း ထုတ်ပြန်ခဲ့ပါသည်။[၆၂]

## နိုင်ငံခြားရေးဝန်ကြီးဌာနတွင် သင်ခန်းစာများ ပို့ချခြင်း

၇၉။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြသည် ၂၀၁၇ ခုနှစ်အတွင်း ကျင်းပသော အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းနှင့် သံတမန်ရေးရာသင်တန်းတို့၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်ဆွေက လူ့အခွင့်အရေး ဘာသာရပ်နှင့် ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေ ဘာသာရပ်တို့ကိုလည်းကောင်း ပို့ချဆွေးနွေးခဲ့ကြပါသည်။

## ကော်မရှင်အဖွဲ့ဝင်များ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးများတက်ရောက်ခြင်း

၈၀။ လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ခြင်းတို့နှင့် ပတ်သက်သည့်အတွေ့အကြုံများ ရရှိစေပြီး ကောင်းမွန်သည့် စံနမူနာများလည်း ရရှိစေရန်အတွက် ကော်မရှင်သည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ နိဝင်ဘာလအတွင်း ပြည်ပအဖွဲ့အစည်းများမှ ဖိတ်ကြားသည့် အလုပ်ရုံဆွေးနွေးပွဲများနှင့် အစည်းအဝေးများသို့ ကော်မရှင်ကိုယ်စားလှယ်များ တက်ရောက်ခြင်း၊ အခြားသော လူ့အခွင့်အရေး ကော်မရှင်များနှင့် အဖွဲ့အစည်းများသို့ သွားရောက်လေ့လာခြင်းတို့ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့တွင် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှ ၂၈ ရက်နေ့အထိ ကျင်းပသည့် KRI-OPDC Reform Policy Symposium and Research Workshop ၊

(ခ) အင်ဒိုနီးရှားနိုင်ငံ၊ ဂျကာတာမြို့တွင် ၂၀၁၇ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ၄ ရက်နေ့အထိ ကျင်းပသည့် Consultative Roundtable on a Special Mechanism for the

[၆၂] အစီရင်ခံစာအား နောက်ဆက်တွဲ (ဏ) ဖြင့် ဖော်ပြအပ်ပါသည်။

Promotion and Protection of the Expression and the Safety of Journalists in Southeast Asia ၊

(ဂ) ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၂ ရက်နေ့အထိ ကျင်းပသည့် Regional Workshop on Business and Human Rights ၊

(ဃ) ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့မှ ၂၁ ရက်နေ့အထိ ကျင်းပသည့် 3rd AICHR Regional Dialogue on the Mainstreaming of the Rights of Persons with Disabilities in the ASEAN Community ၊

(င) ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပသည့် International Conference on National Human Rights Institutions in Southeast Asia: Challenges of Protection ၊

(စ) မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့မှ ၃ ရက်နေ့အထိ ကျင်းပသည့် Regional Conference on Democracy in Southeast Aisa; Achievements, Challenges and the Road Ahead ၊

(ဆ) အင်ဒိုနီးရှားနိုင်ငံ၊ Pontinak မြို့တွင် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကျင်းပသည့် 7th Regional Conference on Human Rights and Agribusiness ၊

(ဇ) ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့တွင် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပသည့် AICHR Training on Business and Human Rights ၊

(ဈ) ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့မှ ၂၃ ရက်နေ့အထိ ကျင်းပသည့် Learning Session on Investing in Children’s Rights ၊

(ည) အင်ဒိုနီးရှားနိုင်ငံ၊ ဗန်တန်းမြို့တွင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှ ၅ ရက်နေ့အထိ ကျင်းပသည့် Workshop on Human Rights Cities and the Role of Local Government on Respecting, Protecting and Fulfilling Human Rights at the SEANF respective countries ၊

(ဋ) တရုတ်နိုင်ငံ၊ ပေကျင်းမြို့တွင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့မှ ၈ ရက်နေ့အထိ ကျင်းပသည့် South- South Human Rights Forum ၊

(ဌ) စင်ကာပူနိုင်ငံတွင် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့မှ ၁၄ ရက်နေ့အထိ ကျင်းပသည့် မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ပညာရှင်များ၏ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲ။

**ကော်မရှင်ရုံးဝန်ထမ်းများ ပြည်ပသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲနှင့် အစည်းအဝေးတက်ရောက်မှုများ**

၈၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ရုံး ဝန်ထမ်းများအား လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေးတွင် အတွေ့အကြုံဖြလှယ်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် အတွက် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ နိုဝင်ဘာလအတွင်း ပြည်ပအဖွဲ့အစည်းများမှ ဖိတ်ကြားသည့်

သင်တန်းများ၊ အလုပ်ရုံ ဆွေးနွေးပွဲများနှင့် အစည်းအဝေး စုစုပေါင်း ၁၁ ခုသို့ ကော်မရှင်ရုံး ဝန်ထမ်းများအား စေလွှတ် တက်ရောက်စေခဲ့ပါသည်။[၄၃]

## ပြည်တွင်း၊ ပြည်ပ အဖွဲ့အစည်းများမှ လာရောက်တွေ့ဆုံမှုများ

၈၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေး မြှင့်တင်ကာကွယ်ရေး အတွက် ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပသံရုံးများ၊ ပြည်တွင်းနှင့် နိုင်ငံတကာ အစိုးရ မဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို လက်ခံတွေ့ဆုံခဲ့ပါသည်-

(က) **ဇန်နဝါရီလ**

(၁) **၁၃-၁-၂၀၁၇ ရက်နေ့**။ UN Special Rapporteur Ms. Yanghee Lee၊

(၂) **၂၀-၁-၂၀၁၇ ရက်နေ့**။ UN Women မှ Evaluator ၊

(ခ) **ဖေဖော်ဝါရီလ**

(၁) **၂-၂-၂၀၁၇ ရက်နေ့**။ Save the Children မှ Senior Regional Governance and Child Protection Advisor (Asia) နှင့် ကိုယ်စားလှယ်အဖွဲ့၊

(၂) **၉-၂-၂၀၁၇ ရက်နေ့**။ ဗြိတိန်သံရုံးမှ Deputy Head of Mission ဦးဆောင်သောအဖွဲ့၊

(၃) **၁၇-၂-၂၀၁၇ ရက်နေ့**။ Association for Political Prisoners (AAPP) မှ ကိုယ်စားလှယ်အဖွဲ့၊

(၄) **၂၀-၂-၂၀၁၇ ရက်နေ့**။ ဂျပန်သံရုံးမှ ပထမအတွင်းဝန် ဦးဆောင်သောအဖွဲ့၊

(၅) **၂၀-၂-၂၀၁၇ ရက်နေ့**။ Human Rights Watch မှ Asia Analyst ၊

(၆) **၂၀-၂-၂၀၁၇ ရက်နေ့**။ Raoul Wallenberg Institute မှ Programme Officer ၊

(၇) **၂၄-၂-၂၀၁၇ ရက်နေ့**။ Democracy Reporting International မှ Country Representative/ Elections and Governance Expert ၊

(ဂ) **မတ်လ**

(၁) **၁-၃-၂၀၁၇ ရက်နေ့**။ Danish Institute for Human Rights (DIHR) မှ Deputy Executive Director ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊

(၂) **၆-၃-၂၀၁၇ ရက်နေ့**။ World Bank မှ ကိုယ်စားလှယ်အဖွဲ့၊

(၃) **၁၅-၃-၂၀၁၇ ရက်နေ့**။ Democracy Reporting International မှ Country Representative/ Elections and Governance Expert နှင့် ကိုယ်စားလှယ်အဖွဲ့၊

(၄) **၁၆-၃-၂၀၁၇ ရက်နေ့**။ Raoul Wallenberg Institute မှ Programme Officer၊

[၄၃] ပြည်ပ သင်တန်းများသို့ စေလွှတ်ခဲ့သည့် သင်တန်းသား စာရင်းအား နောက်ဆက်တွဲ (တ) ဖြင့် ဖော်ပြပါသည်။

(၅) **၁၆-၃-၂၀၁၇ ရက်နေ့။** Dignity Danish Institute Against Torture မှ ကိုယ်စားလှယ်၊

(၆) **၂၃-၃-၂၀၁၇ ရက်နေ့။** Johns Hopkins University (USA) မှ ကျောင်းသူ တစ်ဦး၊

(၇) **၂၈-၃-၂၀၁၇ ရက်နေ့။** ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး မှ Regional Representative ဦးဆောင်သောအဖွဲ့၊

(ဃ) **ဧပြီလ**

(၁) **၃-၄-၂၀၁၇ ရက်နေ့။** University of New South Wales (Canberra) မှ ကျောင်းသူတစ်ဦး၊

(၂) **၅-၄-၂၀၁၇ ရက်နေ့။** Democracy Reporting International မှ Country Representative/ Elections and Governance Expert ၊

(၃) **၆-၄-၂၀၁၇ ရက်နေ့။** International Committee of the Red Cross (ICRC) မှ Prison System Advisor ဦးဆောင်သောအဖွဲ့၊

(င) **မေလ**

(၁) **၃-၅-၂၀၁၇ ရက်နေ့။** Global Community Engagement and Resilience Fund (GCERF) မှ Executive Director ၊

(၂) **၈-၅-၂၀၁၇ ရက်နေ့။** Asian NGO Network on National Human Rights Institutions (*ANNI)* မှ ကိုယ်စားလှယ်အဖွဲ့၊

(၃) **၁၆-၅-၂၀၁၇ ရက်နေ့။** နယ်သာလန်သံရုံးမှ သံအမတ်ကြီး ဦးဆောင်သောအဖွဲ့၊

(၄) **၁၈-၅-၂၀၁၇ ရက်နေ့။** Lutheran World Federation (LWF) မှ ကိုယ်စားလှယ်အဖွဲ့၊

(၅) **၁၉-၅-၂၀၁၇ ရက်နေ့။** Lutheran World Federation (LWF) မှ ကိုယ်စားလှယ်အဖွဲ့၊

(၆) **၂၂-၅-၂၀၁၇ ရက်နေ့။** Democracy Reporting International မှ Country Representative/ Elections and Governance Expert ဦးဆောင်သော အဖွဲ့၊

(စ) **ဇွန်လ**

(၁) **၁၄-၆-၂၀၁၇ ရက်နေ့။** Centre for Civil and Political Rights မှ Director နှင့်အဖွဲ့၊

(၂) **၂၇-၆-၂၀၁၇ ရက်နေ့။** မြန်မာနိုင်ငံဆိုင်ရာ တောင်အာဖရိက သံအမတ်ကြီး၊

(၃) **၂၉-၆-၂၀၁၇ ရက်နေ့။** Democracy Reporting International မှ Junior Legal Expert ၊

(၄) **၃၀-၆-၂၀၁၇ ရက်နေ့**။ Myanmar National Association of Blind မှ ကိုယ်စားလှယ်အဖွဲ့၊

(ဆ) **ဇူလိုင်လ**

(၁) **၅-၇-၂၀၁၇ ရက်နေ့**။ ASEAN CSR Network Ltd., မှ Chief Executive Officer၊

(၂) **၇-၇-၂၀၁၇ ရက်နေ့**။ ဩစတြေးလျသံတော်ကိုယ်စားလှယ်အဖွဲ့၊

(၃) **၁၂-၇-၂၀၁၇ ရက်နေ့**။ (*USAID)* မှ ကိုယ်စားလှယ်အဖွဲ့၊

(၄) **၁၃-၇-၂၀၁၇ ရက်နေ့**။ Friedrich Naumann Foundation (FNF) အဖွဲ့၊

(၅) **၁၃-၇-၂၀၁၇ ရက်နေ့**။ United Nations Development Programme (UNDP) မှ ကိုယ်စားလှယ်အဖွဲ့၊

(၆) **၁၄-၇-၂၀၁၇ ရက်နေ့**။ UN Special Rapporteur Ms. Yanghee Lee၊

(၇) **၁၇-၇-၂၀၁၇ ရက်နေ့**။ Former Australian Member of Parliament ၊

(၈) **၂၇-၇-၂၀၁၇ ရက်နေ့**။ Amnesty International အဖွဲ့မှ Regional Director ဦးဆောင်သောအဖွဲ့၊

(ဇ) **ဩဂုတ်လ**

(၁) **၁၅-၈-၂၀၁၇ ရက်နေ့**။ Democracy Reporting International မှ Country Representative ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊

(၂) **၂၈-၈-၂၀၁၇ ရက်နေ့**။ Brown University မှ Professor Dr. Carrie Nordlund ဦးဆောင်သော စီးပွားရေး (မဟာဘွဲ့) ကျောင်းသားများအဖွဲ့၊

(ဈ) **စက်တင်ဘာလ**

(၁) **၅-၉-၂၀၁၇ ရက်နေ့**။ International Committee of Red Cross မှ Deputy Protection Coordinator (ICRC) ဦးဆောင်သောအဖွဲ့၊

(၂) **၁၃-၉-၂၀၁၇ ရက်နေ့**။ အစ္စရေးသံရုံးမှ သံအမတ်ကြီး၊

(၃) **၂၁-၉-၂၀၁၇ ရက်နေ့**။ ရက်နေ့တွင် DCA-NCA မှ Country Director ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊

(ည) **အောက်တိုဘာလ**

(၁) **၁၀-၁၀-၂၀၁၇ ရက်နေ့**။ ဥရောပသမဂ္ဂမှ သံအမတ်ကြီး၊

(၂) **၁၇-၁၀-၂၀၁၇ ရက်နေ့**။ International Committee of the Red Cross (ICRC) မှ Deputy Coordinator ဦးဆောင်သောအဖွဲ့၊

(ဠ) **နိုဝင်ဘာလ**

(၁) **၂၀-၁၁-၂၀၁၇ ရက်နေ့**။ Democracy Reporting International မှ Board of Advisors အဖွဲ့ဝင် ဦးဆောင်သောအဖွဲ့၊

(၂) **၂၂-၁၁-၂၀၁၇ ရက်နေ့**။ UNESCO Myanmar မှ Project Officer ဦးဆောင်သောအဖွဲ့၊

(ဋ) **ဒီဇင်ဘာလ**

(၁) **၈-၁၂-၂၀၁၇ ရက်နေ့**။ ICAR နှင့် ALTSEAN-Burma တို့မှ ကိုယ်စားလှယ်အဖွဲ့၊

(၂) **၈-၁၂-၂၀၁၇ ရက်နေ့**။ Democracy Reporting International မှ Country Representative/ Election and Governance Expert ဦးဆောင်သောအဖွဲ့၊

(၃) **၁၄-၁၂-၂၀၁၇ ရက်နေ့**။ ဂျပန်သံရုံးမှ First Secretary (Chief of Political Section) ဦးဆောင်သောအဖွဲ့၊

(၄) **၁၆-၁၂-၂၀၁၇ ရက်နေ့**။ Special Representative of the Secretary General on Sexual Violence in Conflict ဦးဆောင်သောအဖွဲ့၊

(၅) **၂၀-၁၂-၂၀၁၇ ရက်နေ့**။ ဗြိတိသျှသံရုံး ယာယီတာဝန်ခံ ဦးဆောင်သောအဖွဲ့၊

(၆) **၂၈-၁၂-၂၀၁၇ ရက်နေ့**။ ထိုင်းသံရုံး ပထမအတွင်းဝန် ဦးဆောင်သောအဖွဲ့၊

## စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆောင်ရွက်ချက်များ

**ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၈၃။ **ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ခြင်း**

(က) ကော်မရှင် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပါသည်-

| | | |
|---|---|---|
| (၁) | ဦးဝင်းမြ | ဥက္ကဋ္ဌ |
| (၂) | ဦးစစ်မြိုင် | ဒုတိယဥက္ကဋ္ဌ |
| (၃) | ဦးယုလွင်အောင် | အဖွဲ့ဝင် |
| (၄) | ဦးညွန့်ဆွေ | အဖွဲ့ဝင် |
| (၅) | ဦးဘုန်းကြွယ် | ခေတ္တညွှန်ကြားရေးမှူးချုပ် |

(ခ) ကော်မရှင်အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ကော်မရှင်ရုံးလုပ်ငန်းတာဝန်များကို ဒုတိယညွှန်ကြားရေးမှူးချုပ်အား ခေတ္တညွှန်ကြားရေးမှူးချုပ် တာဝန်ပေးအပ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**စီမံရေးရာကိစ္စရပ်များ**

၈၄။ ကော်မရှင် အုပ်ချုပ်မှုစီမံခန့်ခွဲရေး ကော်မတီသည် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလ အတွင်း အစည်းအဝေး ၁၃ ကြိမ် ပြုလုပ်ခဲ့ပြီး စီမံခန့်ခွဲရေး ကိစ္စရပ်များနှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ပါသည်။ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးစီးသော စီမံရေးရာနှင့်ဘဏ္ဍာရေးဌာနတွင် လက်ထောက်ညွှန်ကြားရေးမှူး ၁ ဦး၊ လူ့အခွင့်အရေးအရာရှိ ၃ ဦး၊ ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ၃ ဦး၊ အကြီးတန်းစာရေး ၂ ဦးနှင့် အငယ်တန်းစာရေး ၃ ဦး စုစုပေါင်း ၁၂ ဦးတို့ကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပါသည်။

၈၅။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ကော်မရှင်မျက်နှာစုံညီ အစည်းအဝေး ၁၂ ကြိမ်နှင့် ကော်မရှင်မျက်နှာစုံညီ အထူးအစည်းအဝေး ၇ ကြိမ် ပြုလုပ်ခဲ့ပါသည်-

(က) **ကော်မရှင် မျက်နှာစုံညီ အစည်းအဝေးများ (ပုံမှန်)**

| | | | |
|---|---|---|---|
| (၁) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁/၂၀၁၇) | ၂၃-၁-၂၀၁၇ |
| (၂) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၂/၂၀၁၇) | ၁၀-၂-၂၀၁၇ |
| (၃) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၃/၂၀၁၇) | ၁၇-၃-၂၀၁၇ |
| (၄) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၄/၂၀၁၇) | ၂၅-၄-၂၀၁၇ |
| (၅) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၅/၂၀၁၇) | ၂၆-၅-၂၀၁၇ |
| (၆) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၆/၂၀၁၇) | ၄-၇-၂၀၁၇ |
| (၇) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၇/၂၀၁၇) | ၃၁-၇-၂၀၁၇ |
| (၈) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၈/၂၀၁၇) | ၂၁-၈-၂၀၁၇ |
| (၉) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၉/၂၀၁၇) | ၂၂-၉-၂၀၁၇ |
| (၁၀) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁၀/၂၀၁၇) | ၁၇-၁၀-၂၀၁၇ |
| (၁၁) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁၁/၂၀၁၇) | ၂၇-၁၁-၂၀၁၇ |
| (၁၂) | ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး | (၁၂/၂၀၁၇) | ၂၆-၁၂-၂၀၁၇ |

(ခ) **ကော်မရှင်မျက်နှာစုံညီအထူးအစည်းအဝေး**

| | | | |
|---|---|---|---|
| (၁) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၁/၂၀၁၇) | ၃-၁-၂၀၁၇ |
| (၂) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၂/၂၀၁၇) | ၂၇-၁-၂၀၁၇ |
| (၃) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၃/၂၀၁၇) | ၉-၂-၂၀၁၇ |
| (၄) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၄/၂၀၁၇) | ၂၄-၂-၂၀၁၇ |
| (၅) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၅/၂၀၁၇) | ၁၂-၄-၂၀၁၇ |
| (၆) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၆/၂၀၁၇) | ၂၁-၄-၂၀၁၇ |
| (၇) | မျက်နှာစုံညီ အထူးအစည်းအဝေး | (၇/၂၀၁၇) | ၁၆-၅-၂၀၁၇ |

## ဝန်ထမ်းရေးရာကိစ္စရပ်များ

၈၆။ **ဝန်ထမ်းများခန့်ထားခြင်း။** ကော်မရှင်ဥပဒေ ပုဒ်မ ၅၁၊ ပုဒ်မခွဲ (က) အရ ကော်မရှင်ရုံးတွင် ၂၀၁၆ ခုနှစ်ကုန်အထိ ဝန်ထမ်း ၅၉ ဦးရှိပြီး ကော်မရှင်ရုံးခွဲများအတွက် ၂၀၁၇ ခုနှစ်၊ မတ်လတွင် အငယ်တန်းစာရေး ၂ ဦးနှင့် ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ၂ ဦး၊ စက်တင်ဘာလတွင် ဒုတိယ လူ့အခွင့်အရေးဦးစီးမှူး ၁ ဦးနှင့် အငယ်တန်းစာရေး ၇ ဦး၊ အောက်တိုဘာလတွင် ဒုတိယလူ့အခွင့် အရေးဦးစီးမှူး ၁ ဦးတို့ကို ကော်မရှင်မှ တာဝန်ပေးသော ရွေးချယ်ရေးအဖွဲ့များက ယှဉ်ပြိုင် ရွေးချယ်သည့်စနစ်ဖြင့် စိစစ်ရွေးချယ် ခန့်အပ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလတွင် အစောင့် ၁ ဦးနှင့် ယာဉ်မောင်းအဆင့် (၃) ၁ ဦးတို့ကိုလည်း ထပ်မံခန့်အပ်ခဲ့၍ ၂၀၁၇ ခုနှစ်အတွင်း ကော်မရှင် သန္ဓေဝန်ထမ်း စုစုပေါင်း ၁၅ ဦး ခန့်ထားခဲ့ပါသည်။

၈၇။ **အင်အားလျော့ခြင်း။** ကော်မရှင်စတင်ဖွဲ့စည်းစဉ် ကတည်းက တွဲဖက်ထားသော ပြည်ထဲရေး ဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အရာထမ်း ၁ ဦးသည် ဒီဇင်ဘာလတွင် ၎င်း၏ မိခင်ဌာနသို့ ပြန်သွားခဲ့ပါသည်။ ထို့နောက် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အကြီးတန်းစာရေး ၁ ဦး၊ မတ်လတွင် အငယ်တန်းစာရေး ၁ ဦး၊ မေလတွင် အငယ်တန်းစာရေး ၂ ဦးနှင့် ယာဉ်မောင်း အဆင့် (၃) ၁ ဦး၊ ဇွန်လတွင် အငယ်တန်းစာရေး ၁ ဦးနှင့် ယာဉ်မောင်း အဆင့် (၃) ၁ ဦး၊ ဩဂုတ် လတွင် အငယ်တန်းစာရေး ၁ ဦးနှင့် နိုဝင်ဘာလတွင် ယာဉ်မောင်းအဆင့် (၃) ၁ ဦးတို့မှာ မိသားစုအခြေအနေများကြောင့် အလုပ်မှ နုတ်ထွက်သွားကြသဖြင့် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် သန္ဓေဝန်ထမ်းဦးရေ စုစုပေါင်း ၆၅ ဦးဖြင့် ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။[၆၄]

၈၈။ **ဌာနတွင်းရာထူးတိုးမြှင့်ပေးခြင်း။** ၂၀၁၇ ခုနှစ်၊ ဧပြီလတွင် အကြီးတန်းစာရေး ၄ ဦးအား ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ရာထူးသို့လည်းကောင်း၊ ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ၃ ဦးအား လူ့အခွင့်အရေးအရာရှိ ရာထူးသို့လည်းကောင်း၊ မေလတွင် လက်ထောက်ညွှန်ကြားရေးမှူး ၂ ဦးအား ဒုတိယညွှန်ကြားရေးမှူး ရာထူးသို့လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ၁ ဦးအား ညွှန်ကြားရေး မှူးရာထူးသို့လည်းကောင်း၊ ညွှန်ကြားရေးမှူး ၁ ဦးအား ဒုတိယညွှန်ကြားရေးမှူးချုပ် ရာထူးသို့ လည်းကောင်း၊ ဩဂုတ်လတွင် အငယ်တန်းစာရေး ၅ ဦးအား အကြီးတန်းစာရေး ရာထူးများသို့ လည်းကောင်း၊ ဒီဇင်ဘာလတွင် အကြီးတန်းစာရေး ၁ ဦးအား ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ရာထူးသို့လည်းကောင်း ၂၀၁၇ ခုနှစ်အတွင်း ဝန်ထမ်း ၁၇ ဦးအား ရာထူးတိုးမြှင့်ခန့်အပ်ခဲ့ပါသည်။

၈၉။ **သင်တန်းများစေလွှတ်ခြင်း။** ဗဟိုဝန်ထမ်းတက္ကသိုလ်၊ (အောက်မြန်မာပြည်) တွင် ဇူလိုင်လ နှင့် စက်တင်ဘာလများ၌ ဖွင့်လှစ်ခဲ့သည့် အရာထမ်းငယ် အခြေခံသင်တန်းအမှတ်စဉ် (၆၈) နှင့် (၆၉) များသို့ ဒုတိယလူ့အခွင့်အရေးဦးစီးမှူး ၂ ဦး တက်ရောက်အောင်မြင်ခဲ့ခြင်း၊ ယခုဖွင့်လှစ် သင်ကြားလျက်ရှိသည့် အရာထမ်း အခြေခံသင်တန်း အမှတ်စဉ် (၂၀၆) သို့ လူ့အခွင့်အရေးအရာရှိ ၁ ဦးအား လည်းကောင်း၊ စာရေးဝန်ထမ်းအခြေခံသင်တန်း အမှတ်စဉ် (၁၅၅) သို့ အငယ်တန်း စာရေး ၂ ဦးအားလည်းကောင်း တက်ရောက်ရန်စေလွှတ်ခဲ့ပါသည်။ ထို့ပြင် ကော်မရှင်ရုံးဝန်ထမ်း

[၆၄] လက်ရှိဝန်ထမ်းဦးရေ အခြေပြဇယားအား နောက်ဆက်တွဲ (ထ) ဖြင့်ဖော်ပြပါသည်။

များ အရည်အသွေးပြည့်ဝစေရေးအတွက် အခြားဝန်ကြီးဌာနများမှ သင်ကြားပို့ချသည့် သင်တန်းများဖြစ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာန သင်တန်းကျောင်း၌ ဖွင့်လှစ်သည့် သင်တန်းများသို့ ကော်မရှင်ရုံးဝန်ထမ်း ၈ ဦးကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာနမှ ဖွင့်လှစ်သည့် အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်းသို့ ဝန်ထမ်း ၁ ဦးကိုလည်းကောင်း တက်ရောက်ရန်စေလွှတ်ခဲ့ပါသည်။

**ကော်မရှင်ရုံးဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲခြင်း**

၉၀။ ကော်မရှင် ဥပဒေပုဒ်မ ၅၁ တွင် "ကော်မရှင်၏လုပ်ငန်းများ ဆောင်ရွက်ရန်အလို့ငှာ ဝန်ထမ်း ဖွဲ့စည်းပုံတစ်ရပ်ရေးဆွဲထားရမည်။ ယင်းဖွဲ့စည်းပုံအတွင်းလိုအပ်သော အရာထမ်းများနှင့် အမှုထမ်းများကို ခန့်ထားရမည်" ဟု ဖော်ပြပါရှိသည်နှင့်အညီ ကော်မရှင်၏ လုပ်ငန်းတာဝန်များမှာ တိုးတက်များပြားလာသည့်အလျောက် ဝန်ထမ်းတိုးချဲ့ခန့်အပ်ရန် လိုအပ်လာသည့်အပြင် ဝန်ထမ်းဖွဲ့စည်းပုံကို ပြင်ဆင်ရေးဆွဲရန် လိုအပ်ပါသဖြင့် ၁၇-၃-၂၀၁၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကော်မရှင် မျက်နှာစုံညီ အစည်းအဝေး အမှတ်စဉ် (၃/၂၀၁၇) တွင် ယခင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/ ၂၀၁၂) မှ အတည်ပြုခဲ့သည့် ဝန်ထမ်းဦးရေ ၁၆၇ ဦးပါဖွဲ့စည်းပုံအစား ဝန်ထမ်းအင်အား ၃၀၅ ဦးဖြင့် ဖွဲ့စည်းပုံကို ပြင်ဆင်ရေးဆွဲခဲ့ပါသည်။

၉၁။ ကော်မရှင် ဥပဒေပုဒ်မ ၆၁ တွင် "ကော်မရှင်အဖွဲ့ဝင်နှင့် ကော်မရှင်က တာဝန်ပေးအပ်ခြင်းခံရသူသည် ဤဥပဒေအရ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်" ဟု ဖော်ပြပါရှိသဖြင့် ကော်မရှင်မှ ခန့်အပ်သော ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများမဟုတ်ဘဲ ပြည်သူ့ဝန်ထမ်းများဖြစ်သောကြောင့် ကော်မရှင်ရုံး၏ ပြည်သူ့ဝန်ထမ်းအင်အား ၃၀၅ ဦး ဖွဲ့စည်းပုံနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ ၂၀-၃-၂၀၁၇ ရက်နေ့တွင် အသိပေးတင်ပြခဲ့ပါသည်။

၉၂။ ပြည်ထောင်စုအစိုးရအဖွဲ့မှ ကော်မရှင်ရုံး၏ ဖွဲ့စည်းပုံပြင်ဆင်ရေးဆွဲခြင်းနှင့် ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန (ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန) တို့၏ ထောက်ခံချက်များနှင့်အတူ ပြန်လည်တင်ပြသွားရန် အကြောင်းကြားစာအရ ၉-၇-၂၀၁၇ ရက်နေ့တွင် အထက်ပါဌာန ၂ ခုသို့ ပြည်သူ့ဝန်ထမ်းဖွဲ့စည်းပုံနှင့်ပတ်သက်၍ လိုအပ်သည့် အကြံပြုချက်များ ပေးနိုင်ပါရန် ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

**ကော်မရှင်ရုံးခွဲများ ဖွင့်လှစ်ခြင်း**

၉၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို တစ်နှစ်ထက်တစ်နှစ် တိုးချဲ့မြှင့်တင်ဆောင်ရွက်လျက်ရှိရာ အများပြည်သူလက်လှမ်းမီ တိုင်ကြားနိုင်ရေးနှင့် အသိပညာပေးလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအတွက် ကော်မရှင် ဥပဒေပုဒ်မ ၅၇ နှင့်အညီ နေပြည်တော်ကောင်စီ

နယ်မြေနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ကော်မရှင်ယာယီရုံးခွဲ ၂ ရုံးကို ၂၀၁၇ ခုနှစ်၊ မတ်လ အတွင်း ဖွင့်လှစ်ပြီး ဝန်ထမ်းများခန့်အပ်ကာ ရုံးလုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပါသည်-

(က) **နေပြည်တော်**။ ကော်မရှင်ရုံးခွဲ (နေပြည်တော်) ကို ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန စုပေါင်းရုံး၌ ၂၀၁၇ ခုနှစ်၊ မတ်လမှစ၍ ယာယီရုံးခန်း ဖွင့်လှစ်ထားပြီး ရုံးခွဲဆောက်လုပ်နိုင်ရေးအတွက် နေပြည်တော် စည်ပင်သာယာရေး ကော်မတီမှ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့် ပေ (၁၀၀ x ၁၀၀) မြေနေရာအား ခွင့်ပြုထားပါသည်။ ရုံးခွဲ အဆောက်အဦနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အဦများ ဆောက်လုပ်နိုင်ရန် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုရန်ပုံငွေ ရရှိပြီးဖြစ်သော်လည်း မြေကွက်၏ ခိုင်မာမှုအနေအထား စိစစ်နေရခြင်းကြောင့် အဆိုပါ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန် အချိန်မရတော့သဖြင့် ခွင့်ပြုရန်ပုံငွေကို ပြန်လည်အပ်နှံခဲ့ပါသည်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်ရေးအတွက် ဘဏ္ဍာငွေ လျာထားတင်ပြပြီးဖြစ်ပါသည်။

(ခ) **မန္တလေးတိုင်းဒေသကြီး။** ကော်မရှင် ရုံးခွဲ (မန္တလေး) ကို မန္တလေးမြို့၊ နန်းရှေ့ဈေး အပေါ်ထပ်တွင် ၂၀၁၇ ခုနှစ်၊ မတ်လမှစ၍ ယာယီရုံးခန်း ဖွင့်လှစ်ထားရှိပြီး ရုံးခွဲ အဆောက်အဦ ဆောက်လုပ်နိုင်ရန် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ မန္တလေးခရိုင်၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်ရှိ အကွက် အမှတ် (၃၂၂ - ၃၂၃ - ၃၂၄)၊ ဦးပိုင်အမှတ် ၃၅ တွင် ဧရိယာ ဧက (၀.၀၇၀၉) ဧကရှိ မြေနေရာအား နှစ် ၃၀ မြေငှားဂရန်ကို ဒီဇင်ဘာလ ၂၀ ရက်နေ့က ရရှိပြီးဖြစ်ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ရုံးနှင့် ဝန်ထမ်းအိမ်ရာ အဆောက်အဦများ ဆောက်လုပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

## ကော်မရှင် (ရုံးချုပ်) အဆောက်အဦ အခြေအနေ

၉၄။ ကော်မရှင် (ရုံးချုပ်) ကို အမှတ် (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်တွင် ဖွင့်လှစ်ထားရှိပြီး ကော်မရှင်အဖွဲ့ဝင်များသည် အရှေ့ဘက် နှစ်ထပ်အဆောက်အဦတွင် ရုံးထိုင်ပြီး ရုံးဝန်ထမ်းများမှာ ၎င်းအဆောက်အဦ၏ အနောက်ဘက်ရှိ နှစ်ထပ်အဆောက်အဦ၏ အောက်ထပ်တွင် ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကော်မရှင်၏ လုပ်ငန်းတာဝန်များ များပြားလာသည့် အလျောက် လိုအပ်ချက်အရ ရေးဆွဲထားသော ဖွဲ့စည်းပုံအရ ရုံးချုပ်နှင့် ရုံးခွဲ (၅) ရုံးအတွက် ဝန်ထမ်းအင်အား ၃၀၅ ဦး ရှိရမည်ဖြစ်ပါသည်။ ရုံးဝန်ထမ်းများ တိုးချဲ့ခန့်အပ်နိုင်ရေး လုံလောက်သော အကျယ် အဝန်းရှိသည့် ရုံးခန်းများ၊ စာကြည့်တိုက်များ၊ အစည်းအဝေးခန်းမများနှင့် သင်တန်းခန်းမများ လည်း လိုအပ်မည်ဖြစ်သဖြင့် ကော်မရှင် (ရုံးချုပ်) တွင် လက်ရှိအသုံးပြုနေသော ရုံးအဆောက်အဦ အပြင် အနောက်ဘက်ရှိ အဆောက်အဦများကိုပါ တိုးချဲ့အသုံးပြုခွင့် ရရှိရေးအတွက် ဆောက်လုပ်ရေး ဝန်ကြီးဌာနသို့ ညှိနှိုင်း မေတ္တာရပ်ခံခဲ့ပါသည်။

၉၅။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ရှိရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အမှတ် (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ် ရုံးဝင်းအတွင်းရှိ မဟာ ဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေးစင်တာ[၅၅] မှ အသုံးပြုလျက်ရှိသည့် အဆောက်အဦအမှတ် (၁) ၃-ထပ် အဆောက်အဦကို ၆-၄-၂၀၁၈ ရက်နေ့ နောက်ပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေးကော်မရှင်မှ လွှဲပြောင်းငှားရမ်း အသုံးပြုခွင့်ရရှိရေး လျာထားပြီးဖြစ်၍ အဆိုပါ ၃-ထပ် ဆောင်တွင် ကော်မရှင်ရုံးဌာန (၅) ခု အတွက် ရုံးခန်းနေရာချထားမည့် အစီအစဉ်များ ကြိုတင် လျာထား စီစဉ်ထားပြီးဖြစ်ပါသည်။

## ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ

၉၆။ ကော်မရှင် စတင်ဖွဲ့စည်းသည့် အချိန်မှစ၍ ကော်မရှင်သည် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွက် အသုံးစရိတ် လျာထားချက်များကို ကြိုတင်ခန့်မှန်းရေးဆွဲပြီး နိုင်ငံတော်သမ္မတရုံးသို့ တင်ပြ၍ (၃) လ တစ်ကြိမ် တင်ပြတောင်းခံသုံးစွဲခဲ့ရာမှ ကော်မရှင်၏ ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှစ၍ ကော်မရှင်၏ တစ်နှစ်တာအတွက် ထောက်ပံ့ အသုံး စရိတ်အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်သို့ တင်ပြတောင်းခံခဲ့ရာ ခွင့်ပြုငွေကို ငွေတိုက်ဦးစီးဌာနမှတစ်ဆင့် ရရှိခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုငွေ ကျပ် ၁၀၀၃ သန်းမှ သုံးစွဲငွေ ကျပ် ၇၄၉.၄၆၃၁၉၅ သန်းဖြစ်ပြီး ပိုလျှံငွေ ၂၅၃.၅၃၆၈၀၅ သန်းအား ငွေတိုက်ဦးစီးဌာနသို့ ပြန်လည်အပ်နှံပြီး ဖြစ်ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် အတွက် ခွင့်ပြုငွေမှာ ကျပ် ၁၁၆၀.၃၀၆ သန်းဖြစ်ပါသည်။

## ကော်မရှင်ရုံးဝန်ထမ်းများအတွက် အငြိမ်းစားပင်စင် စုဆောင်းငွေ

၉၇။ ကော်မရှင်ရုံးဝန်ထမ်းများ၏ ဘဝနောင်ရေး အာမခံချက် ရရှိစေရေးအတွက် အငြိမ်းစား ပင်စင်စီမံချက်တစ်ရပ်အား ရေးဆွဲရန် ကော်မရှင်ရုံး၏ ငွေကြေးဆိုင်ရာလုပ်ထုံးလုပ်နည်း အပိုဒ် ၇၊ အပိုဒ်ခွဲ (ဆ) တွင် အငြိမ်းစားပင်စင်စနစ်ကို ထည့်သွင်းရေးဆွဲခဲ့ပြီး နိုင်ငံတော်သမ္မတရုံး၊ စီမံကိန်း နှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ အကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ထောက်ပံ့ရန်ပုံငွေ တင်ပြတောင်းခံရာတွင် ဝန်ထမ်း ၈၆ ဦးအတွက် ပင်စင်ထည့်ဝင်ငွေကို တစ်လလျှင် ၁၀.၅၆ သိန်းနှုန်းဖြင့် ၁၂၆.၇၂ သိန်း ထည့်သွင်းတွက်ချက် တောင်းခံထားပါသည်။

၉၈။ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် အငြိမ်းစားပင်စင်စီမံချက်ကို ၂၀၁၆ ခုနှစ်၊ ဧပြီလ ၇ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဧပြီလမှ စတင်၍ ဝန်ထမ်းများ လစာ၏ ၃% နှင့် ကော်မရှင် ထောက်ပံ့ရန်ပုံငွေမှ ၃% ဖြင့် လစဉ် စုဆောင်း၍ အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိရာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် စုဆောင်းငွေ ကျပ် ၆၀.၈၃၁ သိန်း စုဆောင်းနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်တွင် ကျပ် ၁၄၇.၁၀ သိန်း စုဆောင်းပြီးဖြစ်ပါသည်။ လက်ရှိ အခြေ အနေတွင် အငြိမ်းစားပင်စင်စီမံချက်၌ ဝန်ထမ်း ၆၅ ဦး ထည့်ဝင်စုဆောင်းလျက်ရှိပါသည်။

---

[၅၅] Center for Strategic and International Studies (CSIS)

## ကော်မရှင်ရုံးဝန်ထမ်းများ လူမှုဖူလုံရေးစနစ်သို့ ဝင်ရောက်ခြင်း

၉၉။ လူမှုဖူလုံရေး စီမံကိန်းသည် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အလုပ်သမားထု တစ်ရပ်လုံး၏ နာမကျန်းမှု၊ မီးဖွားမှု၊ လုပ်ငန်းခွင်အတွင်း ထိခိုက်မှု၊ သေဆုံးမှု စသည့် လူမှုဒုက္ခများ ကြုံတွေ့ချိန်တွင် အခက်အခဲ မရှိစေရေးအတွက် ၁၉၅၆ ခုနှစ် ကတည်းက မြန်မာနိုင်ငံတွင် စတင်အကောင်အထည်ဖော်ခဲ့သော စီမံကိန်းတစ်ရပ်ဖြစ်ပါသည်။ ဝန်ထမ်းများ၏ သဘောဆန္ဒနှင့်အညီ အုပ်ချုပ်မှု စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၅) ဆုံးဖြတ်ချက်ဖြင့် လူမှုဖူလုံရေး ထည့်ဝင်ကြေး ပေးသွင်းခွင့်ကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ ခွင့်ပြုချက်အရ ၂၀၁၅ ခုနှစ်၊ မေလမှ စတင်၍ ဝန်ထမ်းများလစာ၏ ၂% နှင့် ကော်မရှင်ထောက်ပံ့ငွေမှ ၃% စုစုပေါင်း ၅% ကို လစဉ် ထည့်ဝင်စုဆောင်းခဲ့ပါသည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ငွေတိုက်ဦးစီးဌာနမှ ခွင့်ပြုသော ကော်မရှင် ထောက်ပံ့ရန်ပုံငွေတွင် လူမှုဖူလုံရေးထည့်ဝင်ငွေကို ပါဝင်ခွင့်ပြုခဲ့ပါသည်။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ဝန်ထမ်း ၅၂ ဦးသည် လူမှုဖူလုံရေး အကျုံးဝင်လျက်ရှိပါသည်။

## သုံးသပ်ချက်များ

## လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ သုံးသပ်ချက်

၁၀၀။ ၂၀၁၆ ခုနှစ်အတွင်း မြို့နယ်ပေါင်း ၂၀ တွင် လူ့အခွင့်အရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်နိုင်ခဲ့သော်လည်း ၂၀၁၇ ခုနှစ်တွင် အရေအတွက်အားဖြင့် ၁၈ မြို့နယ်တွင်သာ ပြုလုပ်နိုင်ခဲ့ပါသည်။ သို့ရာတွင် အဆိုပါ ၁၈ မြို့နယ်သည် ဝေးလံခေါင်ဖျားဒေသများရှိ တာချီလိတ်၊ မိုင်းယောင်း၊ ပူတာအို၊ မချမ်းဘော၊ ဝန်းသို၊ ကောလင်း စသည့်မြို့နယ် အပါအဝင် နယ်စပ်မြို့နယ်များဖြစ်ခြင်းကြောင့် ဝေးလံဒေသရှိ ပြည်သူများအတွက် လူ့အခွင့်အရေး အသိပညာပေး ဟောပြောပွဲများ ပြုလုပ်နိုင်ခဲ့သဖြင့် အရေအတွက်အားဖြင့် လျော့ကျသွားသော်လည်း လုပ်ဆောင်မှုများသည် နယ်စပ်နှင့် ဝေးလံဒေသများအထိ ပျံ့နှံ့မှု ရှိသည်ဟု သုံးသပ်ရရှိပါသည်။

၁၀၁။ ကျင်းပပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများတွင် တက်ရောက်သူ သင်တန်းသူ၊ သင်တန်းသားတို့၏ လူ့အခွင့်အရေးအပေါ် အခြေခံဗဟုသုတများနှင့်စပ်လျဉ်းပြီး အကြိုဆန်းစစ်ချက်[၄၆]၊ လျှပ်တစ်ပြက်ဆန်းစစ်ချက်များ[၄၇] ပြုလုပ်ခဲ့ရာ ဆန်းစစ်ချက်များအရ မြန်မာနိုင်ငံရှိအရာထမ်း အများစုအပါအဝင် သင်တန်းတက်ရောက်သူများမှာ လူ့အခွင့်အရေး အခြေခံ ဗဟုသုတများ၊ CRC, CEDAW, CRPD စာချုပ်ကြီးများနှင့် စပ်လျဉ်းသည့် အခြေခံဗဟုသုတများ နည်းပါးလွန်းနေသေးခြင်း၊ ကလေးသူငယ် အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ကို ၁၉၉၁ ခုနှစ်ကပင် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးပါဝင်၍ အဖွဲ့ဝင်နိုင်ငံဖြစ်သော်လည်း နှစ်ပေါင်း ၂၇ နှစ်ကြာပြီး ယနေ့ချိန်ထိ ကလေးသူငယ်အခွင့်အရေးနှင့် စပ်လျဉ်းပြီး ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ကလေးသူငယ် ကော်မတီများ ဖွဲ့စည်းထားရှိခြင်းကို အချို့သော မြို့နယ်များက သိရှိမှု မရှိကြသည့်အပြင် အဆိုပါ စာချုပ်နှင့် စပ်လျဉ်းပြီး ကော်မတီဝင်အများစုကိုယ်တိုင် ဗဟုသုတ နည်းနေသေးခြင်း၊ အလားတူ

[၄၆] Pre Test

[၄၇] Quick Assessment

၁၉၉၇ ခုနှစ်ကပင် လက်မှတ်ရေးထိုးပြီးဖြစ်သည့် CEDAW အဖွဲ့ဝင်နိုင်ငံဖြစ်သော်လည်း မြို့နယ်၊ ရပ်ကွက်များရှိ အမျိုးသမီးရေးရာ အဖွဲ့အစည်းများမှ အချို့သောအဖွဲ့ဝင်များ ကိုယ်တိုင် စာချုပ်နှင့် စပ်လျဉ်းပြီး သေချာစွာ သိရှိနားလည်ထားမှု အားနည်းနေသေးသည်ဟု သုံးသပ်ရရှိပါသည်။

၁၀၂။ အကြိုဆန်းစစ်ချက်များအရ လူ့အခွင့်အရေးနှင့်စပ်လျဉ်းပြီး မေးခွန်း ၂၀ ခု[၄၈] အား မေးမြန်းရာတွင် ၁၀ မှတ်နှင့်အထက် ဖြေဆိုနိုင်သူ ၁၅ ရာခိုင်နှုန်းသာရှိပြီး ၁၀ မှတ်အောက် ဖြေဆိုနိုင်သူ ၈၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရခြင်းဖြင့် သင်တန်းတက်ရောက်သူ အများစုမှာ လူ့အခွင့်အရေး အခြေခံဗဟုသုတများ အားနည်းနေသေးသည်ဟု သုံးသပ်ရပါသည်။

၁၀၃။ သင်တန်းအပြီး ဆန်းစစ်ချက်များအရ သင်တန်းတွင်းပို့ချသည့် ဘာသာရပ်များအပေါ် နားလည်သဘောပေါက်မှု ၈၄.၅ ရာခိုင်နှုန်းနှင့် သင်တန်းမှရရှိခဲ့သည့် ဗဟုသုတများသည် လုပ်ငန်းခွင်အတွင်း ပြန်လည်အသုံးချနိုင်သည်ဟု ၇၉ ရာခိုင်နှုန်းက ဖြေကြားခဲ့သည်ကို တွေ့ရှိရခြင်းအားဖြင့် သင်တန်းများမှာ ထိရောက်မှုရှိသည်ဟု သုံးသပ်ရပါသည်။ ဟောပြောပွဲများ၊ အလုပ်ရုံသင်တန်းများ ပြုလုပ်ခဲ့သည့် မြို့နယ်များရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအပါအဝင် ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အားရကျေနပ်ဖွယ် တွေ့ရှိရသဖြင့် လူ့အခွင့်အရေးကို ဒေသန္တရအုပ်ချုပ်ရေး တာဝန်ရှိသူများက စိတ်ပါဝင်စား အားပေးမှု ရှိသည်ဟုလည်း သုံးသပ်ရရှိပါသည်။

၁၀၄။ ပို့ချခဲ့သည့် သင်တန်းများအတွင်း သင်တန်းသားများမှာ ဘာသာရပ်အပေါ်တွင် စိတ်ဝင်စားမှု ရှိသော်လည်း အပြန်အလှန်ဆွေးနွေးခြင်းများ ဆောင်ရွက်သည့်အခါတွင်မူ တက်ကြွစွာ ပူးပေါင်းပါဝင်ဆွေးနွေးမှု အားနည်းနေသေးသည်ကို တွေ့ရှိရသဖြင့် မိမိ၏ ထင်မြင်ယူဆချက်ကို လွတ်လပ်စွာ ပြောဆိုတင်ပြခွင့် အခွင့်အရေးကို အကျိုးရှိရှိ အသုံးချနိုင်သည့် အလေ့အကျင့် လိုအပ်နေသေးသည်ဟု သုံးသပ်ရရှိပါသည်။

၁၀၅။ ၂၀၁၆ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် အလုပ်ရုံသင်တန်းများကို ဆွီဒင်နိုင်ငံအခြေစိုက် RWI[၄၉] အဖွဲ့က ကော်မရှင်နှင့် RWI တို့ ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်အရ ရန်ပုံငွေ ပံ့ပိုးကူညီမှုများ ပေးခဲ့ပါသည်။ သဘောတူညီချက်ကာလ ပြီးဆုံးသွားသည့်အတွက် ၂၀၁၇ ခုနှစ်မှစ၍ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ လုပ်ငန်းများကို ကော်မရှင်ရုံး၏ ဘဏ္ဍာငွေမှ ကျခံသုံးစွဲလျက် ရှိပါသည်။

**အကျဉ်းထောင်၊ အကျဉ်းစခန်းများ စစ်ဆေးမှုအပေါ် သုံးသပ်ချက်**

၁၀၆။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၇ ခုနှစ်အတွင်း၌ နေပြည်တော်အချုပ်ထောင် အပါအဝင် အကျဉ်းထောင်ပေါင်း ၂၆ ခုအား အကြိမ် ၃၀ စစ်ဆေးနိုင်ခဲ့ပါသည်။[၅၀] မြန်မာနိုင်ငံတွင် အကျဉ်းထောင်ပေါင်း ၄၆ ခုရှိသည့်အနက် ၃၂ ခုအား

---

[၄၈] အကြိုဆန်းစစ်ချက်မေးခွန်းများအား နောက်ဆက်တွဲ (ဒ) ဖြင့် ဖော်ပြအပ်ပါသည်။

[၄၉] Raoul Wallenberg Institute,

[၅၀] စစ်ဆေးပြီး အကျဉ်းထောင်စာရင်းအား နောက်ဆက်တွဲ (ဓ) ဖြင့် ဖော်ပြအပ်ပါသည်။

စစ်ဆေးပြီးဖြစ်သဖြင့် ကျန်ရှိနေသော အကျဉ်းထောင် ၁၄ ခုအား ၂၀၁၈ ခုနှစ်အတွင်း ဆက်လက် စစ်ဆေးသွားမည်ဖြစ်ပါသည်။ စစ်ဆေးသည့် အကြိမ်အရေအတွက်အနေဖြင့် ၂၀၁၅ ခုနှစ်တွင် ၁၁ ကြိမ်၊ ၂၀၁၆ ခုနှစ်တွင် ၈ ကြိမ်၊ ၂၀၁၇ ခုနှစ်တွင် ၃၀ ကြိမ် စုစုပေါင်း ၄၉ ကြိမ် စစ်ဆေးခဲ့ပြီးဖြစ် ပါသည်။ ၂၀၁၇ ခုနှစ် စစ်ဆေးမှုသည် ၂၀၁၅ ခုနှစ်ကထက် ၃ ဆနှင့် ၂၀၁၆ ခုနှစ်ကထက် ၄ ဆ နီးပါး တိုးတက် စစ်ဆေးနိုင်ခဲ့သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။ အချို့အကျဉ်းထောင်များအား လိုအပ်ချက်အရ မူလတစ်ကြိမ်အပြင် အောက်ပါအတိုင်း ထပ်မံစစ်ဆေးမှုများ ပြုလုပ်ခဲ့ရပါသည် -


| | | |
|---|---|---|
| (က) | အင်းစိန်ဗဟိုအကျဉ်းထောင် | ၂ ကြိမ် |
| (ခ) | မန္တလေးဗဟိုအကျဉ်းထောင် | ၁ ကြိမ် |
| (ဂ) | သာယာဝတီဗဟိုအကျဉ်းထောင် | ၁ ကြိမ် |
| (ဃ) | မြင်းခြံအကျဉ်းထောင် | ၂ ကြိမ် |
| (င) | တောင်ငူအကျဉ်းထောင် | ၁ ကြိမ် |
| (စ) | လားရှိုးအကျဉ်းထောင် | ၂ ကြိမ် |
| (ဆ) | မိုင်းဆတ်အကျဉ်းထောင် | ၁ ကြိမ် |
| (ဇ) | စစ်တွေအကျဉ်းထောင် | ၂ ကြိမ် |
| (ဈ) | ဘူးသီးတောင်အကျဉ်းထောင် | ၂ ကြိမ် |
| (ည) | မြိတ်အကျဉ်းထောင် | ၁ ကြိမ် |
| (ဋ) | ကော့သောင်းအကျဉ်းထောင် | ၁ ကြိမ် |
| (ဌ) | မြစ်ကြီးနားအကျဉ်းထောင် | ၁ ကြိမ် |
| | **စုစုပေါင်း ထပ်မံစစ်ဆေးသည့်အကြိမ်ရေ** | **၁၇ ကြိမ်** |

၁၀၇။ ၂၀၁၇ ခုနှစ်အတွင်း ကြည့်ရှုစစ်ဆေးခဲ့သည့် အကျဉ်းထောင် ၂၆ ခုတွင် ဝင်ဆံ့အင်အား ၃၁၃၄၀ ဦး ရှိသော်လည်း အကျဉ်းသားဦးရေ ၅၀၀၄၂ ဦး ထိန်းသိမ်းထားရှိနေသည်ကို တွေ့ရှိခဲ့ ရပါသည်။ သို့ဖြစ်၍ ဝင်ဆံ့အင်အားထက် ၁၈၇၀၂ ဦး ပိုမိုနေသဖြင့် ၃၇.၃၇ % ပိုလျှံနေပါသည်။ ယင်းကဲ့သို့ ဝင်ဆံ့အင်အားထက် ပိုလျှံနေခြင်းသည် အကျဉ်းထောင် အုပ်ချုပ်သူများအတွက် ဝန်ထုပ်ဝန်ပိုး ဖြစ်စေသကဲ့သို့ နိုင်ငံတော်ဘဏ္ဍာငွေ ပြုန်းတီးမှုများလည်း ဖြစ်ပေါ်စေပါသည်။ ထို့ကဲ့သို့ အကျဉ်းသား ကြပ်တည်းမှုကို အခွင့်ကောင်းယူ၍ ထောင်တွင်းရာဇဝတ်မှုများ၊ ဆူပူမှုများ၊ ထောင်ဖောက် ထွက်ပြေးမှုများစသည့် မလိုလားအပ်သည့်ပြဿနာများ ဖန်တီးလာခြင်းကိုလည်း ကြုံတွေ့ရနိုင်ပြီး ပို၍ စိုးရိမ်ဖွယ်ရာအချက်မှာ ဝမ်းရောဂါကဲ့သို့ ကူးစက်ရောဂါများ ပိုမို ဖြစ်ပွားလာ နိုင်သည်ဟု သုံးသပ်ရရှိပါသည်။

၁၀၈။ အထက်ဖော်ပြပါ စစ်ဆေးခဲ့သည့် အကျဉ်းထောင် ၂၆ ခုတွင် ထိန်းသိမ်းထားရှိသော အကျဉ်း သားနှင့် အချုပ်သားများအနက် မူးယစ်ဆေးဝါးဥပဒေဖြင့် အကျဉ်းကျ၊ အချုပ်ခံနေရသော အကျဉ်း

သား၊ အချုပ်သားဦးရေမှာ ၂၃၂၈၇ ဦး ရှိနေသဖြင့် စုစုပေါင်း အကျဉ်းသားဦးရေ၏ ၄၆.၅၃ % ရှိကြောင်း တွေ့ရှိရပါသည်။ [၅၁]

**မူးယစ်ဆေးဝါးမှုအကျဉ်းသားနှင့်**
**ဝင်ဆံ့မှုထက် ကျော်လွန်နေသော အကျဉ်းသားဦးရေ အခြေအနေ**




မှတ်ချက်။ ၂၀၁၇ ခုနှစ်အတွင်း ကော်မရှင်မှ စစ်ဆေးခဲ့သော အကျဉ်းထောင် ၂၆ ခု အပေါ် သုံးသပ်ထားခြင်းသာ ဖြစ်ပါသည်။

၁၀၉။ သို့ဖြစ်ပါ၍ အကျဉ်းသားဦးရေ လျှော့ချရေးကို စဉ်းစားစီမံ ဆောင်ရွက်သင့်သကဲ့သို့ အချို့ အကျဉ်းထောင်များတွင် မြေနေရာရှိပါက အဆောင်တိုးချဲ့ခြင်းကိုလည်း ဆောင်ရွက်သင့်ပါသည်။ ထိုကဲ့သို့ လျှော့ချရာတွင်လည်း အများပြည်သူ၏ လူ့အခွင့်အရေးကို ထိခိုက်နစ်နာမှု များစွာ ပြုလုပ်ခဲ့သည့် ရာဇဝတ်မှုကြီးများ ကျူးလွန်ခဲ့သဖြင့် နှစ်ရှည်ထောင်ဒဏ်ကျခံခဲ့ရသူများ ပါဝင် လွတ်မြောက် မသွားစေရေးကို သတိပြုဆောင်ရွက်ရန်လည်း လိုအပ်ပါသည်။ အထူးသဖြင့် မူးယစ် ဆေးသုံးစွဲသူများ၊ မူးယစ်ဆေးဝါး ပမာဏအနည်းငယ်ဖြင့် ဖမ်းမိသူများ၊ လက်ဝယ်မမိဘဲ အခြား သူနှင့် အတူရှိနေသဖြင့် အရေးယူခံရသူများ၊ သံသယကြောင့် အကျဉ်းကျခံရသူများ၊ အစဉ်အလာ အရ ဘိန်းမဲ့ရှုမိကြသော တိုင်းရင်းသား အဘိုးအို၊ အဘွားအိုများ စသည်တို့ ဖြစ်ပါသည်။ ၎င်းတို့ကို အကျဉ်းထောင်တွင် ထားရှိခြင်းထက် ပြင်ပတွင် လူမှုရေးပြစ်ဒဏ်ပေးခြင်း၊ ဆွေးနွေးဟောပြော ပညာပေးခြင်းအပါအဝင် အခြားသင့်လျော်သော နည်းလမ်းများ အသုံးပြု၍ ပြုပြင်ပေးသင့်ပါ သည်။ ယင်းလုပ်ငန်းစဉ်များအတွက် ဥပဒေပြုစုရေးဆွဲရန် လိုအပ်ပါကလည်း ဥပဒေ၊ နည်းဥပဒေ နှင့် လုပ်ထုံးလုပ်နည်းများ ပြုစုရေးဆွဲသင့်ပါသည်။

၁၁၀။ အခြားလျှော့ချသင့်သော အကျဉ်းသားများမှာ အသက် ၇၀ ကျော် ၈၀ ကျော် အဘိုးအို အဘွားအိုများ၊ ကျန်းမာရေး အလွန်ချို့တဲ့ပြီး နာတာရှည်ရောဂါ ဖြစ်ပွားနေသူများအား ၎င်းတို့ ကျူးလွန်ခဲ့သည့် ပြစ်မှုကို ပြန်လည်သုံးသပ်ပြီးပြန်လွှတ်ခြင်း သို့မဟုတ် အကျဉ်းထောင်ပြင်ပတွင် နေထိုင်ခွင့်ပြုပေးခြင်းများ ဆောင်ရွက်ပေးသင့်ပါသည်။ အလားတူ ပြည့်တန်ဆာမှုဖြင့် အကျဉ်း ထောင်အတွင်း ရောက်ရှိနေသော မိန်းကလေးငယ်များအား အကျဉ်းထောင်တွင် ထားရှိခြင်းထက်

[၅၁] အကျဉ်းထောင်အလိုက် အကျဉ်းသားနှင့် အချုပ်သား ဦးရေအခြေပြဇယားအား နောက်ဆက်တွဲ (န) ဖြင့် ဖော်ပြပါသည်။

ပြင်ပတွင် ဆွေးနွေးဟောပြောပညာပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာများ သင်ကြားပေးခြင်းတို့ အပါအဝင် အခြားသင့်လျော်သောနည်းလမ်းများ အသုံးပြု၍ ပြုပြင်ပေးသင့်ပါသည်။

၁၁၁။ အကျဉ်းထောင် အငြိမ်းစားအရာရှိကြီးများ၊ အငြိမ်းစား တရားသူကြီးများ၊ အငြိမ်းစား ရဲအရာရှိကြီးများ၊ စိတ်ပညာရှင်များ၊ အငြိမ်းစားကျောင်းဆရာကြီးများ၊ အခြားဂုဏ်သရေရှိ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ်များ စသည်တို့ပါဝင်သော **အကျဉ်းသားစိစစ်လျှော့ချရေးကော်မတီများ**ကို တိုင်းဒေသကြီးနှင့် ပြည်နယ်များ အလိုက်ဖြစ်စေ၊ ခရိုင်အလိုက်ဖြစ်စေ နိုင်ငံတော်သမ္မတ၏ အမိန့်အာဏာဖြင့် ဖွဲ့စည်းပေးသင့်ပါသည်။ ယင်းအဖွဲ့မှ လစဉ်ဖြစ်စေ၊ ၃ လတစ်ကြိမ်ဖြစ်စေ၊ ၆ လ တစ်ကြိမ်ဖြစ်စေ အကျဉ်းသားများ၏ အခြေအနေအား လေ့လာဆန်းစစ်ခြင်း၊ စိတ်ပညာရှင်များဖြင့် အကျဉ်းသားများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ တိုးတက်မှုကို တစ်နှစ်တစ်ကြိမ်ဖြစ်စေ အကဲခတ်ခြင်းများပြုလုပ်၍ အခါအားလျော်စွာ အကျဉ်းသားများအား လွတ်မြောက်စေခြင်း၊ နေ့ကြီးရက်ကြီးများနှင့် နိုင်ငံတော်အတွက် ထူးခြားသော နေ့ရက်များတွင် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းများ ပြုလုပ်ပေးသင့်ပါသည်။

၁၁၂။ အကျဉ်းထောင်များတွင် သေဒဏ်အမိန့် ချမှတ်ထားပြီးဖြစ်သော်လည်း ပြစ်ဒဏ်ပေးခြင်း မရှိဘဲ အကျဉ်းချထားသည့် အကျဉ်းသား ၅၃ ဦးရှိနေပါသည်။ သေဒဏ်မှ ထောင်တစ်သက်သို့ လျှော့ချပေးခြင်းခံရသော အကျဉ်းသားမှာလည်း အများအပြားရှိနေပြီး ထောင်တစ်သက် အကျဉ်းသားပေါင်း ၇၀၉ ဦးရှိနေပါသည်။ အဆိုပါအကျဉ်းသားများသည် အများအားဖြင့် လူသတ်မှု၊ မုဒိမ်းကျင့်မှု၊ အလောင်းဖျောက်ဖျက်မှု စသည့် ကြီးမားသော ရာဇဝတ်ပြစ်မှုများကို ကျူးလွန်ခဲ့ကြသူများ ဖြစ်ပါသည်။ ၎င်းတို့အား သေဒဏ်ကျင့်သုံးခြင်းမရှိဘဲ ဆက်လက် ထိန်းသိမ်းထားခြင်းကြောင့် အကျဉ်းဦးစီးဌာန ဝန်ထမ်းများအနေဖြင့် တာဝန်ကြီးမားပြီး ဝန်ထုတ်ဝန်ပိုးဖြစ်နေသည်ကိုလည်း တွေ့ရှိရပါသည်။ အဆိုပါ အကျဉ်းသားများသည် ၎င်းတို့အား တရားရုံးမှ ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း အမှန်တကယ် ကျင့်သုံးအပြစ်ပေးမှု မရှိသည့်အပြင် တစ်ချိန်ချိန်၌ လွတ်ငြိမ်းချမ်းသာခွင့် ရရှိနိုင်မည်ဟု မျှော်မှန်းပြီး အကျဉ်းထောင်အတွင်းတွင် ထိန်းသိမ်းရ ခက်ခဲသော အကျဉ်းသားလူတန်းစားတစ်ရပ် ဖြစ်နေသဖြင့် ၎င်းတို့အား သီးခြားအကျဉ်းထောင်တစ်ခုတွင် စုစည်းထားရှိပြီး အထူးစည်းမျဉ်းစည်းကမ်းများသတ်မှတ်ကာ ထိန်းသိမ်းထားရှိနိုင်ရေးအတွက် စဉ်းစားသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

၁၁၃။ အကျဉ်းစခန်းများ စစ်ဆေးမှုအနေဖြင့် ၂၀၁၇ ခုနှစ်အတွင်း၌ ၂၅ ကြိမ် စစ်ဆေးနိုင်ခဲ့ပါသည်။[၅၂] မြန်မာနိုင်ငံတွင် အကျဉ်းစခန်းပေါင်း ၅၀ ခုရှိသဖြင့် ကျန်ရှိနေသော အကျဉ်းစခန်း ၂၅ ခုအား ၂၀၁၈ ခုနှစ်အတွင်း ဆက်လက် စစ်ဆေးသွားမည် ဖြစ်ပါသည်။ ရဲစခန်းအချုပ်ခန်း ၅၃ ခု၊ တရားရုံးအချုပ်ခန်း ၄၅ ခု၊ ဆေးရုံအချုပ်ခန်း ၁၂ ခုတို့ကိုလည်း စစ်ဆေးနိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်က ရဲစခန်းအချုပ်ခန်းပေါင်း ၁၆ ခု စစ်ဆေးနိုင်ခဲ့သဖြင့် ယခုနှစ်တွင် ၃ ဆကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့အတူ ၂၀၁၆ ခုနှစ်က တရားရုံးအချုပ်ခန်း ၅ ခန်းသာ စစ်ဆေးနိုင်ခဲ့သဖြင့် ယခုနှစ်

[၅၂] စစ်ဆေးပြီး အကျဉ်းစခန်းများစာရင်းအား နောက်ဆက်တွဲ (ပ) ဖြင့် ဖော်ပြအပ်ပါသည်။

တွင် ၉ ဆ ပိုမိုလုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ အလားတူ ဆေးရုံအချုပ်ခန်းကို ၂၀၁၆ ခုနှစ်က ၅ ခန်း စစ်ဆေးခဲ့ရာမှ ယခုနှစ်တွင် ၁၂ ခန်း စစ်ဆေးနိုင်ခဲ့ခြင်းကြောင့် ၂ ဆကျော် ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

## ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများအား စစ်ဆေးမှုအပေါ် သုံးသပ်ချက်

၁၁၄။ အကျဉ်းထောင်နှင့် အကျဉ်းစခန်းများအား စစ်ဆေးရာတွင် ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သို့ သီးခြား လွတ်လပ်စွာ သတင်းပို့တင်ပြခွင့် ပြုခဲ့သဖြင့် သတင်းပို့တင်ပြသူ အကျဉ်းသားပေါင်းမှာ အကျဉ်းထောင်များတွင် ၃၂၀ ဦး၊ အကျဉ်းစခန်းများတွင် ၁၃၃ ဦး၊ စုစုပေါင်း ၄၅၃ ဦး ရှိခဲ့ပါသည်။ ယခင် ၂၀၁၆ ခုနှစ်က လွတ်လပ်စွာ သတင်းပို့တင်ပြခဲ့သော အကျဉ်းသား ၁၁၅ ဦး ရှိခဲ့ရာမှ ၂၀၁၇ ခုနှစ်တွင် ၄၅၃ ဦး ရှိလာသဖြင့် ယခင်နှစ်ကထက် ၄ ဆခန့် ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရသဖြင့် ကော်မရှင်အပေါ် ယုံကြည်အားကိုးမှု ပိုမိုရရှိလာသည်ဟု သုံးသပ်နိုင်သကဲ့သို့ ကော်မရှင်အနေဖြင့်လည်း အကျဉ်းသားများ၏ လူ့အခွင့်အရေးအခြေအနေ တိုးတက်မှု ရရှိစေရေးအတွက် အကျဉ်းဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် များစွာအထောက်အကူရရှိစေခဲ့ပါသည်။

၁၁၅။ အကျဉ်းသားများသည် ၎င်းတို့၏ အခက်အခဲကို သီးခြားလွတ်လပ်စွာ တင်ပြကြရာတွင် အများစုမှာ အကျဉ်းထောင်အတွင်း လူ့အခွင့်အရေး အခြေအနေများကိုတင်ပြခြင်းထက် ၎င်းတို့အပေါ် အပြစ်မရှိဘဲ အထင်အမြင်လွဲမှားပြီး ပြစ်ဒဏ်ချမှတ်ခံရခြင်း၊ တရားစွဲအဖွဲ့၏ လိုအပ်ချက်ကြောင့်ဖြစ်စေ၊ တရားရုံး၏ ဆုံးဖြတ်ချက်ကြောင့်ဖြစ်စေ ပြစ်ဒဏ် မကျသင့်ဘဲ ကျခံခဲ့ရခြင်း၊ သံသယအကျိုးကို ခံစားခွင့် ဆုံးရှုံးပြီး မသေချာသော စွပ်စွဲမှုဖြင့် အကျဉ်းကျခံခဲ့ရခြင်းများကို တင်ပြကြသူ ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။

## ကွင်းဆင်းစစ်ဆေးခြင်း ဆောင်ရွက်မှုများအပေါ် သုံးသပ်ချက်

၁၁၆။ တိုင်တန်းစာများအနက် အချို့ အမှုကိစ္စများသည် ကွင်းဆင်းစစ်ဆေးရန် လိုအပ်သည့်အတွက် ဖြစ်စဉ်ဖြစ်ပွားရာ နေရာဒေသအထိ သွားရောက်ကွင်းဆင်း လေ့လာစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ရပါသည်။ ပြည်တွင်းတိုင်တန်းချက်များအရ ကွင်းဆင်းစစ်ဆေးခဲ့သည့် အကြိမ်ပေါင်း ၁၇ ကြိမ်ရှိခဲ့ပြီး ပြည်ပအကြောင်းကြားစာ တစ်ခုဖြစ်သည့် မလေးရှားနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ပေးစာအရ မြိတ်မြို့နယ်ရှိ MSPP ဆီအုန်းကုမ္ပဏီနှင့်ပတ်သက်၍ ကွင်းဆင်းစုံစမ်းစစ်ဆေးမှု ၁ ကြိမ်၊ လူမှုကွန်ရက်မီဒီယာများမှ တွေ့ရှိချက်အရ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကွင်းဆင်းစစ်ဆေးမှု ၆ ကြိမ် ရှိခဲ့ပါသည်။ ထူးခြားဆောင်ရွက်မှုအနေဖြင့် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောဒေသတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိနေကြောင်း ပြည်ပစွပ်စွဲချက်များအရ ကွင်းဆင်းကြည့်ရှုလေ့လာမှုကို ၂ ကြိမ် ပြုလုပ်နိုင်ခဲ့သဖြင့် ၂၀၁၇ ခုနှစ်အတွင်း ကွင်းဆင်းစုံစမ်းစစ်ဆေးမှု ပေါင်း ၂၆ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်က ကွင်းဆင်း စစ်ဆေးမှု ၆ ကြိမ်သာ ပြုလုပ်နိုင်ခဲ့ခြင်းကြောင့် ယခင်နှစ်ကထက် ၄ ဆကျော် တိုးတက် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများ၏ ၂၀၁၆ -၂၀၁၇ ခုနှစ် ဆောင်ရွက်မှုများကို နှိုင်းယှဉ်သုံးသပ်ချက်**

၁၁၇။ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းများ စစ်ဆေးမှုကို ယခင်နှစ်ဆောင်ရွက်မှုများနှင့် နှိုင်းယှဉ်လေ့လာကြည့်ပါက အောက်ပါအတိုင်းအဆများစွာ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။ -

| စဉ် | အကြောင်းအရာ | ၂၀၁၆ | ၂၀၁၇ | မှတ်ချက် |
|---|---|---|---|---|
| (၁) | အကျဉ်းထောင်ပေါင်း | ၉ | ၃၀ | ၃ ဆ |
| (၂) | အကျဉ်းစခန်းပေါင်း | ၅ | ၂၅ | ၅ ဆ |
| (၃) | ရဲစခန်းအချုပ်ခန်းပေါင်း | ၁၆ | ၄၈ | ၃ ဆ |
| (၄) | တရားရုံးအချုပ်ခန်းပေါင်း | ၅ | ၄၅ | ၉ ဆ |
| (၅) | ဆေးရုံအချုပ်ခန်း | ၅ | ၁၂ | ၂ ဆ |
| | **စုစုပေါင်းချုပ်** | **၄၀** | **၁၆၀** | **၄ ဆ** |
| (၆) | တွေ့ဆုံခဲ့သော အကျဉ်းသားများ | ၁၁၅ | ၄၅၃ | ၄ ဆ |
| (၇) | ကွင်းဆင်းစစ်ဆေးခြင်း | ၆ | ၂၆ | ၄ ဆ |

**ပြည်ထောင်စုဝန်ကြီးဌာနများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် သုံးသပ်ချက်**

၁၁၈။ ၂၀၁၇ ခုနှစ်အတွင်း ကော်မရှင်မှ စိစစ်ပေးရန် ပေးပို့ခဲ့သည့် တိုင်တန်းချက်များအပေါ် နိုင်ငံတော် သမ္မတရုံးအပါအဝင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများထံမှ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များအပေါ် အလေးထားလုပ်ဆောင်ပြီး ပြန်ကြားချက်များကို တိကျရှင်းလင်းပြီး ပွင့်လင်းမြင်သာသော ပြန်ကြားချက်များရရှိခဲ့သည်ကို ယခင်နှစ်များက ထက် ပိုမိုတွေ့ရှိရပါသည်-

(က) **နိုင်ငံတော်သမ္မတရုံး**။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် အစာရေစာရှားပါးမှု ကြုံတွေ့နေရကြောင်း ပြည်ပအခြေစိုက် အဖွဲ့အစည်းတစ်ခုဖြစ်သော **IWGIA** မှ ပေးပို့သည့် တိုင်တန်းချက်ကို ကော်မရှင်မှ နိုင်ငံတော်သမ္မတရုံးသို့ ပေးပို့တင်ပြခဲ့ရာ နိုင်ငံတော်သမ္မတရုံးမှ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အရေးယူ ဆောင်ရွက်နိုင်ရေး ဆက်လက် ပေးပို့ခဲ့ပါသည်။

(ခ) **ကာကွယ်ရေးဝန်ကြီးဌာန**။ တိုင်တန်းချက်များအပေါ် စနစ်တကျ လေ့လာစိစစ်မှုများ ပြုလုပ်ခဲ့ပြီး အရေးယူရန်လိုအပ်ပါက တိကျစွာ အရေးယူ၍ အောက်ပါအတိုင်း ပွင့်လင်းမြင်သာစွာ ပြန်ကြားခဲ့ခြင်းများသည် လူ့အခွင့်အရေးကို အလေးထားလုပ်ဆောင်မှုများဖြစ်သည်ဟု သုံးသပ်ရရှိပါသည်-

(၁) ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ နတ်ကျောက်ကျေးရွာမှ ရွာသား ၄ ဦးအား ခြေမြန်တပ်ရင်း တစ်ရင်းမှ စစ်ဆင်ရေးတာဝန် ထမ်းဆောင်စဉ် ခေတ္တ

ခေါ်ယူသွားရာ ရွာသားတစ်ဦး ပျောက်ဆုံးသွားခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ ကော်မရှင်မှ ကာကွယ်ရေးဝန်ကြီးဌာနသို့ ၂၈-၁၀-၂၀၁၆ ရက်နေ့က မေးမြန်းခဲ့ရာ ဝန်ကြီးဌာနမှ စနစ်တကျစုံစမ်းစိစစ်၍ တာဝန်ရှိသော တပ်ရင်းမှူးအား အရေးယူအပြစ်ပေးခြင်း၊ စစ်ဗျူဟာမှူးကိုယ်တိုင် အဆိုပါ ကျေးရွာသို့ သွားရောက်၍လိုအပ်သည့် ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခြင်းများ ပြုလုပ်ပြီး ကော်မရှင်သို့ ၃-၁-၂၀၁၇ ရက်စွဲဖြင့် အကြောင်းပြန်ကြားခဲ့ပါသည်။

(၂) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ခေါဇာမြို့၊ မကျည်းချောင်းဝကျေးရွာနေ အရပ်သား ၂ ဦးကို သောင်းကျန်းသူများနှင့် မှားယွင်းပစ်ခတ်ခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ ကော်မရှင်မှ ကာကွယ်ရေးဝန်ကြီးဌာနသို့ ၃-၁-၂၀၁၇ ရက်စွဲဖြင့် မေးမြန်းခဲ့ရာ ဝန်ကြီးဌာနမှ အဆိုပါ မှားယွင်းပစ်ခတ်ခဲ့သူ ဗိုလ်ကြီးအဆင့်ရှိ အရာရှိအား တပ်မတော်မှ ရှုံ့ချ၍ အမြဲတမ်းထုတ်ပစ်ခဲ့ပြီး အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ၁၉-၁-၂၀၁၇ ရက်စွဲဖြင့် အကြောင်းပြန်ကြားလာခဲ့ပါသည်။

(၃) ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ မောင်ဂွမ်ဆိုင်းအောင် သေနတ်ထိမှန်သေဆုံးခဲ့မှုအတွက် ကော်မရှင်မှ ကာကွယ်ရေးဝန်ကြီးဌာနသို့ ၆-၁-၂၀၁၇ ရက်စွဲဖြင့် မေးမြန်းခဲ့ရာ ဝန်ကြီးဌာနမှ စုံစမ်းစစ်ဆေးရေးခုံရုံး ဖွဲ့စည်းစစ်ဆေးပြီး စစ်တရားရုံးမှ အဆိုပါ တာဝန်ရှိသူ တပ်သားအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ် ကျခံစေရန်နှင့် စစ်မှုထမ်းခြင်းမှ အမြဲတမ်းထုတ်ပစ်စေရန် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း ၁၄-၂-၂၀၁၇ ရက်စွဲဖြင့် အကြောင်းပြန်ကြားလာခဲ့ပါသည်။

(၄) ရှမ်းပြည်နယ်၊ မန်တုံမြို့နယ်၊ တအောင်း (ပလောင်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းမိုးနှင့် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် ၁၀ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးမိုင်းအုဏ်းခိုင်က မန်တုံမြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများမှ ဒေသခံတိုင်းရင်းသားများအပေါ် ပြုမူဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ကော်မရှင်မှ ကာကွယ်ရေးဝန်ကြီးဌာနသို့ ၂၉-၈-၂၀၁၇ ရက်စွဲဖြင့် မေးမြန်းခဲ့ရာဝန်ကြီးဌာနမှ တိုင်တန်းချက်အပေါ် စိစစ်မှုများပြုလုပ်ပြီး အဓိကကျူးလွန်သူ ဒုတိယတပ်ကြပ်တစ်ဦးအား စစ်စည်းကမ်းအရ အရေးယူခြင်းနှင့် တာဝန်ရှိသူ ဗိုလ်မှူးကြီးအဆင့်ရှိ အရာရှိကြီးတစ်ဦးအား အပြစ်ဖော်ပြသတိပေးဆုံးမခြင်းများ ပြုလုပ်သွားမည်ဟု ၂၉-၁၁-၂၀၁၇ ရက်စွဲဖြင့် ပြန်ကြားလာခဲ့ပါသည်။

(၅) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ လဟယ်မြို့နယ် ယမ်းကြုံ၊ လောင်ဂီးနှင့် ကာမွေလောရီ ကျေးရွာသားများဖြစ်သည့် ပညာရေးဝန်ထမ်းများနှင့်

ကျေးရွာအုပ်ချုပ်ရေးမှူး အပါအဝင် ၁၅ ဦးအား ၂၆-၅-၂၀၁၇ ရက်နေ့ ညနေတွင် ယင်းဒေသရှိ တပ်ရင်းမှူးနှင့် စစ်သည်အချို့က သေနတ်ပစ် ဖောက်ပြီး ကြိုးတုတ်ခြင်း၊ အဝတ်ချွတ်ခြင်း၊ မဖွယ်မရာပြုခြင်း၊ ထိုးကြိတ် ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သည့်ကိစ္စ တိုင်တန်းချက်ကို ၉-၆-၂၀၁၇ ရက်နေ့တွင် လက်ခံရရှိပြီး ၃၀-၆-၂၀၁၇ ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာနသို့ အကြောင်းကြားခဲ့ရာ ၁၇-၈-၂၀၁၇ ရက်နေ့တွင် အရေးယူနေကြောင်း ကနဦး ပြန်ကြားခဲ့ပါသည်။ ၎င်းနောက် အဆိုပါ တပ်ရင်းမှူးကို ရှုံ့ချ၊ ထုတ်ပစ်၊ ထောင် ၂ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း ၇-၁၂-၂၀၁၇ ရက် နေ့တွင် ပွင့်လင်းမြင်သာစွာ ပြန်ကြားလာခဲ့ပါသည်။

(ဂ) **ပြည်ထဲရေးဝန်ကြီးဌာန**။ တိုင်တန်းချက်များအပေါ် စနစ်တကျ လေ့လာစိစစ်မှု များ ပြုလုပ်ခဲ့ပြီး အရေးယူရန်လိုအပ်သည်များကိုလည်း တိကျစွာ အရေးယူ၍ အောက်ပါ အတိုင်း ပြန်ကြားခဲ့ခြင်းများသည် လူ့အခွင့်အရေးကို ပိုမို အလေးထား လုပ်ဆောင် လာသည်ဟု သုံးသပ်ရရှိပါသည်-

(၁) ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်နေ နစ်နာသူတစ်ဦးက ၎င်းကို ကျူးလွန်သူက မဟုတ်မမှန် စွပ်စွဲပြီး အသင့်ပါလာသော သနပ်ခါးတုံးဖြင့် ခေါင်းအား ထုရိုက်ခဲ့သဖြင့် ဒဏ်ရာရရှိခဲ့သောကြောင့် ရဲစခန်းသို့ ရဲဆေးစာနှင့်တကွ အမှုသွားဖွင့်သော်လည်း အမှုဖွင့်မပေးခြင်း၊ ရဲတပ်ကြပ်ကြီး (စာရေး) သည် နစ်နာသူအား ပျူငှါစွာဆက်ဆံမှုမရှိခြင်း၊ အမှုစစ်ဆေးရာတွင် အခင်းဖြစ်ပွားရာ၌ ကျူးလွန်သူများ အသုံးပြုခဲ့သည့် ပစ္စည်းတို့အား သိမ်းဆည်းခြင်းမရှိဘဲ တရားစွဲဆို တင်ပို့ခဲ့ခြင်းများ ပြုလုပ်ခဲ့ကြောင်း တိုင်တန်းချက်အရ ကော်မရှင်မှ ပြည်ထဲရေးဝန်ကြီးဌာနသို့ ၂၇-၄-၂၀၁၇ ရက်စွဲပါစာဖြင့် ပေးပို့ခဲ့ရာ စခန်းမှူးသည် မိမိလက်အောက် တပ်ဖွဲ့ဝင်များအား ကြီးကြပ်ကွပ်ကဲမှု အားနည်းခြင်း၊ အခင်းဖြစ်ပွားပြီး ၅ ရက်ကြာမှ အမှုဖွင့်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည့်အတွက် တာဝန်ရှိသူတို့အား ရဲစည်းကမ်းထိန်းသိမ်းရေး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ၈-၈-၂၀၁၇ ရက်စွဲပါစာဖြင့် အကြောင်းပြန်ကြားလာပါသည်။

(၂) မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အင်းဖြောင်ကုန်ထုတ်စခန်း၌ ကျောက်တုံးပိ၍ ဒဏ်ရာများ ရရှိခဲ့သော အကျဉ်းသားတစ်ဦးအား ဆေးဝါးကုသပေးခြင်း မရှိသည့် ကိစ္စနှင့်စပ်လျဉ်း၍ ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့၏ ၁၈-၈-၂၀၁၇ ရက်စွဲပါစာဖြင့် အကြံပြုချက်များ ပေးပို့ခဲ့ရာ စခန်းတာဝန်ခံအား ဌာနဆိုင်ရာ အရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပြီး ဒဏ်ရာရရှိသည့် အကျဉ်းသားအား ဆေးရုံသို့ တင်ပို့ကုသပေးခဲ့ပြီး ယခုအခါ ဆေးရုံမှ အကျဉ်းထောင်သို့ ပြန်ရောက်နေပြီဖြစ်ကြောင်းနှင့် အကျဉ်းထောင် တာဝန်ခံ

အရာရှိများအနေဖြင့် ဆေးရုံဆရာဝန်၊ ဆရာမများ၏ တင်ပြအကြံပြုချက်များကို အလေးထားဆောင်ရွက်သွားရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း ၁၆-၉-၂၀၁၇ ရက်စွဲပါစာဖြင့် ပြည်ထဲရေးဝန်ကြီးဌာနက အကြောင်း ပြန်ကြားလာပါသည်။ အဆိုပါ အကျဉ်းထောင်တာဝန်ခံ အရာရှိအား ရာထူးတိုးမြှင့်ခြင်း ရပ်ဆိုင်းသည့်ပြစ်ဒဏ် ချမှတ်လိုက်သည်ဟု သိရှိရပါသည်။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့မရဲစခန်းရှိ တာဝန်ရှိသူများက အချုပ်သားတစ်ဦးအား ညှဉ်းပန်းနှိပ်စက်ခဲ့သည်ဟု တိုင်ကြားသည့်ကိစ္စနှင့်စပ်လျဉ်း၍ ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့၏ အကြံပြုချက်ကို ၂၈-၇-၂၀၁၇ ရက်စွဲပါစာဖြင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ရာ သက်သေများ၏ ထွက်ဆိုချက်အရ အမှုစစ်ရဲအရာရှိသည် စွပ်စွဲခံရသူမှ ရန်ပြုရန်ဆောင်ရွက်ခဲ့သည်ကို ဟန့်တားခဲ့ရာတွင် မဆင်မခြင် ပြုလုပ်ခြင်းကြောင့် ဒဏ်ရာရရှိခဲ့သဖြင့် ယင်းအမှုစစ်ရဲအရာရှိအား ရဲစည်းကမ်း ထိန်းသိမ်းရေး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပြီး ကြီးကြပ်ကွပ်ကဲမှု အားနည်းသူ လှိုင်သာယာမြို့မ ရဲစခန်းမှူးအား ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ မှတ်တမ်းဝင် လက်မှတ်ရေးထိုး သတိပေးခဲ့ပြီးဖြစ်ကြောင်း ဝန်ကြီးဌာနက ၂၂-၈-၂၀၁၇ ရက်စွဲပါစာဖြင့် အကြောင်းပြန်ကြားလာပါသည်။

(၄) ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့နယ်နေ အုပ်ချုပ်ရေးမှူးနှင့် ရဲတပ်ဖွဲ့ဝင်တို့၏ တာဝန်မဲ့မှုများကို အရေးယူပေးပါရန် တိုင်တန်းလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ ကော်မရှင်က ၉-၆-၂၀၁၇ ရက်စွဲပါစာဖြင့် ပထမအကြိမ်၊ ၂-၈-၂၀၁၇ ရက်စွဲပါစာဖြင့် ဒုတိယအကြိမ် ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ရာ တိုင်တန်းသူ၏သမီးသည် နေအိမ်တွင် ကြိုးဆွဲချ သေဆုံးခဲ့သဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ် မဟုတ် စစ်ဆေးခဲ့ရာ တိုင်တန်းသူ၏ သမီးဖြစ်သူအားသူမ၏ ရည်းစားဖြစ်သူနှင့် အမည်မသိသူတို့က သားမယား ပြုကျင့်သွားကြောင်း သမီးဖြစ်သူမှ မသေဆုံးခင် ပြောပြသိရှိရ၍ ကွမ်းခြံကုန်းမြို့မရဲစခန်းတွင် ရာဇသတ်ကြီးပုဒ်မ ၃၇၆ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး အမှန်တကယ် ပြစ်မှုကျူးလွန်သူ တရားခံ ၃ ဦးအား တရားစွဲဆို တင်ပို့ထားပြီးဖြစ်ပါကြောင်း ဝန်ကြီးဌာနက ၁၄-၉-၂၀၁၇ ရက်စွဲပါစာဖြင့် ပြန်ကြားလာပါသည်။

(ဃ) **အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**။ ကော်မရှင်၏ အကြောင်းကြားစာများအပေါ် စုံစမ်းစိစစ်မှုများ ပြုလုပ်ခဲ့ပြီး နစ်နာသူများအတွက် ထိုက်သင့်သည့် အခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ပေးခဲ့မှုများကို ပြန်ကြားခဲ့ခြင်းများသည် လူ့အခွင့်အရေးကို အလေးထား လုပ်ဆောင်မှုများ ဖြစ်သည်ဟု သုံးသပ်ရရှိပါသည်-

(၁) ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်ရှိ ကျေးရွာတစ်ရွာရှိ မိုက်ကယ် (ကျားပိုက်) ရေလုပ်ငန်းမှ အလုပ်ရှင် ဇနီးမောင်နှံက အလုပ်သမားများအား လုပ်ငန်းခွင်အတွင်း သေဆုံးမှုကို တာဝန်မယူသည့်အတွက် ထိရောက်စွာ အရေးယူပေးပါရန် တိုင်ကြားလာခြင်းကြောင့် အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ၉-၁၀-၂၀၁၇ ရက်စွဲပါစာဖြင့် ပေးပို့ခဲ့ရာ ၁၆-၁၁-၁၇ ရက်နေ့တွင် ဖျာပုံမြို့နယ်၊ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီက သေဆုံးသူအလုပ်သမား၏ မိခင်ဖြစ်သူနှင့် အလုပ်ရှင်တို့အား ညှိနှိုင်းစိစစ်ဆောင်ရွက်ပေးခဲ့ပြီး အလုပ်သမားလျော်ကြေးငွေ ကျပ် ၁.၅ သိန်းနှင့် ကရုဏာကြေးငွေ ကျပ် ၄.၅ သိန်း စုစုပေါင်းငွေကျပ် ၆ သိန်းကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း အဆိုပါ ဝန်ကြီးဌာနမှ ၂၀-၁၂-၁၇ ရက်စွဲပါစာဖြင့် ပြန်ကြားလာခဲ့ပါသည်။

(၂) မြဝတီမြို့၌ လူဝင်မှုကြီးကြပ်ရေးဥပဒေဖြင့် ထိန်းသိမ်းခံနေရသော မလေးရှားနိုင်ငံသား ၄ ဦးအား ကူညီဆောင်ရွက်ပေးပါရန် မလေးရှားနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က e-mail ပေးပို့လာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ၁၉-၉-၂၀၁၇ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ရာ အဆိုပါ မလေးရှားနိုင်ငံသား ၄ ဦး အပါအဝင် ၉ ဦးအား ၂၀-၉-၂၀၁၇ ရက်နေ့တွင် ပြည်နှင်မိန့် ချမှတ်ခဲ့ပြီး ၂၃-၉-၂၀၁၇ ရက်နေ့တွင် မလေးရှားနိုင်ငံသို့ ပြန်လည် ပို့ဆောင်ပေးခဲ့ပြီးကြောင်း အဆိုပါ ဝန်ကြီးဌာနမှ ၈-၁၁-၂၀၁၇ ရက်စွဲပါစာဖြင့် ပြန်ကြားလာပါသည်။

(၃) ရန်ကုန်တိုင်းဒေသကြီး၊ ကမ္ဘာအေးဘုရားလမ်းရှိ ဟိုတယ်ဝန်ထမ်းတစ်ဦးက အလုပ်သမား ရပိုင်ခွင့် ဆုံးရှုံးနစ်နာနေကြောင်း တင်ပြတိုင်ကြားလာသည့်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသို့ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေး ၂၄-၃-၂၀၁၇ ရက်စွဲပါစာဖြင့် ပေးပို့ခဲ့ရာ ၂၆-၄-၂၀၁၇ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်ရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနရုံး၌ အလုပ်ရှင်နှင့် အလုပ်သမားတို့အား ညှိနှိုင်းပေးခဲ့ပြီး နစ်နာသူ အလုပ်သမားအား နို့တစ်ကြေးနှင့် အလုပ်ရပ်စဲမှု နစ်နာကြေး ကျပ် ၃.၅ သိန်း ပေးချေခဲ့ပြီးဖြစ်ကြောင်း ဝန်ကြီးဌာနမှ ၁၅-၅-၂၀၁၇ ရက်စွဲပါစာဖြင့် ပြန်ကြားလာပါသည်။

(၄) ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံစက်မှုဇုန်ရှိ ကုမ္ပဏီတစ်ခု၏ Laser Cutting Operator ဝန်ထမ်းတစ်ဦးက လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် အလုပ်သမား ရပိုင်ခွင့် ဆုံးရှုံးနစ်နာမှုအတွက် တင်ပြတိုင်ကြားလာသည့်အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနသို့ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ၄-၃-၂၀၁၇ ရက်စွဲပါစာ

ဖြင့်အကြောင်းကြားခဲ့ရာ ၁၁-၄-၂၀၁၇ ရက်နေ့တွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က အလုပ်ရှင်နှင့် အလုပ်သမားတို့အား ညှိနှိုင်းပေးခဲ့ရာ နစ်နာသူ အလုပ်သမားအား ကရုဏာကြေး ထောက်ပံ့ငွေကျပ် ၃ သိန်း ပေးချေပြီးကြောင်း ဝန်ကြီးဌာနက ပြန်ကြားလာခဲ့ပါသည်။

(၅) ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်ရှိ ငါးဖမ်းစက်လှေတစ်စင်းတွင် လှေလုပ်သားအဖြစ် အလုပ်လုပ်ကိုင်နေစဉ် စက်လှေပေါ်မှ ပြုတ်ကျ သေဆုံးခဲ့သဖြင့် အလုပ်သမား ရပိုင်ခွင့် ဆုံးရှုံးနစ်နာမှုအတွက် တင်ပြတိုင်ကြားလာခြင်းနှင့် စပ်လျဉ်း၍ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ၂၀-၁-၂၀၁၇ ရက်စွဲပါစာဖြင့် လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရေး အကြောင်းကြားခဲ့ရာ ကျောက်တံတားမြို့နယ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနက ၁၅-၂-၂၀၁၇ ရက်နေ့က စိစစ်ရာတွင် သေဆုံးသူ၏ မိခင်ဖြစ်သူက သေဆုံးကြောင်းအထောက်အထား မပြနိုင်သဖြင့် အလုပ်သမားလျော်ကြေးအက်ဥပဒေနှင့် ညီညွတ်မှုမရှိသော်လည်း အလုပ်ရှင်နှင့် ညှိနှိုင်းပေးခဲ့ခြင်းကြောင့် ကရုဏာကြေး ကျပ် ၁၀ သိန်းပေးချေခဲ့ကြောင်း ဝန်ကြီးဌာနမှ ၂၁-၂-၂၀၁၇ ရက်စွဲပါစာဖြင့် ပြန်ကြားလာခဲ့ပါသည်။

(၆) ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ဆေးဝါးစက်ရုံမှ ဝန်ထမ်းတစ်ဦးဖြစ်သူ ဒေါ်ခင်ငြိမ်းငြိမ်းသည် လုပ်ငန်းခွင် ထိခိုက်ဒဏ်ရာရရှိပြီး အလုပ်သမားအခွင့်အရေး ဆုံးရှုံးခဲ့ရကြောင်း တိုင်ကြားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ၂၈-၆-၂၀၁၇ ရက်စွဲပါစာဖြင့် ပေးပို့ခဲ့ရာ ၁၁-၇-၂၀၁၇ ရက်နေ့တွင် နစ်နာသူအား ဆေးကုသမှုစရိတ် ကျပ် ၅ သိန်းနှင့် ခရီးစရိတ် ကျပ် ၂ သိန်း စုစုပေါင်း ကျပ် ၇ သိန်း ထောက်ပံ့ပေးခဲ့ပြီး ရန်ကုန်အလုပ်သမား ဆေးရုံကြီးတွင် ဆေးဝါးကုသမှု ဆက်လက် ခံယူလျက်ရှိကြောင်း ဝန်ကြီးဌာနမှ ၁၀-၈-၂၀၁၇ ရက်စွဲပါစာဖြင့် ပြန်ကြားလာပါသည်။

(င) **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**။ ကော်မရှင်၏ အကြောင်းကြားစာများအပေါ် လိုအပ်သည့် စုံစမ်းမှု၊ ညှိနှိုင်းဖျန်ဖြေမှုများပြုလုပ်ခဲ့ပြီး နစ်နာသူများအတွက် ထိုက်သင့်သည့် အခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ပေးခဲ့ကြောင်း ပြန်ကြားခဲ့ခြင်းများသည် လူ့အခွင့်အရေးကို အလေးထားလုပ်ဆောင်မှုများဖြစ်သည်ဟု သုံးသပ်ရရှိပါသည်-

(၁) ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မရမ်းချောင်းကျေးရွာအုပ်စု၊ ရေနက်ကြီး ကျေးရွာ၊ (၃) ရပ်ကွက်နေ ဦးမောင်ကြွက်မှ ၎င်း၏သမီးဖြစ်သူ မသီတာ (၁၄) နှစ်အား ပါရမီ၊ ညောင်ပင်မှတ်တိုင်အနီးရှိ စစ်တပ် ဝန်ထမ်းအိမ်ရာတွင် နေထိုင်သူ ဦးကိုကိုဝင်းနှင့် ဇနီးဖြစ်သူ ဗိုလ်ကြီး နွဲ့ရီဟန်တို့

အိမ်တွင် အိမ်အကူအဖြစ် တစ်လလျှင် ထမင်းကျွေး ခြောက်သောင်းကျပ်နှုန်းဖြင့် ၁၄-၁၀-၂၀၁၅ ရက်နေ့တွင် စတင်လုပ်ကိုင်စေခဲ့ပြီး ၈ ရက် အကြာတွင် ဦးမောင်ကြွက်၏ ဆီးကျောက်ရောဂါအတွက် ခွဲစိတ်ရန် ငွေလိုသဖြင့် သမီးဖြစ်သူ၏လစာထဲမှာ တလလျှင် သုံးသောင်းကျပ် ခုနှိမ်စေကာ ကြိုတင်ငွေထုတ်ယူခဲ့ပါသည်။ သို့ရာတွင် သမီးဖြစ်သူထံ လစဉ် လစာငွေ သုံးသောင်းကျပ် ပေးချေခြင်းမရှိခြင်း၊ ၎င်းတို့ဇနီးမောင်နှံမှာ အပြင်သွားတိုင်း သမီးဖြစ်သူအား တိုက်ခန်းအတွင်း ပိတ်ထားခဲ့ခြင်း၊ အလုပ်လုပ်ရာတွင် နှေးကွေးသည့်အတွက် ခြေဖြင့် ကန်ကျောက်ခြင်းများ ပြုလုပ်ပြီး အဖိုးဖြစ်သူဆုံးပါး၍ မသီတာအား နေအိမ်သို့ပြန်ခေါ်ခဲ့ပြီး ပြန်မပို့ဖြစ်ခဲ့သဖြင့် အိမ်ရှင်ဇနီးမောင်နှံမှ တရားစွဲဆိုနေကြောင်း တိုင်တန်းလာသဖြင့် ကော်မရှင်မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ၂၂-၉-၂၀၁၇ ရက်စွဲပါစာဖြင့် အကြောင်းကြားစာ ပေးပို့ခဲ့ရာ အိမ်ရှင် ဇနီးမောင်နှံမှ ဦးမောင်ကြွက်အား ဆေးကုပေးထား၍ ကျေးဇူးဆပ်လိုပြီး အိမ်အကူလခလည်း ပိုရမည်ဖြစ်သဖြင့် လခ ငါးသောင်းကျပ်ရသည့် အခြားအိမ်မှ ပြောင်းကာ ယင်းအိမ်တွင် အလုပ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးအား မေးမြန်းရာတွင် မသီတာတို့ မိသားစုမှာ ရပ်ကွက်ထဲတွင် နာမည်ပျက်ရှိကြောင်းနှင့် မသီတာနှင့် အတူလုပ်ကိုင်သော အိမ်အကူကိုမေးမြန်းရာတွင် မသီတာတို့မိသားစု ထိုသို့လုပ်ဆောင်နေသည်မှာ တစ်ကြိမ်တည်း မဟုတ်ဟု ဖြေကြားခဲ့ကြောင်း၊ မသီတာမှာ အသက် ၁၄ နှစ်မဟုတ်ဘဲ ၃၇ နှစ်ဖြစ်ကြောင်း၊ ၎င်းအား ညှဉ်းပန်းနှိပ်စက်သည်ဆိုသည့် ဗိုလ်ကြီးဒေါ်နွဲ့ရီဟန်မှာ မသီတာထက် ခန္ဓာကိုယ်သေးသူဖြစ်ကြောင်း၊ ပေးရန်ကျန်ငွေ ကျပ် ၈ သိန်းအား ပြန်မပေးလို၍ လိမ်လည်တိုင်တန်းခဲ့သည်ဟု ယူဆရကြောင်း ၁၉-၁၂-၂၀၁၇ ရက်စွဲပါစာဖြင့် ပြန်ကြားလာပါသည်။

(၂) ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပုဏ္ဏားစုရပ်ကွက်နေ ဒေါ်သင်းသင်းကြည်မှ ဦးဟန်ဝင်းအောင်ဆိုသူနှင့် တရားဝင်လက်ထပ် ထိမ်းမြားပြီး ကိုယ်ဝန် ၁၀ လ ရရှိလာချိန်တွင် ခင်ပွန်းဖြစ်သူမှ ကွာရှင်းစာချုပ်ပေါ်တွင် လက်မှတ်ရေးထိုးခိုင်းကာ ထွက်ပြေးတိမ်းရှောင်နေကြောင်း၊ ဖခင်ဝတ္တရား ပျက်ကွက်နေကြောင်း တိုင်တန်းချက်အရ ကော်မရှင်မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ၂၀-၇-၂၀၁၇ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ရာ တိုင်တန်းသူသည် ဦးကျော်လင်းဆိုသူနှင့် ၄ နှစ်ခန့် ပေါင်းသင်းပြီး သား ၁ ဦးမွေးဖွားပြီးနောက် ခင်ပွန်းဖြစ်သူ ကွယ်လွန်ခဲ့ပါသည်။ ယင်းနောက် တိုင်တန်းသူမှာ ကိုဟန်ဝင်းအောင်နှင့် facebook မှ တစ်ဆင့် ရင်းနှီးခဲ့ပြီး လက်ထပ်ခဲ့ပါသည်။ လက်မှတ်ရေးထိုးချိန်၌ တိုင်တန်းသူတွင် အိမ်ထောင်နှင့် ကလေးရှိခဲ့ခြင်းကို ကိုဟန်ဝင်းအောင်မှ မသိရှိခဲ့ရကြောင်း၊ ခင်ပွန်းသည်အိမ်တွင် လိုက်နေရင်း ကလေးအား ခေါ်ထားလို

ကြောင်း ပြောမှသာ ခင်ပွန်းနှင့် မိဘများ သိရှိခဲ့ရာမှစ၍ အိမ်ထောင်ရေး အဆင်မပြေဖြစ်ကာ ရပ်ကွက်ရုံးတွင် တရားဝင် ကွာရှင်းခဲ့ကြခြင်းဖြစ်ကြောင်း၊ ကွာရှင်းပြီးနောက်မှ ကိုယ်ဝန်ရှိနေသဖြင့် ကာမလိမ်လည်မှုဖြင့် အမှုဖွင့်တရားစွဲဆိုခဲ့ရာ သက်သေအထောက်အထားများ မပြည့်စုံမှုကြောင့် ကိုဟန်ဝင်းအောင်အား မြို့နယ်တရားရုံးမှ တရားသေ လွှတ်ခဲ့ကြောင်း၊ တိုင်တန်းသူမှာလည်း မြစ်ငယ်တွင် နေထိုင်ခြင်း မရှိတော့ကြောင်း ၂-၁၀-၂၀၁၇ ရက်စွဲပါစာဖြင့် ပြန်ကြားလာပါသည်။

(၃) မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ပုဇွန်လွှာကျေးရွာနေ ဒေါ်မြင့်ထွေးမှ ၎င်း၏ သားဖြစ်သူ ပဥ္စမတန်းကျောင်းသား မောင်ဆန်းကိုကို၊ အား တစ်ရွာတည်းနေ ဦးခင်သိန်း (ရဲဝန်ထမ်းဟောင်း) မှ ၎င်းပိုင်မြေအတွင်း ဝင်ရောက်ကျူးကျော်ဆဲဆိုသည်ဟု ပန်းတနော်မြို့မ ရဲစခန်းတွင် ပုဒ်မ ၄၄၇/၂၉၄ ဖြင့် အမှုဖွင့်ခဲ့ပြီး ၁ နှစ်ကျော် ကြာသည်အထိ နေအိမ်သို့ အကြိမ်ကြိမ် လာရောက်စစ်ဆေးခြင်း၊ ရဲစခန်းသို့ အကြိမ်ကြိမ် ခေါ်ယူစစ်ဆေးနေခြင်းများကြောင့် ပညာသင်မှု အနှောင့်အယှက်ဖြစ်နေကြောင်း တိုင်တန်းချက်အရ ကော်မရှင်မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ၂-၈-၂၀၁၇ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး လူမှုဝန်ထမ်းရုံးမှ ပန်းတနော် မြို့နယ်တရားသူကြီးနှင့် သွားရောက်တွေ့ဆုံဆွေးနွေးပြီး ကျောင်းချိန်လွတ်ချိန်တွင် ရုံးချိန်းခေါ်ယူရန်နှင့် ကလေးသူငယ်တရားရုံးတွင် သီးသန့်ခေါ်ယူစစ်ဆေးပေးရန် ညှိနှိုင်းခဲ့ကြောင်း၊ ၂၆-၇-၂၀၁၇ ရက်နေ့တွင် ပန်းတနော်မြို့နယ်တရားရုံးမှ မောင်ဆန်းကိုကိုအား ရုံးချိန်းခေါ်ယူစစ်ဆေးပြီး အမှုမှကင်းလွတ်ခွင့်ပေးခဲ့ပါကြောင်း ၂၈-၈-၂၀၁၇ ရက်စွဲပါ စာဖြင့် ပြန်ကြားလာပါသည်။

(၄) မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံမြို့သစ်နေ ဒေါ်လဲ့ရည်နန္ဒာသည် ဦးဇော်မင်းထွန်းဆိုသူနှင့် လက်ထပ်ထိမ်းမြားပြီးနောက် ခင်ပွန်းဖြစ်သူမှ မတရားရိုက်နှက်သဖြင့် ကိုယ်ဝန်ပျက်ကျခဲ့ကြောင်း၊ ၄ လ ခန့်အကြာတွင် ခင်ပွန်းဖြစ်သူနှင့် ပြန်လည်ပေါင်းသင်းခဲ့ပြီး ဒုတိယကိုယ်ဝန် ၄ လ ရှိချိန်၌ လူမှုရေးဖောက်ပြန်နေသဖြင့် တည်းခိုခန်းသို့ လိုက်သွားရာ ခင်ပွန်းဖြစ်သူမှ ပြင်းထန်စွာ ကန်ကြောက်ထိုးကြိတ်ခဲ့ခြင်းကြောင့် ဒဏ်ရာများ ရရှိခဲ့ပါသည်။ ဒဏ်ရာများ ပျောက်သည်ထိ မိခင်အိမ်တွင် အနားယူရန် ခင်ပွန်းထံတွင် ခွင့်တောင်း၍ ပြန်လာခဲ့သော်လည်း ကလေးမွေးဖွားပြီး ၄ လ ခန့်ရှိချိန်ထိ လာရောက်တွေ့ဆုံခြင်း၊ မိခင်နှင့် ကလေးစရိတ် ထောက်ပံ့ပေးခြင်းမရှိသည့်အတွက်ကူညီဆောင်ရွက်ပေးပါရန် တိုင်ကြားသဖြင့် ကော်မရှင်မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ ၁-၂-၂၀၁၇ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြန်ကြားစာပေးပို့ခဲ့ရာ လူမှုဝန်ထမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသ

ကြီး လူမှုဝန်ထမ်းရုံးမှ ကွာရှင်းခွင့်နှင့် ကလေးစရိတ်ရလိုမှုအတွက် ဥပဒေအကြံပြုချက်များရယူနိုင်ရန်နှင့် တရားရင်ဆိုင်ရန်အတွက် လိုအပ်သည်များ ကူညီပေးနိုင်ရန် Case Myanmar Legal Clinic Myanmar အဖွဲ့တို့နှင့် ချိတ်ဆက် ဆောင်ရွက်ထားကြောင်း ၄-၅-၂၀၁၇ ရက်စွဲပါစာဖြင့် ပြန်ကြားလာပါသည်။

(၅) မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကင်းချောင်းရွာနေ ဦးခင်လှိုင် (ခ) ဦးကုလားပုနှင့် ဒေါ်မြင့်ကြည်တို့မှ တရုတ်နိုင်ငံသို့ အိမ်အကူဇနီးမယားအဖြစ် လူကုန်ကူးရောင်းစားခံခဲ့ရသော သမီးဖြစ်သူ မမေခိုင်ဦးအား အမြန်ဆုံးပြန်လည်ရောက်ရှိရေးအတွက် ကူညီဆောင်ရွက်ပေးပါရန် တိုင်တန်းချက်အရ ကော်မရှင်မှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ၂၇-၃-၂၀၁၇ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ရာ မမေခိုင်ဦးအား အမှတ် (၁၇) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စု၊ မူဆယ်မှ လူမှုဝန်ထမ်းဦးစီးဌာန၊ ယာယီလက်ခံ စောင့်ရှောက်ရေးဂေဟာ၊ မူဆယ်သို့ လွှဲပြောင်းလာသဖြင့် လက်ခံစောင့်ရှောက်ခဲ့ပြီး မမေခိုင်ဦးအား မိဘအုပ်ထိန်းသူထံ ပြန်လည်အပ်နှံပြီးနောက် ကျန်းမာရေးစစ်ဆေးမှုများကို ပြုလုပ်နိုင်ရန် Maristope International (MSI) နှင့် ချိတ်ဆက်ပေးခဲ့ပြီး နောက်ဆက်တွဲ စောင့်ရှောက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၁၈-၅-၂၀၁၇ ရက်စွဲပါစာဖြင့် ပြန်ကြားလာပါသည်။

(စ) **ပြည်နယ်အစိုးရအဖွဲ့များ။** ကော်မရှင်၏ အကြောင်းကြားစာများအပေါ် လိုအပ်သည့် စုံစမ်းမှု၊ ညှိနှိုင်းဖျန်ဖြေမှုများ ပြုလုပ်ခဲ့ပြီး နစ်နာသူများအတွက် ထိုက်သင့်သည့် အခွင့်အရေးများ ရရှိစေရန် ဆောင်ရွက်ပေးခဲ့ကြောင်း ပြန်ကြားခဲ့ခြင်းများသည် လူ့အခွင့်အရေးကို အလေးထား လုပ်ဆောင်မှုများဖြစ်သည်ဟု သုံးသပ်ရရှိပါသည်-

(၁) **ကရင်ပြည်နယ်။** ကော့ကရိတ်မြို့ရှိ ရွှေပုံလွှားမုန့်စက်ရုံမှ စွန့်ပစ်ပစ္စည်းများ၊ ရေဆိုးရေညစ်နှင့် မုန့်ပွဆေး၊ ဓါတုဆေးရည်များ၏ အနံ့များကို ရှူရှိုက်နေရခြင်းနှင့် ပိုးလောက်လန်းများ ပေါက်ပွားနေခြင်းတို့ကြောင့် ရှင်းလင်းဖယ်ရှားပေးပါရန် တိုင်ကြားလာသဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ၂၀-၂-၂၀၁၇ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ရာ မြေပြင် အခြေအနေမှန်ကို ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးခဲ့ပြီး မုန့်စက်ရုံ၏ အားနည်းချက်နှင့် လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်စေသည့်အပြင် မုန့်လုပ်ငန်းပိုင်ရှင်များအား အသိပညာပေးဆောင်ရွက်ထားပြီးဖြစ်ကြောင်း ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ၁၀-၄-၂၀၁၇ ရက်စွဲပါစာဖြင့် ပြန်ကြားလာပါသည်။

(၂) **ရန်ကုန်တိုင်းဒေသကြီး**။ မရမ်းကုန်းမြို့နယ် စည်ပင်သာယာရေးကော်မတီ မြို့နယ်တာဝန်ခံသည် သန့်ရှင်းရေး ဝန်ထမ်းများအား လုပ်ငန်းခွင်အတွင်း အချိန်သတ်မှတ်၍ အလုပ်ခိုင်းစေမှု မရှိခြင်း၊ ဝန်ထမ်းအင်အားနှင့် တာဝန်ချထားမှုမမျှတဘဲ ဝန်ထမ်းများကို ခြိမ်းခြောက်၍ အဓမ္မစေခိုင်းခြင်း၊ လူ ၃၁ ဦး၏ လုပ်ခလစာများကို ထုတ်ယူသုံးစွဲနေခြင်း၊ တိုင်ကြားလာသဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် ၁၉-၁၂-၂၀၁၆ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ရာ အဆိုပါမြို့နယ်သန့်ရှင်းရေးတာဝန်ခံကို ဌာနဆိုင်ရာ စစ်ဆေးရေးအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေးလျက်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီက ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ကြီးကြပ်ရေးမှူးအား အလုပ်မှ ထုတ်ပယ်ရန်၊ လုပ်အားခ ထုတ်ပေးခဲ့ခြင်းမရှိသည့် ငွေအားပြန်လည် ပေးသွင်းစေရန်နှင့် ကာယကံရှင်မှ တရားဥပဒေကြောင်းအရ ရင်ဆိုင်ဖြေရှင်းသွားရန် ၂၀-၁-၂၀၁၇ ရက်စွဲပါစာဖြင့် ပြန်ကြားလာပါသည်။

**ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ပြန်ကြားချက်များအပေါ် သုံးသပ်ချက်**

၁၁၉။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၏ ပြန်ကြားစာပေးပို့မှုများကို နောက်ဆက်တွဲ (၄) ဖြင့် ဖော်ပြထားရာ ပေးပို့စာတစ်စောင်အပေါ်တွင် ပြန်ကြားချက်တစ်စောင် ပြန်ကြားသဖြင့် ရာခိုင်နှုန်းပြည့် ပြန်ကြားသည်ဟု မှတ်ယူရမည့် ဌာနပေါင်း ၆ ဌာန ရှိပါသည်။ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကော်မရှင်ထံမှပေးပို့စာ ၈ စောင်အပေါ်တွင် ၈ စောင်လုံး ပြန်ကြားလာခဲ့ခြင်းမှာ ကော်မရှင်၏ လူ့အခွင့်အရေးဆိုင်ရာ လုပ်ဆောင်မှုများအပေါ် အပြည့်အဝ ပူးပေါင်းဆောင်ရွက်သည်ဟု သုံးသပ်နိုင်ပါသည်။

၁၂၀။ ပေးပို့စာအပေါ်တွင် ၅၀ % အထက် ပြန်ကြားသော ဌာနများမှာ ပြည်ထဲရေး၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ၈၁ %၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ၇၅ %၊ ကျန်းမာရေးနှင့် အားကစား ၇၅ %၊ ဆောက်လုပ်ရေး ၇၅ %၊ စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်း ၆၃ %၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ၅၄ %နှင့် ကာကွယ်ရေးဝန်ကြီးဌာန ၅၃ % တို့ဖြစ်ပြီး စုစုပေါင်း ၈ ဌာနရှိသည်ကို တွေ့ရှိရပါသည်။ ၁၀ % မှ ၅၀ % အထိ ပြန်ကြားသောဌာနများမှာ ၁၃ ဌာန ရှိပါသည်။ ၁၀ % အောက် ပြန်ကြားသောဌာနမှာ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ဖြစ်ပါသည်။ လုံးဝပြန်ကြားမှုမရှိသော ဌာနများမှာ ၉ ဌာနရှိကြောင်း တွေ့ရှိရပါ သည်။ ၅၀ % အောက် ပြန်ကြားသော ဌာနများနှင့် လုံးဝပြန်ကြားမှုမရှိသော ဌာနများအနေဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းများကို ယခုထက်ပိုမို၍ ပူးပေါင်းလုပ်ဆောင်ရန် လိုအပ်သည်ဟု သုံးသပ်ရရှိပါသည်။

## သုံးသပ်အကြံပြုချက်များ

## အကျဉ်းဦးစီးဌာနနှင့် ပတ်သက်သည့် သုံးသပ်အကြံပြုချက်များ

၁၂၁။ အကျဉ်းထောင်များ၌ ဖြစ်ပွားလေ့ရှိသော လူ့အခွင့်အရေးဆိုင်ရာ ပြဿနာများ၏ မူလအရင်းအမြစ်သည် အကျဉ်းဦးစီးဌာနမှ အရာထမ်း၊ ဝန်ထမ်းတစ်ဦးချင်းစီ၏ စိတ်ခံစားမှု၊ ပင်ကိုယ်အမူအကျင့်နှင့် ခံယူချက်များ၊ အတွေးအခေါ်အယူအဆများကြောင့် ဖြစ်သည်ကို တွေ့ရှိရပါသည်။ သို့ဖြစ်၍ အကျဉ်းထောင် ဝန်ထမ်းများအား အခါအားလျော်စွာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးသင်တန်းများ လူ့အခွင့်အရေး သင်တန်းများကဲ့သို့သော သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ ဖွင့်လှစ်ကျင်းပပေးသင့်ပါသည်။

၁၂၂။ အကျဉ်းထောင် တာဝန်ခံအရာရှိများအနေဖြင့် လက်အောက်အမှုထမ်းများကိုလည်းကောင်း၊ အကျဉ်းသားများကိုလည်းကောင်း ဆက်ဆံရာတွင် မလိုအပ်ဘဲ ၎င်းတို့အပေါ် စိတ်ကျဉ်းကျပ်စေမည့် အပြုအမူများ တတ်နိုင်သရွေ့ သတိထား ရှောင်ကြဉ်ခြင်း၊ လူတစ်ဦးချင်းစီ၏ အခြေခံအခွင့်အရေးများဖြစ်သည့် စားဝတ်နေရေးတို့အနက် အဓိကကျသော စားသောက်ရေးကို ခွင့်ပြုရန်ပုံငွေ ဘောင်အတွင်းမှ အတတ်နိုင်ဆုံး အဆင်ပြေ သင့်လျော်ကောင်းမွန်စေရန် ဆောင်ရွက်ပေးခြင်း၊ မလိုအပ်ဘဲ ကန့်သတ်ချုပ်ချယ်ခြင်း၊ စည်းကမ်းတင်းကျပ်ခြင်းများကို သတိပြု ဆောင်ရွက်ခြင်းနှင့် အောက်ခြေဝန်ထမ်းများ၏ အကျဉ်းသားများအပေါ် ထားရှိရမည့် စိတ်နေသဘောထား၊ ကျင့်ဝတ်များကို နားလည်သဘောပေါက်စေရေး မကြာခဏ ရှင်းလင်းဆွေးနွေးသင့်ပါသည်။ ထို့ပြင် အကျဉ်းထောင် တာဝန်ခံအရာရှိများအတွက် လူ့အခွင့်အရေးသင်တန်းများ သီးခြားပို့ချပေးသင့်ပါသည်။

၁၂၃။ အကျဉ်းဦးစီးဌာနမှ ပြစ်ဒဏ်ကျ အကျဉ်းသားများ၏ အမှုဖြစ်စဉ်အား မှတ်တမ်းတင်ရာတွင် အကျဉ်းသားများ၏ ထွက်ဆိုချက်များအရသာ မှတ်တမ်းတင်နေရသဖြင့် ပြစ်မှုအတိုင်းအတာပေါ် မူတည်၍ အကျဉ်းသားအပေါ် သုံးသပ်ကိုင်တွယ်သည့်နေရာ၌ အားနည်းမှုများ ပေါ်ပေါက်နိုင်ပါသည်။ သို့ဖြစ်၍ တရားရုံးများမှ ပြစ်ဒဏ် ချမှတ်ပြီးသော အကျဉ်းသားများကို အကျဉ်းထောင်သို့ ပေးပို့ရာတွင် ၎င်းတို့ဝရမ်း၏ တစ်နေရာတွင်ဖြစ်စေ၊ သီးခြားရေးမှတ်ထားသည့် စာရွက်ဖြင့်ဖြစ်စေ ပြစ်ဒဏ်ကျအကျဉ်းသား၏ အမှုဖြစ်စဉ်အကျဉ်းအား သက်ဆိုင်ရာတရားရုံးများမှ မှတ်တမ်းတင် ထည့်သွင်း လွှဲပြောင်းပေးသင့်ပါသည်။

၁၂၄။ အကျဉ်းဦးစီးဌာန၊ အကျဉ်းထောင်များနှင့် အလုပ်စခန်းများရှိ ဝန်ထမ်းများ၏ မိသားစုလိုင်းခန်းများ၊ လူပျိုရိပ်သာများ၊ ရုံးခန်းများစသည့် အဆောက်အဦအများစုမှာ ဟောင်းနွမ်းဆွေးမြေ့နေခြင်းကြောင့် ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် တက်ကြွမှု၊ စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှု၊ ဌာနအပေါ် သံယောဇဉ်ရှိမှုများ ပိုမိုတိုးတက်လာစေရေးအတွက် အဆောက်အဦသစ်များဆောက်လုပ်ပေးခြင်း၊ အဆောက်အဦ ပြင်ဆင်စရိတ်တို့အား တိုးမြှင့်ချထားပေးခြင်းများပြုလုပ်ပေးသင့်ပါသည်။

၁၂၅။ အကျဉ်းဦးစီးဌာနတွင် အကျဉ်းသားအင်အားနှင့် ဝန်ထမ်းအင်အားမှာ အကျဉ်းထောင်လက်စွဲ ဥပဒေအရ ၁၀း ၁ ဖြစ်သော်လည်း ယခုလက်ရှိအခြေအနေအရ လက်ရှိအကျဉ်းသား ၉၃ ၀၀၀ ကျော်အတွက် (ရုံးချုပ်နှင့် ဦးစီးရုံးဝန်ထမ်းများမပါ) ဝန်ထမ်း ၅၇၉၀ ဦးသာ ခန့်ထားနိုင်သဖြင့် ၁၆း၁ သာရှိနေခြင်းကြောင့် ဝန်ထမ်းအင်အား တိုးချဲ့ဖွဲ့စည်းသင့်ပါသည်။

၁၂၆။ အကျဉ်းထောင်များမှ လွတ်ရက်စေ့၍ ပုံမှန်လွတ်မြောက်လာသူများကို အကျဉ်းဦးစီး ဌာနမှ ခရီးစရိတ်အဖြစ် တစ်ဦးလျှင် ကျပ် ၂၀၀ နှုန်းသာ ပေးခြင်းသည် နယ်ဝေး အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံနေရသူများအနေဖြင့် ၎င်းခရီးစရိတ်သည် ခေတ်ကာလနှင့် မညီညွတ်သည့်အတွက် အခက်အခဲများစွာ ကြုံတွေ့နေရခြင်းကြောင့် အကျဉ်းဦးစီးဌာနမှ တာဝန်ယူပြီး မီးရထားလက်မှတ်၊ မော်တော်ကားလက်မှတ်များ ဝယ်ယူပေးခြင်း သို့မဟုတ် ခရီးအကွာအဝေးအလိုက် ကုန်ကျမည့် အခြေခံ ခရီးစရိတ် ထုတ်ပေးခြင်းနှင့် လမ်းခရီးတွင် မလွဲမသွေ ကြာမြင့်နိုင်မည့်ရက်အတွက် အခြေခံစားစရိတ် ထုတ်ပေးခြင်းများကို နိုင်ငံတော် ဘတ်ဂျက်မှ ခွင့်ပြုပေးသင့်ပါသည်။

၁၂၇။ အကျဉ်းသားများ ကျန်းမာရေး မကောင်းပါက ကုသရန်အတွက် အကျဉ်းဦးစီးဌာနမှ ခွင့်ပြုပေးနေသော လစဉ် ဆေးဝါးဝယ်ယူစရိတ်မှာ လက်ရှိအကျဉ်းသား အင်အားနှင့် လုံလောက်မှု မရှိသဖြင့် ဆေးဝါးမလောက်ငှခြင်း၊ အမျိုးအစား စုံလင်မှုမရှိခြင်းများ ဖြစ်ပေါ်နေပါသည်။ သို့ဖြစ်၍ အကျဉ်းသားအင်အားနှင့် အချိုးကျ တွက်ချက်၍ ဘဏ္ဍာရန်ပုံငွေများ ခွင့်ပြုပေးသင့်ပါသည်။

၁၂၈။ အကျဉ်းထောင်၊ အကျဉ်းစခန်းအများစုတွင် ကျန်းမာရေးဝန်ထမ်း လိုအပ်ချက်များ ရှိနေသေးခြင်းသည်လည်း အကျဉ်းသားများ၏ အခြေခံလူ့အခွင့်အရေးအတွက် အရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ်သဖြင့် ယင်းကိစ္စကို ယခင် ၂၀၁၆ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ ညှိနှိုင်းတောင်းခံထားကြောင်း သိရှိရသော်လည်း ယခုအချိန်ထိ လိုအပ်ချက်များရှိနေဆဲဖြစ်သဖြင့် အကျဉ်းဦးစီးဌာနအစီအစဉ်ဖြင့် ဆရာဝန်နှင့် သူနာပြုများအား လွတ်လပ်စွာ စုဆောင်းခန့်ထားခွင့်နှင့် အကျဉ်းသားများအတွက် ဆေးကုသရန် လိုအပ်သော ဆေးဝါးနှင့် ဆေးရုံသုံးပစ္စည်း ကိရိယာများ လုံလောက်စွာ ဝယ်ယူခွင့်များကို နိုင်ငံတော် ဘတ်ဂျက်မှ ကျခံသုံးစွဲ ခွင့်ပြုပေးသင့်ပါသည်။

၁၂၉။ ကျောက်ထုတ်စခန်းများတွင် လုပ်ငန်းဆောင်ရွက်နေရသော အကျဉ်းသူများသည် လေးလံသောဝန်များကို ကာလတာရှည် လုပ်ဆောင်ခဲ့ရပါက ရေရှည်တွင် အလုပ်ဒဏ်ကို ခံစားရနိုင်ပြီး အပြင်လောက ရောက်ရှိချိန်၌ သားအိမ်ထိခိုက်မှုဆိုင်ရာ ပြဿနာများကြောင့် ကိုယ်ဝန်ဆောင်ရန် အခက်အခဲများ ဖြစ်ပေါ်လာနိုင်ခြင်းနှင့် အခြားအမျိုးသမီးရောဂါများ ဖြစ်ပွားနိုင်သဖြင့် အဆိုပါ အမျိုးသမီး ကုန်ထုတ်စခန်းများအားပိတ်သိမ်းခြင်း သို့မဟုတ် အကျဉ်းသူများအစား အကျဉ်းသားများဖြင့် အစားထိုး ဖွင့်လှစ်နိုင်ရေး ပြောင်းလဲ ဆောင်ရွက်သင့်ပါသည်။

၁၃၀။ ကုန်ထုတ်စခန်းများတွင် တာဝန်ထမ်းဆောင်နေကြရသော အကျဉ်းသားများသို့ လုပ်အားခပေးငွေ တစ်နေ့ ၂၀၀ ကျပ်အစား ပြင်ပတွင်သတ်မှတ်ထားသော တစ်နေ့လုပ်ခ နှုန်းထားအပေါ်

အခြေခံ၍ သင့်တင့်သော ရာခိုင်နှုန်းတစ်ခုကို ပြင်ဆင်သတ်မှတ်၍ နိုင်ငံတော် ဘတ်ဂျက်မှ ခွင့်ပြု ပေးသင့်ပါသည်။

၁၃၁။ TB ရောဂါသည်များ ဆေးကုသနေသည့် ၆ လတာ ကာလအတွင်းတွင်လည်းကောင်း၊ HIV ရောဂါသည်များ ဆေးကုသနေချိန်တွင်လည်းကောင်း၊ ကျန်းမာရေး အလွန်ချို့တဲ့ နေသူများ ကို လည်းကောင်း အကျဉ်းထောင်ဆေးရုံများတွင် တက်ရောက် ကုသနေခြင်း မဟုတ်သော်လည်း အားဖြည့်အစားအစာ ဖြည့်စွက်ကျွေးမွေးနိုင်ရေး အတွက်သီးသန့်စရိတ်ရရှိရေး သို့မဟုတ် ဆေးရုံ ရိက္ခာ ကျွေးမွေးရေးကို အကျဉ်းထောင် လက်စွဲတွင် ထည့်သွင်းပြဋ္ဌာန်းသင့်ပြီး နိုင်ငံတော် ဘဏ္ဍာ ရန်ပုံငွေမှ ခွင့်ပြုပေးသင့်ပါသည်။ အချို့အကျဉ်းသားများကို စိစစ်ပြီး ရောဂါအခြေအနေပေါ် မူတည်၍ ပြင်ပနေထိုင်ခွင့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် စဉ်းစား ပေးသင့်ပါသည်။

၁၃၂။ မသန်စွမ်းအကျဉ်းသား၊ အကျဉ်းသူအများစုကို ရေချိုးချိန် သီးခြားပေးခြင်း၊ ဘိုထိုင် အိမ်သာများ တည်ဆောက်ပေးခြင်း သို့မဟုတ် အလေးစွန့်ရန်အတွက် အိမ်သာများတွင် အထိုင်အထ အဆင်ပြေစေရန် အစားထိုးထိုင်ခုံများ ပြုလုပ်ပေးခြင်း၊ လက်ကိုင်တန်းများ တည်ဆောက်ပေးခြင်း များ ဆောင်ရွက်ပေးသင့်ပါသည်။

၁၃၃။ အကျဉ်းသားများကို မိသားစုဝင်များက လာရောက်တွေ့ဆုံသည့် ထောင်ဝင်စာ အခန်းများ သည် အကျဉ်းသားအင်အားနှင့် မမျှတသောကြောင့် အချိန်လုံလောက်စွာ တွေ့ခွင့်မရရှိသဖြင့် ထောင်ဝင်စာအခန်းများ၏ အကျယ်အဝန်းကို အကျဉ်းသားဦးရေနှင့် အချိုးကျ တိုးချဲ့ဆောက်လုပ် ပေးနိုင်ရေးအတွက် နိုင်ငံတော်မှ ဘတ်ဂျက်ချမှတ် ခွင့်ပြုပေးသင့်ပါသည်။ (ဥပမာအားဖြင့် အကျဉ်းသား ၁၀၀၀ ရှိလျှင် ၂၀ ဦးနှုန်း) ၎င်းအပြင် ထောင်ဝင်စာအခန်းများ၌ အသံထိန်းနံရံများ၊ ပန်ကာများ တပ်ဆင်နိုင်ရေးအတွက် တစ်ပါတည်း ထည့်သွင်းပေးသင့်ပါသည်။

၁၃၄။ လက်ရှိ အခြေအနေတွင် ထောင်ဝင်စာတွေ့ဆုံသည့် အခန်းများမှာ အကျဉ်းသားနှင့် လာရောက်တွေ့ဆုံသူတို့အကြားတွင် လုံခြုံရေးအရ သံတိုင်များ၊ သံဇကာများ အထပ်ထပ်ခြား ထားပြီး၊ ကျဉ်းကျပ်သည့်အခန်းတွင်း၌ တစ်ဦးနှင့်တစ်ဦး အပြိုင်အဆိုင် အော်ဟစ်ပြောဆိုနေကြရ ခြင်းများကြောင့် မိသားစု အရေးကိစ္စများ၊ ဥပဒေဆိုင်ရာကိစ္စများ ဆွေးနွေးပြောဆိုရန် အခက်အခဲ များစွာ တွေ့နေကြရပါသည်။ သို့ဖြစ်၍ မှန်အထူဖြင့်ကာရံခြင်း အင်တာကွန်းတယ်လီဖုန်းများဖြင့် စကားပြောဆိုခြင်း၊ အကျဉ်းသားတစ်ဦးနှင့် တစ်ဦးအကြား နံရံငယ်များခြားပေးထားခြင်းများ စီစဉ် ပေး သင့်ပါသည်။ (မြိတ်အကျဉ်းထောင်တွင် စမ်းသပ် ကျင့်သုံးနေသည်ကို တွေ့ရှိရပါသည်)

၁၃၅။ အကျဉ်းထောင်သို့ ကိုယ်ဝန်ဆောင်ဖြင့် ရောက်ရှိလာပြီး အကျဉ်းထောင်အတွင်း၌ မွေးဖွား သည့် မိခင်အကျဉ်းသူများနှင့်အတူ နေထိုင်ရသည့် ကလေးငယ်များသည် အခြေခံ လူ့အခွင့်အရေး ဆုံးရှုံးနေခြင်းကြောင့် ကလေးငယ်၏ အသက်ကို ၅ နှစ်မှ ၇ နှစ်အထိ တိုးမြှင့်သတ်မှတ်ခြင်းနှင့် ယင်းကလေးငယ်များအတွက် မူလတန်းပညာ သင်ကြားခွင့်ကို စီစဉ်ပေးရမည့်အပြင် ကလေးငယ်

၏ အကျဉ်းထောင်အတွင်း နေထိုင်ရသည့် ကာလကို မိခင်အကျဉ်းသူအတွက် လျော့ရက်တွက်ရာတွင် ထည့်သွင်း စဉ်းစားသင့်ပါသည်။

၁၃၆။ အကျဉ်းထောင်အတွင်းရှိနေသော ကလေးငယ်များအတွက် မူကြိုကျောင်းများ၊ ကလေးကစားကွင်းများအား ဗဟိုအကျဉ်းထောင်၊ (က) အဆင့်နှင့် (ခ) အဆင့်အကျဉ်းထောင် စသည်ဖြင့် ဦးစားပေးအစီအစဉ်ဖြင့် ဆောက်လုပ်ပေးသင့်ပါသည်။ အကျဉ်းကျ လူငယ်များအား အခြေခံပညာ၊ အလယ်တန်းပညာ၊ အထက်တန်းပညာများ သင်ကြားခွင့်ရရှိရေး စီစဉ်ဆောင်ရွက် ပေးသင့်ပါသည်။

၁၃၇။ လက်ရှိအခြေအနေတွင် အကျဉ်းထောင်များ၌ အကျဉ်းသားဦးရေ အဆမတန်များပြားနေသည့်အတွက် အကျဉ်းသားများ၏ စားသောက်နေထိုင်ရေး၊ ကျန်းမာရေး၊ လူမှုရေး ကိစ္စရပ်များနှင့် ပတ်သက်သည့် ဝန်ထုပ်ဝန်ပိုးမှာ ကြီးမားလျက်ရှိပါသည်။ သို့ဖြစ်၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် အကျဉ်းထောင် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး၊ စားသောက်နေထိုင်ရေးနှင့် ကျန်းမာရေးတို့အတွက် လိုအပ်သလို အထောက်အကူပြုပေးသင့်ပါသည်။

၁၃၈။ အကျဉ်းထောင်များတွင် နေ့စဉ် ရုံးထုတ်အချုပ်သားနှင့် နောက်မှုရှိသဖြင့် ရုံးထုတ်ရသည့် အကျဉ်းသား အရေအတွက်မှာ အဆမတန်များပြားလျက်ရှိရာ အထူးသဖြင့် ရန်ကုန် (အင်းစိန်) နှင့် မန္တလေး (ထုံးဘို) ဗဟိုအကျဉ်းထောင်များ၊ မြစ်ကြီးနား၊ လားရှိုး၊ ဘားအံ စသည့် ရုံးထုတ်တရားခံများပြားသည့် အကျဉ်းထောင်များကို အထောက်အကူ ပြုနိုင်ရေးအတွက် အချုပ်ထောင်များ တည်ဆောက်ပေးသင့်ပါသည်။

၁၃၉။ ထိုကဲ့သို့ ရုံးထုတ်ရသည့် အကျဉ်းသား အချုပ်သားများလွန်းသဖြင့် တစ်ကြောင်း၊ တရားရုံးပြန်ချိန် နောက်ကျခြင်းကြောင့်တစ်ကြောင်း ရုံးပြန် စစ်ဆေးမှုများ ပြုလုပ်ရာတွင် အချိန်မလုံလောက်ခြင်း၊ စနစ်တကျစစ်ဆေးနေရသဖြင့် ကြာမြင့်သည့်အတွက် ရုံးပြန် အကျဉ်းသား၊ အချုပ်သားများမှာ ရေချိုးခြင်း၊ ထမင်းကျွေးခြင်းများကို ညအချိန်မှသာ ပြုလုပ်ရပါတော့သည်။ သို့ဖြစ်၍ အကျဉ်းထောင်ဝန်ထမ်းများအတွက် အခက်အခဲများစွာ ကြုံတွေ့နေရပါသည်။ အချိန်ယူပြီး စနစ်တကျ မစစ်ဆေးပါကလည်း မူးယစ်ဆေးဝါးများ၊ လက်နက်ကိရိယာများ၊ ဆေးလိပ်၊ ကွမ်း စသည်တို့ကို စအိုတွင်း ထည့်သွင်းယူလာခြင်းမျိုးများကြောင့် လုံခြုံရေးထိခိုက်မှု ပြဿနာများကြုံတွေ့ရပါသည်။ သို့ဖြစ်၍ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းနိုင်မည့် နည်းလမ်းများ တွေ့ဆုံညှိနှိုင်း အဖြေရှာသင့်ပါသည်။

၁၄၀။ ကလေးငယ်ပါလာသော အချုပ်သူများ၊ ကိုယ်ဝန်ဆောင်အချုပ်သူများအနေဖြင့် အကျဉ်းထောင်တွင်းနေထိုင်ရခြင်းသည် ကလေးငယ်အတွက် ကျန်းမာရေး၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကိုယ်ကာယဖွံ့ဖြိုးမှုနှင့် စိတ်ဓာတ် ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများ ဖြစ်စေသည့်အတွက် ယင်းကလေးသူငယ်၏ ကလေးသူငယ် အခွင့်အရေးကို လေးစားသောအားဖြင့် အမှုအား တရားစီရင်ရာတွင် အမြန်ပြီးပြတ်စေရေးနှင့် ပြစ်ဒဏ်ချမှတ်ရပါကလည်း ယင်းပြစ်ဒဏ်ကာလကို တတ်နိုင်သမျှ တိုတောင်းစေရေး ဆောင်ရွက်သင့်ပါသည်။

၁၄၁။ အကျဉ်းထောင်ကြပ်တည်းမှုကိုဖြေလျှော့နိုင်ရေးအတွက် သင့်လျော်သည့် အကျဉ်းသားများအား စိစစ်ပြီး လွတ်ငြိမ်းချမ်းသာခွင့်ကို ကဏ္ဍအလိုက်ပေးသင့်ပါသည်။ သို့ရာတွင် စိစစ်ဆောင်ရွက်နေစဉ်က ကာလအတွင်း တရားရုံးများအနေဖြင့် အာမခံပေးနိုင်သမျှသော အမှုများကို အာမခံပေးခြင်း၊ ထောင်ဒဏ်မဟုတ်သည့် အခြားလူမှုရေးပြစ်ဒဏ်များ တတ်နိုင်သမျှ ချမှတ်ပေးခြင်း၊ မဖြစ်မနေ ထောင်ဒဏ်ချမှတ်ရပါက ကြီးမားသော ရာဇဝတ်ပြစ်မှုများမှ လွဲ၍ အခြားပြစ်မှုများ၊ မလွဲမကင်းသာ ပြစ်မှုကျူးလွန်ခဲ့ကြရသူများကို တိုတောင်းသည့် ပြစ်ဒဏ်ကာလကိုသာ ချမှတ်သင့်ပါသည်။

၁၄၂။ အထက်တွင် ဖော်ပြခဲ့သော အကျဉ်းထောင်ဝန်ထမ်းများ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး၊ စိတ်ဓာတ်နှင့် ခံယူချက်သဘောထား တိုးတက်ပြောင်းလဲစေရေး၊ အကျဉ်းသားများ၏ စားသောက်နေထိုင်ရေး၊ အကျဉ်းသားများ၏ ထောင်ဝင်စာတွေ့ဆုံမှု အဆင်ပြေစေရေး၊ အပါအဝင် အုပ်ချုပ်မှုကိစ္စရပ်များ အဆင်ပြေ ပြည့်ဝအောင် ဆောင်ရွက်ပေးရေး၊ အမျိုးသမီး အလုပ်စခန်းများ ပိတ်သိမ်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ကောင်းမွန်လာစေရေးစသည့် ကိစ္စရပ်များ သည် အကျဉ်းဦးစီးဌာနရုံးချုပ်နှင့် အကျဉ်းထောင်၊ အလုပ်စခန်းများမှ တာဝန်ရှိသူများက ဆောင်ရွက်နေဆဲ လုပ်ငန်းများဖြစ်ခြင်းကြောင့် အကျဉ်းဦးစီးဌာနအနေဖြင့် မျက်ခြည်မပြတ် ကြပ်မတ်ဆက်လက် ဆောင်ရွက်သင့်ပါသည်။

၁၄၃။ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော အကျဉ်းသားများအနက် အချို့သည် ပြစ်မှု၊ ပုဒ်မ တူသော်လည်း ပြစ်ဒဏ်ကာလ မတူကြောင်းနှင့် အချို့သည် မည်သည့်အတွက်ကြောင့် ပြစ်ဒဏ်ချမှတ်ခြင်း ခံရသည်ကို တိတိကျကျ မသိရှိကြကြောင်း တင်ပြမှုများ ရှိသဖြင့် ပြစ်ဒဏ်ချမှတ်ခြင်း ခံရသူတို့ကို ရှင်းလင်းစွာ အသိပေးသင့်ပါသည်။ ထို့ပြင် အယူခံဝင်နိုင်ခွင့်၊ စာချွန်လွှာတင်နိုင်ခွင့် စသည့် အခွင့်အရေးများ ရှိသည်ကိုလည်း အကျဉ်းထောင်သို့ မပို့မီ သက်ဆိုင်ရာ တာဝန်ရှိသူများက အသိပေးသင့်ပါသည်။

## ရဲတပ်ဖွဲ့နှင့်ပတ်သက်သည့် သုံးသပ်အကြံပြုချက်များ

၁၄၄။ မကွေးမြို့မရဲစခန်း အချုပ်ခန်းအတွင်း ချုပ်နှောင်ထားသော မသက်ာတရားခံ တစ်ဦးသည် အချုပ်ခန်းအတွင်း ကြိုးဆွဲချ သေဆုံးခဲ့ခြင်းနှင့်ပတ်သက်၍ ကော်မရှင်က ၁-၈-၂၀၁၇ ရက်နေ့မှ ၃-၈-၂၀၁၇ ရက်နေ့ထိ ကွင်းဆင်းစုံစမ်းစစ်ဆေးပြီး ၄-၈-၂၀၁၇ ရက်နေ့စွဲဖြင့် ပြည်ထဲရေး ဝန်ကြီးဌာနသို့ အကြံပြုချက် ၄ ချက် ပေးပို့ခဲ့သည့်အနက် အကြံပြုချက် အမှတ်စဉ် ၄ တွင် မကွေးမြို့မရဲစခန်းတွင် အချုပ်ခန်း ၁၂ ခန်းရှိပြီး အချုပ်သားဦးရေ ရာနှင့်ချီ၍ ချုပ်နှောင်ထားရှိရခြင်းကြောင့် ရဲတပ်ဖွဲ့ဝင်များသည် ပင်မရဲလုပ်ငန်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်းမရှိဘဲ ယခုကဲ့သို့ မလိုလားအပ်သည့်ဖြစ်စဉ်များ မကြာခဏ ဖြစ်ပေါ်နိုင်ဖွယ်ရှိသဖြင့် ရဲစခန်းအချုပ်ခန်းတွင် ယခုကဲ့သို့ အချုပ်သား အမြောက်အမြား ချုပ်နှောင်ခြင်းနှင့်စပ်လျဉ်း၍ ရဲလုပ်ငန်းစနစ်ကို ပြန်လည်စိစစ် ဆောင်ရွက်သင့်ပါသည်ဟု အကြံပြုခဲ့ပါသည်။

၁၄၅။ အကြံပြုချက်အပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ ၄-၉-၂၀၁၇ ရက်နေ့စွဲပါ စာအမှတ် ပထရ/ လူ့ခွင့် (၃၄၇)/ဦး ၁ ဖြင့် မကွေးခရိုင်အတွင်း အကျဉ်းထောင်မရှိသဖြင့် ယခုအချိန်တွင် မကွေးမြို့နယ်၊ တည်ပင်ကန်ပေါက် ကျေးရွာအုပ်စု၊ ကံပြား-ရေနံချောင်း ကားလမ်း၊ မိုင်တိုင်အမှတ် (၃၄၂) တွင် မြေဧက (၆၉.၆၂) ဧကတွင် အကျဉ်းထောင်ဆောက်လုပ်ရန် စီစဉ်လျက်ရှိကြောင်းနှင့် မကွေးမြို့မရဲစခန်းတွင် တာဝန်ထမ်းဆောင်နေသည့် ရဲတပ်ဖွဲ့ဝင်များမှာလည်း ပင်မ ရဲလုပ်ငန်းတာဝန်များအပြင် အခြားလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကိုပါ ကျေပွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြလျက် ပြန်ကြားလာပါသည်။

၁၄၆။ သို့ရာတွင် ၁၁-၁၀-၂၀၁၇ ရက်နေ့တွင် မကွေးမြို့မရဲစခန်းအချုပ်မှ တရားခံ ၆ ဦး အချုပ်ခန်း ဖောက်ပြေးမှု ဖြစ်ပွားခဲ့ပါသည်။ ပြည်ထဲရေး၏ပြန်ကြားစာအရ အကျဉ်းဦးစီးဌာနအနေဖြင့် အကျဉ်းထောင်ဆောက်ရန် မြေနေရာရရှိထားပြီး စတင်ဆောင်ရွက်နေသော်လည်း ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေခွင့်ပြုချက်အရ လာမည့် ၃ နှစ်ကြာမှသာ အကျဉ်းသားများ လက်ခံနိုင်သည့် အကျဉ်းထောင်တစ်ခုဖြစ်နိုင်ကြောင်း သိရှိရသဖြင့် အလားတူဖြစ်စဉ်မျိုး ထပ်မံ မဖြစ်ပွားစေရေးအတွက် ဖြစ်နိုင်သမျှဆောလျင်စွာ အကျဉ်းထောင်သစ်ကို တည်ဆောက်သင့်ပါကြောင်းနှင့် အကျဉ်းထောင်သစ် တည်ဆောက်နေဆဲကာလအတွင်း အလားတူပြဿနာမျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာ နည်းလမ်းများ ရှာဖွေဆောင်ရွက်သင့်ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

၁၄၇။ အပိုဒ် ၂၅ (ခ) တွင် ဖော်ပြပါရှိသော အမရပူရမြို့၌ အိမ်ရှင်ဇနီးမောင်နှံက အိမ်အကူ မိန်းကလေးငယ် မအေးကြင် ၁၄ နှစ်ကို နှိပ်စက်ညှဉ်းပန်းခြင်း၊ အပိုဒ် ၂၅ (စ) တွင် ဖော်ပြပါရှိသော ဓနုဖြူမြို့၌ ဖခင်ဖြစ်သူက အရွယ်မရောက်သေးသော မိန်းကလေးငယ် မထိုက်ထိုက်ထွန်း ၁၀ နှစ်ခန့်နှင့် တူတော်စပ်သူ မောင်ကံ ၆ နှစ်တို့ကို လူမဆန်စွာ နှိပ်စက်ညှဉ်းပန်း ဆုံးမခြင်းများနှင့် ပတ်သက်၍ အိမ်နီးချင်းများ၊ ရပ်ကွက်မှတာဝန်ရှိသူများက သက်ဆိုင်ရာ ရဲတပ်ဖွဲ့စခန်းများသို့ တိုင်ကြားခဲ့သော်လည်း အမှုဖွင့်ပေးခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် အပိုဒ် ၂၅ (ဂ) တွင်ပါရှိသော မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးဂိတ်ရှိ စတိုးဆိုင်၌ အလုပ် လုပ်ကိုင်နေသည့် မိန်းကလေးငယ် မထက်ထက်ဇော် (၁၂ နှစ်) နှင့် မမေသဇင် (၁၀ နှစ်) တို့ ၂ ဦးအား ဆွေညီနောင်စတိုးဆိုင်ရှင် အမျိုးသမီးက နှိပ်စက်ညှဉ်းပန်းသည့် ကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်ရာ ရဲစခန်းအနေဖြင့် အချိန်နှင့်တပြေးညီ အမှုဖွင့်လှစ် အရေးယူခြင်း၊ တာဝန်ရှိအခြား အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းဆက်သွယ်ဆောင်ရွက်ခြင်းများ စနစ်တကျပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။

၁၄၈။ သို့ဖြစ်၍ ရဲတပ်ဖွဲ့ဝင်များအတွင်း ရဲလုပ်ငန်းကို တိကျစွာ လိုက်နာဆောင်ရွက်သူများ ရှိသကဲ့သို့ ရဲလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုစတင်ဖွင့်လှစ်ရန် နှောင့်နှေး ကြန့်ကြာခြင်း၊ နောက်ကျခြင်းများကြောင့် မလိုလားအပ်သည့် ပြဿနာများ ဖြစ်ပေါ်ရပြီး၊ ပေါ့ဆစွာ တာဝန်ထမ်းဆောင်နေသူများ ရှိနေသေးသည်ဟု သုံးသပ်ရရှိသဖြင့် ပြည်သူလူထုနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံနေကြရသော ရဲတပ်ဖွဲ့ဝင်များအား ရဲလုပ်ငန်းတာဝန်များ အပါအဝင် လူ့အခွင့်အရေးဆိုင်ရာ ဗဟုသုတများ၊ လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် ထားရှိရမည့် စိတ်နေစိတ်ထား၊ ခံယူချက်နှင့်

ရဲကျင့်ဝတ်ဆိုင်ရာ မွမ်းမံသင်တန်းများကို ရာထူးအဆင့်အတန်းအားလုံး ဖွင့်လှစ်ပို့ချ ပေးသင့်သည်ဟု သုံးသပ်အကြံပြု တင်ပြအပ်ပါသည်။

၁၄၉။ မြို့နယ်အသီးသီးရှိ တရားဥပဒေစိုးမိုးရေးတာဝန်ကို ထမ်းဆောင်နေကြရသော ရဲတပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးကင်းလှည့်ခြင်း၊ သတင်းကြားသိရာနေရာသို့ သွားရောက်၍ ဖမ်းဆီးခြင်း၊ အရေးကြီးပုဂ္ဂိုလ် လုံခြုံရေးတာဝန်များ ထမ်းဆောင်ခြင်း၊ ပွဲလမ်းသဘင်များ၊ အခမ်းအနားများတွင် လုံခြုံရေးတာဝန်ထမ်းဆောင်ခြင်း၊ အချုပ်သားများအား အကျဉ်းထောင်မှ တရားရုံးသို့ ပို့ဆောင်ရာတွင် အသွားအပြန် လုံခြုံရေးလိုက်ပါဆောင်ရွက်ရခြင်း၊ ဆေးရုံတက်နေသော အကျဉ်းသား၊ အချုပ်သားများ၏ လုံခြုံရေးဆောင်ရွက်ရခြင်း စသည်ဖြင့် များပြားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိရာ ဆေးရုံများတွင် ရောဂါမတူသည့် အကျဉ်းသားလူနာ ၂ ဦး၊ ၃ ဦး ထက် မက ရှိလာချိန်တွင် နေရာခွဲဝေပြီး လုံခြုံရေးတာဝန် ထမ်းဆောင်ရခြင်းကြောင့် ရဲတပ်ဖွဲ့အင်အား လုံလောက်မှုမရှိသည့် အခက်အခဲများ ကြုံတွေ့နေကြရပါသည်။ သို့ဖြစ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန လက်အောက်ခံ ပြည်သူ့ဆေးရုံကြီးများတွင် အကျဉ်းသား၊ အချုပ်သားများဆေးရုံတက်ရောက် ကုသနိုင်ရေးအတွက် ဆေးရုံအချုပ်ခန်း (Guard Ward) များ ကျား၊ မ ခွဲခြား၍ ရေချိုးခန်း၊ အိမ်သာတွဲဖက်လျက် စနစ်တကျတည်ဆောက်ပေးသင့်ပါသည်။

၁၅၀။ ကလေးသူငယ် ဥပဒေ အခန်း (၉)၊ ပုဒ်မ ၃၇ တွင် ရဲအရာရှိ သို့မဟုတ် အရေးယူပိုင်ခွင့်ရှိသူသည် ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော ကလေးသူငယ်ကို လက်ထိပ်ခတ်ခြင်း၊ ကြိုးဖြင့်ချည်နှောင်ခြင်း မပြုရ၊ လူကြီးတရားခံများနှင့်အတူ ရောနှော၍ထားရှိခြင်း မပြုရ၊ ပုဒ်မခွဲ (စ) အရ ကလေးသူငယ်တရားရုံးသို့ အမြန်ဆုံး တင်ပို့နိုင်ခြင်းမရှိပါက ကလေးသူငယ်အား ခံဝန်ချုပ်ဖြင့် လွှတ်ထားရမည်ဟုလည်းကောင်း၊ ကလေးသူငယ်နည်းဥပဒေ အခန်း ၁၂၊ ကလေးသူငယ်အား ပြစ်မှုဖြင့် အရေးယူခြင်း၊ အပိုဒ် ၆၄ တွင် ရဲစခန်းတွင် ရဲအရာရှိတစ်ဦး၏ ကြီးကြပ်မှုအောက်တွင် ထားရှိရမည်၊ လက်ထိပ်ခတ်ခြင်း၊ ကြိုးဖြင့်ချည်နှောင်ခြင်း မပြုရဟုလည်းကောင်း သတ်မှတ်ထားခြင်းကြောင့် အသက် ၁၇ နှစ်ခန့်ရှိပြီး လူသတ်မှု လုယက်မှု စသည့် ပြစ်မှုကြီးများ ကျူးလွန်ခဲ့ကြသည့် ကလေးသူငယ်များအား အချုပ်ခန်းအတွင်း မထားဘဲ အပြင်တွင်ထားပါက မျက်ခြည်မပြတ် ကြည့်ရှုနေရန်မှာ အလွန်ခက်ခဲပြီး ထွက်ပြေးပါကလည်း တာဝန်ရှိသူ ရဲတပ်ဖွဲ့ဝင်မှာ ထောင် ၃ နှစ်ကျခံရသည်ထိ အရေးယူခြင်း ခံကြရပါသည်။ သို့ဖြစ်၍ ကလေးသူငယ်များအတွက် ထိန်းသိမ်းရန်နေရာများ သီးခြားစီစဉ် ဆောင်ရွက်ထားပေးသင့်ပါသည်။

၁၅၁။ လက်ရှိ ရဲတပ်ဖွဲ့ဝင်အင်အားမှာ ဖွဲ့စည်းပုံ ပြည့်မီခြင်းမရှိသဖြင့် ထမ်းဆောင်နေရသော တာဝန်များနှင့် ဖိစီးနေကြပါသည်။ သို့ဖြစ်၍ ရဲဝန်ထမ်းသစ်များ စုဆောင်းခြင်းကို ပြည်နယ်၊ တိုင်းဒေသကြီးနှင့် ခရိုင်အလိုက် စုဆောင်းပြီး လေ့ကျင့်ရေး ပြီးဆုံးပါက စုဆောင်းခဲ့သော ခရိုင်နှင့် မြို့နယ်များသို့ ပြန်လည်နေရာချထားပေးခြင်းဖြင့် ပြန်လည်ပြုန်းတီးအင်အားများ လျော့နည်းသွားနိုင်သည်ဟု သုံးသပ်ရရှိပါသည်။

## တရားရုံးအချုပ်ခန်းများနှင့် ပတ်သက်သည့် အကြံပြုချက်

၁၅၂။ **တရားရုံးအချုပ်ခန်းပြင်ဆင်တည်ဆောက်ရေးကိစ္စ**။ တရားရုံးအချုပ်ခန်း အများစုသည် တရားရုံးများနှင့် တွဲဆက်မနေဘဲ သီးခြား အဆောက်အဦငယ်တစ်ခုတွင် ဖွဲ့စည်းထားကြသည်ကို တွေ့ရှိရပါသည်။ ရဲစခန်းအချုပ်ခန်းများတွင် အချုပ်သား အနည်းငယ်သာရှိပြီး အချို့အချုပ်ခန်းများတွင် အချုပ်သား လုံးဝမရှိသည်ကို တွေ့ရှိရသော်လည်း ယင်း ရဲစခန်းအချုပ်ခန်းများသည် ဧရိယာကျယ်ဝန်းပြီး ခိုင်ခံ့လုံခြုံမှုများရှိသည်ကို တွေ့ရပါသည်။ သို့ရာတွင် နေ့စဉ်နှင့်အမျှ အချုပ်သားများကို အကျဉ်းထောင်မှ သယ်ယူ၍ တရားရင်ဆိုင်ရာတရားရုံးသို့ ပို့ဆောင်စစ်ဆေးရာတွင် အသုံးပြုသည့် တရားရုံးအချုပ်ခန်းများမှာမူ ကျဉ်းမြောင်းခြင်း၊ အိမ်သာနှင့် အပေါ့သွားခန်းများ တွဲဖက်မထားခြင်း၊ လုံခြုံရေးတာဝန်ထမ်းဆောင်သည့် ရဲတပ်ဖွဲ့ဝင်များအတွက် နေရာလုံလောက်မှု မရှိခြင်းများ တွေ့ရှိနေရပါသည်။ သို့ဖြစ်၍ တရားရုံးအချုပ်ခန်းများကို တစ်နှစ်အတွင်း ပျမ်းမျှ လာရောက်သည့် အချုပ်သားဦးရေအပေါ် မူတည်၍ လုံလောက်သည့် အကျယ်အဝန်းရှိသော တရားရုံး အချုပ်ခန်းများကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ရန်ပုံငွေမှ ဆောက်လုပ်ခွင့်ပြု ပေးသင့်ပါသည်။

၁၅၃။ **တရားရုံးအချုပ်ခန်း စည်းကမ်းထိန်းသိမ်းရေး**။ တရားရင်ဆိုင်နေကြသော အချုပ်သားအချို့သည် အကျဉ်းထောင်အတွင်း၌ စည်းကမ်းသေဝပ်စွာ နေထိုင်ကြသော်လည်း တရားရုံးအချုပ်ခန်းရောက်သည်နှင့် ဆေးလိပ်သောက်ရန်၊ ကွမ်းစားရန် တောင်းဆိုခြင်း၊ ခွင့်မပြုပါက လုံခြုံရေးတာဝန်ရှိသော ရဲတပ်ဖွဲ့ဝင်အား နှုတ်ဖြင့် မကြားဝံ့မနာသာ ဆဲဆိုခြင်း၊ ခြိမ်းခြောက်ခြင်း၊ တစ်ခါတစ်ရံကိုယ်ထိလက်ရောက် ကျူးလွန်ခြင်း၊ ထိုကဲ့သို့ ပြုလုပ်သည်ကို ရဲတပ်ဖွဲ့ဝင်က ပြန်လည်တုံ့ပြန်ပါကအနီးရှိ ပြည်သူအချို့နှင့် မီဒီယာများက ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများ ရိုက်ယူပြီး ရဲတပ်ဖွဲ့သိက္ခာကျစေရန် မမှန်သတင်း ထုတ်လွှင့်ခြင်းများကြောင့် တရားရုံးအချုပ်ခန်း တာဝန်ထမ်းဆောင်နေကြသောရဲတပ်ဖွဲ့ဝင် အချို့မှာ နုတ်ထွက်စာ တင်သည်အထိ စိတ်ဓာတ်ကျဆင်းသူများ ရှိလာကြပါသည်။ သို့ဖြစ်၍ တရားရုံးအချုပ်ခန်းမှ တရားရုံးသို့သွားသည့်လမ်းကို လုံခြုံရေး အရံအတားများ ပြုလုပ်ပေးခြင်း၊ CCTV တပ်ဆင်ပေးထားပြီး မှတ်တမ်းရိုက်ယူခြင်းများ ပြုလုပ်သင့်ပါသည်။

၁၅၄။ **တရားရုံးအချုပ်ခန်း ဧည့်တွေ့ခြင်း**။ တရားရုံးအချုပ်ခန်းများတွင် ဧည့်တွေ့လာရောက်သည့်မိသားစုအချို့သည် အချုပ်သားများထံသို့ မူးယစ်ဆေးဝါးများ ပေးသွင်းခြင်း၊ ဓား၊ လွှ၊ တယ်လီဖုန်း အစရှိသည့် တားမြစ်ပိတ်ပင်ထားသည့် ပစ္စည်းများ ပေးသွင်းခြင်းများကို နည်းမျိုးစုံဖြင့်ကြိုးပမ်းဆောင်ရွက်လေ့ ရှိကြပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်သည်ကို တရားရုံးလုံခြုံရေးရဲတပ်ဖွဲ့ဝင်များက မတွေ့ရှိဘဲ အကျဉ်းထောင်တွင် စစ်ဆေးသည့်အခါမှ တွေ့ရှိသည့်အခါများတွင်ယင်းရဲတပ်ဖွဲ့ဝင်များမှာ ဥပဒေအရ အရေးယူခြင်းခံကြရပါသည်။ ယင်းကဲ့သို့ မဖြစ်စေရေးအတွက်မိသားစုများနှင့် တွေ့ဆုံမှုကို ကန့်သတ်စစ်ဆေးမှုများ ပြုလုပ်သည့်အခါ အထက်ဖော်ပြခဲ့သည့်အတိုင်း အချုပ်သားများ၏ ဆဲဆိုခြင်း၊ ရန်ပြုခြင်းများကို ခံနေကြရပါသည်။ သို့ဖြစ်၍ တရားရုံးအချုပ်ခန်းများတွင် ဧည့်တွေ့ခန်းများကို အကျဉ်းထောင် ထောင်ဝင်စာခန်းများကဲ့သို့ စနစ်တကျတည်ဆောက်ပေးသင့်ပါသည်။

**ဥပဒေရေးရာ အကြံပြုချက်များ**

၁၅၅။ မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများ ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေးများ ပိုမိုခံစားနိုင်စေရန် မြန်မာနိုင်ငံအနေဖြင့် ICCPR သို့ အတည်ပြုချုပ်ဆိုခြင်း (accession) ပြုသင့်ပါသည်။

၁၅၆။ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် ညီညွတ်မည့် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေအသစ်ကိုလည်းကောင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု တားဆီးကာကွယ်ရေး ဥပဒေကိုလည်းကောင်း ပြဋ္ဌာန်းသင့်ပါသည်။

## ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ

**လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဆိုင်ရာ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ**

၁၅၇။ နိုင်ငံအဝှမ်းရှိ ပြည်သူလူထုအတွင်း လူ့အခွင့်အရေးအသိပညာများ ပျံ့နှံ့မှု ကွာဟချက်ကျဉ်းမြောင်းစေရေးနှင့် လူ့အခွင့်အရေးကို ပိုမိုကျယ်ပြန့်စွာ သိရှိလေးစား နားလည်လာစေရေးတို့အတွက် ရည်ရွယ်၍ ၂၀၁၈ ခုနှစ်အတွင်း ခရိုင်အဆင့်တွင် လူ့အခွင့်အရေး အသိပညာပြန့်ပွားရေး လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ရာ ဖွဲ့စည်းပုံအရ တစ်နိုင်ငံလုံးတွင် ခရိုင် ၇၄ ခု ရှိသည့်အနက် ခရိုင် ၁၀ ခုတွင် ခရိုင်အဆင့် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများ ပြုလုပ်ရန် စီစဉ်ထားရှိပါသည်။ ထို့ပြင် ရေရှည်ကာလတွင် ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများအထိတိုင်အောင် လူ့အခွင့်အရေး အသိပညာ ပြန့်ပွားရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရန်ကိုလည်း ရည်ရွယ်ပါသည်။

၁၅၈။ အထက်ပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် ကော်မရှင်အနေဖြင့် လုံလောက်သော လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်မည်ဖြစ်ပါသည်။ လက်ရှိအခြေအနေတွင် ပြုလုပ်ဆောင်ရွက်ခဲ့ပြီးသော ဖော်ပြပါ လူ့အခွင့်အရေး အသိပညာပြန့်ပွားရေး လုပ်ငန်းများကို ဒုတိယဥက္ကဋ္ဌနှင့် အသိပညာ ပြန့်ပွားရေးတာဝန်ယူထားသော ကော်မရှင်အဖွဲ့ဝင်တစ်ဦးမှ ဦးဆောင်ပြီး ကော်မရှင်ရုံးအရာထမ်း ၃ ဦးဖြင့်သာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါသည်။ ရှေ့ဆက်ဆောင်ရွက်ရန် လျာထားသော ပမာဏ ကြီးမားသည့် လူ့အခွင့်အရေး အသိပညာပြန့်ပွားရေး လုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် အရည်အချင်းပြည့်မီ၍ ကျွမ်းကျင်မှုရှိသော အရာထမ်း၊ အမှုထမ်းများ လိုအပ်လျက်ရှိရာ ယင်းဝန်ထမ်းလိုအပ်ချက်အား ဖြည့်ဆည်းရန်ကိုလည်း စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ**

၁၅၉။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် ၂၀၁၈ ခုနှစ်အတွင်း ယခင်နှစ်များက လုံးဝစစ်ဆေးမှု မပြုလုပ်ရသေးသော အကျဉ်းထောင် ၁၄ ခုအား စစ်ဆေးသွားမည့်အပြင် စစ်ဆေးပြီးအကျဉ်းထောင်များအနက် ကော်မရှင်၏ အကြံပြုတိုက်တွန်းခဲ့မှုများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ပြန်လည်ကြည့်ရှုစစ်ဆေးရန် လိုအပ်သည့် အကျဉ်းထောင်များနှင့် လိုအပ်ချက်များတွေ့ရှိလာသည့် အကျဉ်းထောင်များကိုလည်း ထပ်မံစစ်ဆေးသွားမည်ဖြစ်ပါသည်။

၁၆၀။ လူ့အခွင့်အရေး ဖောက်ဖျက်ကျူးလွန်မှုများနှင့် စပ်လျဉ်း၍ တိုင်တန်းချက်များအား ကော်မရှင်သို့ ပေးပို့တိုင်တန်းနိုင်ကြောင်းကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင်လည်းကောင်း၊ နိုင်ငံပိုင် သတင်းစာများတွင်လည်းကောင်း၊ ကော်မရှင် Website နှင့် Facebook တို့တွင် လည်းကောင်း၊ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ပညာပေးရေးဌာန၏ လူ့အခွင့်အရေးဆိုင်ရာ ဟောပြောပွဲများတွင်လည်းကောင်း ပြည်သူများသို့ အသိပေးလျက်ရှိပါသည်။ သို့ဖြစ်၍ ကော်မရှင် အနေဖြင့် တိုင်တန်းချက်များကို ယခင်နှစ်များကထက် ပိုမို လက်ခံရရှိနိုင်မည်ဟု မျှော်မှန်းထားရာ လူ့အခွင့်အရေး ဖောက်ဖျက်သည်ဟု ယူဆရသည့် တိုင်တန်းချက်များအပေါ် ကွင်းဆင်းစုံစမ်း စစ်ဆေးမှုများကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ဥပဒေရေးရာဆိုင်ရာ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ

၁၆၁။ နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊ တည်ဆဲ ဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် ကိုက်ညီမှု ရှိ၊ မရှိကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြင်ဆင်သင့်သည့် ဥပဒေများနှင့် အခြား ဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စု လွှတ်တော်သို့တင်ပြခြင်းများကို ကော်မရှင်ဥပဒေနှင့်အညီ အစိုးရအဖွဲ့အား ပံ့ပိုးကူညီခြင်းများကို ကော်မရှင်ဥပဒေ ပုဒ်မ ၂၂ (ခ) နှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

## နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ

၁၆၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အား လက်ရှိအချိန်တွင် ကုလသမဂ္ဂက ကမကထပြုသည့် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (GANHRI) က "ဘီ" အဆင့်အဖြစ် သတ်မှတ်၍ အဖွဲ့ဝင်အဖြစ် လက်ခံထားပါသည်။ GANHRI က မြန်မာ နိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို အကြံပြုထားသည့် ကော်မရှင် ဥပဒေ ပြင်ဆင်ရေး အပါအဝင် အကြံပြုချက်များကို ဆောင်ရွက်ပြီး ကော်မရှင်အနေဖြင့် GANHRI တွင် "အေ" အဆင့် အဖွဲ့ဝင်အဖြစ် တိုးမြှင့်ပါဝင်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၁၆၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်သည် အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့် အရေး အဖွဲ့အစည်းများဖိုရမ် (APF) ၏ တွဲဖက်အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက် ရှိရာ GANHRI တွင် "အေ" အဆင့်အဖွဲ့ဝင်အဖြစ် အသိအမှတ် ပြုခြင်းခံရပြီးပါက အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (APF) တွင်လည်း တင်းပြည့်အဖွဲ့ဝင် အဖြစ် ပါဝင်ခွင့်ရရှိမည်ဖြစ်ပါသည်။

၁၆၄။ ကော်မရှင်အနေဖြင့် GANHRI တွင် "အေ" အဆင့် အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ APF တွင် တင်းပြည့်အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်ဆောင်ရွက်ခွင့်ရရှိပါက လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတကာနှင့်လည်းကောင်း၊ ဒေသတွင်း၌လည်းကောင်း ပိုမို တက်ကြွစွာ ပါဝင်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်၍ ကုလသမဂ္ဂ အဖွဲ့အစည်းများ

အပါအဝင် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် GANHRI တွင် “အေ” အဆင့် အဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုမှုကို ရရှိရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**စီမံရေးရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ဆက်လက်လုပ်ဆောင်မည့် လုပ်ငန်းစဉ်များ**

၁၆၅။ ကော်မရှင် လက်ရှိဖွဲ့စည်းပုံအင်အားမှာ ၁၆၇ ဦးဖြစ်သော်လည်း၊ လက်ရှိတွင် ရုံးနေရာအခက်အခဲကြောင့် ၆၅ ဦးသာ ခန့်ထားပြီး လုပ်ငန်းတာဝန် ထမ်းဆောင်လျက်ရှိပါသည်။ တိုးတက်များပြားလာသော လုပ်ငန်းများကို ထမ်းဆောင်နိုင်ရေးအတွက် ဖွဲ့စည်းပုံသစ်ကို ရုံးချုပ်တွင် ဝန်ထမ်းအင်အား ၂၆၃ ဦးနှင့် ရုံးခွဲ (၁) ရုံးလျှင် ဝန်ထမ်းအင်အား ၈ ဦးဖြင့် ၅ ရုံးအတွက် ဝန်ထမ်းအင်အား ၄၀ ဦး ထည့်သွင်း လျာထားလျက် ဝန်ထမ်း ၃၀၅ ဦးဖြင့် ပြင်ဆင်ရေးဆွဲထားပြီး ဖြစ်ပါသည်။ ပြင်ဆင်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအား အတည်ပြုချက်ရရှိပြီးပါက ရုံးခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့် ဝန်ထမ်းများ ဖြည့်တင်းခန့်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

၁၆၆။ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှ ကော်မရှင်အသစ်ကို ဖွဲ့စည်းပြီးသည့် နောက်ပိုင်းတွင် ကော်မရှင်၏ လူ့အခွင့်အရေး အသိပညာပေးရေးနှင့် မြှင့်တင်ရေးလုပ်ငန်းများ၊ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လှုပ်ရှားမှုများမှာလည်း ပိုမိုများပြားလာပြီး လူ့အခွင့်အရေး လုပ်ငန်းစဉ်များမှာ ကြီးမားကျယ်ပြန့်လာပါသည်။ အဆိုပါ လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးတိုင်း ဒေသကြီးတို့တွင် ယာယီရုံးခွဲများကို ၂၀၁၇ ခုနှစ်၊ မတ်လအတွင်း ဖွင့်လှစ်ထားရှိပြီး ဖွဲ့စည်းပုံ လျာထားချက်အတိုင်း ရုံးခွဲ (၃) ရုံးကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် သင့်လျော်သော နေရာတွင် အမြန်ဆုံး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁၆၇။ ကော်မရှင်ရုံးချုပ်တွင် အဆောက်အဦတိုးချဲ့ရရှိရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အရ ထပ်မံရရှိသော နောက်ဘက်ရုံး ၃ ထပ်ဆောင်အား ပြင်ဆင်မွမ်းမံနိုင်ရေး ဖြည့်စွက်လုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ ၆ လ ထောက်ပံ့အသုံးစရိတ်တွင် ထည့်သွင်းရေးဆွဲထားပြီး ခွင့်ပြုချက်ရရှိပါက ပြင်ဆင်မွမ်းမံနိုင်ရေး လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းများပြီးဆုံးပါက လက်ရှိဝန်ထမ်း ၆၅ ဦးမှ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလအထိ ဘဏ္ဍာရေးနှစ်အတွင်း ခန့်ထားရန် လျာထားသည့် ဝန်ထမ်းအင်အား ၁၀၅ ဦး ပြည့်မီသည်အထိ လိုအပ်သော ဝန်ထမ်းများ ဖြည့်တင်းခန့်ထားရေး ဆောင်ရွက်သွားပါမည်။

၁၆၈။ နိုင်ငံတော်သမ္မတရုံး၏ ခွင့်ပြုချက်အရ ကော်မရှင်ရုံး ဝန်ထမ်းများအတွက် အငြိမ်းစားပင်စင်စီမံချက်ကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိရာ ငွေစာရင်းထိန်းသိမ်းခြင်းနှင့် ပင်စင်အကျိုးခံစားခွင့် တွက်ချက်ခြင်းများကို အမှားအယွင်းကင်းစွာ ရေရှည်အသုံးပြုနိုင်ရေးအတွက် ကွန်ပျူတာပရိုဂရမ် ရေးဆွဲရန် လိုအပ်သော ရန်ပုံငွေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုချက်ရရှိပြီးဖြစ်ပါ၍ ကျွမ်းကျင်ဝန်ထမ်း ခန့်အပ်ပြီး လုပ်ငန်း

များကို စီမံချက်နှင့်အညီ စနစ်တကျဆောင်ရွက်သွားရန် ကွန်ပျူတာပရိုဂရမ် ရေးဆွဲသော ကုမ္ပဏီများနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

## နိဂုံး

၁၆၉။ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများ၏ အဓိကလုပ်ငန်းတာဝန်မှာ လူ့အခွင့်အရေး အသိပညာပေးခြင်း၊ လူ့အခွင့်အရေးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ နိုင်ငံတော်အစိုးရသို့ ဥပဒေရေးရာ အကြံပြုချက်များပေးပို့ခြင်း၊ လူ့အခွင့်အရေးနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂအပါအဝင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်းတို့ဖြစ်ရာ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် အဆိုပါ လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဌာနများခွဲ၍ ဆောင်ရွက်လျက် ရှိပါကြောင်းနှင့် ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေး ဆောင်ရွက်ချက်များကို တစ်နှစ်ထက်တစ်နှစ် တိုးတက်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။

၁၇၀။ ကော်မရှင်က ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှု လိုအပ်ပါသည်။ လက်ရှိအခြေအနေတွင်လည်း ယခင်နှစ်များကထက် ပိုမို ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်လာခြင်းကြောင့်လည်း ကော်မရှင်၏ လူ့အခွင့်အရေး အသိပညာ မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ ပိုမို တိုးတက်အောင်မြင်လာသည်ဟု သုံးသပ်ဖော်ပြအပ်ပါသည်။

၁၇၁။ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကွင်းဆင်းလေ့လာခြင်း၊ ကြည့်ရှုစစ်ဆေးခြင်းများ ပြုလုပ်ရာတွင် ကူညီပံ့ပိုးမှုများ ပိုမိုရရှိလာပါသည်။ အချို့ တိုင်တန်းချက်များကို စိစစ်ဆောင်ရွက်ပေးပါရန် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခဲ့ရာတွင် စနစ်တကျ စိစစ်ခြင်း၊ ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ ကော်မရှင်ထံသို့ အလေးထားပြန်ကြားခြင်းများ ပြုလုပ်ခဲ့ကြသဖြင့် ကော်မရှင်၏လုပ်ဆောင်မှုများသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုပီပြင်တိုးတက်လာခဲ့ ခြင်းဖြစ်ပါသည်။ အလားတူ နိုင်ငံပိုင်မီဒီယာများ၊ ပုဂ္ဂလိကမီဒီယာများအနေဖြင့်လည်း ပြည်သူများအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ်များကို ကြိုးပမ်းလေ့လာ ဖော်ပြခဲ့ခြင်းများကြောင့် ကော်မရှင်အနေဖြင့် လွယ်ကူလျင်မြန်စွာသိရှိပြီး တိုင်တန်းချက်များ မရရှိသော်လည်း အချိန်မီ ကုစားဖြေရှင်းမှုများ ပြုလုပ်နိုင်ခဲ့သည့်အပြင် ကော်မရှင်၏ လုပ်ဆောင်မှုများကို အချိန်နှင့်တပြေးညီ အများပြည်သူ သိရှိရေး မီဒီယာများက ဆောင်ရွက်ပေးခြင်းများကြောင့် ပိုမိုထိရောက် အောင်မြင်ခဲ့ခြင်း ဖြစ်ပါသည်။

၁၇၂။ ၂၀၁၈ ခုနှစ်တွင်လည်း နိုင်ငံတော်အစိုးရ၏ ပံ့ပိုးကူညီမှု၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များ၏ အားပေးကူညီ ပူးပေါင်းဆောင်ရွက်မှု၊ မီဒီယာ၏ ပူးပေါင်းကူညီမှုများဖြင့် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး အသိပညာ ပိုမိုမြင့်မားပြီး လူ့အခွင့်အရေး ဖောက်ဖျက်မှုများ လျော့ပါးစေရန် ဆက်လက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

****************

# နောက်ဆက်တွဲများ

## လူ့အခွင့်အရေးအကြောင်းသိကောင်းစရာများရှင်းလင်းဟောပြောပွဲ

| စဉ် | ရက်စွဲ | တက်ရောက်သူဦးရေ | နေရာ |
|---|---|---|---|
| ၁ | ၁၀-၁-၂၀၁၇ | ၅၂၄ ဦး | ကသာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၂ | ၁၀-၁-၂၀၁၇ | ၁၀၀ ဦး | ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၃ | ၁၁-၁-၂၀၁၇ | ၂၆၀ ဦး | ဝန်းသိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး |
| ၄ | ၆-၂-၂၀၁၇ | ၂၂၃ ဦး | လှိုင်းဘွဲ့မြို့၊ ကရင်ပြည်နယ် |
| ၅ | ၇-၂-၂၀၁၇ | ၂၀၂ ဦး | ကော့ကရိတ်မြို့၊ ကရင်ပြည်နယ် |
| ၆ | ၁၈-၃-၂၀၁၇ | ၄၄၇ ဦး | အောင်မြင် (တောကျွဲအင်း)မြို့၊ ပဲခူးတိုင်းဒေသကြီး |
| ၇ | ၂၂-၃-၂၀၁၇ | ၂၁၅ ဦး | သီပေါမြို့၊ ရှမ်း (မြောက်) |
| ၈ | ၂၂-၃-၂၀၁၇ | ၂၆၂ ဦး | ကျောက်မဲမြို့၊ ရှမ်း (မြောက်) |
| ၉ | ၂၃-၃-၂၀၁၇ | ၂၄၀ ဦး | နောင်ချိုမြို့၊ ရှမ်း (မြောက်) |
| ၁၀ | ၁၁-၉-၂၀၁၇ | ၂၀၀ ဦး | မိုင်းယောင်းမြို့၊ ရှမ်း (အရှေ့ပိုင်း) |
| ၁၁ | ၁၂-၉-၂၀၁၇ | ၂၀၇ ဦး | မိုင်းဖြတ်မြို့၊ ရှမ်း (အရှေ့ပိုင်း) |
| ၁၂ | ၁၂-၉-၂၀၁၇ | ၂၂၀ ဦး | တာလေမြို့၊ ရှမ်း (အရှေ့ပိုင်း) |
| ၁၃ | ၁၃-၉-၂၀၁၇ | ၃၃၁ ဦး | တာချီလိတ်မြို့၊ ရှမ်း (အရှေ့ပိုင်း) |
| ၁၄ | ၁၆-၁၀-၂၀၁၇ | ၂၀၁ ဦး | ပူတာအိုမြို့၊ ကချင်ပြည်နယ် |
| ၁၅ | ၁၆-၁၀-၂၀၁၇ | ၁၅၃ ဦး | မချမ်းဘောမြို့၊ ကချင်ပြည်နယ် |
| ၁၆ | ၂၈-၁၂-၂၀၁၇ | ၂၆၄ ဦး | မိုးကောင်းမြို့၊ ကချင်ပြည်နယ် |
| ၁၇ | ၂၈-၁၂-၂၀၁၇ | ၁၁၂ ဦး | ဟိုပင်မြို့၊ ကချင်ပြည်နယ် |
| ၁၈ | ၂၉-၁၂-၂၀၁၇ | ၃၈၂ ဦး | မိုးညှင်းမြို့၊ ကချင်ပြည်နယ် |

## ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသို့ လူ့အခွင့်အရေး အသိပညာပြန့်ပွားရေး ဆွေးနွေးဟောပြောပွဲများပြုလုပ်ခြင်း

| စဉ် | ရက်စွဲ | ဌာနအမည် | သွားရောက်ဟောပြောမည့်အဖွဲ့ | | တက်ရောက်သည့်အင်အား |
|---|---|---|---|---|---|
| | | | ကော်မရှင် | ရုံးအဖွဲ့ | |
| ၁ | ၁၂-၆-၂၀၁၇ | နိုင်ငံခြားရေးဝန်ကြီးဌာန | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊<br>ဦးညွှန့်ဆွေ (အဖွဲ့ဝင်) | ဦးဇော်လွင်ထူး | ၁၉၂ ဦး |
| ၂ | ၁၂-၆-၂၀၁၇ | ပြည်ထဲရေးဝန်ကြီးဌာန | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ)၊<br>ဦးခင်မောင်လေး (အဖွဲ့ဝင်) | ဦးအာကာဟိန်းစိုး | ၂၁၀ ဦး |
| ၃ | ၁၃-၆-၂၀၁၇ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊<br>ဦးညွှန့်ဆွေ (အဖွဲ့ဝင်) | ဦးဇော်လွင်ထူး | ၂၆၃ ဦး |
| ၄ | ၁၃-၆-၂၀၁၇ | ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးစစ်မြိုင်(ဒုတိယဥက္ကဋ္ဌ)<br>ဦးခင်မောင်လေး (အဖွဲ့ဝင်) | ဦးအာကာဟိန်းစိုး | ၂၀၀ ဦး |
| ၅ | ၁၃-၆-၂၀၁၇ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ)<br>ဦးခင်မောင်လေး (အဖွဲ့ဝင်) | ဦးအာကာဟိန်းစိုး | ၂၀၀ ဦး |
| ၆ | ၁၄-၆-၂၀၁၇ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည် နေရာချထားရေး<br>ဝန်ကြီးဌာန | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊<br>ဦးညွှန့်ဆွေ (အဖွဲ့ဝင်) | ဦးဇော်လွင်ထူး | ၂၃၀ ဦး |
| ၇ | ၁၄-၆-၂၀၁၇ | အလုပ်သမား၊ လူဝင်မှု<br>ကြီးကြပ်ရေးနှင့်<br>ပြည်သူ့အင်အားဝန်ကြီးဌာန | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊<br>ဦးညွှန့်ဆွေ (အဖွဲ့ဝင်) | ဦးဇော်လွင်ထူး | ၂၀၆ ဦး |
| ၈ | ၁၄-၆-၂၀၁၇ | တိုင်းရင်းသားလူမျိုးများရေးရာ<br>ဝန်ကြီးဌာန | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ)<br>ဦးခင်မောင်လေး (အဖွဲ့ဝင်) | ဦးအာကာဟိန်းစိုး | ၁၀၀ ဦး |
| ၉ | ၁၄-၆-၂၀၁၇ | ပြည်ထောင်စုရွေးကောက်ပွဲ<br>ကော်မရှင် | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ)<br>ဦးခင်မောင်လေး (အဖွဲ့ဝင်) | ဦးအာကာဟိန်းစိုး | ၆၂ ဦး |
| ၁၀ | ၁၅-၆-၂၀၁၇ | နိုင်ငံတော်သမ္မတရုံး/<br>နိုင်ငံတော်အတိုင်ပင်ခံရုံး/<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံး | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊<br>ဦးညွှန့်ဆွေ (အဖွဲ့ဝင်) | ဦးဇော်လွင်ထူး | ၉၂ ဦး |
| ၁၁ | ၁၅-၆-၂၀၁၇ | လွှတ်တော်သုံးရပ် | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊<br>ဦးညွှန့်ဆွေ (အဖွဲ့ဝင်) | ဦးဇော်လွင်ထူး | ၂၀၄ ဦး |
| ၁၂ | ၁၅-၆-၂၀၁၇ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ)<br>ဦးခင်မောင်လေး (အဖွဲ့ဝင်) | ဦးအာကာဟိန်းစိုး | ၁၈၀ ဦး |
| ၁၃ | ၁၅-၆-၂၀၁၇ | အဂတိလိုက်စားမှုတိုက်ဖျက်ရေး<br>ကော်မရှင် | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ)<br>ဦးခင်မောင်လေး (အဖွဲ့ဝင်) | ဦးအာကာဟိန်းစိုး | ၁၈၀ ဦး |
| ၁၄ | ၁၆-၆-၂၀၁၇ | ဟိုတယ်နှင့်ခရီးသွားလာရေး<br>ဝန်ကြီးဌာန | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊<br>ဦးညွှန့်ဆွေ (အဖွဲ့ဝင်) | ဦးဇော်လွင်ထူး | ၂၀၁ ဦး |
| ၁၅ | ၁၆-၆-၂၀၁၇ | ပြန်ကြားရေးဝန်ကြီးဌာန | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊<br>ဦးညွှန့်ဆွေ (အဖွဲ့ဝင်) | ဦးဇော်လွင်ထူး | ၂၂၈ ဦး |

| စဉ် | ရက်စွဲ | ဌာနအမည် | သွားရောက်ဟောပြောမည့်အဖွဲ့ | | တက်ရောက်သည့်အင်အား |
|---|---|---|---|---|---|
| | | | ကော်မရှင် | ရုံးအဖွဲ့ | |
| ၁၆ | ၁၆-၆-၂၀၁၇ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ)<br>ဦးခင်မောင်လေး (အဖွဲ့ဝင်) | ဦးအာကာဟိန်းစိုး | ၂၂၀ ဦး |
| ၁၇ | ၂၀-၆-၂၀၁၇ | စက်မှုဝန်ကြီးဌာန | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊<br>ဒေါက်တာမြင့်ကြည်(အဖွဲ့ဝင်) | ဦးဇော်လွင်ထူး | ၂၃၄ ဦး |
| ၁၈ | ၂၁-၆-၂၀၁၇ | နယ်စပ်ရေးရာဝန်ကြီးဌာန | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊<br>ဒေါက်တာမြင့်ကြည်(အဖွဲ့ဝင်) | ဦးဇော်လွင်ထူး | ၂၀၀ ဦး |
| ၁၉ | ၂၁-၆-၂၀၁၇ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊<br>ဒေါက်တာမြင့်ကြည်(အဖွဲ့ဝင်) | ဦးဇော်လွင်ထူး | ၂၀၃ ဦး |
| ၂၀ | ၂၂-၆-၂၀၁၇ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊<br>ဒေါက်တာမြင့်ကြည်(အဖွဲ့ဝင်) | ဦးဇော်လွင်ထူး | ၂၀၀ ဦး |
| ၂၁ | ၂၂-၆-၂၀၁၇ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊<br>ဒေါက်တာမြင့်ကြည်(အဖွဲ့ဝင်) | ဦးဇော်လွင်ထူး | ၂၀၆ ဦး |
| ၂၂ | ၂၃-၆-၂၀၁၇ | ကာကွယ်ရေးဝန်ကြီးဌာန | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊<br>ဒေါက်တာမြင့်ကြည်(အဖွဲ့ဝင်) | ဦးဇော်လွင်ထူး | ၇၅၀ ဦး |
| ၂၃ | ၂၃-၆-၂၀၁၇ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊<br>ဒေါက်တာမြင့်ကြည်(အဖွဲ့ဝင်) | ဦးဇော်လွင်ထူး | ၁၇၅ ဦး |
| ၂၄ | ၂၆-၆-၂၀၁၇ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ)၊<br>ဦးစိုးဘုန်းမြင့် (အဖွဲ့ဝင်) | ဦးအာကာဟိန်းစိုး | ၂၃၀ ဦး |
| ၂၅ | ၂၇-၆-၂၀၁၇ | ပညာရေးဝန်ကြီးဌာန | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ)၊<br>ဦးစိုးဘုန်းမြင့် (အဖွဲ့ဝင်) | ဦးအာကာဟိန်းစိုး | ၂၂၀ ဦး |
| ၂၆ | ၂၇-၆-၂၀၁၇ | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ)၊<br>ဦးစိုးဘုန်းမြင့် (အဖွဲ့ဝင်) | ဦးအာကာဟိန်းစိုး | ၂၀၀ ဦး |
| ၂၇ | ၂၈-၆-၂၀၁၇ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ)၊<br>ဦးစိုးဘုန်းမြင့် (အဖွဲ့ဝင်) | ဦးအာကာဟိန်းစိုး | ၂၀၀ ဦး |
| ၂၈ | ၂၈-၆-၂၀၁၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ)၊<br>ဦးစိုးဘုန်းမြင့် (အဖွဲ့ဝင်) | ဦးအာကာဟိန်းစိုး | ၄၀ ဦး |
| ၂၉ | ၂၉-၆-၂၀၁၇ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ)၊<br>ဦးစိုးဘုန်းမြင့် (အဖွဲ့ဝင်) | ဦးအာကာဟိန်းစိုး | ၂၁၀ ဦး |
| ၃၀ | ၂၉-၆-၂၀၁၇ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ)၊<br>ဦးစိုးဘုန်းမြင့် (အဖွဲ့ဝင်) | ဦးအာကာဟိန်းစိုး | ၂၂၀ ဦး |
| **စုစုပေါင်း** | | | | | **၆၂၅၆ ဦး** |

နောက်ဆက်တွဲ (ဂ)

**အစိုးရအရာထမ်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း (ခရိုင်အဆင့်)**

| စဉ် | ရက်စွဲ | တက်ရောက်သူဦးရေ | နေရာ |
|---|---|---|---|
| ၁ | ၁၆-၁-၂၀၁၇ မှ ၁၇-၁-၂၀၁၇ | ၅၀ ဦး | ကော့ကရိတ်မြို့၊ ကရင်ပြည်နယ် |
| ၂ | ၂၁-၂-၂၀၁၇ မှ ၂၂-၂-၂၀၁၇ | ၅၀ ဦး | မင်းဘူးမြို့၊ မကွေးတိုင်းဒေသကြီး |
| ၃ | ၇-၃-၂၀၁၇ မှ ၈-၃-၂၀၁၇ | ၅၀ ဦး | ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင် |
| ၄ | ၂၀-၃-၂၀၁၇ မှ ၂၁-၃-၂၀၁၇ | ၅၀ ဦး | လားရှိုးမြို့၊ ရှမ်း(မြောက်) |
| **စုစုပေါင်း** | | **၂၀၀ ဦး** | |

နောက်ဆက်တွဲ (ဃ)

**ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ**

| စဉ် | ရက်စွဲ | တက်ရောက်သူ ဦးရေ | နေရာ |
|---|---|---|---|
| ၁ | ၂၅-၁-၂၀၁၇ မှ ၂၆-၁-၂၀၁၇ | ၅၀ ဦး | ရန်ကုန်တိုင်းဒေသကြီး |
| ၂ | ၂၃-၂-၂၀၁၇ မှ ၂၄-၂-၂၀၁၇ | ၅၀ ဦး | မကွေးတိုင်းဒေသကြီး |
| ၃ | ၂၂-၃-၂၀၁၇ မှ ၂၄-၃-၂၀၁၇ | ၅၀ ဦး | ကချင်ပြည်နယ်၊ မြစ်ကြီးနား |
| **စုစုပေါင်း** | | **၁၅၀ ဦး** | |

နောက်ဆက်တွဲ (င)

**အမျိုးသမီးအဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း**

| စဉ် | ရက်စွဲ | တက်ရောက်သူ ဦးရေ | နေရာ |
|---|---|---|---|
| ၁ | ၇-၂-၂၀၁၇ မှ ၈-၂-၂၀၁၇ | ၅၀ ဦး | နေပြည်တော် |
| ၂ | ၁၄-၂-၂၀၁၇ မှ ၁၅-၂-၂၀၁၇ | ၅၀ ဦး | ရန်ကုန် |
| **စုစုပေါင်း** | | **၁၀၀ ဦး** | |

နောက်ဆက်တွဲ (စ)

**စည်ပင်သာယာရဲတပ်ဖွဲ့ဝင်များအတွက် ကလေးသူငယ် အခွင့်အရေးဆိုင်ရာအလုပ်ရုံသင်တန်း**

| စဉ် | ရက်စွဲ | တက်ရောက်သူဦးရေ | နေရာ |
|---|---|---|---|
| ၁ | ၁၉-၁၁-၂၀၁၇ | ၈၀ ဦး | နာနတ်တော |
| ၂ | ၂၀-၁၁-၂၀၁၇ | ၄၀ ဦး | နာနတ်တော |
| ၃ | ၂၁-၁၁-၂၀၁၇ | ၄၀ ဦး | နာနတ်တော |
| **စုစုပေါင်း** | | **၁၆၀ ဦး** | |

## ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်/ အထက်မြန်မာပြည်) တွင် သွားရောက်ပို့ချခဲ့သည့် သင်တန်းများအမည်စာရင်း

| စဉ် | သွားရောက် ပို့ချသည့်ရက်စွဲ | သင်တန်းအမည် | သင်တန်း သားဦးရေ | သင်တန်းကျောင်း | ပို့ချသူ |
|---|---|---|---|---|---|
| ၁ | ၁၆-၁-၂၀၁၇ | အရာထမ်းအခြေခံ (အထူး) သင်တန်းအမှတ်စဉ်(၇) | ၉၃ ဦး | အောက်မြန်မာပြည် | ဒေါက်တာခိုင်ခိုင်ဝင်း ညွှန်မှူး |
| ၂ | ၁၇-၂-၂၀၁၇ | အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၆၂) | ၈၉ ဦး | အထက်မြန်မာပြည် | ဦးစစ်မြိုင် ဒုတိယဥက္ကဋ္ဌ |
| ၃ | ၁၇-၂-၂၀၁၇ | အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၅၁) | ၁၀၀ ဦး | | |
| ၄ | ၁၇-၂-၂၀၁၇ | အရာထမ်းလောင်း အခြေခံ (အထူး) သင်တန်း အမှတ်စဉ် (၄) | ၁၀၅ ဦး | | |
| ၅ | ၂၉-၅-၂၀၁၇ | အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၆၃) | ၉၇ ဦး | အထက်မြန်မာပြည် | ဦးယုလွင်အောင် အဖွဲ့ဝင် |
| ၆ | ၁-၆-၂၀၁၇ | အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၅၄) | ၇၄ ဦး | အောက်မြန်မာပြည် | ဦးစစ်မြိုင် ဒုတိယဥက္ကဋ္ဌ |
| ၇ | ၁၀-၇-၂၀၁၇ | အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၅၂) | ၁၆၃ ဦး | အထက်မြန်မာပြည် | ဒေါက်တာခိုင်ခိုင်ဝင်း ညွှန်မှူး |
| ၈ | ၁၀-၇-၂၀၁၇ | အရာထမ်းငယ် အခြေခံသင်တန်းအမှတ်စဉ် (၃၇) | ၁၉၇ ဦး | | |
| ၉ | ၁၁-၇-၂၀၁၇ | အဆင့်မြင့်အရာထမ်းစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ်(၉) | ၅၈ ဦး | အောက်မြန်မာပြည် | ဦးစိုးဘုန်းမြင့် အဖွဲ့ဝင် |
| ၁၀ | ၁၃-၇-၂၀၁၇ | အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၆၇) | ၁၇၉ ဦး | အောက်မြန်မာပြည် | ဦးဇော်လွင်ထူး ဒုညွှန် |
| ၁၁ | ၂-၈-၂၀၁၇ | အရာထမ်းအခြေခံသင်တန်း အမှတ်စဉ် (၂၀၄) | ၁၂၉ ဦး | အောက်မြန်မာပြည် | ဦးဇော်လွင်ထူး ဒုညွှန် |
| ၁၂ | ၄-၉-၂၀၁၇ | အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၃၈) | ၂၀၂ ဦး | အထက်မြန်မာပြည် | ဦးဇော်လွင်ထူး ဒုညွှန် |
| ၁၃ | ၅-၉-၂၀၁၇ | စာရေးဝန်ထမ်းကြီးကြပ်မှု တန်းမြင့်သင်တန်း အမှတ်စဉ် (၈၃) | ၇၅ ဦး | အောက်မြန်မာပြည် | ဦးအာကာဟိန်းစိုး ဒုညွှန် |
| ၁၄ | ၅-၉-၂၀၁၇ | အရာထမ်းလောင်းအခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်း စီမံခန့်ခွဲမှု ဘွဲ့လွန် ဒီပလိုမာသင်တန်းအမှတ်စဉ် (၂) | ၁၄၇ ဦး | အထက်မြန်မာပြည် | ဦးအာကာဟိန်းစိုး ဒုညွှန် |

| စဉ် | သွားရောက် ပို့ချသည့်ရက်စွဲ | သင်တန်းအမည် | သင်တန်း သားဦးရေ | သင်တန်းကျောင်း | ပို့ချသူ |
|---|---|---|---|---|---|
| ၁၅ | ၁၂-၉-၂၀၁၇ | အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၆၈) | ၂၁၀ ဦး | အောက်မြန်မာပြည် | ဦးအာကာဟိန်းစိုး ဒုညွှန် |
| ၁၆ | ၁၈-၉-၂၀၁၇ | အလယ်အလတ်အဆင့်အရာထမ်း စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၆၄) | ၈၄ ဦး | အထက်မြန်မာပြည် | ဦးစစ်မြိုင် ဒုတိယဉက္ကဋ္ဌ |
| ၁၇ | ၂၀-၉-၂၀၁၇ | အလယ်အလတ်အဆင့်အရာထမ်းစီမံ ခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၅၅) | ၇၈ ဦး | အောက်မြန်မာပြည် | ဦးခင်မောင်လေး အဖွဲ့ဝင် |
| ၁၈ | ၃၀-၁၀-၂၀၁၇ | အဆင့်မြင့် အရာထမ်း စီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၅) | ၅၆ ဦး | အထက်မြန်မာပြည် | ဦးစစ်မြိုင် ဒုတိယဉက္ကဋ္ဌ |
| ၁၉ | ၁၀-၁၁-၂၀၁၇ | အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၃၉) | ၁၉၀ ဦး | အထက်မြန်မာပြည် | ဦးအာကာဟိန်းစိုး ဒုညွှန် |
| ၂၀ | ၁၄-၁၁-၂၀၁၇ | အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ် (၆၉) | ၂၀၄ ဦး | အောက်မြန်မာပြည် | ဦးအာကာဟိန်းစိုး ဒုညွှန် |
| ၂၁ | ၂၇-၁၁-၂၀၁၇ | အရာထမ်းလောင်း အခြေခံ (အထူး) သင်တန်းအမှတ်စဉ်(၈) | ၅၁၄ ဦး | အောက်မြန်မာပြည် | ဦးအာကာဟိန်းစိုး ဒုညွှန် |
| စုစုပေါင်း | | | ၃၀၄၄ ဦး | | |

**နောက်ဆက်တွဲ (၈)**

## နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်တွင် သွားရောက်ပို့ချသည့် အမည်စာရင်း

| စဉ် | သွားရောက်ပို့ချသည့် ရက်စွဲ | သင်တန်းအမှတ်စဉ် | သင်တန်းသား ဦးရေ | ပို့ချသူ |
|---|---|---|---|---|
| ၁ | ၂၂-၆-၂၀၁၅ | ၁၄ | ၈၀ | ဦးဝင်းမြ (ဥက္ကဋ္ဌ) |
| ၂ | ၉-၈-၂၀၁၆ | ၁၅ | ၆၅ | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ) |
| ၃ | ၁-၈-၂၀၁၇ | ၁၆ | ၆၁ | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ) |
| စုစုပေါင်း | | | ၂၀၆ ဦး | |

**နောက်ဆက်တွဲ (၈၂)**

## စစ်ဦးစီးတက္ကသိုလ်သင်တန်း၊ ကလေးမြို့သို့ သွားရောက်ပို့ချခဲ့သည့် အခြေအနေ

| စဉ် | သွားရောက် ပို့ချသည့်ရက်စွဲ | သင်တန်းအမှတ်စဉ် | သင်တန်းသားဦးရေ | ပို့ချသူ |
|---|---|---|---|---|
| ၁ | ၁၈-၂-၂၀၁၆ | ၆၃ | ၂၅၀ | ဦးဝင်းမြ (ဥက္ကဋ္ဌ)၊ ဦးယုလွင်အောင် (အဖွဲ့ဝင်) |
| ၂ | ၁၃-၁၀-၂၀၁၆ | ၆၄ | ၁၉၂ | ဦးယုလွင်အောင် (အဖွဲ့ဝင်) |
| ၃ | ၂၇-၇-၂၀၁၇ | ၆၅ | ၂၆၅ | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ) |
| စုစုပေါင်း | | | ၇၀၇ ဦး | |

**တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်းများတွင် သွားရောက်ပို့ချခဲ့သည့်**
**အရာရှိသင်တန်းများ အမည်စာရင်း**

| စဉ် | သွားရောက်ပို့ချသည့်ရက်စွဲ | သင်တန်းအမည် | သင်တန်းသားဦးရေ | သင်တန်းကျောင်း | ပို့ချသူ |
|---|---|---|---|---|---|
| ၁ | ၃၀-၃-၂၀၁၇ | ခြေလျင်တပ်ရင်းမှူးအမှတ်စဉ် (၈၂) | ၁၀၀ ဦး | ဗထူး | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ) |
| ၂ | ၃၀-၃-၂၀၁၇ | ခြေလျင်တပ်ခွဲမှူးအမှတ်စဉ် (၁၉၃) | ၁၈၉ ဦး | | |
| ၃ | ၃၀-၃-၂၀၁၇ | ခြေလျင်တပ်ရင်းမှူးအမှတ်စဉ် (၄၂) | ၁၃၇ ဦး | ဘုရင့်နောင် | ဦးခင်မောင်လေး (အဖွဲ့ဝင်) |
| ၄ | ၃၁-၃-၂၀၁၇ | ခြေလျင်တပ်ခွဲမှူးအမှတ်စဉ် (၄၉) | ၉၆ ဦး | | |
| ၅ | ၂-၈-၂၀၁၇ | ခြေလျင်တပ်ရင်းမှူးအမှတ်စဉ် (၈၃) | ၁၀၃ ဦး | ဗထူး | ဦးခင်မောင်လေး (အဖွဲ့ဝင်) |
| ၆ | ၂-၈-၂၀၁၇ | ခြေလျင်တပ်ခွဲမှူးအမှတ်စဉ် (၁၉၄) | ၁၉၉ ဦး | | |
| ၇ | ၂-၈-၂၀၁၇ | ခြေလျင်တပ်ရင်းမှူးအမှတ်စဉ် (၄၃) | ၁၀၁ ဦး | ဘုရင့်နောင် | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ) |
| ၈ | ၃-၈-၂၀၁၇ | ခြေလျင်တပ်ခွဲမှူးအမှတ်စဉ် (၅၀) | ၂၀၄ ဦး | | |
| ၉ | ၃၀-၁၁-၂၀၁၇ | ခြေလျင်တပ်ရင်းမှူးအမှတ်စဉ် (၈၄) | ၁၀၀ ဦး | ဗထူး | ဦးစစ်မြိုင် (ဒုတိယဥက္ကဋ္ဌ) |
| ၁၀ | ၁-၁၂-၂၀၁၇ | ခြေလျင်တပ်ခွဲမှူးအမှတ်စဉ် (၁၉၅) | ၁၈၉ ဦး | | |
| ၁၁ | ၁-၁၂-၂၀၁၇ | ခြေလျင်တပ်ရင်းမှူးအမှတ်စဉ် (၄၄) | ၁၀၁ ဦး | ဘုရင့်နောင် | ဦးခင်မောင်လေး (အဖွဲ့ဝင်) |
| ၁၂ | ၁-၁၂-၂၀၁၇ | ခြေလျင်တပ်ခွဲမှူးအမှတ်စဉ် (၅၁) | ၁၉၈ ဦး | | |
| **စုစုပေါင်း** | | | **၁၇၁၇ ဦး** | | |

နောက်ဆက်တွဲ (ဋ)

**ဝန်ကြီးဌာနအဖွဲ့အစည်းများထံမှ ပြန်ကြားစာရရှိမှု အခြေအနေ**

| စဉ် | ဝန်ကြီးဌာန/အဖွဲ့အစည်း | ပေးပို့စာ | ပြန်ကြားစာ | လက်ကျန်စာ | အမှုတွဲလွှဲပြောင်းစာ | ပြန်ကြားမှု % |
|---|---|---|---|---|---|---|
| ၁ | လျှပ်စစ်နှင့်စွမ်းအင် | ၁ | ၁ | ၀ | | ၁၀၀ |
| ၂ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၁ | ၁ | ၀ | | ၁၀၀ |
| ၃ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၁ | ၁ | ၀ | | ၁၀၀ |
| ၄ | လူမှု/ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၈ | ၈ | ၀ | ၁ | ၁၀၀ |
| ၅ | နေပြည်တော်ကောင်စီ | ၁ | ၁ | ၀ | | ၁၀၀ |
| ၆ | မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ | ၁ | ၁ | ၀ | | ၁၀၀ |
| ၇ | လယ်ယာနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှု များ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ | ၁ | ၁ | ၀ | | ၁၀၀ |
| ၈ | ပြည်ထဲရေး | ၈၉ | ၇၅ | ၁၄ | ၄ | ၈၄ |
| ၉ | အလုပ်သမား၊ လူဝင်မှုနှင့်ပြည်သူ့အင်အား | ၁၆ | ၁၃ | ၃ | ၁ | ၈၁ |
| ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၄ | ၃ | ၁ | ၁ | ၇၅ |
| ၁၁ | ကျန်းမာရေးနှင့်အားကစား | ၈ | ၆ | ၂ | | ၇၅ |
| ၁၂ | ဆောက်လုပ်ရေး | ၄ | ၃ | ၁ | ၁ | ၇၅ |
| ၁၃ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၈ | ၅ | ၃ | | ၆၃ |
| ၁၄ | ရဲချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ | ၁၃ | ၇ | ၆ | | ၅၄ |
| ၁၅ | ကာကွယ်ရေး | ၁၅ | ၈ | ၇ | ၂ | ၅၃ |
| ၁၆ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၂ | ၁ | ၁ | | ၅၀ |
| ၁၇ | စက်မှု | ၂ | ၁ | ၁ | | ၅၀ |
| ၁၈ | ပညာရေး | ၈ | ၄ | ၄ | ၂ | ၅၀ |
| ၁၉ | ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၂ | ၁ | ၁ | | ၅၀ |
| ၂၀ | ကရင်ပြည်နယ်အစိုးရအဖွဲ့ | ၄ | ၂ | ၂ | | ၅၀ |
| ၂၁ | မွန်ပြည်နယ်အစိုးရအဖွဲ့ | ၈ | ၄ | ၄ | | ၅၀ |
| ၂၂ | ရခိုင်ပြည်နယ်အစိုးရအဖွဲ့ | ၆ | ၃ | ၃ | | ၅၀ |
| ၂၃ | ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး | ၇ | ၃ | ၄ | ၁ | ၄၃ |
| ၂၄ | ကချင်ပြည်နယ်အစိုးရအဖွဲ့ | ၃ | ၁ | ၂ | | ၃၃ |
| ၂၅ | မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁၃ | ၃ | ၁၀ | | ၂၃ |
| ၂၆ | ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ | ၃၅ | ၈ | ၂၇ | ၁ | ၂၃ |
| ၂၇ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၅ | ၁ | ၄ | | ၂၀ |
| ၂၈ | ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂၁ | ၃ | ၁၈ | ၁ | ၁၄ |
| ၂၉ | ရှမ်းပြည်နယ်အစိုးရအဖွဲ့ | ၁၁ | ၁ | ၁၀ | | ၉ |
| ၃၀ | ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂၅ | ၂ | ၂၃ | | ၈ |
| ၃၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ၁ | ၀ | ၁ | | ၀ |
| ၃၂ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၃ | ၀ | ၃ | | ၀ |
| ၃၃ | တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂ | ၀ | ၂ | | ၀ |
| ၃၄ | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၁ | ၀ | ၁ | | ၀ |
| ၃၅ | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် | ၃ | ၀ | ၃ | | ၀ |
| ၃၆ | ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော် | ၁ | ၀ | ၁ | | ၀ |
| ၃၇ | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ | ၁ | ၀ | ၁ | | ၀ |
| ၃၈ | ရန်ကုန်မြို့တော်လျှပ်စစ်ဓါတ်အားပေးရေးအဖွဲ့ | ၁ | ၀ | ၁ | | ၀ |
| ၃၉ | တရားလွှတ်တော်ရှေ့နေများကောင်စီ | ၁ | | ၁ | | ၀ |
| | **စုစုပေါင်း** | **၃၃၇** | **၁၇၂** | **၁၆၅** | ၁၅ | ၅၁ |

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
# ဆောင်ရွက်ချက် အမှတ်စဉ် (၁/ ကာကွယ်/၂၀၁၇)
# (ပညာသင်ကြားခွင့်)

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပျော်ဘွယ်ကျေးရွာနေ ဦးအောင်ပိုက်၏သမီး မသဥ္စာငြိမ်းသည် အသက် ၃ နှစ်ခန့်တွင် ဖခင်၏ ထန်းသီးလှီသည့် ဓားဖြင့်ထိခိုက်မိပြီး ဘယ်ဘက်လက်သူကြွယ်နှင့် လက်ခလယ် နှစ်ချောင်း၏ ပထမအဆစ်များ ပြတ်တောက်ခဲ့ပါသည်။ ၎င်းမသဥ္စာငြိမ်းသည် ၂၀၁၆ ခုနှစ် အခြေခံ ပညာအထက်တန်း စာမေးပွဲအား အထက်တန်းကျောင်း (ပုဂံမြို့) မှ ဂုဏ်ထူး ၂ ဘာသာ၊ ရမှတ် ၄၃၅ မှတ်ဖြင့် အောင်မြင်ခဲ့ပြီ ပညာရေးကောလိပ်သို့ လျှောက်ထားခဲ့ရာ ညောင်ဦးပညာရေးမှူးရုံးမှ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလခန့်၌ ရွေးချယ်ခံရကြောင်း အကြောင်းကြားချက်အရ မိတ္ထီလာပညာရေးကောလိပ်သို့ သတင်းပို့ရန် သွားရောက်ခဲ့ပါသည်။

၂။ မိတ္ထီလာပညာရေးကောလိပ်သို့ ရောက်ရှိစဉ် မသဥ္စာငြိမ်း၏ လက်ချောင်းလေးများ ပြတ်နေခြင်းကြောင့် ကျောင်းတက်ရန် ငြင်းပယ်ခြင်းခံခဲ့ရကြောင်း မသဥ္စာငြိမ်းက ကော်မရှင်သို့ တိုင်တန်းလာပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ညောင်ဦးမြို့သို့ သွားရောက်၍ တိုင်းတန်သူ ဖခင်နှင့် အဘိုးဖြစ်သူတို့အား ၁၀-၁-၂၀၁၇ ရက်နေ့ နံနက် ၈၀၀ နာရီမှ ၈:၅၅ အချိန်ထိ ခေါ်ယူတွေ့ဆုံ ပြီး လိုအပ်သည့် အချက်အလက်များအား မေးမြန်းကာ လူ့အခွင့်အရေး ကြေညာစာတမ်းအပိုဒ် ၂၆ ပါ လူတိုင်းတွင် ပညာသင်ယူခွင့်ရှိသည်နှင့်အညီလည်းကောင်း၊ ကုလသမဂ္ဂ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ် အပိုဒ် ၂၄ ပါ ပြဋ္ဌာန်းချက်များနှင့်အညီလည်းကောင်း မသဥ္စာငြိမ်း၏ ဆုံးရှုံးလျက်ရှိသော ပညာသင်ကြားခွင့် ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးပါရန် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများထံသို့ ညှိနှိုင်း မေတ္တာရပ်ခံ အကြောင်းကြားခဲ့ပါသည်။

၃။ ပညာရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ၎င်းနေ့ညနေပိုင်းတွင် ပညာရေးမှူးရုံး၊ ညောင်ဦး မြို့နယ်မှ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် လုပ်ငန်းခွင်အကြိုဆရာ အတတ်သင်ပညာ ဒီပလိုမာသင်တန်းအမှတ်စဉ် (၂၁/၁၆) အစားထိုး တက်ရောက်ခွင့်ရရှိသူများ အမည်စာရင်းတွင် မသဥ္စာငြိမ်း အမည်ပါရှိလာပြီ ဖြစ်ပါသည်။ သို့ဖြစ်၍ မသဥ္စာငြိမ်းသည် ၁၁- ၁- ၂၀၁၇ ရက်နေ့တွင် မိတ္ထီလာပညာရေးကောလိပ်သို့ တက်ရောက်ရန် ဆက်သွယ် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်**
**ဆောင်ရွက်ချက်အမှတ်စဉ် (၂/ ကာကွယ်/၂၀၁၇)**
**(နေပြည်တော်၊ ကျိုက္ကမီမြို့မှ တိုင်တန်းသည့်ကိစ္စ)**

၁။ နေပြည်တော်၊ သံဖြူဇရပ်မြို့နယ်၊ ကျိုက္ကမီမြို့၊ မြန္တာလမ်းတွင် နေထိုင်သူ နေမင်းထွန်း (ခ) လှလေးစိန်အား ၁၆-၁၂-၂၀၁၆ ရက်နေ့က ကျိုက္ကမီရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်ပြီး အိမ်သို့ အကြိမ်ကြိမ် လာရောက်ရှာဖွေကြောင်း၊ အထောက်အထား၊ သက်သေခံပစ္စည်း မတွေ့သော်လည်း ဇန်နဝါရီလ ၃ ရက်နေ့၌ လွှတ်ပေးမည်ဟု ပြောဆိုကာ မြိုင်သာယာရဲစခန်းသို့ ပြောင်းရွှေ့ ခေါ်ဆောင်သွားခဲ့ကြောင်း၊ ၎င်းရဲစခန်း၌ ၁-၁-၂၀၁၇ ရက်နေ့တွင် နေမင်းထွန်း (ခ) လှလေးစိန်၏ ခန္ဓာကိုယ်နှင့် လိင်အင်္ဂါတို့အား ကျင်စက်ဖြင့်တို့ပြီး ညှဉ်းပန်းနှိပ်စက်၍ ဆိုင်ကယ်ခိုးသည်ဟု ဝန်ခံခိုင်းခြင်းကြောင့် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ တာဝန်ရှိသူများအား အရေးယူပေးပါရန်ဟု ဖခင် ဖြစ်သူဦးတင်မြင့်မှ ကော်မရှင်သို့ တိုင်တန်းလာပါသည်။

၂။ ကော်မရှင်၏ တာဝန်ပေးချက်အရ ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၁၈-၁-၂၀၁၇ ရက် နေ့မှ ၂၀-၁-၂၀၁၇ ရက်နေ့အထိ မော်လမြိုင်မြို့၊ ကျိုက္ကမီမြို့နှင့် ပဲခူးမြို့များသို့ သွားရောက်၍ အမှုနှင့်စပ်လျဉ်းသည့် သက်သေ ၁၉ ဦးတို့အား တွေ့ဆုံမေးမြန်းခဲ့ရာ စစ်ဆေးတွေ့ရှိချက်များအရ အောက်ပါအတိုင်း သုံးသပ်ရရှိပါသည်-

(က) မှုခင်းအကူဌာနမှ တာဝန်ရှိသူများသည် နေမင်းထွန်း (ခ) လှလေးစိန်အား စစ်ကြောမှု ပြုလုပ်ရာတွင်လည်းကောင်း၊ သက်သေခံပစ္စည်း ဆိုင်ကယ်အား လိုက်လံသိမ်းဆည်းရာတွင်လည်းကောင်း ကျင်စက်ဖြင့် ခန္ဓာကိုယ်အနှံ့နှင့် လိင်အင်္ဂါကိုတို့၍ နှိပ်စက်ညှဉ်းပန်းခဲ့သည်ဟူသော အချက်နှင့် စပ်လျဉ်း၍ ခိုင်မာသော သက်သေခံ အထောက်အထား မတွေ့ရှိရသဖြင့် မှန်ကန်သည်ဟု ပြောဆိုရန် ခဲယဉ်းသည်ဟု သုံးသပ်ပါသည်။

(ခ) စွပ်စွဲခံရသူ နေမင်းထွန်း (ခ) လှလေးစိန်အား မုပ္ပွန်ရဲစခန်းတွင် ၁၆-၁၂-၂၀၁၆ ရက် နေ့မှ ၁၉-၁၂-၂၀၁၆ ရက်နေ့အထိ (၃ ရက်ကြာ) အရပ်ရပ်နေ့စဉ်မှတ်တမ်း (GD) တွင် ဖော်ပြ၍ ထိန်းသိမ်းထားရှိခြင်းမှာ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ လုံလောက်သော ဆောင်ရွက်ထားမှု မရှိဟု သုံးသပ်ပါသည်။

(ဂ) စွပ်စွဲခံရသူ နေမင်းထွန်း (ခ) လှလေးစိန်အား ရဲစခန်းအသီးသီးတွင် ၁၆-၁၂-၂၀၁၆ ရက်နေ့မှ ၃-၁-၂၀၁၇ ရက်နေ့အထိ ၁၉ ရက်ကြာ ခေါ်ယူထိန်းသိမ်းထားရှိသော် လည်းသက်ဆိုင်ရာ ရဲစခန်းမှူးများက အမှုကို ပေါ်ပေါက်အောင် ဖော်ထုတ်နိုင်ခြင်း မရှိသည့်အတွက် ရဲလုပ်ငန်းကို ပြည့်စုံအောင် ဆောင်ရွက်ခြင်းမပြုဟု သုံးသပ်ပါ သည်။

၃။ သို့ဖြစ်ပါ၍ ကော်မရှင်က အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁ (ခ) တွင် တရားရုံး၏ ခွင့်ပြုချက် မရရှိဘဲ နိုင်ငံသားတစ်ဦးကို (၂၄) နာရီထက် ကျော်လွန်ချုပ်နှောင်ထားခွင့် မရှိစေရဟု ပြဋ္ဌာန်းထားသော်လည်း ကျော်လွန်ချုပ်နှောင်မှု ရှိခဲ့သဖြင့် သက်ဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များအား ဥပဒေနှင့်အညီ အရေးယူသင့်ပါသည်။

(ခ) ထို့ပြင် နောင်တွင် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက် နိုင်ရေးအတွက် အထက်အဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်သင့်ပါသည်။

(ဂ) ပြစ်မှုများ ဖော်ထုတ်ဆောင်ရွက်ရာတွင် စနစ်တကျ ကြိုတင်ပြင်ဆင်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်း နှင့် အညီ ရဲလုပ်ငန်းများကို နည်းလမ်းတကျ ပြည့်စုံအောင် ဆောင် ရွက်စေသင့်ပါ သည်။

(ဃ) မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့များ၏ တာဝန်ရှိ သူများအား ပြည်သူလူထု၏ နစ်နာမှုများကို လာရောက်တိုင်ကြားပါက လက်ခံတွေ့ဆုံပြီး ဖြေရှင်း ပေးနိုင်ရေးအတွက် လမ်းညွှန်မှုများပေးသင့်ပြီး လိုအပ်သည့် နည်းလမ်းနှင့် အစီအမံများ ချမှတ် ဆောင်ရွက်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
## ဆောင်ရွက်ချက်အမှတ်စဉ် (၃/ ကာကွယ်/၂၀၁၇)
## (မနန်းမိုမို့အေးနှင့် မနှင်းဝေကျော်)

၁။ မြစ်သားမြို့၊ မြို့မအရှေ့ရပ်ကွက်၊ ကင်းတားဝင်းနေ အသက် ၁၆ နှစ်ရှိ မနှင်းဝေကျော်သည် တစ်လ ၅၀၀၀၀ိ/ ဖြင့် ကြိုတင်လစာကျပ် ၂၁ သိန်း ၈ သောင်းရယူပြီး ၂၇-၉-၂၀၁၅ ရက်နေ့မှစ၍လည်းကောင်း၊ တစ်ရပ်ကွက်တည်းနေ အသက် ၁၀ နှစ် ၅ လ အရွယ်ရှိ မနန်းမိုမို့အေးသည် တစ်လလျှင် ၅၀၀၀၀ိ/ ဖြင့် ကြိုတင လစာကျပ် ၁၅ သိန်း ၈ သောင်း ရယူပြီး ၂၇-၁၀-၂၀၁၅ ရက်နေ့မှ စ၍လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်း၊ ရွှေကမ္ဘာအိမ်ယာရှိ နေအိမ်တစ်အိမ်တွင် အိမ်အကူလုပ်ငန်းကို လုပ်ကိုင်ခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးသည် အိမ်တွင်းလုပ်ငန်းများကို ညအချိန် နံနက် ၁ နာရီ၊ ၂ နာရီထိ လုပ်ကိုင်ကြရပြီး စိတ်တိုင်း မကျပါက အိမ်ရှင် များ၏ဖိနပ်ဖြင့် ပါးရိုက်ခြင်း၊ ကန်ကျောက်ခြင်း၊ တုတ်၊ ဒယ်အိုးများဖြင့် ရိုက်နှက်၊ နှိပ်စက် ညှဉ်းပန်းခြင်း မကြာခဏ ခံကြရသည့်အပြင် အိမ်ရှင်များ အိမ်အပြင်ထွက်တိုင်း တံခါးများကို သော့ငါးထပ်ခတ်၍ ပိတ်လှောင်ထားခြင်း ခံကြရကြောင်း၊ အိမ်ရှင်ဖြစ်သူ၏ (ငရုပ်ကျည်ပွေ့ဖြင့် ရိုက်ချိုးရန်) ဖိအားပေးခိုင်းစေမှုကြောင့် အိမ်အကူအကြီး မနှင်းဝေကျော်က အိမ်အကူအငယ် မနန်းမိုမို့အေး သွားများကို ရိုက်ခဲ့ရာ အပေါ်သွား (၄) ချောင်း၊ အောက်သွား (၂) ချောင်း ကျိုးခဲ့ကြောင်း စသည်ဖြင့် ဒေါ်ခင်ဝင်းဆိုသူမှ ကော်မရှင်သို့ တိုင်ကြားလာပါသည်။

၂။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ဤကော်မရှင်၌ ၁၇-၁-၂၀၁၇ ရက်နေ့က ပြုလုပ်သော စုံစမ်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၇) ၏ ဆွေးနွေးညှိနှိုင်းချက်အရ ယင်းကိစ္စရပ် မှန်ကန်မှု ရှိ မရှိ စုံစမ်းစစ်ဆေးရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ ၂၄-၁-၂၀၁၇ ရက်နေ့တွင် ကာယကံရှင် မိန်းကလေး ၂ ဦး၊ သွားကျိုးအောင် ရိုက်နှက်ခဲ့သည့် မိန်းကလေး၏ မိခင်နှင့် တိုင်တန်းသူ၊ လိုက်ပါကူညီသူ၊ တိုင်ကြားခံရသူအိမ်ရှင်နှင့် ကလေးများအား ပို့ဆောင်ပေးသူတို့အား ကော်မရှင်ရုံးတွင် စစ်ဆေးမေးမြန်းခဲ့ပါသည်။

၄။ ထွက်ဆိုချက်များအရ အောက်ပါအချက်များ တွေ့ရှိရပါသည်-

(က) အိမ်ရှင်၏တူမဖြစ်သူ (မြစ်သားမြို့နေသူ) က ဆက်သွယ်ပေးပြီး ကိုယ်တိုင် ပို့ဆောင် ပေးခဲ့သဖြင့် ကလေးငယ် ၂ ဦးသည် ၎င်းနေအိမ်တွင် အိမ်အကူလုပ်ရန် အမှန် တကယ် နေထိုင်ခဲ့ကြကြောင်း သိရှိရပါသည်။

(ခ) အိမ်အကူအကြီးဖြစ်သူ မနှင်းဝေကျော်က အိမ်ရှင်၏ခိုင်းစေချက်အရ အိမ်အကူအငယ် မနန်းမိုမို့အေး ကို ငရုပ်ကျည်ပွေ့ဖြင့် ရိုက်ချိုးခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုပါသည်။ မနန်းမိုမို့အေး၏ သွားများ ကျိုးခဲ့သဖြင့် သွားအတုများ တပ်ထားသည်ကို တွေ့ရှိရပါသည်။

(ဂ) လက်ရှိအခြေအနေတွင် မိန်းကလေးငယ်နှစ်ဦး၊ တိုင်တန်းခံရသူနှင့် အခြား သက်ဆိုင်သူများအား ဘုရင့်နောင်နယ်မြေ ရဲစခန်း၊ ရဲတပ်ဖွဲ့ဝင်များနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ရဲတပ်ဖွဲ့တို့မှ စစ်ဆေးမေးမြန်းလျက်ရှိကြောင်းသိရှိရပါသည်။

၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ စုံစမ်းစစ်ဆေး ဆောင်ရွက်မှုနှင့် တွေ့ရှိချက် အပြည့်အစုံအား ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ပြီးဖြစ်ပါကြောင်းနှင့် သက်ဆိုင်ရာမှ အရေးယူ ဆောင်ရွက်နေပြီဟု သိရှိရပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

ရက်စွဲ။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်**
**ဆောင်ရွက်ချက်အမှတ်စဉ် (၄/ ကာကွယ်/၂၀၁၇)**
**(ဘူးသီးတောင် အကျဉ်းထောင်)**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့ရှိ အကျဉ်းထောင်အား သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး အကျဉ်းသား/ အချုပ်သား အားလုံးတို့အား တွေ့ဆုံပြီး လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂမှ သတ်မှတ်ထားသော အနိမ့်ဆုံး စံနှုန်းများနှင့်အညီ အကျဉ်းသားများအား ထိန်းသိမ်းထားရှိမှု ရှိ မရှိ၊ စားသောက်ခြင်း၊ နေထိုင်ခြင်း၊ အိပ်စက်ခြင်းများတွင် အခြားသူများနှင့် ခွဲခြားဆက်ဆံခြင်း ခံရမှု ရှိ မရှိ၊ ကျန်းမာရေး မကောင်းပါက ဆေးကုသခွင့်ရှိ မရှိ၊ ကိုးကွယ်ရာ ဘာသာအလိုက် ဝတ်ပြုဆုတောင်းခွင့် ရှိ မရှိ၊ နှိပ်စက်ညှဉ်းပန်းခံရခြင်း ရှိ မရှိ စသည့်အချက်များ မေးမြန်းခဲ့ရာ အကျဉ်းကျနေသူများအားလုံးနှင့် အချုပ်သားအများစုက အကျဉ်းထောင်အတွင်း၌ နေထိုင်စားသောက်ရေး ခွဲခြားဆက်ဆံမှုမရှိသည့်အပြင် လွတ်လပ်စွာ ကိုးကွယ်ဝတ်ပြုမှုကိုလည်း ရရှိကြောင်းနှင့် ညှဉ်းပန်းနှိပ်စက်မှုမရှိကြောင်း တင်ပြကြပါသည်။ သို့ရာတွင် အချုပ်သား ၃၃ ဦးတို့၏ တင်ပြချက်များအရ သက်ဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် လိုအပ်သလို စီစဉ်ဆောင်ရွက်သွားနိုင်ရေးအတွက် သမ္မတဦးစီးရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့သို့ အကြံပြုချက် (၄) ချက်အား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့ ရက်စွဲပါစာဖြင့် ပေးပို့ခဲ့ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်းနှင့် အလုပ်စခန်းများအား စစ်ဆေးခြင်း ဆောင်ရွက်ချက်အမှတ်စဉ် (၅/ ကာကွယ် /၂၀၁၇)**

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ -

(က) **ရဲအချုပ်ခန်းများ**။ အရှေ့ပိုင်းခရိုင်တွင် ၂၄ ခု၊ အနောက်ပိုင်းခရိုင်တွင် ၁၆ ခု၊ တောင်ပိုင်းခရိုင်တွင် ၂၉ ခု၊ မြောက်ပိုင်းခရိုင်တွင် ၃၁ ခု စုစုပေါင်း ၁၀၀ ခု ရှိပါသည်။

(ခ) **တရားရုံးအချုပ်ခန်းများ**။ အရှေ့ပိုင်းခရိုင်တွင် ၁၄ ခု၊ အနောက်ပိုင်းခရိုင်တွင် ၁၃ ခု၊ တောင်ပိုင်းခရိုင်တွင် ၁၀ ခု၊ မြောက်ပိုင်းခရိုင်တွင် ၈ ခု စုစုပေါင်း ၄၅ ခုရှိပါသည်။

(ဂ) **ဆေးရုံကြီးအချုပ်များ**။ အရှေ့ပိုင်းခရိုင်ရှိ သဃ်ာန်းကျွန်းစံပြဆေးရုံ၊ အနောက်ပိုင်းခရိုင်ရှိ ရန်ကုန်ဆေးရုံကြီး၊ တောင်ပိုင်းခရိုင်ရှိ သံလျင်ဆေးရုံကြီး၊ မြောက်ပိုင်းခရိုင်ရှိ အင်းစိန်ဆေးရုံကြီးတို့တွင် အကျဉ်းသားလူနာထားသည့် အချုပ်ခန်းများရှိပါသည်။

(ဃ) **အကျဉ်းဦးစီးဌာန၊ အကျဉ်းထောင်နှင့်အလုပ်စခန်းများ**။ အင်းစိန်အကျဉ်းထောင်၊ တောင်ပိုင်းခရိုင်တွင် ရွှေသုဌေးနှင့် အောင်ချမ်းသာ၊ တောကြီးတန်း၊ မြောက်ပိုင်းခရိုင်တွင် အိုင်ကလောင်၊ လေ့လော့်အင်းနှင့် မင်းကုန်းအလုပ်စခန်းများရှိပါသည်။

၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် အကျဉ်းထောင်များ၊ ရဲစခန်းအချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းများနှင့် အကျဉ်းဦးစီးဌာန အလုပ်စခန်းများတွင် ကုလသမဂ္ဂမှ သတ်မှတ်ထားသော အနိမ့်ဆုံး လူ့အခွင့်အရေး စံနှုန်းများနှင့် ညီညွတ်ခြင်း ရှိ မရှိကို စဉ်ဆက်မပြတ် စစ်ဆေးအကြံပေးလျှက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း မြောက်ပိုင်းခရိုင်ရှိ လှည်းကူးမြို့မ ရဲစခန်းအချုပ်ခန်း၊ လှည်းကူးတရားရုံး အချုပ်ခန်းနှင့် လေ့လော့်အင်း၊ မင်းကုန်းအလုပ်စခန်းများအား ၂၃-၂-၂၀၁၇ (ကြာသပတေး) နေ့တွင်လည်းကောင်း၊ အရှေ့ပိုင်းခရိုင်ရှိ သဃ်ာန်းကျွန်း မြို့မရဲစခန်း၊ သုဝဏ္ဏနယ်မြေ ရဲစခန်းနှင့် တောင်ဥက္ကလာပ မြို့မရဲစခန်းများရှိ အချုပ်ခန်းများ၊ သဃ်ာန်းကျွန်းနှင့် တောင်ဥက္ကလာပမြို့နယ် တရားရုံးများရှိ အချုပ်ခန်းများအား ၂၇-၂-၂၀၁၇ (တနင်္လာ) နေ့တွင်လည်းကောင်း စစ်ဆေးခဲ့ပြီးဖြစ်ပါသည်။

၃။ ကျန်အချုပ်ခန်းနှင့် အလုပ်စခန်းများအနက် အောက်ပါတို့အား ယှဉ်တွဲဖော်ပြပါ နေ့ရက်များတွင် ဆက်လက်သွားရောက်စစ်ဆေးရန် စီစဉ်ထားပါသည်-

(က) **၆-၃-၂၀၁၇ (သောကြာ) နေ့**။ တောင်ပိုင်းခရိုင်ရှိ တွံတေးရဲစခန်းအချုပ်ခန်း၊ တွံတေးမြို့နယ်တရားရုံးအချုပ်ခန်းနှင့်ရွှေသုဌေး၊ တောကြီးတန်းအလုပ်စခန်းများ၊

(ခ) **၉-၃-၂၀၁၇ (တနင်္လာ) နေ့**။ အနောက်ပိုင်းခရိုင်ရှိ ကျောက်တံတားရဲစခန်းနှင့် လသာရဲစခန်းများရှိ အချုပ်ခန်းများ၊ ကျောက်တံတားနှင့် လသာတရားရုံးများရှိ အချုပ်ခန်းများ၊ ရန်ကုန်ကုတင် (၁၀၀၀) ဆံ့ ဆေးရုံကြီးအချုပ်ခန်း။

၄။ ကျန်ရှိနေသော အချုပ်ခန်းများနှင့် အလုပ်စခန်းများအား အခါအားလျော်စွာ အစီအစဉ်ရေးဆွဲ၍ ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်

**ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအကျဉ်းစခန်း၊ ရဲစခန်း၊ တရားရုံး၊**
**ဆေးရုံများရှိအချုပ်ခန်းများအားကြည့်ရှုစစ်ဆေးခြင်း**
**ဆောင်ရွက်ချက်အမှတ်စဉ် (၆/ ၂၀၁၇/ ကာကွယ်)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၃-၂-၂၀၁၇ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးရှိ အကျဉ်းဦးစီးဌာန မင်းကုန်းအလုပ်စခန်း၊ လေှလှော်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းနှင့် လှည်းကူးမြို့မရဲစခန်းနှင့် လှည်းကူး မြို့နယ်တရားရုံးတို့ရှိ အချုပ်ခန်းများ၊ ၂၇-၂-၂၀၁၇ ရက်နေ့တွင် သဃ်္ဃန်းကျွန်းမြို့မရဲစခန်း၊ မြို့နယ်တရားရုံး၊ သုဝဏ္ဏနယ်မြေရဲစခန်း၊ တောင်ဥက္ကလာပမြို့မရဲစခန်းနှင့် မြို့နယ်တရားရုံးတို့ရှိ အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေးပြီး အောက်ပါတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုခဲ့ပါသည် -

(က) လှည်းကူးမြို့မရဲစခန်းအချုပ်ခန်းတွင် ကျားအချုပ်ခန်း ဘေးအိမ်သာနှင့် ကပ်လျက် ကော်ရစ်တာတွင် ရေယိုစိမ့်နေခြင်းအား ပြုပြင်ရန်၊ အချုပ်ခန်းအတွင်းရှိ အိမ်သာများအား အနံ့မထွက်စေရေး သန့်ရှင်းရေးဆောင်ရွက်ရန်၊

(ခ) မင်းကုန်းစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းတွင် လိုအပ်နေသော ဝန်ထမ်းအင်အားကို ဖြည့်းတင်းခန့်အပ်ပေးရန်၊ ဝင်ဆံ့မှုထက် ကျော်လွန်နေသဖြင့် အိပ်ဆောင် တိုးချဲ့ဆောက်လုပ်ရန်နှင့် အမိုးအကာ ပေါက်ပြဲနေသော အိပ်ဆောင်များကို မိုးမကျမီ အချိန်မှီ ပြုပြင်ရန်၊ ညမိလ္လာများ သန့်ရှင်းရေး စနစ်တကျ ဆောင်ရွက်ရန်၊

(ဂ) လှည်းကူးမြို့နယ် တရားရုံးအချုပ်ခန်းဝင်ပေါက်သည် ၂ ပေခွဲပတ်လည်သာရှိသဖြင့် ပြုပြင်သည့်အခါ ၆ ပေအမြင့် ပြင်ဆင်ရန်၊ အချုပ်ခန်းအတွင်း အိမ်သာများ အနံ့ မထွက်စေရေး သန့်ရှင်းရေးဆောင်ရွက်ရန်၊

(ဃ) လေှလှော်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း အိပ်ဆောင်အတွင်းရှိ အိမ်သာများပေါ်တွင် CCTV ကင်မရာ ၂ လုံးတပ်ဆင်ထားသဖြင့် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုကို ထိပါးနိုင်သည်ဟု သုံးသပ်ရသဖြင့် ပြန်လည်စိစစ်ရန်၊

(င) သဃ်္ဃန်းကျွန်းမြို့နယ် တရားရုံးအချုပ်ခန်းသည် အချုပ်သားဦးရေ များပြီးကြပ်တည်းနေသဖြင့် အချုပ်ခန်း အကျယ်တိုးချဲ့ရေး ဆောင်ရွက်ရန်၊ တောင်ဥက္ကလာပမြို့မ ရဲစခန်းအချုပ်ခန်းတွင် အနည်းငယ် ပျက်စီးနေသော ကွပ်ပျစ်များအား ပြင်ဆင်ရန်၊

(စ) တောင်ဥက္ကလာပမြို့နယ်တရားရုံး အချုပ်ခန်းရှိမအချုပ်ခန်းအား ပြင်ဆင်ရန်နှင့် ကျားအချုပ်ခန်း၌ ကွပ်ပျစ်ခင်းရန်။

၂။ စစ်ဆေးခဲ့သော နေရာများတွင် ဖော်ပြပါ ပြုပြင်ရန်အချက်များမှလွဲ၍ အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများ မတွေ့ရှိရကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ခုနှစ် မတ်လ ၆ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
## ဆောင်ရွက်ချက် အမှတ်စဉ် (၇/ကာကွယ်/၂၀၁၇)

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် အိမ်အကူအား အိမ်ရှင်ဇနီးမောင်နှံမှ လူမဆန် ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်သည်ဟု လူမှုမီဒီယာများမှ သိရှိရသည့်အတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၇-၃-၂၀၁၇ ရက်နေ့ မှ ၉-၃-၂၀၁၇ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်သို့ သွားရောက်၍ အမှုနှင့် သက်ဆိုင်သူများအား စစ်ဆေးမေးမြန်းခဲ့ပါသည်။

စစ်ဆေးတွေ့ရှိချက်များအရ အိမ်ရှင်ဇနီးမောင်နှံ ၂ ဦးက အိမ်အကူအား လက်သီးဖြင့် ထိုးခြင်း၊ ခြေထောက်ဖြင့်ကန်ခြင်း၊ ပါးရိုက်ခြင်း၊ ရေဇလုံထဲတွင် မျက်နှာနှစ်၍ အသက်ရှူ မရအောင် ပြုလုပ်ခြင်း၊ လက်ကိုအပ်စိုက်၍ ပလာယာဖြင့် ဆွဲနှုတ်ခြင်း၊ ဒူးခေါင်းကို အပ်ဖြင့်စိုက်ပြီး တူဖြင့် အချက်ပေါင်းများစွာ ရိုက်နှက်ခြင်း၊ မျက်နှာကို အဝတ်စ စည်း၍ မော်တာမောင်းထားသော ရေပိုက်ဖြင့်ထိုးခြင်း၊ ဆံပင်ဆွဲ၍ နံရံနှင့်တိုက်စေခြင်း၊ ဝါယာကြိုးဖြင့် ရိုက်နှက်ခြင်း၊ တာယာဖိနပ် ဖြင့်ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့သည်ဟု စစ်ဆေးတွေ့ရှိရပါသည်။

ထိုပြင် အိမ်ရှင်၏ဇနီးဖြစ်သူက ထိခိုက်နစ်နာသူ အိမ်အကူမိန်းကလေး၏ ကာယိန္ဒြေပျက်ပြားစေရန်အတွက် စည်းရုံးစေခိုင်းခဲ့ကြောင်း အိမ်အကူမိန်းကလေးက ထွက်ဆိုပါသည်။ အိမ်အကူ အမျိုးသမီးငယ်အား ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ပတ်သက်၍ ရာအိမ်မှူးများနှင့် သတင်းပေးတို့က မတ်လ ၁ ရက်နေ့နှင့် ၂ ရက်နေ့များတွင် အမရပူရမြို့မရဲစခန်းသို့ တိုင်ကြားရာ ရဲစခန်း တာဝန်ရှိသူများက အမှုဖွင့်လှစ်ပေးခဲ့ခြင်းမရှိဘဲ ထိခိုက်နစ်နာသူ၏မိဘများ လာရောက်မှသာ အမှုဖွင့်လှစ်ရန် ပြောကြားခဲ့သည်ဟု ထွက်ဆိုကြသော်လည်း မြို့မရဲစခန်းမှူးက လာရောက်အမှုဖွင့်လှစ်ခြင်းနှင့်စပ်လျဉ်း၍ မသိရှိပါဟု ထွက်ဆိုထားရှိပါသည်။ သို့ဖြစ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် ရဲလက်စွဲ (ဒုတိယတွဲ) တို့ပါပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိဘဲ ပျက်ကွက်ခဲ့သည်ဟု သုံးသပ်ရပါသည်။

ညှဉ်းပန်းနှိပ်စက်ခံရသူအား နှိပ်စက်ညှဉ်းပန်းရာတွင် အသုံးပြုသော တူ၊ ရေပိုက်၊ ရေမော်တာ၊ ရေဇလုံ၊ သံတုတ်၊ ဝါယာကြိုးနှင့် ပလာယာများကို ရဲတပ်ဖွဲ့မှ သက်သေအဖြစ် သိမ်းဆည်းခြင်းမပြုဟု ကူညီဆောင်ရွက်ပေးသူ သက်သေ၏ ထွက်ဆိုချက်အရ သိရှိရသည့်အပြင် အမှုစစ်ရဲအရာရှိ၏ ရှာဖွေရာ၌ ဖမ်းဆီးရမိသော ပစ္စည်းစာရင်းအာ စစ်ဆေးရာ စွပ်စွဲခံရသူ၏ ညွှန်ပြချက်အရ ဝါယာကြိုးတစ်ချောင်းကိုသာ သိမ်းဆည်းခဲ့သည်ကို တွေ့ရသဖြင့် ရဲလုပ်ငန်းစနစ်နှင့် စပ်လျဉ်း၍ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်ခြင်းမရှိဟု သုံးသပ်ရပါသည်။ မတ်လ ၃ ရက်နေ့ နံနက်ပိုင်းမှသာ ရဲစခန်းမှူးက မြို့နယ်မှူးထံတင်ပြ၍ အမှုဖွင့်လှစ်စေခဲ့သည်ဟု စစ်ဆေးတွေ့ရှိရသဖြင့် ရဲလုပ်ငန်းတွင် အားနည်းသည်ဟု သုံးသပ်ရပါသည်။ မတ်လ ၇ ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိက ကလေးသူငယ်ဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် အမရပူရမြို့နယ် တရားရုံးသို့ ဦးတိုက်လျှောက်ထားခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

သို့ဖြစ်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် အရွယ်မရောက်သေးသော အိမ်အကူအမျိုးသမီးငယ်ကို လူမဆန်စွာနှိပ်စက်ညှဉ်းပန်းခဲ့သည်ဟု ငြိစွန်းသော ထွက်ဆိုချက်များရှိသည့်အတွက် အိမ်ရှင်ဇနီးမောင်နှံ ၂ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သင့်ကြောင်း၊ ရဲစခန်းသို့ တိုင်ကြားလာသည့်အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ၊ ရဲလက်စွဲ (ဒုတိယတွဲ) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ခြင်းမပြုဘဲ ပျက်ကွက်ခဲ့သော သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များကို ဥပဒေနှင့်အညီ အရေးယူသင့်ကြောင်း၊ နစ်နာသူ (အရွယ်မရောက်သေးသည့်) အိမ်အကူအမျိုးသမီးငယ်အား လူမှုဝန်ထမ်းဦးစီးဌာန၏ ထိန်းသိမ်းစောင့်ရှောက်မှုတွင် ထားရှိပြီး စိတ်ပိုင်းဆိုင်ရာကုစားမှုများ ပြုလုပ်ပေးသင့်သည့်အပြင် ၎င်း၏နောင်ရေးအတွက်

အသက်မွေးမှုပညာ သင်ကြားရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးသင့်ကြောင်း၊ ဤကဲ့သို့သော ဖြစ်စဉ်များ မကြားခဏ မဖြစ်ပေါ်စေရေးအတွက် သင်ခန်းစာဖော်ထုတ်ပြီး အများပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးခြင်း၊ မှုခင်းဖြစ်ပွားလာ၍ တိုင်ကြားလာပါက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ ရဲလက်စွဲတို့နှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိပုဂ္ဂိုလ်အဆင့်ဆင့်တို့အား ကြပ်မတ်ဆောင်ရွက်ပေးသင့်ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုထားပါသည်ဟု သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ မတ်လ ၂၀ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
## ဆောင်ရွက်ချက်အမှတ် (၈/ကာကွယ်/၂၀၁၇)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ အောင်မင်္ဂလာအဝေးပြေး ဂိတ်ဝင်းအတွင်းရှိ ဆွေညီနောင် စတိုးဆိုင်တွင် အလုပ်လုပ်ကိုင်နေသော မိန်းကလေးငယ် ၂ ဦးအား ဆိုင်ရှင် အမျိုး သမီးမှ ညှဉ်းပန်းနှိပ်စက်သည်ဟု လူမှုမီဒီယာများမှ သိရှိရသည့်အတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကွင်းဆင်းစုံစမ်း စစ်ဆေးရေးအဖွဲ့သည် ၁၄-၃-၂၀၁၇ ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ်သို့ သွားရောက်၍ အမှုနှင့်သက်ဆိုင်သူများအား တွေ့ဆုံစစ်ဆေးမေးမြန်းခဲ့ပါသည်။

၂။ စစ်ဆေးချက်များအရ မင်္ဂလာဒုံမြို့မရဲစခန်းမှ တာဝန်ရှိသူများသည် သတင်းရရှိသည့် ၁၃-၃-၂၀၁၇ရက်နေ့ နံနက် ၀၃:၁၀ နာရီအချိန်တွင် စွပ်စွဲခံရသူနေထိုင်ရာ အောင်မင်္ဂလာ အဝေးပြေး ဝင်းရှိ ကုန်စုံဆိုင်သို့ ရဲတပ်ဖွဲ့ဝင်များ၊ အောင်မင်္ဂလာအဝေးပြေး ဂိတ်ဝင်းမှ တာဝန်ရှိသူများနှင့် လိုက်ပါကူညီသူများ အကူအညီရယူကာ ဝင်ရောက်ရှာဖွေ ပြီး နှိပ်စက်ညှဉ်းပန်းသူ အမျိုးသမီးနှင့် ထိခိုက်နစ်နာသူ မိန်းကလေးငယ်နှစ်ဦးတို့အား မင်္ဂလာဒုံမြို့မရဲစခန်းသို့ ခေါ်ဆောင် စစ်ဆေးခဲ့ကြပါသည်။

၃။ မင်္ဂလာဒုံမြို့မရဲစခန်းမှ အမှုစစ်ဒုရဲအုပ်ကတရားလိုပြုလုပ်၍ (ပ) ၃၁၆/၁၇ ရာဇသတ်ကြီး ပုဒ်မ ၃၂၅/၃၂၆ ဖြင့် ညှဉ်းပန်းနှိပ်စက်သူ အမျိုးသမီးအား အမှုဖွင့်လှစ် အရေးယူခဲ့သည့်အပြင် နှိပ်စက်ညှဉ်းပန်းခံရသူ မိန်းကလေး ငယ် ၂ ဦးအား အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ ရဲဆေးစာနှင့်အတူ ပို့ဆောင်၍ ဆေးကုသပေးခဲ့ပါသည်။ ထို့ပြင် အမှတ် (၆) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှလည်းစုံစမ်း စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရ ပါ သည်။

၄။ နောက်တစ်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာန ထောက်ကြန့်အမျိုးသမီး ထိန်းသိမ်းစောင့်ရှောက် ရေးကျောင်း၊ ကျောင်းအုပ်ကြီးက တရားလိုပြုလုပ်၍ ကလေးသူငယ်ဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် မင်္ဂလာဒုံမြို့ နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုရန် စီစဉ်ဆောင်ရွက်ခဲ့ကြပြီး အင်းစိန်ပြည်သူ့ ဆေးရုံကြီး၊ အမျိုးသမီး ခွဲစိပ် ကုသဆောင်တွင် အမျိုးသမီးကလေးငယ် ၂ ဦးအား မင်္ဂလာဒုံ မြို့မရဲစခန်းမှ အမျိုးသမီး ရဲတပ်ဖွဲ့ဝင်တစ်ဦးက လိုအပ်သော ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးနေပြီး၊ အနီးကပ်စောင့် ရှောက်ပေးနေကြပြီးငင်းတို့၏ မိဘ အုပ်ထိန်းသူများလည်း ရောက် ရှိနေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။ လာရောက်ကူညီပံ့ပိုးစေတနာရှင်များနှင့် လူမှုရေး အဖွဲ့အစည်းများက အစားအသောက်နှင့် ငွေကြေးများ လှူဒါန်းကြသည်ကိုလည်း တွေ့ရပါသည်။

၅။ အထက်ပါတွေ့ရှိချက်များအရ မင်္ဂလာဒုံမြို့မရဲစခန်းမှ တာဝန်ရှိသူများသည် မှုခင်းဖြစ်ပွားမှုကို သတင်းရရှိ ချိန်မှစ၍အချိန်နှင့် တပြေးညီတာဝန်ရှိပုဂ္ဂိုလ်များနှင့် ကူညီဆောင်ရွက်သူများ ပူးပေါင်းပြီး စွပ်စွဲခံရသူအား ရှာဖွေ ဖော်ထုတ်ခြင်း၊ အမှုဖွင့်ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းများကို သိမ်းဆည်းခြင်း၊ ထိခိုက်နစ်နာသူကလေးငယ် ၂ ဦး အား သက်ဆိုင်ရာဆေးရုံသို့ ရဲဆေးစာနှင့်အတူ အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသခြင်းများ ဆောင်ရွက် နိုင်ခဲ့ခြင်း၊ အမှတ်(၆) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ စနစ်တကျပေါင်းစပ် ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်ခဲ့ခြင်း၊ အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ကုသနေသော ကလေးငယ် (၂) ဦးအား လိုအပ်သည့် လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ လူမှုရေးအရ ကူညီဆောင်ရွက်ပေးခြင်း၊ ညှဉ်းပန်းခံရသူ မိန်းကလေးနှစ်ဦး၏ မိဘအုပ်ထိန်းသူများကို အချိန်မီ အကြောင်းကြားပေးခဲ့ခြင်းများကို အချိန်နှင့် တပြေးညီ ဆောင်ရွက်နိုင်ခဲ့သဖြင့် ရဲစခန်းတာဝန်ရှိသူများ၏ ဆောင်ရွက်ချက်များကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် မှတ်တမ်းတင်အပ်ပါသည်။

၆။ ဤကဲ့သို့သောဖြစ်စဉ်များ အကြိမ်ကြိမ်ဖြစ်ပွားနေသဖြင့် အလားတူလူမဆန်စွာ နှိပ်စက်ညှဉ်းပန်းမှုများ ထပ်မံပေါ်ပေါက်မှု မရှိစေရေးအတွက်သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများအနေဖြင့် အချင်းချင်းပေါင်းစပ်ညှိနှိုင်းပြီး ပြည်သူလူထုထံ ကျယ်ကျယ်ပြန့်ပြန့်အသိပညာပေးခြင်း၊ ထိရောက်စွာအရေးယူခြင်း၊ လိုအပ်သောဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်၍ ကုစားသင့်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ခုနှစ်၊ မတ်လ ၁၇ ရက်

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နှင့် သံတွဲမြို့များရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခြင်း ဆောင်ရွက်ချက် အမှတ်စဉ် (၉/ ကာကွယ်/ ၂၀၁၇)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၈-၃-၂၀၁၇ ရက်နေ့မှ ၃၀-၃-၂၀၁၇ ရက်နေ့ထိ ကော်မရှင်ရုံးဝန်ထမ်း ၂ ဦးနှင့်အတူ ကျောက်ဖြူမြို့နှင့် သံတွဲမြို့များရှိ အကျဉ်းထောင်၊ ရဲစခန်း အချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ ကျောက်ဖြူအကျဉ်းထောင်နှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည် -

(က) အိပ်ဆောင်များရှိ လျှပ်စစ်မီးချောင်းမရှိသည့် နေရာများတွင် ဖြည့်တင်းတပ်ဆင်ထားသင့်ပါသည်။

(ခ) အိပ်ဆောင်များရှိ စုတ်ပြဲနေသော ဖယောင်းပုဆိုးအချို့အား အသစ် လဲလှယ်သင့်ပါသည်။

(ဂ) ညမိလ္လာများတွင် သုံးရေရရှိရေးအတွက်ရေပိုက်များသွယ်တန်းပေးသင့်ပါသည်။

(ဃ) ဘူးသီးတောင် အကျဉ်းထောင်မှ ပြောင်းရွှေ့လာပြီး မိသားစုနှင့် အဆက်အသွယ် မရရှိသည့် အကျဉ်းသားများအား အဆက်အသွယ်ရရှိရေး စီစဉ်ဆောင်ရွက်ပေးသင့် ပါ သည်။

(င) လက်ထောက်ဆရာဝန် လိုအပ်နေသဖြင့် အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြတောင်းခံသင့်ပါသည်။

(စ) ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အား ၁၀၉ ဦးဖြစ်သော်လည်း လက်ရှိတွင် ၈၀ ဦးသာရှိသဖြင့် လိုအပ်ဝန်ထမ်းများကိုလည်းဖြည့်ဆည်းပေးသင့်ပါသည်။

(ဆ) စာကြည့်တိုက်တွင် ဗဟုသုတစာစောင်များ နည်းပါးသည်ကို တွေ့ရှိရသဖြင့် ထပ်မံ ဖြည့်ဆည်းသင့်ပါသည်။

၃။ သံတွဲအကျဉ်းထောင်နှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်နှင့် အထူးကုများအား အပတ်စဉ်၊ လစဉ်ဖိတ်ကြား၍ စစ်ဆေးကုသနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) နေ့စဉ်ထုတ်သတင်းစာ၊ ဂျာနယ်များဖတ်ရှုနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) အမျိုးသမီးဆောင်ရှိ ၂ နှစ်အရွယ် ကလေးငယ်အား ဖြည့်စွက်အစာ ကျွေးမွေးနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) မိသားစုနှင့် အဆက်အသွယ်မရရှိသေးသည့် အကျဉ်းသားများအား အဆက်အသွယ် ရရှိရေး တာဝန်ခံ အရာရှိမှ ဆောင်ရွက်ပေးသင့်ပါသည်။

(င) အကျဉ်းသားအမှတ် သတ/၁၄/၀၀၂၀၀/က သက်ဝင်း (ခ) ငပြူးတွင် ဖြစ်ပွားနေသော ဂရင်ဂျီနာ ရောဂါအား ကုသနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(စ) အကျဉ်းထောင်ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အား ၁၀၉ ဦးဖြစ်သော်လည်း လက်ရှိတွင် ၅၃ ဦးသာရှိသဖြင့် ဝန်ထမ်းလိုအပ်ချက်အား ဖြည့်ဆည်းပေးသင့်ပါသည်။

(ဆ) မျက်စိအပါအဝင် ကျန်းမာရေးမကောင်းသည့် အကျဉ်းသား/သူများအား မျက်တောင်တုလုပ်ငန်း အစား အခြားတာဝန်ပြောင်းလဲပေးစေရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဇ) မျက်တောင်တုလုပ်ငန်းအပြင် အခြားအသက်မွေး သင်တန်းများဖြစ်သည့် စက်ပြင်သင်တန်း၊ အပ်ချုပ်သင်တန်း၊ ဆိုင်ကယ်ပြင်သင်တန်းစသည်တို့ကိုလည်း အလှည့်ကျ ဖွင့်လှစ်နိုင်ရေး စီစဉ် ဆောင်ရွက်ပေးသင့်ပါသည်။

(ဈ) အကျဉ်းသားအမှတ် သတ/၁၅/၀၀၀၀၁/က ကျော်မိုးမှာ TB ဆေးသောက်နေသည် မှာ ၃ လ ခန့် ရှိသော်လည်း မသက်သာကြောင်း သတင်းပို့သဖြင့် ပြန်လည်ဆေးစစ် ပေးသင့်ပါသည်။

၄။ ကျောက်ဖြူနှင့် သံတွဲမြို့များရှိ အချုပ်ခန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါ သည်။-

(က) **မဒေးကျွန်းနယ်မြေရဲစခန်း၊ အချုပ်ခန်း**။ အချုပ်ခန်းအတွင်းရှိ အိမ်သာအကာများနှင့် သစ်သား ကြမ်းခင်းများမှာ ပျက်စီးနေသဖြင့် ပြုပြင်သင့်ပြီး ဝင်ပေါက်တံခါးများမှာ ၂ ပေခွဲ ပတ်လည်သာ ရှိသေးသဖြင့် ပြုပြင်သင့်ပါသည်။

(ခ) **ကျောက်ဖြူမြို့မရဲစခန်း၊ အချုပ်ခန်း**။ အမျိုးသမီးအချုပ်ခန်း၌ အိမ်သာမရှိသဖြင့် ဆောက်လုပ်သင့် ပါသည်။

(ဂ) **ကျောက်ဖြူမြို့နယ် တရားရုံး၊ အချုပ်ခန်း**

(၁) အချုပ်ခန်းများ၌ ကွပ်ပျစ်များ ထားရှိသင့်ပါသည်။

(၂) ကျားအချုပ်ခန်းနှင့် မအချုပ်ခန်းသည် အနီးကပ် မြင်တွေ့နေရသဖြင့် အမျိုးသမီးများ၏ ပုဂ္ဂိုလ်ရေးလွတ်လပ်မှုကို မထိခိုက်စေရန်အတွက် အကာအရံများ ပြုလုပ်ပေးသင့်ပါသည်။

(၃) အချုပ်ခန်းဝရန်တာ လျှောက်လမ်း ကွန်ကရစ်အခင်းသည် ပေါက်ပြဲပျက်စီးနေသဖြင့် ပြုပြင်သင့်ပါသည်။

(၄) အချုပ်ခန်းအိမ်သာသည် အချုပ်သားများအပြင် တရားရုံးသို့ လာရောက်သူများပါ အသုံး ပြုနိုင်စေရန်အတွက် ခြံစည်းရိုးအပြင်သို့ ရောက်ရှိနေသဖြင့် ခြံစည်းရိုးအား အိမ်သာကို ပါဝင်အောင် တိုးချဲ့ခတ်ခြင်း သို့မဟုတ် ခြံစည်းရိုးအတွင်း အချုပ်သားများအတွက် အိမ်သာ သီးသန့်တည်ဆောက်သင့်ပါသည်။

(၅) အိမ်သာများ၌ သုံးရေရရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

(၆) အချုပ်ခန်း ဝင်ပေါက်တံခါးသည် ၂ ပေခွဲပတ်လည်သာ ရှိသဖြင့် ၅ ပေခွဲအမြင့် ပြင်ဆင် သင့်ပါသည်။

(ဃ) **သံတွဲမြို့နယ် တရားရုံးအချုပ်ခန်း**။ မ အချုပ်ခန်း ဝင်ပေါက်တံခါးမှာ ၂ ပေခွဲ မပြင်ဆင်ရသေး သဖြင့် ၅ ပေခွဲအမြင့် ပြင်ဆင်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
## ဆောင်ရွက်ချက် အမှတ်စဉ် (၁၀/ကာကွယ်/၂၀၁၇)

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ (၂) ရပ်ကွက်နေ အသက် (၁၈) နှစ် မပြည့်သေးသော မင်းမြတ်လွင် (ခ) အာနိုးကို ဒေါ်ခင်စန်းငွေးဆိုသူက ၎င်း၏နေအိမ်မှ ရွှေထည်နှင့် ငွေများ ပျောက်ဆုံးသည့်ကိစ္စတွင် ပါဝင်သည်ဟု စွပ်စွဲပြီး ရဲစခန်းအချုပ်၌ တစ်လကျော်ကြာသည်အထိ ဖမ်းဆီးချုပ်နှောင်၍ နည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်စစ်ဆေးခဲ့ကြောင်း ပြည်သူ့လွှတ်တော်ရုံး နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီသို့ ဖခင်ဖြစ်သူ ဦးခိုင်ချစ်လွင်က တိုင်ကြားလာခြင်းကို ပြည်သူ့လွှတ်တော်ရုံးမှ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ လိုအပ်သလို ဆောင်ရွက်နိုင်ရန်နှင့် ပြီးစီးမှုအခြေအနေ ပြန်ကြားပေးရန် ပေးပို့လာသဖြင့် အဖွဲ့ဝင် ဦးယုလွင်အောင် ဦးဆောင်သော ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ရုံးဝန်ထမ်း ၃ ဦးလိုက်ပါ၍ ၁၁-၆-၂၀၁၇ ရက်နေ့မှ ၁၄-၆-၂၀၁၇ ရက်နေ့ထိ အခင်းဖြစ်ပွားရာ သဲကုန်းမြို့သို့ ကွင်းဆင်းစစ်ဆေးခဲ့ပါ သည်။

၂။ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအရ အောက်ပါအကြံပြုချက်များကို ပြည်သူ့လွှတ်တော်ရုံးနှင့် ပြည်ထဲရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်-

(က) ပစ္စည်းခိုးယူသည်ဟု စွပ်စွဲချက်ဖြင့် မောင်မင်းမြတ်လွင် (ခ) အာနိုးအား သဲကုန်းမြို့နယ် ရဲတပ်ဖွဲ့မှ ဖမ်းဆီးချုပ်နှောင်ပြီး သက်သေခံရွှေထည်နှင့် ငွေများ သိမ်းဆည်းရမိခြင်း မရှိဘဲ နှိပ်စက်ညှဉ်းပန်း၍ ဖွင့်အတင်း ဝန်ခံစေခြင်းဖြင့် သဲကုန်းမြို့နယ် တရားရုံးမှ ထောင်ဒဏ် ၂ နှစ် (အချုပ်ကာလ ၁ နှစ် ၉ လနှင့် ထောင်တွင်း၌ ၃ လ) ကျခံခဲ့ရခြင်းနှင့် ပတ်သက်၍ တာဝန်ရှိသူများအား ထိုက်သင့်သလို အရေးယူသင့် ကြောင်း၊

(ခ) နောင်တွင် အလားတူ သံသယရှိသူတစ်ဦးအား အထောက်အထား ခိုင်လုံမှုမရှိဘဲ ဖမ်းဆီးချုပ်နှောင်၍ နှိပ်စက်ညှဉ်းပန်းပြီး ဖွင့်အတင်းဝန်ခံစေ၍ တရားစွဲ တင်ပို့ ခြင်း၊ တရားရုံးမှလည်း ပြစ်ဒဏ်ချမှတ်ကျခံစေသည့် ဖြစ်စဉ်မျိုး ထပ်မံမဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်းများနှင့် တရားစီရင်ရေးအဖွဲ့အစည်း များမှတာဝန်ရှိသူများ ညှိနှိုင်း၍ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက် များ ချမှတ်ရေးဆွဲ ဆောင်ရွက်သင့်ကြောင်း၊

(ဂ) ထို့ပြင် အလားတူ ပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူများအား ဖမ်းဆီးချုပ်နှောင် ရိုက်နှက်၊ ညှဉ်းပန်းနှိပ်စက်ပြီး ဝန်ခံစေခြင်းများ မပြုလုပ်ဘဲ သက်သေအထောက်အထားများကို မှန်ကန်ခိုင်မာစွာ စနစ်တကျ ရှာဖွေဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ဝန်ခံစေသည့် အလေ့အထကောင်းများ ပေါ်ထွန်းလာစေရေး ရဲတပ်ဖွဲ့ဝင်များအား သင်ကြားပေးသင့်ကြောင်း၊

(ဃ) မောင်မင်းမြတ်လွင်၏ ဖခင်ဖြစ်သူ ဦးခိုင်ချစ်လွင် (ခ) ချစ်လွင်အား ဖြစ်စဉ်ဖြစ်ပွားပြီး တစ်နှစ်ကျော် နှစ်နှစ်နီးပါးကြာမှ နောက်တိုးတရားခံအဖြစ် ဖမ်းဆီးချုပ်နှောင်၍ တရားရုံးတင် စစ်ဆေးသော်လည်း နောက်ဆုံးတွင် ခိုင်မာသော အထောက်အထား မရှိခြင်းကြောင့် အချုပ်ကာလကို ထောင်အတွင်း၌ ၄ လ ချုပ်နှောင်ခံခဲ့ရပြီး အမှုမှ အပြီးအပြတ် လွှတ်လိုက်ခြင်းသည် လူ့အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေသဖြင့် အလားတူဖြစ်စဉ်မျိုး မဖြစ်ပွားစေရေးအတွက် သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းများနှင့် တရားစီရင်ရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ ညှိနှိုင်း၍ လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များ ချမှတ်ရေးဆွဲ ဆောင်ရွက်သင့်ကြောင်း၊

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
## ဆောင်ရွက်ချက်အမှတ်စဉ် (၁၁/ကာကွယ်/၂၀၁၇)

၁။ အင်းမ နယ်မြေရဲတပ်ဖွဲ့ ရဲစခန်း၌ မောင်ချမ်းမြေ့အောင်၊ မောင်ကျော်ဇင်အောင်၊ မောင်ကျော် ရဲခေါင်ထူး (ခ) ဖိုးသားတို့အား မော်တော်ဆိုင်ကယ်ခိုးယူခြင်းမရှိဘဲ ဖိအားပေး၍ မတရားညှဉ်းပန်း နှိပ်စက်ကာ စစ်ဆေးမေးမြန်းခဲ့ပြီး အမှန်တကယ် ပြစ်မှုကျူးလွန်သူနှစ်ဦးက ဝန်ခံထွက်ဆိုသဖြင့် ၎င်းတို့အား ပြန်လည်လွှတ်ပေးလိုက်သော်လည်း မတရားနှိပ်စက်ခံရခြင်း၊ ဂုဏ်သိက္ခာထိခိုက် နစ်နာရခြင်းများ ဖြစ်ပေါ်သည်ဟုလည်းကောင်း၊ ထိုသို့စစ်ဆေးနေစဉ် တာဝန်ရှိ စခန်းမှူး ရဲအုပ်သန်းဇော်သည် တာဝန်မှူး ရုံးစားပွဲပေါ်၌ အရက်၊ ဘီယာများ သောက်စားပြီး စစ်ဆေးခဲ့သည်ဟုလည်းကောင်း ဖော်ပြလျက် ဗွီဒီယိုဖိုင်နှင့်အတူ ကော်မရှင်သို့ တိုင်တန်းလာသဖြင့် ကော်မရှင်မှ ကွင်းဆင်း စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ အင်းမမြို့သို့သွားရောက်၍ အမှုနှင့် သက်ဆိုင်သူများကို စစ်ဆေးမေးမြန်းခဲ့ပါ သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ တိုင်တန်းချက်တွင် ပူးတွဲဖော်ပြထားသော ဗွီဒီယိုအရ လည်းကောင်း၊ သက်သေများ၏ထွက်ဆိုချက်များအရလည်းကောင်း တိုင်တန်းချက်ပါ ဖြစ်စဉ်များသည် မှန်ကန်ကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် အောက်ဖော်ပြပါ အကြံပြုချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်-

(က) တာဝန်ရှိသူများအား စီမံခန့်ခွဲရေးနည်းလမ်းအရ လိုအပ်သလို အရေးယူဆောင်ရွက်သင့်ကြောင်း၊

(ခ) ရိုက်နှက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ ဆောင်ရွက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်အချို့နှင့် တာဝန်ရှိသူ ကြီးကြပ်သူ အဆင့်ဆင့်ကို လိုအပ်သလို အရေးယူဆောင်ရွက်သင့် ကြောင်း၊

(ဂ) နောင်တွင် အလားတူပြစ်မှုကျူးလွန်သည်ဟု သံသယရှိသူများအား ဖမ်းဆီးချုပ်နှောင်၍ ရိုက်နှက် ညှဉ်းပန်းနှိပ်စက်ပြီး ဝန်ခံစေခြင်းများ မပြုလုပ်ဘဲ သက်သေအထောက်အထားများကို မှန်ကန် ခိုင်မာစွာ စနစ်တကျ ရှာဖွေဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ဝန်ခံစေသည့် အလေ့အထကောင်းများ ပေါ်ထွန်းလာစေရေး ရဲတပ်ဖွဲ့ဝင်များအား သင်ကြားပေးသင့်ကြောင်း။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၅ ရက်

**စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေး၊ မုံရွာ အကျဉ်း ထောင်များ၊ ကလေး၊ တမူး၊ မုံရွာမြို့များရှိ ရဲစခန်း အချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးမှုနှင့် စပ်လျဉ်း၍ ကော်မရှင်၏ ဆောင်ရွက်ချက်အမှတ်စဉ် (၁၂/ကာကွယ်/၂၀၁၇)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၇ ခုနှစ်၊ မေလ ၇ ရက်နေ့မှ ၁၂ ရက်နေ့အထိ ကော်မရှင်ရုံးဝန်ထမ်း ၃ ဦးနှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေး၊ မုံရွာအကျဉ်းထောင်များ၊ ကလေး၊ တမူး၊ မုံရွာမြို့များရှိ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းတို့အား ကော်မရှင် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ ကလေးအကျဉ်းထောင်နှင့် ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(က) သက်ကြီးအကျဉ်းသားများ၏ ရေချိုးချိန်အား အခြားလူငယ်အကျဉ်းသားများနှင့် ခွဲခြား သတ်မှတ်ပေးသင့်ကြောင်း၊

(ခ) HIV ရောဂါသည် အကျဉ်းသား/သူ ၈၈ ဦးအနက် ၄၆ ဦးသာ ART ဆေးရရှိပြီး ကျန် ၄၂ ဦး မှာ ART ဆေးမရရှိသေးကြောင်း တွေ့ရှိရသဖြင့် အမြန်ရရှိရေး သက်ဆိုင်ရာနှင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊

(ဂ) လက်ရှိပေ ၃၂၀ နက်သော ၄ လက်မတွင်းတစ်တွင်း၊ ပေ ၂၆၀ နက်သော ၃ လက်မတွင်း တစ်တွင်းဖြင့် ၁၈ နာရီအပြည့် ရေတင်မှ အကျဉ်းသားတစ်ဦးဂါလံ ၂၀ လုံလောက်ရုံသာ ရှိသည့် အခြေအနေတွင် လျှပ်စစ်မီးပျက်ခြင်း၊ အကျဉ်းထောင်ရှိ မီးစက်ပျက်ခြင်းတို့ကြောင့် ရေတင်ချိန်လျော့နည်းသည့် နေ့ရက်များတွင် သုံးရေမလုံလောက်ကြောင်း သိရှိရသဖြင့် နောက်ထပ် ၄ လက်မတွင်းတစ်တွင်း၊ လိုအပ်သည့် ရေစုပ်မော်တာနှင့် မီးစက်များဖြည့်ဆည်းပေးခြင်း၊ လက်ရှိမီးစက်များအားပြင်ဆင်ပေးခြင်း လိုအပ်ပါက အသစ်ဝယ်ယူပေးခြင်း စသည်ဖြင့် ပြုလုပ်ပေးသင့်ကြောင်း၊

(ဃ) မိုးရွာလျှင် မိုးယိုနေသောအိပ်ဆောင် ၁ အခန်း ၂ ၏အမိုးများအား လဲလှယ်ပြုပြင်ပေးသင့်ကြောင်း၊

(င) အိန္ဒိယနိုင်ငံသားအကျဉ်းသားဖြစ်သူPaopu F-Thongkhozang ဆိုသူအား ၎င်း၏ မိသားစုနှင့်အဆက်အသွယ်ရရှိရေး လိုအပ်သလို ဆောင်ရွက်ပေးသင့်ကြောင်း၊

(စ) ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားများအား လက်တုံ့ပြန်မှုမခံရစေရေးအတွက် ကော်မရှင်ဥပဒေပုဒ်မ ၃၈ နှင့်အညီ အလေးထား ဂရုပြု ဆောင်ရွက်ပေးစေလိုကြောင်း၊

၃။ မုံရွာအကျဉ်းထောင်နှင့် ပတ်သက်၍အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) အကျဉ်းထောင်တွင် ကျန်းမာရေးမှူးတစ်ဦးဖြင့် အကျဉ်းသားများအား ကုသနေရသောကြောင့်နိုင်နင်းမှုမရှိသဖြင့် လက်ထောက်ဆရာဝန်ခန့်ထားနိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တင်ပြတောင်းခံသင့်ကြောင်း၊

(ခ) ဖွဲ့စည်းပုံ၏တစ်ဝက်ခန့်သာ ဝန်ထမ်းအင်အားရှိသဖြင့် ဝန်ထမ်းလိုအပ်ချက်အား ဖြည့်ဆည်းပေးသင့်ကြောင်း၊

(ဂ) အိပ်ဆောင်နည်းပါးပြီး အကျဉ်းသားအင်အား များပြားကြပ်တည်းသဖြင့် လေဝင်လေထွက်ကောင်းမွန်ရန်နှင့် အဆောင်များအတွင်းအအေးဓာတ်ရရှိစေရန် မျက်နှာကြက် (သို့) ဘေး နံရံများ

တွင် ပန်ကာများတပ်ဆင်နိုင်ရန် အလှူရှင် (သို့) ဌာနအစီအစဉ်ဖြင့် တပ်ဆင်နိုင်ရေး ဆောင်ရွက်သင့်ကြောင်း၊

(ဃ) အကျဉ်းသားအချို့၌ ယားနာများပေါက်နေသဖြင့် ၎င်းအကျဉ်းသားများအား သီးခြား ရေကန်တစ်ကန်တွင် Detol ထည့်၍သော်လည်းကောင်း၊ တမာရွက်ပြုတ်ရည် ထည့်၍သော်လည်းကောင်း နေ့စဉ်ရေချိုးစေသင့်ကြောင်းနှင့် ယားနာပျောက်ဆေးများ လိုအပ်သူများကို ဝယ်ပေးသင့်ပါကြောင်း၊

(င) အကျဉ်းသားဦးရေနှင့် ရေချိုးကန် အချိုးမညီမျှသဖြင့် ရေချိုးကန်များ ထပ်မံတိုးချဲ့ ဆောက်လုပ်ပေးသင့်ကြောင်း၊

(စ) စာကြည့်တိုက်တွင် စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲစေမည့် စာအုပ်များ (ဥပမာ- ချစ်နိုင် (စိတ်ပညာ)၊ လယ်တွင်းသားစောချစ်၊ ဖေမြင့်တို့ ရေးသားသောစာအုပ်များ စသည်) အား ဖြည့်ဆည်းထားသင့်ပါကြောင်း၊

(ဆ) ကျန်းမာရေးမှူးမှ အကျဉ်းသား/သူများအား ဆေးစစ်ကုသပေးရန် နေ့စဉ်အချိန်မှန် ဆေးခန်းထိုင်၍ စစ်ဆေးကုသပေးရေးကြပ်မတ်ညွှန်ကြားပေးသင့်ပါကြောင်း၊

(ဇ) အိပ်ဆောင် ၃၊ အခန်း ၁ နှင့် အိပ်ဆောင် ၄၊ အခန်း ၁ တို့တွင် မိုးယိုသဖြင့် ပြုပြင်သင့်ကြောင်း၊

(ဈ) အကျဉ်းသားများ အိပ်သည့်နေရာများတွင် ကြမ်းပိုးကိုက်သဖြင့် ပိုးသတ်ဆေးများ ပုံမှန် ဖြန်းပေးသင့်ကြောင်း၊

(ည) ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့သော အကျဉ်းသားများအား လက်တုံ့ပြန်မှုမခံရစေရေးအတွက် ကော်မရှင်ဥပဒေပုဒ်မ ၃၈ နှင့်အညီအလေးထား ဂရုပြု ဆောင်ရွက်ပေးစေလိုကြောင်း၊

၄။ သနန်စခန်းနှင့် ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည် -

(က) အကျဉ်းသား မောင်နွဲ့ဆိုသူတွင် ဖြစ်ပွားနေသော ခေါင်းအကြိတ်အား ဆရာဝန်နှင့် ပြသ၍ ခွဲစိတ်ကုသပေးသင့်ကြောင်း၊

(ခ) အိပ်ဆောင်များရှိ သောက်ရေပုံးများတွင် သောက်ရေခွက်များ ထားရှိပေးသင့်ပါကြောင်း၊

(ဂ) စာကြည့်တိုက်တွင် ယဉ်ကျေး၊ လိမ္မာ၊ စိတ်ကို တိုးတက်ပြောင်းလဲစေနိုင်သော စာအုပ်စာပေများ ဖြည့်ဆည်း၍ အကျဉ်းသားများဖတ်ရှုနိုင်ရေး ဆောင်ရွက်ပေးသင့်ပါကြောင်း၊

(ဃ) လစဉ် တရားစခန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသင့်ကြောင်း၊

(င) သောက်ရေစစ်ကန်အမိုး၌ အလင်းရောင်ရရှိရန် အလင်းပေါက်ပလတ်စတစ် အမိုးပြားတစ်ချပ် တပ်ဆင်သင့်ကြောင်း၊

(စ) ဖွဲ့စည်းပုံအရဝန်ထမ်းအင်အား ၅၇ ဦးဖြစ်သော်လည်းလက်ရှိတွင် ၂၇ ဦးရှိသဖြင့် ၃၀ ဦး လိုအပ်နေကြောင်း တွေ့ရှိရသဖြင့် သနန်စခန်းအား အဓိကထားပြီး ဝန်ထမ်း ဖြည့်ဆည်း ပေးသင့်ကြောင်း၊

(ဆ) သနန်စခန်းသည် နယ်စပ်နှင့် နီးကပ်သည်ကို တွေ့ရှိရသဖြင့် တာဝန်ရှိသူများ မကြာခဏ သွားရောက် စစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းပေးသင့်ကြောင်း၊

၅။ မြို့သစ်စခန်းနှင့် ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(က) ဖွဲ့စည်းပုံအရဝန်ထမ်း၈၂ ဦးဖြစ်သော်လည်း လက်ရှိတွင် ၃၁ ဦးသာရှိသဖြင့် လိုအပ်နေသော ဝန်ထမ်းများ ဖြည့်ဆည်းသင့်ပါကြောင်း၊

(ခ) အိပ်ဆောင်များရှိ လျှပ်စစ်မီးကြိုးများအားစနစ်တကျ သွယ်တန်းသင့်ကြောင်း၊

(ဂ) အိပ်ဆောင်များအတွင်း ခြင်ဆေးဖျန်းနိုင်ရေး ကျန်းမာရေးဦးစီးဌာနနှင့် ညှိနှိုင်း၍ ဆောင်ရွက်သင့်ကြောင်း၊

(ဃ) သောက်ရေကန်၌ အလင်းရောင်ရရှိရန်နှင့် ပိုးလောက်လန်းများ မပေါက်ဖွားနိုင်ရန် အလင်းပေါက် ပလတ်စတစ်တစ်ချပ် တပ်ဆင်သင့်ကြောင်း၊

(င) လစဉ်တရားစခန်းများဖွင့်လှစ်သင့်ကြောင်း၊

၆။ ဗန္ဓုလစခန်းနှင့် ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည် -

(က) စခန်းဖွဲ့စည်းပုံအရဝန်ထမ်းအင်အား ၅၇ ဦးအနက်လက်ရှိတွင် ၂၆ ဦးရှိသဖြင့် လိုအပ်နေသော ဝန်ထမ်း ၃၁ ဦးအားဖြည့်ဆည်းပေးသင့်ကြောင်း၊

(ခ) စာကြည့်တိုက်တွင် စိတ်ဓာတ်ပိုင်းဆိုင်ရာ တိုးတက်စေမည့် စာအုပ်များအား အကျဉ်းသားများ ဖတ်ရှုနိုင်ရေး ထပ်မံဖြည့်ဆည်းသင့်ကြောင်း၊

၇။ အုတ်ဖိုကန်ဘောင်စခန်းနှင့် ပတ်သက်၍အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) စခန်းဖွဲ့စည်းပုံအရဝန်ထမ်းအင်အား ၅၇ ဦးဖြစ်သော်လည်း လက်ရှိတွင် ၂၁ ဦးသာ ရှိသဖြင့် ၃၈ ဦးလိုအပ်နေသောကြောင့် ဖြည့်ဆည်းပေးသင့်ကြောင်း၊

(ခ) သတင်းပို့တင်ပြသော အကျဉ်းသားတစ်ဦးသည် ခန္တီးအကျဉ်းထောင်မှတဆင့် ကလေးအကျဉ်းထောင်စခန်းသို့ ပြောင်းရွှေ့လာစဉ် ကလေးအကျဉ်းထောင်၌ ကျန်းမာရေးစစ်ဆေးရာ HIV ရောဂါပိုး တွေ့ရှိသည်ဟု တင်ပြသဖြင့် ၎င်း အကျဉ်းသားတွင် အမှန်တကယ် HIV ရောဂါပိုး ရှိ မရှိ သွေး စစ်ဆေး၍ ရောဂါပိုး တွေ့ရှိပါက ကုသနိုင်ရေး ဆောင်ရွက်ပေးသင့်ကြောင်း၊

(ဂ) ကျန်းမာရေးမကောင်းသည့် အကျဉ်းသားများအားဆေးပေးခြင်း၊ ဆေးနားပေးခြင်းများက ကျန်းမာရေးမှူးကိုယ်တိုင် စစ်ဆေးဆောင်ရွက်ပေးသင့်ကြောင်း၊

၈။ ရာဇဂြိုဟ် (၁) စခန်းနှင့် ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည် -

(က) ဖွဲ့စည်းပုံအရဝန်ထမ်း ၅၇ ဦးဖြစ်သော်လည်း လက်ရှိတွင် ၂၀ ဦးသာရှိသဖြင့် လိုအပ်နေသော ဝန်ထမ်း ၃၇ ဦးကို ဖြည့်ဆည်းပေးသင့်ကြောင်း၊

(ခ) စာကြည့်တိုက်တွင် ဘာသာရေးနှင့် ဗဟုသုတရဖွယ်စာအုပ်များ၊ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြှင့်တင်ရေးစာအုပ်စာပေများ ထပ်မံဖြည့်ဆည်းသင့်ကြောင်း၊

၉။ ရာဇဂြိုဟ် (၂) စခန်း စာကြည့်တိုက်တွင် ဘာသာရေးနှင့် ဗဟုသုတရဖွယ်ရာ စာအုပ်များ ထပ်မံ ဖြည့်ဆည်းသင့်ကြောင်း အကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၈ ရက်

**ရှမ်းပြည်နယ်၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်မြို့များရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးမှုနှင့် စပ်လျဉ်း၍ ကော်မရှင်၏ ဆောင်ရွက်ချက် အမှတ်စဉ် (၁၃/ ကာကွယ်/ ၂၀၁၇)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၇ ခုနှစ်၊ ဇွန်လ ၁၉ ရက် နေ့မှ ၂၂ ရက်နေ့အထိ ကော်မရှင်ရုံးဝန်ထမ်း ၃ ဦးနှင့်အတူ ရှမ်းပြည်နယ်၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ တာချီလိတ်မြို့များရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်းနှင့် တရားရုံးအချုပ် ခန်းတို့အား ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ ကျိုင်းတုံအကျဉ်းထောင်နှင့် ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(က) အကျဉ်းသူအဆောင်တွင် အကျဉ်းသား အဆောင်များနည်းတူ ပန်ကာများ တပ်ဆင်ပေးသင့်ပါသည်။

(ခ) အကျဉ်းသားအင်အားမှာ ဝင်ဆံ့မှုထက် ကျော်လွန်နေသဖြင့် အကျဉ်းသား အိပ်ဆောင်များ တိုးချဲ့ဆောက်လုပ်သင့်သော်လည်း မြေနေရာလုံလောက်မှု မရှိသဖြင့် အကျဉ်းထောင်မြေနေရာသစ် ရှာဖွေသင့်ပါသည်။

(ဂ) အချို့အကျဉ်းသား အိပ်ဆောင်များတွင် ခင်းထားသော သစ်သားကြမ်းခင်းများမှာ မညီမညာဖြစ်နေသည့်အတွက် အသစ်လဲလှယ်ပေးသင့်ပါသည်။

(ဃ) အချို့အကျဉ်းသား အိပ်ဆောင်များတွင် ပေါက်ပြဲနေသော ဖယောင်းပုဆိုးများအား အသစ်လဲလှယ်သင့်ပါသည်။

(င) အကျဉ်းသားအင်အားမှာ ၁၈၅၅ ဦးရှိသဖြင့် ဝန်ထမ်းဖွဲ့စည်းပုံအရ လိုအပ်လျှက်ရှိသော ကျန်းမာရေးမှူး ၃ ဦးအား ဖြည့်စွက်ခန့်ထားနိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

(စ) ထောင်ဝင်စာတွေ့ဆုံသည့် တိုးချဲ့ဆောင် အဆောက်အဦအမိုးအား သင့်တော်သလို မြင့်ပေးပြီး ပန်ကာတပ်ဆင်သင့်ပါသည်။

(ဆ) နိုင်ငံခြားသား အကျဉ်းသား တရုတ်နိုင်ငံသားကျား ၉ ဦး၊ ထိုင်းနိုင်ငံသားကျား ၂၂ ဦး၊ မ ၂ ဦးနှင့် ဗီယက်နမ်နိုင်ငံသားကျား ၇ ဦး၊ စုစုပေါင်း ၄၀ ဦးရှိရာ ၎င်းတို့အတွက် သက်ဆိုင်ရာသံရုံးနှင့် ဆက်သွယ်နိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ အကြောင်းကြားပေးသင့်ပါသည်။

(ဇ) မိုးတွင်းကာလတွင် အကျဉ်းသား၊ အကျဉ်းသူများ၏ လျှော်ဖွပ်ပြီးသော အဝတ်များ လှန်းနိုင်ရေးအတွက် အဝတ်လှန်းစင်များ စနစ်တကျထားရှိသင့်ပါသည်။

(ဈ) မသန်စွမ်း အကျဉ်းသားများအတွက် သီးခြားမိလ္လာ စီစဉ်ပေးခြင်း အပါအဝင် အခြား မသန်စွမ်းသူများ အခွင့်အရေးနှင့် သက်ဆိုင်သည့် ဆောင်ရွက်ချက်များ စီစဉ်ပေးသင့်ပါသည်။

၃။ မိုင်းဆတ်အကျဉ်းထောင်နှင့် ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(က) အကျဉ်းသားအင်အားမှာ ဝင်ဆံ့မှုထက်ကျော်လွန်နေသဖြင့် အကျဉ်းထောင် တိုးချဲ့မည့် မြေဧရိယာမှာ လုံလောက်သောကြောင့် အကျဉ်းသား အိပ်ဆောင်များ တိုးချဲ့ဆောက်လုပ်သင့်ပါသည်။

(ခ) ဝန်ထမ်းဖွဲ့စည်းပုံအရ လိုအပ်လျှက်ရှိသော ကျန်းမာရေးမှူး ၂ ဦးနှင့် သူနာပြု ၁ ဦးအား ဖြည့်စွက်ခန့်ထားနိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

(ဂ) အကျဉ်းသား၊ အကျဉ်းသူများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ပြင်ပမှ ဆရာဝန်များ မိုင်းဆတ်အကျဉ်းထောင်သို့ ပင့်ဖိတ်ကုသမှု ဆောင်ရွက်စေသင့်ပါသည်။

၄။ ကျိုင်းတုံအကျဉ်းထောင်နှင့် မိုင်းဆတ်အကျဉ်းထောင်များနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) အကျဉ်းထောင်အတွင်းသို့ ထောင်ဝင်စာတွေ့ဆုံရာမှ ပေးပို့လာသည့် ပစ္စည်းများနှင့် တရားရုံးမှ အကျဉ်းထောင်သို့ ပြန်ဝင်လာသည့် အကျဉ်းသား/သူ၊ အချုပ်သား/ သူများနှင့် ပါလာသော ပစ္စည်းများတွင် ကန့်သတ်ပစ္စည်းများ သယ်ဆောင်လာခြင်း ရှိမရှိစစ်ဆေးရာတွင် လူ့ဂုဏ်သိက္ခာ ထိခိုက်မှုရှိစေနိုင်သည့် ရှာဖွေမှုများ မဖြစ်စေရေးအတွက် Metal Detector နှင့် အနံ့ခံခွေးများ အသုံးပြု၍ စစ်ဆေးဆောင်ရွက်စေသင့်ပါသည်။

(ခ) လူမျိုးဘာသာမခွဲခြားဘဲ အကျဉ်းသား၊ အကျဉ်းသူများအား စိတ်နှလုံးတည်ငြိမ် အေးချမ်းပြီး ဒေါသမောဟများ ကင်းစင်စေရန်၊ အကျဉ်းထောင်အတွင်း ဆူပူမှုများ လျော့နည်းကျဆင်းစေရန်နှင့် ကျန်းမာရေး ကောင်းမွန်မှု ရှိစေရန်အတွက် ယောဂကျင့်စဉ် ကဲ့သို့သော စိတ်လေ့ကျင့်ခန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြင်ပမှ ကျွမ်းကျင်သူများ ဖိတ်ကြား၍ ဆောင်ရွက်သင့်ပါသည်။

(ဂ) Sky Net ရုပ်သံမှ ထုတ်လွှင့်သော အစီအစဉ်များတွင် ကြမ်းတမ်းသောစိတ်များ ဖြစ်ပေါ်စေနိုင်သည့် ရုပ်ရှင်များကို မပြသစေဘဲ ပညာပေးဇာတ်လမ်းများနှင့် ဗဟုသုတ ရရှိစေမည့် အစီအစဉ်များသာ ပြသရန်အတွက် ထိန်းချုပ်ဆောင်ရွက်သင့်ပါသည်။

(ဃ) သက်ကြီး အကျဉ်းသားများကို လုံလောက်စွာ ရေချိုးနိုင်ရေးအတွက် အခြားသူများနှင့် ရောနှောမချိုးစေဘဲ သီးသန့်ရေချိုးစေသင့်ပါသည်။

၅။ ကျိုင်းတုံမြို့ပေါ်ရှိ အချုပ်ခန်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) **ကျိုင်းတုံဆေးရုံအချုပ်ခန်း**။ အချုပ်သား၊ အချုပ်သူများ ထားရှိ ဆေးကုသခြင်း မတွေ့ရှိသဖြင့် ထူးခြားအကြံပြုရန် မရှိပါ။

(ခ) **ကျိုင်းတုံမြို့မရဲစခန်းအချုပ်ခန်း**။ ထူးခြားအကြံပြုရန်မရှိပါ။

၆။ မိုင်းဆတ်မြို့ပေါ်ရှိ အချုပ်ခန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်–

(က) **မိုင်းဆတ်မြို့မရဲစခန်းအချုပ်ခန်း**။ အကြံပြုရန်မရှိပါ။

(ခ) **မိုင်းတွမ်းနယ်မြေရဲစခန်းအချုပ်ခန်း**။ အကြံပြုရန်မရှိပါ။

၇။ တာချီလိတ်မြို့မရဲအချုပ်ထောင်နှင့်ပတ်သက်၍ အချုပ်သားများအခန်းတွင် သတ်မှတ်ထားသည့် လူဦးရေထက် ကျော်လွန်ထားရှိသည်ကို တွေ့ရှိရသည့်အတွက် ၎င်းတို့အား အမြန်ဆုံး တရားစွဲ တင်ပို့နိုင်ရေး သက်ဆိုင်ရာ တရားစွဲ အဖွဲ့အစည်းများ၊ တရားစီရင်ရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

၈။ ကျိုင်းတုံ၊ မိုင်းဆတ်နှင့်တာချီလိတ်မြို့များရှိ တရားရုံးအချုပ်ခန်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုအပ်ပါသည်-

(က) **ကျိုင်းတုံခရိုင်တရားရုံးအချုပ်ခန်း**

- အချုပ်ခန်းဝင်ပေါက်အား ၆ ပေအမြင့် ပြင်ဆင်သင့်ပါသည်။
- ကျားအချုပ်ခန်း သန့်ရှင်းရေး ဆောင်ရွက်သင့်ပါသည်။
- အချုပ်ခန်းအတွင်း အလင်းရောင်နှင့် လေကောင်းလေသန့် ကောင်းမွန်စွာ ရရှိနိုင်ရေးအတွက် ခေတ်နှင့်အညီ (မိုင်းဆတ်တရားရုံးအချုပ်ခန်းကဲ့သို့) အချုပ်ခန်းသစ် အဆောက်အဦတစ်လုံး တည်ဆောက်သင့်ပါသည်။
- အချုပ်သား၊ အချုပ်သူများအတွက် ရေသန့် ရရှိရေး စီမံဆောင်ရွက်သင့်ပါသည်။

(ခ) **မိုင်းဆတ်ခရိုင်တရားရုံးအချုပ်ခန်း**။ အချုပ်ခန်းဝင်ပေါက်သည် ၆ ပေအမြင့် ပြင်ဆင်သင့်ပါသည်။

(ဂ) **တာချီလိတ်ခရိုင်တရားရုံးအချုပ်ခန်း**။

- ကျားအချုပ်ခန်းသန့်ရှင်းရေးဆောင်ရွက်သင့်ပါသည်။
- အချုပ်ခန်းအတွင်း အလင်းရောင်နှင့် လေကောင်းလေသန့် ကောင်းမွန်စွာ ရရှိနိုင်ရေးအတွက် ခေတ်နှင့်အညီ (မိုင်းဆတ်တရားရုံးအချုပ်ခန်းကဲ့သို့) ကျယ်ဝန်းသည့် အဆောက်အအုံတစ်လုံး တည်ဆောက်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၉ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
## ဆောင်ရွက်ချက် အမှတ်စဉ် (၁၄/ ကာကွယ်/ ၂၀၁၇)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ စခန်းကြီးကျေးရွာအုပ်စု (ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးဘေး) မိုင်တိုင် ၃ မိုင်၊ ၄ ဖာလုံမှ ၅ ဖာလုံအတွင်းရှိ စုစုပေါင်းဧက ၁၄၂၀ ဧကရှိ ကျူးကျော်နေအိမ် ၄၀၀၀ ကျော်ကို သက်ဆိုင်ရာဌာနများမှ လူအင်အား၊ ရဲတပ်ဖွဲ့အင်အား ၁၀၀၀ ဖြင့် ဇွန် ၁၂ ရက်နေ့မှစ၍ ဖျက်သိမ်းလျက်ရှိကြောင်းနှင့် နေအိမ်မှ ဖယ်ရှားခံရသူများမှ နေစရာမဲ့လျက်ရှိကြောင်း သတင်းစာ၊ ဂျာနယ်များနှင့် လူမှုကွန်ရက်များ၌ သတင်းများ တွေ့ရှိရသဖြင့် ကော်မရှင်မှ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို ၂၀-၆-၂၀၁၇ ရက်နေ့နှင့် ၂၁-၆-၂၀၁၇ ရက်များတွင်လည်းကောင်း ၂၇-၆-၂၀၁၇ ရက်နေ့တွင် လည်းကောင်းသွားရောက်စစ်ဆေး၍ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဖယ်ရှားခံရသူများ၊ ဖယ်ရှားခံရသူများထဲမှ မသန်စွမ်းများနှင့် ကျောင်းဆရာ၊ ဆရာမများအားတွေ့ဆုံ၍ မေးမြန်းစုံစမ်းခဲ့ပြီး ဖယ်ရှားခံရသူများ ခေတ်တနေထိုင်ရာ ရဲမွန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတိုက်သို့ သွားရောက်၍ ၎င်းတို့၏ နေထိုင်စားသောက် နေထိုင်မှု အခြေအနေများအား သွားရောက်လေ့လာခဲ့ပါသည်။

၂။ အထက်ပါ ကွင်းဆင်းစုံစမ်းစစ်ဆေးချက်အရ အောက်ပါအကြံပြုချက်များအား သမ္မတဦးစီးရုံးနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့သို့ ၃-၇-၂၀၁၇ ရက်နေ့တွင် လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် ပေးပို့ခဲ့ပြီးဖြစ်ပါသည် -

(က) နိုင်ငံတော်ပိုင်မြေပေါ်တွင် ကျူးကျော်နေထိုင်သူများအား ဖယ်ရှားရှင်းလင်းရာတွင် လုံလောက်သောအချိန်ပေး၍ သတိပေးပြီးမှ ရှင်းလင်းဖယ်ရှားမှု မပြုလုပ်ခဲ့ခြင်း၊ ရှင်းလင်းဖယ်ရှားချိန်သည် မိုးအခါကာလဖြစ်နေသဖြင့် ၎င်းတို့အတွက် နေထိုင်ရန် အခက်အခဲဖြစ်နေခြင်း၊ ကျောင်းနေကလေးငယ်များအတွက် ဆက်လက်ပညာ သင်ကြားခွင့်ရရှိရေး အခက်အခဲဖြစ်နေခြင်းများကို လူ့အခွင့်အရေးရှုထောင့်မှ သုံးသပ်၍ လိုအပ်သည့် ထောက်ပံ့ကူညီမှုများ အစီအမံများ ဆောင်ရွက်ပေးသင့်ကြောင်း၊

(ခ) ယင်းမြေနေရာများပေါ်တွင် ကျူးကျော်၍ ဆင်းရဲသား အခြေအနေမဲ့များ၏ ပညာ၊ ဗဟုသုတနည်းပါးမှုကို အခွင့်ကောင်းရယူပြီး အုပ်စုဖွဲ့၍ မသမာစီးပွားရှာဖွေခဲ့သော စီး/ကျူးအုပ်စုများကို သက်ဆိုင်သည့် တာဝန်ရှိ အဖွဲ့အစည်းများက စနစ်တကျဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ကြောင်း၊

(ဂ) ၂၀၁၅ ခုနှစ်၊ ကျူးကျော်နေအိမ်များအား ရှင်းလင်းဖယ်ရှားရာတွင် အပြီးအပြတ် ရှင်းလင်းခြင်း မပြုဘဲ နေအိမ်အချို့ ချန်ထားခဲ့ခြင်း၊ ယင်းနေအိမ်များ မိမိအစီအစဉ်ဖြင့် မိမိဖျက်သိမ်းခြင်း ရှိ မရှိ စောင့်ကြည့်ဖယ်ရှားခြင်း၊ ထပ်မံတိုးပွားလာသော နေအိမ်များအား နေ့စဉ်စောင့်ကြည့်ဖယ်ရှားခြင်း၊ ဥပဒေအရ အရေးယူခြင်း၊ နိုင်ငံပိုင်မြေ မကျူးကျော်ရ စသည့် သတိပေးဆိုင်ဘုတ်များ စိုက်ထူခြင်းများကို အစဉ်တစိုက် လုပ်ဆောင်ခြင်းမပြုခဲ့သော တာဝန်ရှိသူများအား လိုအပ်သလို အရေးယူဆောင်ရွက်သင့်ကြောင်း၊

(ဃ) အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကျူးကျော်နေရာ မြောက်များစွာကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း သိရှိရသဖြင့် ယခုကဲ့သို့ အခြေခံလူတန်းစားများ လက်မဲ့၊ ခြေမဲ့အတိဒုက္ခ မရောက်စေရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ စီစဉ်ရေးဆွဲပြီး ရာသီဥတုနှင့် အချိန်အခါကို ရွေးချယ်ပြီး လုံလောက်သောအချိန် သတ်မှတ်သတိပေး၍ ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၃ ရက်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## ဆောင်ရွက်ချက် အမှတ်စဉ် (၁၅/ကာကွယ်/၂၀၁၇)

၁။ Human Rights Watch ၏ The Farmer Becomes the Criminal ခေါင်းစဉ်ဖြင့် ရေးသားထားသော စာတမ်းပါ မြေယာအငြင်းပွားမှုများမှာ မှန်ကန်မှု ရှိ မရှိ၊ ဒေသခံတိုင်းရင်းသား လယ်သမားများ၏ လယ်မြေများအား အမှန်တကယ် မတရားသိမ်းဆည်းခံရခြင်း ရှိ မရှိနှင့် လယ်သမားများအဖြစ်မှ တရားခံများအဖြစ်သို့ ရောက်ရှိခြင်း ရှိ မရှိတို့ကိုလေ့လာပြီး လူ့အခွင့်အရေးရှုထောင့်မှနေ၍ လိုအပ်သည့်အကြံပြုချက်များ ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးယုလွင်အောင်နှင့် ဒေါက်တာမြင့်ကြည်တို့ပါဝင်သည့် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၀၁၇ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကော်မရှင်ရုံးဝန်ထမ်း ၃ ဦးနှင့်အတူ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ကော့ကရိတ်မြို့နယ်နှင့် မြဝတီမြို့နယ်များရှိ မြေယာအငြင်းပွားမှု ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးခဲ့ပါသည်။

၂။ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သုံးသပ်ချက်များနှင့် အကြံပြုချက်များကို နိုင်ငံတော်သမ္မတဦးစီးရုံးနှင့် ကရင်ပြည်နယ် အစိုးရအဖွဲ့တို့သို့ လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် ပေးပို့ခဲ့ပါသည်။

### လှာကမြင်မြေယာအငြင်းပွားမှု

၃။ လှာကမြင် မြေယာအငြင်းပွားမှုနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အောက်ပါ အကြံပြုတိုက်တွန်းချက်များအား ပေးပို့ခဲ့ပါသည်-

(က) ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်ဝန်ကြီးအဆင့် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဆင့် ပုဂ္ဂိုလ်များ ဦးဆောင်ပါဝင်ပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနနှင့် အခြား သက်ဆိုင်သော ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဥပဒေပညာရှင်များ ပါဝင်သည့် လုပ်ငန်း ကော်မတီတစ်ရပ် ဖွဲ့စည်းသင့်ကြောင်း၊

(ခ) ယင်းကော်မတီမှ မူလလယ်မြေပိုင်ရှင်များစာရင်း၊ မြေကွက်ရရှိပြီးသော လယ်ပိုင်ရှင်များ စာရင်း၊ ပြင်ပမှ မြေကွက်ဝယ်ယူထားသူများစာရင်း၊ ဆရာတော်ထံ လယ်မြေ လှူဒါန်းထားသူများစာရင်း စသည်တို့ကို တိုက်ဆိုင်စစ်ဆေး၍ -

- မြေကွက် ဝယ်ယူထားပြီး ယခုအချိန်ထိ နေအိမ်ဆောက်လုပ်ခြင်း မပြုသေးဘဲ ပြန်လည်ရောင်းချရန် ရည်ရွယ်ချက်ဖြင့် ဝယ်ယူထားသူများအား အချိန်ကာလ တစ်ခုသတ်မှတ်ပေး၍ နေအိမ်မဆောက်လုပ်ခြင်း၊ နေအိမ်ကို အဖြစ်သဘော ဆောက်လုပ်ပြီး နေထိုင်မှုမရှိခြင်းများ ဖြစ်နေပါက မြေကွက်၏မူလတန်ဖိုး (နေအိမ်တန်ဖိုးမပါ) ပြန်အမ်း၍ဖြစ်စေ၊ မအမ်းဘဲဖြစ်စေ မြေကွက်များ ပြန်လည် သိမ်းယူခြင်း၊
- ပိုင်ဆိုင်လယ်ဧက အောက်နည်းသော မြေကွက်အရေအတွက် ရရှိခဲ့သူများအား ပြန်လည်ဖြည့်ပေးခြင်း၊
- လယ်သိမ်းခံရသော်လည်း မြေကွက် လုံး၀ မရသေးသူများအား သတ်မှတ်ထားသည့် အရေအတွက် ပြည့်မီအောင် မြေကွက်ပေးခြင်း၊

- စိုက်ပျိုး၍မရသော လယ်မြေများကို အိမ်ယာကွက်များ ဖန်တီး၍ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ခဲ့သော ဆရာတော်၏ စေတနာကို အားလုံးနားလည်ပြီး ၂၀၀၀ ခုနှစ်မှ ၂၀၁၄ ခုနှစ်ထိ ၁၄ နှစ်တိုင် ပြဿနာများ မဖြစ်ခဲ့ဘဲ နောက်ပိုင်းမှ ဖြစ်လာသည့်အတွက် ယင်းစီမံကိန်းမှာ လမ်းများ ဖောက်ပြီးခြင်း၊ မီးတိုင်များ စိုက်ထူပြီးခြင်း၊ မီးကြိုးများသွယ်ပြီးခြင်း၊ ရေမြောင်းများ ဖောက်လုပ်ပြီးခြင်း၊ တံတားများ ဆောက်လုပ်ပြီးခြင်း၊ စာသင်ကျောင်း ဆောက်လုပ်ပြီးခြင်း စသည် ဖြင့် ဆောင်ရွက်ပြီးလုပ်ငန်းများကို ရပ်တံ့၍ မဖြစ်တော့သဖြင့် အိမ်ရာကွက်များ ဖျက်သိမ်းပြီး လယ်ကွက်များ ပြန်လည်ဖော်ထုတ်ရန် လုံးဝမဖြစ်နိုင်တော့ခြင်း ကြောင့် လက်ရှိ အခြေအနေကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ကျေနပ်မှုမရှိသည့် လယ်သမားများအား ရှင်လင်းပြခြင်း၊
- မကျေနပ်သည့် လယ်သမားများဖက်မှ လိုက်လံကူညီ လုပ်ကိုင်ပေးနေသည့် ၈၈ မျိုးဆက်အဖွဲ့ နှင့် တောင်သူလယ်သမားသမဂ္ဂအဖွဲ့ တို့ကဲ့သို့သော အဖွဲ့များကို ဖိတ်ခေါ်၍ ပြဿနာဖြေရှင်း ပြီးစီးကြောင်း တရားဝင်အသိပေးခြင်း စသည်ဖြင့် ပြဿနာအားလုံးကို ပြီးပြတ်အောင် ညှိနှိုင်း ဖြေရှင်းပေးသင့်ကြောင်း၊

(ဂ) ယင်းကဲ့သို့ ညှိနှိုင်းဖြေရှင်းပေးပြီးပါက ပါဝင်ပတ်သက်သူ (လယ်သမားများ၊ လှုံ့ဆော်သူများ) အားလုံးကို သဘောတူညီကြောင်း လက်မှတ်ရေးထိုးစေသင့်ကြောင်း၊

(ဃ) ယင်းလယ်ယာမြေများကို မြို့မြေကွက်အဖြစ် ပြောင်းလဲအသုံးပြုနိုင်ရေးအတွက် မြေယာဥပဒေနှင့် အညီ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း ပြန်လည် တည့်မတ်ဆောင်ရွက်ပေးသင့် ကြောင်း၊

(င) ယင်းကဲ့သို့ ဖြေရှင်းပေးပြီးနောက်ပိုင်း ထပ်မံ၍ ပြဿနာ ဖန်တီးလာသူများအား တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူသင့်ကြောင်း၊

**ကျောက္ကလပ်မြေယာအငြင်းပွားမှု**

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကျောက္ကလပ် သာသနာမြေနှင့် ပတ်သက်၍ အောက်ပါ အကြံပြုတိုက်တွန်းချက်များအား ပေးပို့ခဲ့ပါသည်-

(က) ပြည်နယ်အစိုးရအနေဖြင့် ပြည်နယ်ဝန်ကြီးအဆင့် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် အဆင့် ပုဂ္ဂိုလ်များ ဦးဆောင်ပါဝင်ပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲ ရေးနှင့် စာရင်းအင်း ဦးစီးဌာနနှင့် အခြား သက်ဆိုင်သော ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဥပဒေ ပညာရှင်များ ပါဝင်သည့် လုပ်ငန်း ကော်မတီတစ်ရပ် ဖွဲ့စည်းသင့်ကြောင်း၊

(ခ) ယင်းကော်မတီမှ မူလလယ်မြေပိုင်ရှင်များစာရင်း၊ လက်ရှိဖော်ထုတ်ပြီး မြေကွက်များတွင် ယခင် နေထိုင်ခဲ့သော လူဟောင်းများမှ မြေကွက်ရရှိပြီးသော သူများစာရင်း၊ ပြင်ပမှ မြေကွက် ဝယ်ယူထား သူများစာရင်း၊ မြေကွက် လုံးဝမရရှိခဲ့သော လူဟောင်းများ စာရင်းတို့ကို ပြုစုပြီး ၎င်းတို့အား သင့်လျော်သည့် နေရာတွင် အစားထိုးမြေ နေရာရရှိရေး စီစဉ်ပေးသင့်ကြောင်း၊

(ဂ) ယခုအခါ ကျောက္ကလပ်လယ်မြေများသည် ဆံတော်ရှင် ကျောက္ကလပ်စေတီတော်၏ ဘာသာရေး အဆောက်အဦများကို ကျယ်ကျယ်ပြန့်ပြန့် ဆောက်လုပ်ထားပြီးဖြစ်ရာ ခရစ်ယာန် ဘာသာဝင်များ

အနေဖြင့် ဘာသာရေး အဆောက်အဦများ ဆောက်လုပ်ရန် အခြားသင့်တော်သည့် မြေနေရာ ရှာဖွေ၍ လျှောက်ထားစေပြီး တရားဝင် ခွင့်ပြုပေးသင့်ကြောင်း၊

**တောင်သူကုန်း မြေယာအငြင်းပွားမှု**

၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ တောင်သူကုန်း မြေယာအငြင်းပွားမှုနှင့် ပတ်သက်၍ အောက်ပါ အကြံပြုတိုက်တွန်းချက်များအား ပေးပို့ခဲ့ပါသည်-

(က) အဆိုပါ အငြင်းပွားနေသော မြေနေရာများတွင် လယ်ယာလုပ်ကိုင်နေသူများသည် ၎င်းတို့တွင် တရားဝင်ပြေစာများ မရှိသော်လည်း ယခင် ဘိုးဘွားအစဉ်အဆက်က လယ်ယာမြေ အမှန်တကယ် လုပ်ကိုင်ခဲ့သူများဖြစ်ပါက ၎င်းတို့၏ လယ်ယာလုပ်ကိုင် အသက်မွေးမြူမှု အခွင့်အရေးကို မထိခိုက်စေရေးအတွက် ပြည်နယ်အစိုးရအနေဖြင့် လိုအပ်သော ကုစားမှုများ ပြုလုပ်ပေးသင့်ကြောင်း၊

(ခ) မြဒွေးကြွယ်လင်း ကုမ္ပဏီအနေဖြင့် မြေလွတ်မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ပြီးဖြစ်ပါက မူလဘိုးဘွားစဉ်ဆက် လယ်ယာစိုက်ပျိုးလုပ်ကိုင်ခဲ့သူ လယ်သမားများ၏ အခွင့်အရေးများကို လေးစားလျက် လိုအပ်သည့် ကူညီပံ့ပိုးမှုများ ပြုလုပ်ပေးသင့်ကြောင်း၊

(ဂ) ခြကလေးကျေးရွာမှ လယ်သမား ၄ ဦး ပိုင်ဆိုင်သော လယ်မြေ ၄၀ ဧကကို စစ်မှုထမ်းဟောင်း အဖွဲ့မှ သိမ်းပိုက်သွားပြီး ငါးကန်များ တူးထားသည့်ကိစ္စနှင့် ပတ်သက်၍ မှန်ကန်မှု ရှိမရှိ စိစစ်ပြီး လယ်သမားများ နစ်နာမှု မရှိစေရေးအတွက် ပြည်နယ်အစိုးရအနေဖြင့် ကုစားပေးသင့်ကြောင်း၊

၆။ ကော်မရှင်၏ ကွင်းဆင်းလေ့လာ တွေ့ရှိချက်များအရ အချို့မြေယာအငြင်းပွားမှုများသည် နှစ်ဦးနှစ်ဖက် တွေ့ဆုံ၍ ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးပါက အောင်မြင်နိုင်ကြောင်း၊ သို့ဖြစ်၍ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သမာသမတ်ကျပြီး ဖြေရှင်းဆုံးဖြတ်ပေးနိုင်မည့် ပုဂ္ဂိုလ်များပါဝင်သော အဖွဲ့အစည်းများ သို့မဟုတ် ကော်မတီများ ဖွဲ့စည်း၍ ဥပဒေနှင့်အညီ စနစ်တကျ လေ့လာသုံးသပ်၍ ဆောလျင်စွာ ဖြေရှင်းပေးသင့်ကြောင်း အကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၅ ရက်

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ဆောင်ရွက်ချက်အမှတ်စဉ် (၁၆/ကာကွယ်/၂၀၁၇)**

ယုဇနဥယျာဉ်မြို့တော်၊ ၉၄ ရပ်ကွက်ရှိ ၁၃ နှစ်အရွယ် အိမ်အကူ မိန်းကလေးငယ်အား ညှဉ်းပန်းနှိပ်စက်ခံရသည့် ကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင် ဦးဆောင်သည့်အဖွဲ့သည် ဒဂုံဆိပ်ကမ်းမြို့နယ် ရဲစခန်းသို့ သွားရောက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲစခန်းမှူးနှင့် အမှုစစ်အရာရှိတို့အား တွေ့ဆုံကာ အမှုနှင့်ပတ်သက်၍ ဆောင်ရွက်ချက်များကို မေးမြန်းစုံစမ်းခြင်း၊ မရမ်းကုန်းမြို့နယ်၊ မလိခလမ်းရှိ လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အမျိုးသမီးကလေးများ သင်တန်းကျောင်းသို့ သွားရောက်၍ ကာယကံရှင်ဖြစ်သူ မခိုင်နှင်းဝေအား ထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်ထားရှိမှု အခြေအနေကို ကျောင်းအုပ်ကြီးနှင့် တွေ့ဆုံမေးမြန်းခြင်း၊ မခိုင်နှင်းဝေနှင့် တွေ့ဆုံကာ အားပေးစကား ပြောကြားခြင်း၊ အလှူငွေနှင့် ဗလာစာအုပ်များ ပေးအပ်ပံ့ပိုးဆောင်ရွက်ခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
## ဆောင်ရွက်ချက်အမှတ်စဉ် (၁၇/ ကာကွယ်/၂၀၁၇)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ရှိ ဟင်္သာတအကျဉ်းထောင်အတွင်း၌ လွတ်လပ်စွာ ဘုရားဝတ်ပြုခွင့်မရခြင်း၊ အကျဉ်းသားရိက္ခာများ လုံလောက်စွာမပေးခြင်း၊ ဖိနပ်ချွတ်သည့်နေရာနှင့် မိလ္လာခွက်ကို ခေါင်းရင်းပေး၍ အိပ်နေရခြင်း၊ ဘုရားစေတီကို ခြေရင်းတွင်ထားနေရခြင်းနှင့် အကျဉ်းထောင်ဝန်ထမ်းအချို့မှ ငွေကြေးကောက်ခံမှုများ ရှိနေခြင်းများကို အကျဉ်းသားမိခင်ဖြစ်သူတစ်ဦးမှ ၃၀-၆-၂၀၁၇ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ တိုင်တန်းချက်ပေးပို့လာပါသည်။

၂။ ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ဟင်္သာတအကျဉ်းထောင်သို့ ၁၇-၇-၂၀၁၇ ရက်နေ့နှင့် ၁၈-၇-၂၀၁၇ ရက်နေ့များတွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်များအရ ကော်မရှင်၏ အကြံပြုချက်များမှာ-

(က) အကျဉ်းထောင်၏ စီမံခန့်ခွဲမှု စနစ်တကျ ကောင်းမွန်စေရေးအတွက် တာဝန်ရှိသူ အဆင့်ဆင့်မှ မျက်ခြေမပြတ်ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သင့်ကြောင်း၊

(ခ) အကျဉ်းထောင်တာဝန်ခံနှင့် အကျဉ်းသားများ၏ နှစ်ဦးနှစ်ဖက် မျှတသည့် ဆက်ဆံရေး၊ စီမံခန့်ခွဲအုပ်ချုပ်ရေးများ ဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းအဆင့်အတန်းအားလုံး၏ မှန်ကန်မျှတသော ပူးပေါင်းဆောင်ရွက်မှုရရှိစေရေး၊ တာဝန်ရှိသူမှ အနီးကပ် ကြီးကြပ်ဆောင်ရွက်သင့်ကြောင်း၊

(ဂ) အစ္စလာမ်ဘာသာဝင် အကျဉ်းသားများအတွက် ၎င်းတို့၏ ဓလေ့ထုံးစံနှင့်အညီ ဝတ်ပြုဆုတောင်းနိုင်ရေး အကျဉ်းထောင်အတွင်း သင့်လျော်သည့်နေရာအား စည်းကမ်းတကျ စီစဉ်ဆောင်ရွက်ပေးသင့်ကြောင်း၊

(ဃ) တာဝန်ရှိသူများက အကျဉ်းသားများ၏ ရပိုင်ခွင့်များနှင့် စပ်လျဉ်းသည့် ကိစ္စများကို ပွင့်လင်းမြင်သာစွာဖြင့် ချပြဆောင်ရွက်စေသင့်ကြောင်း၊

(င) အကျဉ်းထောင်လက်စွဲနှင့်အညီ ထောင်တွင်းပြစ်ဒဏ်ချမှတ် အပြစ်ပေးရာတွင် လူ့အခွင့်အရေးအရ ထိခိုက်နစ်နာစေမှု မရှိစေရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ ပုဒ်မ ၃၈ ပါအတိုင်း တိုင်တန်းသူများနှင့် သက်ဆိုင်သူများ လက်တုံ့ပြန်မှု မခံရစေရေးအတွက်လည်းကောင်း သေချာစေမည့် ဆောင်ရွက်ချက်များကို သတိပြုဆောင်ရွက်သင့်ကြောင်း။

၃။ အထက်ပါ အကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်**

**ဆောင်ရွက်ချက် အမှတ်စဉ် (၁၈/ကာကွယ်/၂၀၁၇)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် သထုံမြို့နှင့် ကျိုက်ထိုမြို့များရှိ အကျဉ်းထောင်၊ ကုန်ထုတ်စခန်း၊ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ၁၇-၇-၂၀၁၇ ရက်နေ့နှင့် ၁၈-၇-၂၀၁၇ ရက်နေ့များတွင် ကြည့်ရှုစစ်ဆေးခဲ့ပြီး တွေ့ရှိချက်များအရ လိုအပ်သောအချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခဲ့ပါသည်။

၂။ သထုံအကျဉ်းထောင်နှင့်ပတ်သက်သည့် အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အိပ်ဆောင်များတွင် ပြင်ပအလင်း အားနည်းသဖြင့် လျှပ်စစ်မီးများ ထပ်မံတပ်ဆင်သင့်ပါသည်။

(ခ) မိုးတွင်းကာလတွင် အကျဉ်းသားများ၏ လျှော်ဖွပ်ပြီးသော အဝတ်များ လှန်းနိုင်ရေးအတွက် အဝတ်လှန်းစင်များ စနစ်တကျထားပေးသင့်ပါသည်။

(ဂ) အကျဉ်းထောင်မှာ နေရာကျဉ်းမြောင်းသဖြင့် ကိုယ်လက်လှုပ်ရှားရန် အချိန်သီးသန့်ပေးသင့်ပါသည်။

၃။ ဇင်းကျိုက်ကုန်ထုတ်စခန်းနှင့် ပတ်သက်သည့် အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) သောက်ရေစစ်ကန်အမိုး၌ အလင်းရောင်ရရှိရန်နှင့် ပိုးလောက်လန်းများ ခိုအောင်းမှု မရှိစေရန် အလင်းပေါက် ပလတ်စတစ် အမိုးပြား တစ်ချပ် တပ်ဆင်သင့်ပါသည်။

(ခ) အိပ်ဆောင် ၃ တွင် ခေါင်မိုးနှင့်မိလ္လာခန်းတွင် မိုးယိုနေသဖြင့် ပြုပြင်သင့်ပါသည်။

(ဂ) ဆေးခန်းတာဝန်ရှိသူမှ ဆေးနားပေးထားသော အကျဉ်းသားအချို့အား အနားမပေးဘဲ စခန်းတွင်း၌ အခြားအလုပ်များအား ခိုင်းစေသည်ဟု သိရှိရသဖြင့် တာဝန်ရှိသူများမှ ထိန်းသိမ်းစောင့်ရှောက်သင့်ပါသည်။

(ဃ) အကျဉ်းသားအချို့၏ ထွက်ဆိုချက်အရ တနင်္ဂနွေနေ့တွင် အချို့အကျဉ်းသားများမှာ အလုပ်ဆင်းရသည်ဟု သိရှိရသဖြင့် တနင်္ဂနွေနေ့အား အနားပေးသင့်ပါသည်။

(င) ဆေးခန်းတွင် လိုအပ်သော ဆေးဝါးများအား ဖြည့်ဆည်းထားရန်နှင့် ဆေးခန်းလိုက် အမည်စာရင်း၊ ရောဂါနှင့် လိုအပ်သော အချက်အလက်များအား စနစ်တကျ မှတ် တမ်းရေးသွင်းထားသင့်ပါသည်။

၄။ ရင်းငြိမ်ကုန်ထုတ်စခန်းနှင့် ပတ်သက်သည့်အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဝန်ထမ်းအင်အားမှာ ဖွဲ့စည်းပုံအရ ၁၁၂ ဦးရှိသော်လည်း လက်ရှိတွင် ၄၇ ဦးသာ ရှိပြီး ၆၅ ဦး လိုအပ်နေသဖြင့် ဖြည့်ဆည်းပေးသင့်ပါသည်။

(ခ) သောက်ရေစစ်ကန်အမိုး၌ အလင်းရောင်ရရှိရန်နှင့် ပိုးလောက်လန်းများ ခိုအောင်းမှု မရှိစေရန် အလင်းပေါက် ပလတ်စတစ် အမိုးပြား တစ်ချပ် တပ်ဆင်သင့်ပါသည်။

(ဂ) စခန်း၌ လိုအပ်လျက်ရှိသော ကျန်းမာရေး ဝန်ထမ်းအား ဖြည့်ဆည်းနိုင်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

(ဃ) အိပ်ဆောင်များရှိ စုတ်ပြဲနေသော ဖယောင်းပုဆိုးများ လဲလှယ်ပေးသင့်ပါသည်။

(င) အိပ်ဆောင်များအတွင်း ကြမ်းပိုးကိုက်သည်ဟု သိရှိရသဖြင့် ပိုးသတ်ဆေးများ ပုံမှန် ဖြန်းပေးသင့်ပါသည်။

(စ) အိပ်ဆောင် ၁ ၌ မိုးယိုနေသဖြင့် ပြုပြင်သင့်ပါသည်။

(ဆ) အကျဉ်းသားအင်အား ၃၉၅ ဦးအတွက် အိပ်ဆောင်များတွင်သာ မိလ္လာများရှိသဖြင့် အိပ်ဆောင်ပြင်ပ နေ့မိလ္လာများ ထပ်မံ ဆောက်လုပ်ပေးသင့်ပါသည်။

(ဇ) ညနေပိုင်းတွင် အကျဉ်းသားများအား အားကစားပြုလုပ်ချိန် ပေးသင့်ပါသည်။

(ဈ) ရဲဘက်အကျဉ်းသားများအား အလုပ်များခိုင်းစေရာတွင် ဝန်ထမ်းများနှင့် အကျဉ်းသားခေါင်းဆောင်အချို့မှ မိခင်နှင့်နှိုင်း၍ ဆဲရေးတိုင်းထွာခြင်း၊ လက်သီးဖြင့်ထိုးခြင်း၊ ခြေထောက်ဖြင့်ကန်ခြင်း၊ ခေါင်းကို အဝတ်အုပ်၍ တုတ်ဖြင့်ရိုက်နှက်ခြင်းများ ပြုလုပ်နေကြကြောင်း သိရှိရသဖြင့် ဆက်လက်မလုပ်ကိုင်စေရေး တာဝန်ရှိသူ များမှကြပ်မတ် ထိန်းသိမ်းဆောင်ရွက်သင့်ပါသည်။ တားမြစ်သော်လည်း ဆက်လက်လုပ်ကိုင်နေပါက စစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အရေးယူသင့်ပါသည်။

(ည) ရေချိုးခွက်မှာသေးငယ်ပြီး ရေချိုးချိန် လုံလောက်မှုမရှိခြင်းကြောင့် ခွက်ကြီးဖြင့် လဲလှယ်ချိုးပါက အကျဉ်းသားခေါင်းဆောင်များမှ မိခင်နှင့်နှိုင်း၍ဆဲခြင်း၊ ထိုးကြိတ်ကန်ကြောက်ခြင်းများ ပြုလုပ်လေ့ရှိသဖြင့် ရေချိုးခွက်လဲလှယ်ပေးရန်၊ ရေချိုးချိန်ကို လုံလောက်အောင်ပေးရန်၊ အချင်းချင်း အနိုင်ကျင့်မှုများ မဖြစ်စေရေး ကြပ်မတ် ပေးသင့်ပါသည်။

(ဋ) အကျဉ်းသားအချို့မှာ ဝတ်စုံပြာ တစ်စုံတည်းသာရှိခြင်းကြောင့် လဲလှယ်လျှော်ဖွပ်ရန် အခက်အခဲများရှိနေကြကြောင်း သိရသဖြင့် အများနည်းတူ ဝတ်စုံနှစ်စုံရရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဌ) စစ်ဆေးချိန်တွင် ခင်းကျင်းပြသသောပဲဟင်းမှာ ပျစ်ပျစ်နှစ်နှစ်ရှိသော်လည်း ခေါ်ယူစစ်မေးသော အကျဉ်းသားအချို့၏ တင်ပြချက်အရ နေ့စဉ်စားသုံးရသော ပဲဟင်းမှာ ရေကြဲနေပြီး အရသာမရှိကြောင်းသိရသဖြင့် အခြားအကျဉ်းထောင်များကဲ့သို့ ပျစ်ပျစ်နှစ်နှစ်ရှိပြီး သာမန်အားဖြင့် စားသုံးနိုင်သည့်အခြေအနေရှိအောင် စေတနာထားကာ ချက်ပြုတ်ကျွေးမွေးသင့်ပါသည်။

(ဍ) စစ်ဆေးချိန်တွင် ပြသသော ထမင်းမှာ စပါးလုံးကင်းစင်ပြီး ကောင်းမွန်သော်လည်း ခေါ်ယူစစ်မေးသော အကျဉ်းသားအချို့၏ တင်ပြချက်အရ နေ့စဉ်စားသုံးရသော ထမင်းမှာ စပါးလုံးများပြီး မနူးနပ်ခြင်းကြောင့် စစ်ဆေးချိန် ပြသသည့်အတိုင်း ဖြစ်စေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးစေလိုပါသည်။

၅။ အင်းဖြောင်ကုန်ထုတ်စခန်းနှင့် ပတ်သက်သည့် အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အိပ်ဆောင်များရှိ စုတ်ပြဲနေသော ဖယောင်းပုဆိုးများအား လဲလှယ်ပေးသင့်ပါသည်။

(ခ) စခန်းတွင်း မြေလွတ်များတွင် ရာသီသီးနှံများအား စိုက်ပျိုး၍ ဖြည့်စွက် ကျွေးမွေးသင့်ပါသည်။

၆။ အင်္ဂါဘိုစခန်းနှင့် ပတ်သက်သည့် အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဖွဲ့စည်းပုံအရ ဝန်ထမ်းအင်အားမှာ ၈၂ ဦးဖြစ်သော်လည်း ၄၇ ဦးသာရှိရာ လိုအပ်နေသော ၃၈ ဦးအား အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသင့်ပါသည်။

(ခ) လုပ်ငန်းခွင်သို့ အသွားနှင့် အပြန်တွင် လုံခြုံရေးအရ အကျဉ်းသား လုပ်အားရှင်များအား ရှာဖွေရေး ဆောင်ရွက်ရာ၌ လူ့ဂုဏ်သိက္ခာနှင့် ညီညွတ်စေရန် ဂရုပြု ဆောင်ရွက်သင့်ပါသည်။

(ဂ) သောက်ရေသိုလှောင်ရာ ရေကန်တွင် ပိုးလောက်လန်းများ ခိုအောင်းနိုင်သဖြင့် အလင်းရောင် ရရှိစေရန် အမိုး၌ သွပ်အကြည်တစ်ချပ် တပ်ဆင်သင့်ပါသည်။

၇။ မုပ္ပလင် (အမျိုးသား) စခန်းနှင့် ပတ်သက်သည့် အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဖွဲ့စည်းပုံအရ ဝန်ထမ်း အင်အားမှာ ၁၁၂ ဦးဖြစ်သော်လည်း ၆၇ ဦးသာ ရှိသဖြင့် လိုအပ်နေသော ဝန်ထမ်းများအား အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသင့်ပါသည်။

(ခ) စခန်းရှိ အုပ်ချုပ်မှု ဆောင်ရွက်နေသော ဝန်ထမ်းများအနေဖြင့် အကျဉ်းသား ရဲဘက်များအား ရေချိုးစေရာတွင် ၎င်းတို့၏ ဆန္ဒအလျောက် လုပ်ကွက်အတွင်းဖြစ်စေ စခန်းအတွင်းရှိ ရေချိုးကန်တွင်ဖြစ်စေ ဝလင်စွာ ရေချိုးနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) ကျန်းမာရေးမကောင်းသည့် အကျဉ်းသားရန်ပိုင်နှင့် ကျော်ထိန်လင်းတို့အား ဆရာဝန်နှင့် ပြသနိုင်ရေး စီစဉ်ပေးပြီး အလုပ်စခန်း၌ မထားသင့်ပါက သက်ဆိုင်ရာ အကျဉ်းထောင်သို့ ပြန်ပို့ပေးသင့်ပါသည်။

(ဃ) အကျဉ်းဦးစီးဝန်ထမ်းအချို့မှ အလုပ်ခိုင်းစေရာတွင် မိခင်ကို တိုင်းထွာပြီး ဆဲရေးခြင်း၊ ပြန်လှန်ဆဲဆိုပြောဆိုသော အကျဉ်းသားများနှင့် အခြား အပြစ်ရှိသည်ဟု ယူဆသော အကျဉ်းသားများအား ခေါင်းကိုအဝတ်ဖြင့်အုပ်ပြီး ရာဘာတုတ်ဖြင့် ရိုက်နှက်ခြင်းများ ပြုလုပ်ကြောင်း သိရှိရသဖြင့် ထိုကဲ့သို့ မပြုလုပ်စေရေး တာဝန်ရှိသူများမှ ကြပ်မတ်ဆောင်ရွက်ရန်နှင့် ပြုလုပ်သူများကို ဥပဒေအရ အရေးယူသင့်ပါသည်။

(င) အကျဉ်းသား ခေါင်းဆောင်အချို့သည် ရေချိုးလိုသည့် အကျဉ်းသားများထံမှ ငွေကောက်၍ ရေချိုးခွင့်ပြုသည်ဟု သိရှိရသဖြင့် ယင်းကဲ့သို့ မပြုလုပ်စေရေး တာဝန်ရှိသူများမှ ထိန်းသိမ်းကြပ်မတ်သင့်ပါသည်။

(စ) အလုပ်အနားပေးသည့် တနင်္ဂနွေနေ့နှင့် အခြားအချိန်များတွင် စာကြည့်တိုက်မှ စာပေများအား ဖတ်ရှုလိုသော်လည်း စာကြည့်တိုက်အား တာဝန်ယူသည့် အကျဉ်းသားမှာ အချိန်တိကျမှု မရှိခြင်းကြောင့် အခက်အခဲဖြစ်နေသည်ကို ပြန်လည်စိစစ် သင့်ပါသည်။

(ဆ) ကျောက်ထုရသည့် လုပ်ကွက်အတွင်း ထမင်းစားနားချိန်တွင် နားနေရသည့်နေရာမှာ မြေကြီးပေါ်၌ အိပ်စက်ရသည်ဟု သိရှိရသဖြင့် ပြုပြင်ပေးသင့်ပါသည်။

၈။ မုပ္ပလင် (အမျိုးသမီး) စခန်းနှင့် ပတ်သက်သည့် အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စခန်းရှိ အကျဉ်းသူများအား နေ့စဉ် အပတ်စဉ်ထွက်သော သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများကို ဖတ်ရှုနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) အိပ်ဆောင် (၂) မိလ္လာခန်း၌ မိုးယိုနေသဖြင့် ပြုပြင်သင့်ပါသည်။

(ဂ) အကျဉ်းဦးစီးဌာန ဝန်ထမ်းအသစ်များအနေဖြင့် အကျဉ်းသူများအပေါ် ရိုင်းစိုင်းစွာ ပြောဆိုဆက်ဆံလေ့ရှိကြောင်း သိရသဖြင့် ထိုကဲ့သို့ မပြုလုပ်စေရေး၊ တာဝန်ရှိသူများမှ ကြပ်မတ်ထိန်းသိမ်းသင့်ပါသည်။

(ဃ) အကျဉ်းဦးစီးဌာနမှ သတ်မှတ်ထားသော လျော့ရက်များနှင့် ပတ်သက်၍ အကျဉ်းသူများ သိရှိစေရန် ပွင့်လင်းမြင်သာသည့်နေရာ၌ ချိတ်ဆွဲထားသင့်ပါသည်။

(င) လုပ်ငန်းခွင်တွင် အသုံးပြုရန်အတွက် လက်နက်ကိရိယာ (တူ၊ တူရိုး) စသည့် ကိရိယာများကို ဌာနအစီစဉ်ဖြင့် လုံလောက်စွာ ထုတ်ပေးသင့်ပါသည်။

(စ) စခန်းရှိ တာဝန်ကျ ဆေးမှူးသည် ဆက်ဆံရေး ပြေပြစ်စေရန် တာဝန်ရှိသူများမှ ထိန်းသိမ်းဆောင်ရွက်သင့်ပါသည်။

(ဆ) ကျောက်ထုတ်လုပ်ငန်းကို အကျဉ်းသူများဖြင့် လုပ်ကိုင်ခြင်းအစား အကျဉ်းသားများဖြင့် ပြောင်းလဲလုပ်ကိုင်နိုင်ရေး စဉ်းစားသင့်ပါသည်။

၉။ အကျဉ်းထောင်နှင့် စိုက်ပျိုးရေးအလုပ်စခန်းများအတွက် ပတ်သက်သည့် အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ရုပ်မြင်သံကြားပြသရာတွင် လက်စားချေခြင်း၊ ရက်စက်ကြမ်းတမ်းစွာ သတ်ဖြတ်သည့် ဇာတ်လမ်းများမပြဘဲ ဗဟုသုတရစေမည့် ရုပ်သံလိုင်းများ၊ စိတ်ကိုယဉ်ကျေး သိမ်မွေ့စေသည့် အစီအစဉ်များ၊ အားကစား အစီအစဉ်များကိုသာ ပြသစေသင့်ပါသည်။

(ခ) အကျဉ်းသား၊ အကျဉ်းသူများအား စိတ်နှလုံးတည်ငြိမ် အေးချမ်းပြီး လောဘ၊ ဒေါသများ လျော့နည်းစေရန်၊ အကျဉ်းထောင်အတွင်း ဆူပူမှုများ မဖြစ်ပွားစေရန်နှင့် ကျန်းမာရေး ကောင်းမွန်မှုရှိစေရန်အတွက် လူမျိုးဘာသာမခွဲခြားဘဲ ယောဂကျင့်စဉ် ကဲ့သို့သော စိတ်လေ့ကျင့်ခန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြင်ပမှ ကျွမ်းကျင်သူ လူပုဂ္ဂိုလ်များ ဖိတ်ကြား၍ ဆောင်ရွက်သင့်ပါသည်။

(ဂ) စာကြည့်တိုက်တွင် ဗဟုသုတ ရရှိစေမည့် စာအုပ်စာပေများအပြင် စိတ်ကို တိုးတက်ပြောင်းလဲစေနိုင်မည့် စာအုပ်စာတမ်းများအား ဖြည့်ဆည်းထားသင့်ပါသည်။

(ဃ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ခေါ်ယူတွေ့ဆုံမေးမြန်းသော အကျဉ်းသားများအား ၎င်းတို့အပေါ် အငြိုးတေးထား၍ ဆက်ဆံခြင်း၊ လက်တုံ့ပြန်ခြင်း မခံရစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ ပုဒ်မ ၃၈ အရ အလေးထား ဂရုပြုဆောင်ရွက်ပေးပါရန် လိုအပ်ပါသည်။

၁၀။ ကျောက်ထုတ် အလုပ်စခန်းများနှင့်ပတ်သက်၍ ခြုံငုံအကြံပြုချက်များ -

(က) ကျောက်ထုတ် လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းစေရန် ထုတ်ပေးထားသည့် မျက်မှန်များမှာ လျှာဒါန်းထားသော ပစ္စည်းများဖြစ်ပြီး၊ ပလပ်စတစ် မျက်မှန်များ ဖြစ်သဖြင့် ကြာရှည်တပ်လျှင် ပူလာသည့်အပြင် မှုန်ဝါးလာခြင်းကြောင့် မတပ်ကြဘဲ လုပ်ကိုင်နေကြပါသည်။ သို့ဖြစ်၍ အကျဉ်းသားများ၏ မျက်စိအန္တရာယ် မရှိစေရေးအတွက် အခြားပိုမိုကောင်းမွန်ပြီး ကျောက်ထုတ်စခန်းများတွင် အသုံးပြုသင့်သည့် မျက်မှန်များအား ဘဏ္ဍာငွေတောင်းခံ၍ ဝယ်ယူထုတ်ပေးသင့်ပါသည်။

(ခ) အလားတူ ထုတ်ပေးထားသည့် လုပ်ငန်းခွင်သုံး ဦးထုပ် (Helmet) များမှာလည်း ကျောက်ခဲထိမှန် လွင့်စင်ခြင်းကို ခံနိုင်ရည်ရှိသော ဦးထုပ်များ မဟုတ်သဖြင့် လုပ်ငန်းခွင် အန္တရာယ်ကင်းစေမည့် စံချိန်မီ ဦးထုပ်များအား ဘဏ္ဍာငွေတောင်းခံ၍ ဝယ်ယူ ထုတ်ပေးသင့်ပါသည်။

(ဂ) အလားတူ လုပ်ငန်းခွင်တွင် စီးနင်းရန်ထုတ်ပေးသော ဖိနပ်များမှာ ကျောက်ထုတ်လုပ်ငန်းသုံး ဖိနပ်များမဟုတ်ဘဲ သာမန် ကင်းဘတ်ဖိနပ်များသာဖြစ်သဖြင့် ကျောက်ခဲများ ဖိကြိတ်ခြင်းခံရပါက ခြေချောင်းကလေးများ ကျိုးကြေပျက်စီး ဒဏ်ရာရရှိနိုင်ပါသည်။ သို့ဖြစ်၍ ကျောက်ခဲ အဖိအကြိတ် ခံနိုင်သော ကျောက်ထုတ်လုပ်ငန်းခွင်သုံး ဖိနပ်များ ထုတ်ပေးသင့်ပါသည်။

(ဃ) ကျောက်ထုတ်လုပ်ငန်းသည် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သဖြင့် လုပ်ကိုင်နေသော အကျဉ်းသားများသည် သာမန်အကျဉ်းသားများ မဟုတ်တော့ဘဲ စီးပွားရေးလုပ်ငန်းအတွက် လုပ်ကိုင်နေသော Business Workers များဖြစ်နေသည့်အတွက် လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၃ တွင် "လူတိုင်းတွင် တူညီသော အလုပ်အတွက် တူညီသော လုပ်ခကြေးငွေကို ခွဲခြားမှုတစ်စုံတစ်ရာ မရှိစေဘဲ ရပိုင်ခွင့်ရှိသည်။ အလုပ်လုပ်သည့် လူတိုင်းသည် တရားမျှတ၍ လျော်ကန်သင့်မြတ်သော အခကြေးငွေ ရပိုင်ခွင့်ရှိသည်" ဟု သတ်မှတ်ထားသဖြင့် လက်ရှိထုတ်ပေးနေသော တစ်နေ့ ကျပ် ၂၀၀ အစား၊ ပြင်ပသာမန် အလုပ်သမားများ၏ တစ်နေ့ အနည်းဆုံးလုပ်ခ ၃၆၀၀ ကျပ်၏ ထက်ဝက်ဖြစ်စေ သုံးပုံတစ်ပုံဖြစ်စေ ခံစားခွင့်ပြုပေးနိုင်ရေးကို စဉ်းစားသုံးသပ် ဆောင်ရွက်ပေးသင့်ပါသည်။

(င) ထို့အတူ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် မျက်စိထိခိုက်ပျက်စီးသွားသော အလုပ်သမားများ၊ အခြား ကိုယ်အင်္ဂါ ထိခိုက်ပျက်စီးသူများ၊ လုပ်ငန်းခွင် ထိခိုက်သေဆုံးသူများ ရှိလာပါက လူမှုဖူလုံရေး အကျိုးခံစားခွင့်များရရှိရေး လူမှုဖူလုံရေးအဖွဲ့နှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်သင့်ပါသည်။

(စ) သတ်မှတ်အလုပ်ချိန်ထက် ကျော်လွန်လုပ်ကိုင်ရခြင်း၊ စနေတနင်္ဂနွေနေ့များတွင် အချို့အလုပ်သမားများ လုပ်ကိုင်နေကြရကြောင်း သိရသဖြင့် လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၂၄ တွင် "ကြောင်းကျိုးလျော်ညီစွာ ကန့်သတ်ထားသည့် အလုပ်ချိန်နာရီနှင့် အခါကာလအားလျော်စွာ သတ်မှတ်ထားသည့် အလုပ်အားလပ်ရက်များ အပါအဝင် အနားယူခွင့်နှင့် အားလပ်ခွင့်တို့ကို ခံစားပိုင်ခွင့်ရှိသည်" ဟု သတ်မှတ်ထားသည်တို့နှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရေး ကြပ်မတ် ညွှန်ကြားသင့်ပါသည်။

(ဆ) ကျောက်ထုတ်စခန်းများသို့ ပို့ဆောင်မည့် အကျဉ်းသားများအား စေလွှတ်ခြင်းမပြုမီ ကျန်းမာရေး စစ်ဆေးမှုများ ပြုလုပ်ပြီး အလုပ်ကြမ်းကို လုပ်ကိုင်နိုင်သည့် အခြေအနေရှိသူများကိုသာ ပို့ဆောင်ရန်နှင့် အထူးကုဆရာဝန်များ လစဉ်ပင့်ဖိတ်၍ ကျန်းမာရေးအခြေအနေ စစ်ဆေးပြီး ဆက်လက်ထားရန် မသင့်လျော်ပါက မူလအကျဉ်းထောင်သို့ ပြန်လည်စေလွှတ်ပြီး ဆေးကုသခွင့်ရရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

၁၁။ သထုံမြို့မ ရဲစခန်းအချုပ်ခန်းအတွင်းရှိ အိမ်သာများသည် အနံ့အသက်များ မကောင်းသဖြင့် သန့်ရှင်းရေး ဆောင်ရွက်သင့်ပါကြောင်း အကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
## ဆောင်ရွက်ချက်အမှတ်စဉ် (၁၉/ကာကွယ်/၂၀၁၇)

၁။ မကွေးဆေးတက္ကသိုလ်၊ မြန်မာစာဌာနမှ နည်းပြဆရာမတစ်ဦးက မကွေးမြို့မ ရဲအချုပ်ခန်းတွင် ချုပ်နှောင်ထားသည့် ၎င်း၏ခင်ပွန်း အချုပ်ခန်းအတွင်း သေဆုံးခဲ့ခြင်းနှင့် စပ်လျဉ်း၍ အမှုမှန် ဖော်ထုတ်ပေးနိုင်ပါရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ ၂၉-၇-၂၀၁၇ ရက်နေ့က တိုင်တန်းချက် ပေးပို့လာပါသဖြင့် ကော်မရှင် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် အခင်းဖြစ်ပွားရာ မကွေးမြို့သို့ ၁-၈-၂၀၁၇ ရက်နေ့မှ ၃-၈-၂၀၁၇ ရက်နေ့အထိ သွားရောက် ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်များအရ ကော်မရှင်၏ အကြံပြုချက်များမှာ-

(က) ရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ တရားခံကို ဖမ်းဆီးချုပ်နှောင်ရာတွင် လုပ်သင့်လုပ်ထိုက်သော ရဲလုပ်ငန်းများကို ပြည့်စုံစွာ ဆောင်ရွက်မှုမရှိခြင်း၊ အချုပ်ခန်းအတွင်းရှိ အချုပ်သား၏ လုံခြုံရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိခြင်းများကြောင့် ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ တာဝန်ရှိသူ အဆင့်ဆင့်ကို စိစစ်ဖော်ထုတ် အရေးယူသင့်ပါကြောင်း၊

(ခ) သေဆုံးရသည့် အကြောင်းအရင်းနှင့်စပ်လျဉ်း၍ အဖြစ်မှန်ဖော်ထုတ်ရန် အဆင့်မြင့် အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းတာဝန်ပေးအပ်ပြီး သေဆုံးသူ၏ မိသားစုအား ပွင့်လင်းမြင်သာစွာ ရှင်းပြသင့်ပါကြောင်း၊

(ဂ) ဖြစ်စဉ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အနေဖြင့် အလားတူ ထပ်မံ မဖြစ်ပွားစေရန်အတွက် သင်ခန်းစာ ဖော်ထုတ်ပြီး နောင်တွင် ထွက်ပြေးရန် အလားအလာနည်းသော တရားခံများကို သက်သေ အထောက်အထားခိုင်လုံစွာ ရှာဖွေတည်ဆောက်ပြီးမှ တရားဥပဒေနှင့်အညီ ဖမ်းဆီးချုပ်နှောင်ခြင်းပြုရန် အောက်ခြေအဆင့်ဆင့်သို့ ကြပ်မတ်ဆောင်ရွက်စေသင့်ပါကြောင်း၊

(ဃ) မကွေးမြို့မရဲစခန်းသည် အချုပ်ခန်း ၁၂ ခန်းရှိပြီး အချုပ်သားဦးရေ ရာနှင့်ချီ၍ ချုပ်နှောင်ထားရှိရသဖြင့် ရဲတပ်ဖွဲ့ဝင်များသည် ပင်မရဲလုပ်ငန်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခြင်း မရှိခြင်းကြောင့် ရဲစခန်းတွင် အချုပ်သားအမြောက်အများ ချုပ်နှောင်ခြင်းနှင့်စပ်လျဉ်း၍ ပြန်လည်စိစစ်ဆောင်ရွက်သင့်ပါကြောင်း။

၂။ အထက်ပါအကြံပြုချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက် စွဲ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
## ဆောင်ရွက်ချက် အမှတ်စဉ် (၂၀/ကာကွယ်/၂၀၁၇)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် လားရှိုးမြို့ရှိ ဘိုးဘွားရိပ်သာနှင့် ပရဟိတဂေဟာတို့ရှိ လူကြီး၊ ကလေးငယ်များကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေများနှင့်အညီ လူသားချင်း စာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ မရှိကို ၈-၈-၂၀၁၇ ရက်နေ့တွင် ကြည့်ရှုစစ်ဆေးခဲ့ပြီး တွေ့ရှိချက်များအရ သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ အကြံပြုချက်များ ပေးပို့ခဲ့ပါသည်။

၂။ ဆင်းရှေလီဘိုးဘွားရိပ်သာနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည် -

(က) ရိပ်သာရှိ အဘိုးအဘွားများ၏ ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန် လားရှိုးမြို့နယ် ကျန်းမာရေး ဦးစီးဌာနနှင့် ညှိနှိုင်း၍ အပတ်စဉ် ကုသစစ်ဆေးနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ခ) အိမ်သာများမှာ သန့်ရှင်းမှုမရှိသဖြင့် သန့်ရှင်းရေးဆောင်ရွက်ရန်နှင့် ဘိုထိုင်အိမ်သာ ၂ လုံးသာ တွေ့ရှိရပြီး ခိုင်ခံမှု မရှိခြင်းကြောင့် ဘိုထိုင်အိမ်သာများ ထပ်မံ ဆောက်လုပ်သင့်ပါသည်။

(ဂ) ရေသန့်ကိုပြင်ပရေစက်မှ ဝယ်ယူသုံးစွဲနေသဖြင့် ရေသန့်စက်ရရှိရေး အလှူရှင်သော်လည်းကောင်း၊ ရိပ်သာအစီအစဉ်ဖြင့်သော်လည်းကောင်း တပ်ဆင်နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဃ) အဘိုးအဘွား အချင်းချင်းစိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် မတရားပြုမှုခြင်း မရှိစေရေး သတိထားဆောင်ရွက်သင့်ပါသည်။

(င) ရိပ်သာတွင် စာကြည့်တိုက်မရှိသေးသဖြင့် စာကြည့်တိုက်နှင့် တရားဓမ္မစာအုပ် စာပေများအား ဖြည့်ဆည်းသင့်ပါသည်။

(စ) ရိပ်သာအတွင်း နံနက်/ညနေချိန်များတွင် တရားခွေများဖွင့်နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

၃။ ရှမ်းမိဘမဲ့ဂေဟာနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) ဝန်ထမ်းမှာ ဂေဟာမှူးနှင့် လက်ထောက်ဂေဟာမှူး ၂ ဦးဖြင့် အုပ်ချုပ်နေရသည့်အတွက် နေ့စဉ်ကျွေးမွေးနေသည့် အစားအသောက်စာရင်းများ လျာထားချက်မရှိဘဲ ကျွေးမွေးနေကြောင်း တွေ့ရသဖြင့် နေ့စဉ်ကျွေးမွေမည့် အစားအသောက် ဟင်းလျာ Menu များ ရေးဆွဲထားခြင်း၊ ဝင်ငွေသုံးငွေစာရင်းများ ရေးဆွဲနိုင်ရေး ဦးစီးဌာနဝန် ထမ်းများမှ ကူညီဆောင်ရွက်ပေးသင့်ပါသည်။

(ခ) ထမင်းစားဆောင်အတွင်း သန့်ရှင်းမှုမရှိသဖြင့် သန့်ရှင်းရေး ဆောင်ရွက်သင့်ပါသည်။

၄။ လားရှိုးလူငယ်သင်တန်းကျောင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည် -

(က) လိုအပ်လျက်ရှိသော ဝန်ထမ်းများအား ဖြည့်ဆည်းပေးသင့်ပါသည်။

(ခ) ထပ်မံ၍ ဝန်ထမ်းခန့်ထားမည်ဆိုပါကလည်း အမျိုးသားဝန်ထမ်းများအား ဦးစားပေး၍ ခန့်ထားသင့်ပါသည်။

(ဂ) ပြစ်မှုဖြင့် ချုပ်နှောင်ခံထားရသော ကလေးအားလည်း နေ့စဉ်အစောင့်ဖြင့် လမ်းလျှောက်နိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) ကလေးငယ်များ၏ ကိုယ်ပိုင်ပစ္စည်းများ ထားသိုခြင်းနှင့် နေထိုင်မှုပုံစံကို ဆရာ/ ဆရာမများမှ စနစ်တကျ သင်ကြားပို့ချ ပေးသင့်ပါသည်။

(င) ဉာဏ်ရည် မပြည့်မှီသော ကလေးငယ်အား အခြားသင်ကြားရနိုင်သည့် အတတ်ပညာ တစ်ခုခုအား သင်ကြားနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

၅။ ဇလိမ်မိဘမဲ့ဂေဟာနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) နေ့စဉ် ဝင်ငွေထွက်ငွေ စာရင်းဇယားများအား စနစ်တကျ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများမှ ကြပ်မတ်ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) ဂေဟာသို့ လာရောက်လှူဒါန်းသော အလှူရှင်များ စာရင်းအား စနစ်တကျ မှတ်တမ်းပြုစု၍ ငွေစာရင်းနှင့် ပစ္စည်းများစာရင်းအား မှတ်တမ်းများ ထားသင့်ပါသည်။

(ဂ) နေ့စဉ် ကျွေးမွေးမည့် လျာထားချက်များအား ချိတ်ဆွဲ၍ လျာထားချက်နှင့်အညီ ကျွေးမွေးသင့်ပါသည်။

၆။ ကရုဏာရေးသီလရှင်ကျောင်း ကက်သလစ်သာသနာ (လားရှိုး) နှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်–

(က) ကလေးငယ်များအတွက် ပြင်ပမှ လှူဒါန်းထားသည့် အလှူငွေများနှင့် စာရင်းဇယားများအား စနစ်တကျ ပြုလုပ်ထားသင့်ပါသည်။

(ခ) ကျောင်းနေ ကလေးငယ်များအပြင် မူကြိုကလေးငယ်များလည်း တက်ရောက်နေသဖြင့် ခြင်အန္တရာယ် ကင်းဝေးစေရေး အပတ်စဉ် ခြင်ဆေးဖျန်းပေးသင့်ပါသည်။

၇။ ခါနန်ပရဟိတဂေဟာနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) နေ့စဉ် ဝင်ငွေထွက်ငွေ စာရင်းဇယားများအား စနစ်တကျ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများမှ ကြပ်မတ်ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) ဂေဟာများအား တာဝန်ရှိ ဌာနဝန်ထမ်းများအနေဖြင့် ကြီးကြပ်မှု အားနည်းပြီး စစ်ဆေးမှုပုံမှန်မလုပ်သဖြင့် ဆောင်ရွက်နိုင်ရေး ကြပ်မတ်ပေးသင့်ပါသည်။

(ဂ) ကလေးငယ် များပြားပြီး သီးသန့်နေရာ သတ်မှတ်ပေးရေးနှင့် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်၍ တစ်ဦးစီ သီးသန့်နေရာ သတ်မှတ်ပေးရေးနှင့် ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် ကျန်းမာရေး ဦးစီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

(ဃ) ဂေဟာများနှင့် ဘိုးဘွားရိပ်သာများတွင် ဆေးခန်းများ မရှိခြင်းနှင့် သန့်ရှင်းမှုအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနမှ အပတ်စဉ် စစ်ဆေးဆောင်ရွက်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်**
**ဆောင်ရွက်ချက် အမှတ်စဉ် (၂၁/ကာကွယ်/၂၀၁၇)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ရှမ်းပြည်နယ်၊ လားရှိုးနှင့် သီပေါမြို့များရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းနှင့် ဆေးရုံ အချုပ်ခန်းတို့အား ၇-၈-၂၀၁၇ ရက်နေ့မှ ၁၁-၈-၂၀၁၇ ရက်နေ့ထိ ကြည့်ရှုစစ်ဆေးခဲ့ပြီး တွေ့ရှိချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုခဲ့ပါသည်။

၂။ သီပေါအကျဉ်းထောင်နှင့် ပတ်သက်၍ အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စာကြည့်တိုက်တွင် ဗဟုသုတ ရရှိစေမည့် စာအုပ်စာပေများ ထပ်မံဖြည့်ဆည်းသင့်ပါသည်။

(ခ) အသက်မွေးဝမ်းကြောင်းပညာ သင်ကြားပေးသည့် သင်တန်းများ အခါအားလျော်စွာ ဖွင့်လှစ်ပေး သင့်ပါသည်။

(ဂ) လိုအပ်လျက်ရှိသော ဝန်ထမ်းများအား ဖြည့်ဆည်းပေးသင့်ပါသည်။

(ဃ) HIV ရောဂါသည် အကျဉ်းသားများအနက် ART ဆေးမရရှိသေးသည့် အကျဉ်းသားများအား အမြန်ရရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

(င) ဧည့်တွေ့ဆောင်မှာ ကျဉ်းမြောင်းသဖြင့် ထပ်မံတိုးချဲ့နိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(စ) နေ့/ည မိလ္လာများမှာ အကျဉ်းသား/အချုပ်သားအင်အားနှင့် လောက်ငမှု မရှိသဖြင့် ထပ်မံတိုးချဲ့ ဆောက်လုပ်သင့်ပါသည်။

(ဆ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ခေါ်ယူတွေ့ဆုံ မေးမြန်းသော အကျဉ်းသား များအား ၎င်းတို့အပေါ် အငြိုးတေးထား၍ ဆက်ဆံခြင်း၊ လက်တုံ့ပြန်ခြင်း၊ မခံရစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ ပုဒ်မ ၃၈ အရ အလေးထားဂရုပြု ဆောင်ရွက်ပေးပါရန် လိုအပ်ပါသည်။

၃။ လားရှိုး အကျဉ်းထောင်နှင့် ပတ်သက်၍ အကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အကျဉ်းသားဦးရေ ၃၀၀၀ ကျော်ဖြစ်သော်လည်း ဧည့်တွေ့ဆောင်မှာ တစ်ကြိမ်တွေ့လျှင် ၈ ဦးသာ တွေ့ရှိနိုင်သဖြင့် တိုးချဲ့နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ခ) အကျဉ်းသားအင်အား များပြားကြပ်တည်းသဖြင့် ချောင်ချိမှုရှိစေရန် နည်းလမ်းရှာဖွေသင့်ပါသည်။

(ဂ) အကျဉ်းသူ အိပ်ဆောင် ၃ ၌ ကြမ်းပိုးကိုက်သည်ဟု သိရှိရသဖြင့် ပိုးသတ်ဆေးများ ဖြန်းပေးသင့် ပါသည်။

(ဃ) အကျဉ်းသားအချင်းချင်း နှိပ်စက်ညှဉ်းပန်းမှုမရှိစေရေး တာဝန်ရှိသူများမှ ကြပ်မတ်သင့်ပါသည်။

(င) HIV အကျဉ်းသားရောဂါသည်များအနက် ART ဆေးမရရှိသေးသည့် အကျဉ်းသားများအား အမြန်ဆုံးရရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

(စ) အယူခံဝင်လိုသူ အကျဉ်းသား ကျော်ကျော်မိုးနှင့် အကျဉ်းသူ မမွေးတို့အား အယူခံ ဆက်လက်တက်ရောက်နိုင်ရေး တာဝန်ခံအရာရှိ အစီအစဉ်ဖြင့် ဆောင်ရွက်သင့် ပါသည်။

(ဆ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ခေါ်ယူတွေ့ဆုံမေးမြန်းသော အကျဉ်းသားများအား ၎င်းတို့အပေါ် အငြိုးတေးထား၍ ဆက်ဆံခြင်း၊ လက်တုံ့ပြန်ခြင်း မခံရစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ ပုဒ်မ ၃၈ အရ အလေးထား ဂရုပြု ဆောင်ရွက်ပေးပါရန် လိုအပ်ပါသည်။

၄။ ရဲစခန်းအချုပ်၊ ဆေးရုံအချုပ်ခန်း စစ်ဆေးတွေ့ရှိချက်များနှင့် ပတ်သက်၍ အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) သီပေါမြို့မ ရဲစခန်းအချုပ်ခန်း အတွင်းရှိ အိမ်သာများသည် ညစ်ပတ်နေပြီး အနံ့အသက် မကောင်းသဖြင့် သန့်ရှင်းရေး ဆောင်ရွက်သင့်ပါသည်။

(ခ) လားရှိုးမြို့မ ရဲစခန်းအချုပ်ခန်းများ အတွင်းရှိ အိမ်သာများမှာ ညစ်ပတ်နေပြီး အနံ့အသက် မကောင်းသဖြင့် သန့်ရှင်းရေး ဆောင်ရွက်သင့်ပါသည်။ ကြမ်းပြင်များမှာ ပေါက်ပြဲနေသဖြင့် ပြင်ဆင်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

## ဆောင်ရွက်ချက်အမှတ်စဉ် (၂၂/ကာကွယ် /၂၀၁၇)

၁။ မွန်ပြည်နယ်၊ သထုံခရိုင်၊ ပေါင်မြို့နယ်၊ အင်းဖြောင်ကုန်ထုတ်စခန်းတွင် အကျဉ်းကျနေသော အကျဉ်းသား တစ်ဦးသည် ကျောက်ထုတ်လုပ်ငန်းခွင်အတွင်း ကျောက်ပိပြီး အောက်ပိုင်းအရိုးနှင့် အသားများ ကျေသည့် ဒဏ်ရာများရရှိ နာကျင်ကိုက်ခဲနေပါသဖြင့် သက်ဆိုင်ရာ ဆေးရုံကြီးများတွင် ဆေးဝါးကုသမှု ပြုသခွင့်ရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးပါရန် ၂-၈-၂၀၁၇ ရက်နေ့က တိုင်တန်းချက် ပေးပို့လာရာ အခင်းဖြစ်ပွားရာသို့ ၁၆-၈-၂၀၁၇ ရက်နေ့မှ ၁၈-၈-၂၀၁၇ ရက်နေ့အထိ ကော်မရှင်မှ သွားရောက်ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပြီး အောက်ပါတို့ကို ပြည်ထဲရေးဝန်ကြီးဌာနသို့ အကြံပြုပေးခဲ့ပါသည် –

(က) အလုပ်စခန်းတာဝန်ခံသည် ဒဏ်ရာရရှိသည့် အကျဉ်းသားများ ဆေးကုသရေးနှင့် ပတ်သက်၍ စခန်းရှိ ဆေးမှူး၏တင်ပြ အကြံပြုချက်၊ တိုက်နယ်ဆေးရုံ ဆရာဝန်၊ ဆရာမများ၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိသည့်အပြင် ဒဏ်ရာရရှိမှုအား သက်ဆိုင်ရာ အထက်အဆင့်သို့ တင်ပြခြင်းမပြုဘဲ ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးခြင်း မပြုသည့်အတွက် ထိရောက်စွာ အရေးယူဆောင်ရွက်သင့်ပါသည်။

(ခ) ယခုကဲ့သို့ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ စခန်းရှိ ကျန်းမာရေးဝန်ထမ်း၊ ဆေးရုံဆရာဝန်၊ ဆရာများ၏ တင်ပြအကြံပြုချက်၊ ညွှန်ကြားချက်များကို အကျဉ်းထောင် စီမံအုပ်ချုပ်နေသည့် တာဝန်ခံအရာရှိများက အလေးထား လိုက်နာဆောင်ရွက်ခြင်းဖြင့် မလိုလားအပ်သော ဖြစ်စဉ်များ ဖြစ်ပွားမှုကို ကြိုတင်ထိန်းသိမ်း ကာကွယ်နိုင်ရေးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်သင့်ပါသည်။

(ဂ) ဒဏ်ရာရရှိခဲ့သော အကျဉ်းသားများ၏ ဘဝရှေ့ရေး ရပ်တည်နိုင်ရေးအတွက် လုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ထိရောက်စွာ ဆောင်ရွက်ပေးသင့်ပြီး ကျန်အကျဉ်းသားများ၏ စိတ်ဓာတ်မြှင့်တင်ရေးကိုလည်း ဆောင်ရွက်ပေး သင့်ပါသည်။

(ဃ) လူအားဖြင့် ဆောင်ရွက်ရသော ကျောက်ထုတ်လုပ်ငန်းမှာ အန္တရာယ်ကြီးမားသော လုပ်ငန်းခွင်ဖြစ်ပြီး ကုန်ထုတ်လုပ်မှု တိုးမြှင့်ထုတ်လုပ်နိုင်ရေး တွန်းအားပေးဆောင်ရွက်ရာတွင် လုပ်အားနှင့် မျှတသော ကုန်ထုတ်လုပ်မှုကိုသာ ဆောင်ရွက်သင့်ပြီး လုပ်ငန်းခွင် လုံခြုံရေးကို ပထမ ဦးစားပေးအဖြစ် ကြပ်မတ်ဆောင်ရွက်သင့်ပါသည်။

၂။ အထက်ပါ အကြံပြုချက်များအရ ဆောင်ရွက်ထားရှိမှုကို ပြန်ကြားပေးပါရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေတ္တာရပ်ခံထားပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

၂၀၁၇ ခုနှစ်၊ သြဂုတ်လ ၂၂ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်
## ဆောင်ရွက်ချက် အမှတ်စဉ် (၂၃/ကာကွယ်/၂၀၁၇)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နှင့် ပုသိမ်မြို့များရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်း၊ ဆေးရုံအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ၂၂-၈-၂၀၁၇ ရက်နေ့မှ ၂၄-၈-၂၀၁၇ ရက်နေ့ထိ ကြည့်ရှုစစ်ဆေးခဲ့ပြီး တွေ့ရှိချက်များအပေါ် လိုအပ်ချက် များအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခဲ့ပါသည်။

၂။ မြောင်းမြအကျဉ်းထောင်နှင့်ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည် -

(က) စာကြည့်တိုက်တွင် ဗဟုသုတ ရရှိစေမည့် စာအုပ်စာပေများအပြင် စိတ်ကို တိုးတက်ပြောင်းလဲစေသော စာပေများ ထပ်မံဖြည့်ဆည်းပေးသင့်ပါသည်။

(ခ) ဆိုင်ကယ်စက်ပြင်သင်တန်း၊ အင်ဂျင်စက်ပြင်သင်တန်းစသည့် အသက်မွေးဝမ်းကျောင်း ပညာသင်တန်းများ အခါအားလျော်စွာ ဖွင့်လှစ်ပေးသင့်ပါသည်။

(ဂ) အကျဉ်းသား/သူများအား လုပ်ငန်းလိုအပ်ချက်အရ ထောင်ပြောင်းရွှေ့ပါက ၎င်းတို့၏မိသားစုများကို ကြိုတင်အသိပေး အကြောင်းမကြားနိုင်ခဲ့ပါက အမြန်ဆုံး အသိပေးသင့်ပါသည်။

(ဃ) ဖွင့်လှစ်သင်ကြားလျက်ရှိသော အင်္ဂလိပ်စာ ရေး၊ဖတ်၊ပြော သင်တန်းအား တက်ရောက်လိုသော်လည်း မတက်ရသေးသူများ ရှိနေခြင်းကြောင့် တက်လိုသူ ရှိမရှိ ဆန္ဒတောင်းခံ၍ တက်ရောက်စေသင့်ပါသည်။

(င) ဧည့်တွေ့ဆောင်မှာ တစ်ကြိမ်တွေ့လျှင် ၅ ဦးသာ တွေ့နိုင်သဖြင့် တိုးချဲ့သင့်ပါသည်။

(စ) လိုအပ်လျက်ရှိသော အကျဉ်းထောင်ဆရာဝန်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ညှိနှိုင်း တောင်းခံသင့်ပါသည်။

(ဆ) လက်ရှိတွင် အဆောင်တိုင်း၌ ညအသုံးပြုနေရသည့် မိလ္လာမှာ ဖွဲ့မိလ္လာများသာ အသုံးပြုနေရပြီး သန့်ရှင်းမှုအားနည်းကာ အနံ့အသက်မကောင်းခြင်းကြောင့် ရေလောင်းမိလ္လာများ တည်ဆောက်နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဇ) အကျဉ်းသူများနှင့် အတူရှိနေသော ကလေးငယ်များအား ဖြည့်စွက်အစာများ ကျွေးမွေးနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဈ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ခေါ်ယူတွေ့ဆုံမေးမြန်းသော အကျဉ်းသားများအား ၎င်းတို့အပေါ်အငြိုးအတေးထား၍ ဆက်ဆံခြင်း၊ လက်တုံ့ပြန်ခြင်းမခံရစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေ ပုဒ်မ ၃၈ အရ အလေးထား ဂရုပြုဆောင်ရွက်ပေးပါရန် လိုအပ်ပါသည်။

၃။ ပုသိမ်အကျဉ်းထောင်နှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည် -

(က) အကျဉ်းထောင်ဆေးရုံ၌ ဆရာဝန်မှ သတ်မှတ်ချိန်များတွင် စစ်ဆေးကုသနိုင်ရေး တာဝန်ခံအရာရှိမှ ကြပ်မတ်သင့်ပါသည်။

(ခ) တက္ကသိုလ်ဝင်တန်း ဖြေဆိုရန်ဆန္ဒရှိသူ အကျဉ်းသားတစ်ဦးအား ကျောင်းပညာ ဆက်လက် သင်ကြားခွင့် ရရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) အိပ်ဆောင်များရှိ သောက်ရေခွက်များမှာ သန့်ရှင်းမှုမရှိသဖြင့် သန့်ရှင်းရေး ဆောင်ရွက်သင့်ပါသည်။

(ဃ) ပြင်ပတွင် ဆိုင်ကယ်မှောက်ရာမှ ခြေထောက် ဒဏ်ရာရရှိခဲ့သော အကျဉ်းသား တစ်ဦးအား ဒဏ်ရာ မသက်သာသဖြင့် ဆေးရုံတင်ပို့ ကုသပေးသင့်ပါသည်။

(င) HIV ရောဂါသည် အကျဉ်းသူ ၂ ဦးအား ညဘက် ဆေးသောက်ချိန်များတွင် အဆင်မပြေသဖြင့် သီးခြားထားရှိနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(စ) အိပ်ဆောင်များတွင် လေဝင်လေထွက် ကောင်းမွန်စေရန် ပန်ကာများ တပ်ဆင် သင့်ပါသည်။

(ဆ) အကျဉ်းသားတစ်ဦးမှာ ရဲဘက်စခန်းမှ ပြန်လာပြီး ကျောကုန်းတွင် ဖြစ်ပေါ်နေသော အဖုအကြိတ် ကို ခွဲစိတ်ကုသလိုသဖြင့် ခွဲစိတ်ကုသနိုင်ရေး ဆောင်ရွက်ပေးသင့် ပါသည်။

(ဇ) ပြင်ပမှ ခရစ်ယာန် သင်းအုပ်ဆရာများမှ ဝင်ရောက်၍ တရားဟော လိုပါက ဥပဒေနှင့်အညီ ဝင်ခွင့် ပြုရေး စိစစ်ဆောင်ရွက်ပေးသင့်ပါသည်။

(ဈ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ခေါ်ယူတွေ့ဆုံမေးမြန်းသော အကျဉ်းသား များအား ၎င်းတို့အပေါ် အငြိုးတေးထား၍ ဆက်ဆံခြင်း၊ လက်တုံ့ပြန်ခြင်း မခံရစေရေးအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥပဒေ ပုဒ်မ ၃၈ အရ အလေးထား ဂရုပြု ဆောင်ရွက်ပေးပါရန် လိုအပ်ပါသည်။

၄။ ပုသိမ်နယ်မြေ ရဲစခန်းအချုပ်ခန်းအား စစ်ဆေးရာ အချုပ်ခန်းများအတွင်းရှိ အိမ်သာများမှာ ညစ်ပတ်နေပြီး အနံ့အသက် မကောင်းသဖြင့် သန့်ရှင်းရေးဆောင်ရွက်သင့်ကြောင်း အကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## ဆောင်ရွက်ချက် အမှတ်စဉ် (၂၄/ကာကွယ်/၂၀၁၇)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ မြောင်းမြမြို့နှင့် ပုသိမ်မြို့များရှိ ဘိုးဘွားရိပ်သာများနှင့် ပရဟိတဂေဟာတို့အား ၂၂-၈-၂၀၁၇ ရက်နေ့မှ ၂၄-၈-၂၀၁၇ ရက်နေ့ထိ ကြည့်ရှုစစ်ဆေးခဲ့ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့တို့အား တွေ့ရှိချက်များအရ အကြံပြုချက်များ ပေးပို့ခဲ့ပါသည်။

၂။ မေတ္တာမွန်ဘိုးဘွားရိပ်သာနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) ရိပ်သာရှိ အခန်းများ၏ မျက်နှာကျက်များ၊ အိမ်သာများနှင့် ခြင်ထောင်များတွင် ပိုးမွှားများ၊ ဖုံများ တွေ့ရှိရသဖြင့် သန့်ရှင်းမှု အားနည်းကြောင်း တွေ့ရှိရပါသည်။ ဘိုးဘွားများ ကျန်းမာရေးအတွက် သန့်ရှင်းရေးဆောင်ရွက်ပေးရန် တာဝန်ရှိသူများမှ ကြပ်မတ်သင့်ပါသည်။

(ခ) အဘိုးအဘွားများအား အပတ်စဉ် ခြေသည်းလက်သည်းများ ညှပ်နိုင်ရေးနှင့် တစ်ကိုယ်ရေ သန့်ရှင်းရေးကို ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) ကျန်းမာရေးစောင့်ရှောက်မှုကို ယခုထက်ပိုမို ထိရောက်မှုရရှိစေရန် မြို့နယ်ကျန်းမာရေး ဦးစီးဌာနနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်သင့်ပါသည်။

(ဃ) အဘိုးအဘွားများ ကျန်းမာရေး လေ့ကျင့်ခန်းများ လုပ်ဆောင်နိုင်ရန် ဆောင်ရွက်ပေးသင့်ပါသည်။

၃။ စက်တော်ရာဘိုးဘွားရိပ်သာနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) မျက်နှာကျက် မကောင်းသည်များကို ပြုပြင်သင့်ပါသည်။

(ခ) ရိပ်သာပျက်စီးနေမှုများအား ပြုပြင်ရန် ကြီးကြပ်ရေး ကော်မတီအနေဖြင့် စုဆောင်းထားသည့် ရန်ပုံငွေမှ ထုတ်ယူသုံးစွဲရန် မဝံ့မရဲဖြစ်နေသဖြင့် လူမှုဝန်ထမ်း ဦးစီးဌာန တာဝန်ရှိသူများက ငွေကြေးသုံးစွဲမှုဆိုင်ရာ မူဝါဒများ ချပြရှင်းလင်းပြီး ပြုပြင်သင့်သည်များ ပြုပြင်ရန် နည်းလမ်းများ ပြပေးသင့်ပါသည်။

(ဂ) ရိပ်သာတွင် စာကြည့်တိုက် မရှိသေးသဖြင့် စာကြည့်တိုက်နှင့် တရားဓမ္မစာအုပ် စာပေများအား ဖြည့်ဆည်းသင့်ပါသည်။

(ဃ) ဆက်လက် လုပ်ကိုင်လိုသည့်ဆန္ဒ မရှိကြသော ကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင်များအား အခြား လူမှုရေး စိတ်ပါဝင်စားသူများနှင့် အစားထိုးဖွဲ့စည်းနိုင်ရေး လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးဆောင်၍ ဆောင်ရွက်ပေးသင့်ပါသည်။

၄။ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) ဂေဟာရှိ အိပ်ဆောင်များမှာ ခိုင်ခံ့မှု မရှိသဖြင့် ပြင်ဆင်သင့်ပါသည်။

(ခ) ဂေဟာတွင် စာကြည့်တိုက် ထားရှိ၍ ကျောင်းသားများ ဗဟုသုတ တိုးပွားစေရန် ဖတ်ရှုနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဂ) ဂေဟာသည် တောထူထပ်သဖြင့် ကျောင်းသားများအား မြွေအန္တရာယ် ကင်းရှင်းရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) အိပ်ဆောင် ပတ်ဝန်းကျင်နှင့် အိမ်သာများ သန့်ရှင်းမှု ရှိမှသာလျှင် ကျန်းမာရေး ကောင်းမွန်မည်ဖြစ်သဖြင့် သန့်ရှင်းရေးအား အလေးထား ဆောင်ရွက်သင့်ပါသည်။

(င) ကလေးများ၏ ရင်ဖွင့်စာ ရေးသားနိုင်ရေး ဆောင်ရွက်ရန်နှင့် ထိုစာများအပေါ် ထိုက်သင့်သောဖြေရှင်း ဆောင်ရွက်မှုများ ဆောင်ရွက်ပေးသင့်ပါသည်။

၅။ ဖူးစောဘုမိဘမဲ့ကျောင်းနှင့် ပတ်သက်၍အောက်ပါအတိုင်း အကြံပြု ခဲ့ပါသည်-

(က) ကလေးငယ်များအား လိမ္မာယဉ်ကျေးစေရန် ပညာပေးအစီအစဉ်ဖြင့် ထုတ်လွှင့်ပြသသော ရုပ်သံလိုင်းများအား ပြသခြင်း၊ ဗဟုသုတ စာအုပ်စာပေများ ဖတ်ပြခြင်းများ ဆောင်ရွက်သင့်ပါသည်။

(ခ) ကလေးငယ်များ သာမာန်ထိခိုက်ဒဏ်ရာ ရရှိမှုများအား ကုသနိုင်ရေး ရှေးဦးသူနာပြု သေတ္တာထားရှိ၍ သင်ကြားပြသနိုင်ရေး ကျန်းမာရေးဦးစီးဌာနနှင့်ညှိနှိုင်းဆောင်ရွက်သင့်ပါသည်။

၆။ ကန်သုံးဆင့်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာနှင့် ပတ်သက်၍အောက်ပါအတိုင်း အကြံပြု အပ်ပါသည်-

(က) ကလေးငယ်တစ်ဦးချင်း၏ အခြေအနေမဲ့ပြဿနာများကို အဖြေရှာရာတွင် အထောက်အကူ ဖြစ်စေပြီး ကလေးများ၏ကိုယ်ရေးမှတ်တမ်းများ နောင်တစ်ချိန်တွင် သိရှိနိုင်စေရန် ကိုယ်ရေး ရာဇဝင်များအား တစ်ဦးချင်း ပြုလုပ်ထားနိုင်ရေး ဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက် ပေးသင့် ပါသည်။

(ခ) ကလေးသူငယ်များအား အသိပညာနှင့် ဗဟုသုတ တိုးပွားစေရန် စာကြည့်တိုက် စနစ်ကိုပီပြင်အောင်ဆောင်ရွက်၍ ကလေးများ ပုံမှန် ဖတ်ရှုခွင့်ရရှိရေး ဆောင်ရွက်နိုင်ရန် ဦးစီးဌာန ဝန်ထမ်းများမှကြပ်မတ်ဆောင်ရွက်သင့်ပါသည်။

(ဂ) ကလေးသူငယ်များအား နေ့စဉ်ကျွေးမွေးမှုတွင် အာဟာရဓာတ် စုံလင်စွာ တွက်ချက် ကျွေးမွေးသင့်ပါသည်။

၇။ ပုသိမ်ကလေးပြုစုရေးကျောင်းနှင့် ပတ်သက်၍အောက်ပါအတိုင်း အကြံပြုအပ်ပါသည်-

(က) ကလေးသူငယ်များ၏ ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေမည့် အစားအစာများကို ကျွေးမွေးရန်နှင့် ချက်ပြုတ်ရာတွင်လည်း သန့်ရှင်းသပ်ရပ်မှုရှိရေး စီမံဆောင်ရွက်သင့်ပါသည်။

(ခ) ကလေးသူငယ်များအား ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် နေ့စဉ်လွတ်လပ်စွာ ကစားခွင့်ရရှိရေး စီမံ ဆောင်ရွက် ပေးသင့်ပါသည်။

(ဂ) မွေးစားခံ ကလေးငယ်များ၏ ဘဝအခြေအနေများကိုလည်း တာဝန်ရှိသူများမှ လက်လှမ်းမီသလောက် စောင့်ကြည့်ထားပြီး မှတ်တမ်းများ ထားရှိ၍ သက်ဆိုင်ရာသို့ တင်ပြဆောင်ရွက်သင့်ပါသည်။

၈။ ဘိုးဘွားရိပ်သာများနှင့် ပရဟိတဂေဟာများနှင့် ပတ်သက်၍အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများအနေဖြင့် လစဉ်ဖြစ်စေ၊ အပတ်စဉ်ဖြစ်စေ မြို့ပေါ်ရှိ ရိပ်သာနှင့်ဂေဟာများအား အချိန်ဇယားရေးဆွဲ၍ ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊

အကြံပြုပေးခြင်း၊ သက်ဆိုင်ရာ ဒေသန္တရ အုပ်ချုပ်ရေး တာဝန်ရှိသူများထံ တင်ပြ အကူအညီ တောင်းခံခြင်းများ ဆောင်ရွက်သင့်ပါသည်။

(ခ) ကော်မရှင်မှ ကြည့်ရှုစစ်ဆေးချိန်တွင် လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ရိပ်သာ၊ ဂေဟာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း အခြားအချက်အလက်များ တင်ပြနိုင်ခြင်း မရှိသဖြင့် ဝန်ထမ်းများအနေဖြင့် လေ့လာမှတ်သားထားသင့် ပါသည်။

(ဂ) ရိပ်သာ၊ ဂေဟာများတွင် နေထိုင်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုရရှိရေး၊ အလှူရှင် ရရှိရေး တို့အား ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်သင့်ပါသည်။

(ဃ) ရိပ်သာ၊ ဂေဟာများရှိ ကလေးများအား ၎င်းတို့၏ မွေးနေ့သက္ကရာဇ်များကို သိရှိထားနိုင်ရေး လုံးဝ အထောက်အထား မရှိသူများအတွက် မွေးသက္ကရာဇ် သတ်မှတ်ပေးပြီး အသိပေး ဆောင်ရွက်ပေး သင့်ပါသည်။

(င) လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ကလေးသူငယ်များအား လစဉ် နှစ်သိမ့်ဆွေးနွေးမှု များ ဆောင်ရွက်နိုင်ရေး စီမံချက်ထား၍ ဆောင်ရွက်ပေးသင့်ပါသည်။

(စ) ကလေးများအား အချင်းချင်း စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အနိုင်ကျင့်မှုများ မရှိစေရေး တာဝန်ရှိသူ များမှ အမြဲကြပ်မတ် ဆောင်ရွက်သင့်ပါသည်။

(ဆ) ရန်ပုံငွေရရှိရေးကို ဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ပြင်ပ ပရဟိတ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ပေးခြင်း၊ ဒေသန္တရ အုပ်ချုပ်ရေး တာဝန်ရှိသူများထံ တင်ပြကူညီ ဆောင်ရွက်ပေးသင့်ပါသည်။

(ဇ) ကျောင်းများနှင့် ဂေဟာများတွင် ကလေးငယ်များထဲမှ စည်းကမ်းကောင်း၍ စာရိတ္တကောင်းမွန် သော အသက်အကြီးဆုံး ကလေးများအား အဆောင်မှူးများ ခန့်အပ်၍ စည်းကမ်းပိုင်း ဆိုင်ရာများ ကြီးကြပ်စေရေး ဆောင်ရွက်ရန် ဦးစီးဌာနမှ ဆောင်ရွက် ပေးသင့်ပါသည်။

(ဈ) ကလေးများအား ဆေးလိပ်၊ ကွမ်းအစရှိသည့် မူးယစ်ဆေးဝါးများ သုံးစွဲမှုမရှိစေရေး ပညာပေးမှု များ ပြုလုပ်သင့်ပါသည်။

(ည) အသက်ပြည့်ပြီးသူ ကလေးများအား မှတ်ပုံတင်ရရှိရေး ဦးစီးဌာန ဝန်ထမ်းများမှ စီမံဆောင်ရွက် ပေးသင့်ပါသည်။

(ဋ) ပုံမှန်ပညာရေး သင်ကြားနိုင်စွမ်းမရှိသော ကလေးများနှင့် ပညာရေးတွင် စိတ်ဝင်စားမှု အားနည်း သည့် ကလေးငယ်များအား အခြား အသက်မွေးဝမ်းကျောင်းပညာ တစ်ခုခု သင်ကြားနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဌ) ကလေးများနှင့် အဘိုးအဘွားများအတွက် သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ဆောင်ရွက်ပေး သင့်ပါသည်။

(ဍ) ကလေးများအား ပြင်ပဗဟုသုတ ရရှိစေမည့် ခရီးစဉ်များအား အခါအားလျော်စွာ စီစဉ် ဆောင်ရွက် ပေးသင့် ပါသည်။

(ဃ) ကလေးငယ်များအား ဗလငါးတန်နှင့် ကိုယ်ရည်ကိုယ်သွေး တိုးတက်စေရန် စာကြည့်တိုက်စနစ်အား အကောင်အထည်ဖော်ရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်း ဆောင်ရွက်သင့်ပါသည်။

(ဏ) ကလေးများအား မိမိတို့ နှစ်သက်ရာ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့် ရရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
## ဆောင်ရွက်ချက် အမှတ်စဉ် (၂၅/ကာကွယ်/၂၀၁၇)
## မှော်ဘီမြို့နယ်၊ ကရုဏာကလေးများမေတ္တာရိပ်မြုံအား စစ်ဆေးခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်ရှိ ကရုဏာကလေးများ မေတ္တာရိပ်မြုံမှ ဂေဟာတွင် ဆေးလိပ်သောက်သည့် ၁၃ နှစ်အရွယ်ကလေးငယ် ၂ ဦးအား ၂၂-၈-၂၀၁၇ ရက်နေ့က ပိုက်လုံးဖြင့် ရိုက်ပြီး ဆုံးမခဲ့သောကြောင့် ၂၃-၈-၂၀၁၇ ရက်နေ့၌ အသက် ၁၃ နှစ်နှင့် ၁၅ နှစ်အရွယ် ယောကျ်ား လေး ၉ ဦးတို့ နေရပ်သို့ထွက်ပြေးခဲ့ပြီး ၂၄-၈-၂၀၁၇ ရက်နေ့ မုံရွာမြို့ ကားဂိတ် တမူး၊ လဟယ်ဘက်သို့သွားသည့် ကားကို စုံစမ်းနေစဉ် သက်ဆိုင်ရာ နယ်မြေလှည့်ကင်းရဲမှ မသင်္ကာသဖြင့် ခေါ်ယူမေးမြန်းရာ ဖြစ်စဉ်ကျိုးကြောင်းသိခဲ့ရပြီး သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ နယ်မြေခံ ရဲတပ်ဖွဲ့ဝင်တို့မှ လူမှုဝန်ထမ်းဦးစီးဌာနသို့ ပို့ဆောင်ခဲ့သဖြင့် ဆားလင်းကြီးမြို့နယ်၊ ထန်းနောင်းကုန်း လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာတွင် ယာယီထိန်းသိမ်း စောင့်ရှောက်ထားကြောင်း ၂၅-၈-၂၀၁၇ ရက်နေ့ လူမှုမီဒီယာများ၌ ဖော်ပြထားချက်များအရ သိရှိရပါသည်။

၂။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် အခင်းဖြစ်ပွားရာ မှော်ဘီမြို့နယ်၊ သန္ဓေပင် အုပ်စု၊ ကြက်ဖြူကန်ကျေးရွာ၊ ဖွံ့ဖြိုးရေးလမ်းရှိ ကရုဏာကလေးများ မေတ္တာရိပ်မြုံဂေဟာသို့ ၂၅-၈-၂၀၁၇ ရက်နေ့ နေ့လယ်အချိန်တွင် သွားရောက်ကွင်းဆင်းစုံစမ်းစစ်ဆေးခဲ့ပြီး အောက်ပါတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြံပြုပေးခဲ့ပါသည် -

(က) ကရုဏာကလေးများ မေတ္တာရိပ်မြုံဂေဟာသည် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ နာဂဒေသတို့မှ ဆင်းရဲချို့တဲ့သည့် ကလေးများကို ပြုစုစောင့်ရှောက်နေသော်လည်း သက်ဆိုင်ရာ လူမှုဝန်ထမ်းဦးစီးဌာနတွင် တရားဝင် မှတ်ပုံတင်ထားခြင်း မရှိသည့်အတွက် မှတ်ပုံတင်လျှောက်ထားသင့် ပါသည်။

(ခ) သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများသည် မိမိတို့၏နယ်မြေအတွင်း ဖွင့်လှစ်ထားရှိသော ပရဟိတဂေဟာများကို စာရင်းပြုစု၍ သက်ဆိုင်ရာ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ညှိနှိုင်း၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သင့်ပါသည်။

(ဂ) လူမှုမီဒီယာများပေါ်တွင် ယခုကဲ့သို့ ဖြစ်စဉ်မျိုးများ ဖော်ပြပါရှိလာပါက သက်ဆိုင်ရာ ဌာနများအနေဖြင့် အချိန်နှင့်တပြေးညီ စုံစမ်းစစ်မေးခြင်းများကို ဆောင်ရွက်သင့် ပါသည်။

(ဃ) မိဘမဲ့နှင့် ဆင်းရဲချို့တဲ့သော ကလေးများကို ပြုစုစောင့်ရှောက်နေသည့် ဂေဟာတွင် စီမံအုပ်ချုပ်သူများသည် ကလေးများကို ဆုံးမရာတွင် ကိုယ်ထိလက်ရောက်ပြုမူ ဆုံးမခြင်းအစား ၎င်းတို့၏ စိတ်ခံစားမှုကို နားလည်သဘောပေါက်အောင် ကြိုးစားကာ မိသားစုသဖွယ် နှစ်သိမ့်ဆွေးနွေးခြင်း၊ ပြုပြင်ဆုံးမခြင်းများ ဆောင်ရွက်သင့်ပါသည်။

(င) မှတ်ပုံမတင်ရသေးသော ပရဟိတ လူငယ်စောင့်ရှောက်ရေး ဂေဟာများသည်လည်း ကလေးသူငယ်များ၏ အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်တို့ကို အဓိက ဦးတည် ကာကွယ်စောင့်ရှောက်မှုပြုနေသော အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ လူမှုဝန်ထမ်း ဦးစီးဌာနသည် ယင်းမှတ်ပုံမတင်ရသေးသည့် အဖွဲ့အစည်းများအား မှတ်ပုံတင်သည့် လုပ်ငန်းစဉ် မတိုင်ခင်ကတည်းက လိုအပ်သော

နည်းပညာ အကူအညီများ၊ ကြပ်မတ်မှုများကို နယ်မြေအုပ်ချုပ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကလေးသူငယ်များ၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ပေးသင့်ပါသည်။

(စ) ကလေးသူငယ်များသည် လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိသည့် အားလျော်စွာ ဂေဟာရှိ ကလေးများအား ယင်းတို့ ယုံကြည်ကိုးကွယ်သည့် ဘာသာကို လွတ်လပ်စွာ ဝတ်ပြုကိုးကွယ်ခွင့်ပြုသင့်ပါသည်။

၃။ အထက်ပါ အကြံပြုချက်များအရ ဆောင်ရွက်ထားရှိမှု အခြေအနေကို ပြန်ကြားပေးပါရန် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ မေတ္တာရပ်ခံထားပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## ဆောင်ရွက်ချက် အမှတ်စဉ် (၂၆/ကာကွယ်/၂၀၁၇)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်မှ ကျောင်းသားတစ်ဦးသည် တက္ကသိုလ်ဝင် တန်းစာမေးပွဲကို ပြည့်စုံစွာ ဖြေဆိုနိုင်ခဲ့သော်လည်း အောင်စာရင်းကြေညာသည့်အခါ ကျရှုံးကြောင်း သိရှိရပြီး အဖြေလွှာပြန်စိစစ်ခွင့် ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုလုပ်ခြင်းမရှိပါသဖြင့် ၎င်း၏နစ်နာမှုအား လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်ပေးပါရန် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်သူ့လွှတ်တော်က ပြည်သူ့လွှတ်တော်ရုံးမှ တဆင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ လိုအပ်သလို ဆောင်ရွက်ပေးနိုင်ရန်နှင့် ပြီးစီးမှုအခြေအနေအား ပြန်ကြားပေးပါရန် အမှုတွဲနှင့်တကွ ပေးပို့အကြောင်းကြားလာခဲ့ပါသည်။

၂။ ယင်းကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကွင်းဆင်း စုံစမ်းစစ်ဆေးရေး အဖွဲ့သည် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များအား ကော်မရှင်ရုံး၌ တွေ့ဆုံဆွေးနွေးခဲ့ပြီး တက္ကသိုလ်ဝင် စာမေးပွဲရမှတ်အပေါ် ပြန်လည်စိစစ်ဆောင်ရွက်ရသည့် ဖြစ်စဉ်မှာ မကြာခဏ နှစ်စဉ် ပေါ်ပေါက်သည့် ကိစ္စရပ်ဖြစ်သဖြင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများက တက္ကသိုလ်စာမေးပွဲရမှတ် ပြန်လည်စိစစ်ခြင်းကို ပွင့်လင်းမြင်သာမှု ရှိသော ဌာနဆိုင်ရာလုပ်ငန်းစဉ် တစ်ရပ်ချမှတ်ပြီး ပြည်သူလူထု သိရှိနားလည်သဘောပေါက်အောင် အသိပညာပေး ထုတ်ပြန် ဆောင်ရွက်သင့်ကြောင်းနှင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းအနေဖြင့် ကျောင်းသား/သူများ အလွယ်တကူ စုံစမ်းမေးမြန်းနိုင်ပြီး ရှင်းလင်းဖြေကြားပေးမည့် ပြည်သူ့ဆက်ဆံရေးဌာနခွဲ (Public Relationship Division) ဖွင့်လှစ်၍ ဆောင်ရွက်စေခြင်းဖြင့် မလိုလားအပ်သော နောက်ဆက်တွဲ ဆိုးကျိုးများ လျော့ပါးစေနိုင်မည် ဖြစ်ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနသို့ အကြံပြုပေးခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ဆောင်ရွက်ချက် အမှတ်စဉ် (၂၇/ကာကွယ်/၂၀၁၇)**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းနေ နစ်နာသူက ၎င်း၏ ခင်ပွန်းသည် ၁၈-၄-၂၀၁၇ ရက်နေ့၌ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၆ ရပ်ကွက်တွင် မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးခံခဲ့ရစဉ် ကိုယ်ပိုင်ဖြစ်သော ရွှေထည်ပစ္စည်းများကို ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ဖြုတ်ယူ သိမ်းဆည်း သွားခဲ့သော်လည်း၊ တရားရုံးတွင် ယင်းရွှေထည် သက်သေခံပစ္စည်းများ တင်ပြခြင်း မရှိကြောင်း သိရှိရသဖြင့် စုံစမ်း ဖော်ထုတ်ပေးပါရန် ကော်မရှင်သို့ တိုင်တန်းစာ ပေးပို့လာပါသည်။

၂။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ၈-၉-၂၀၁၇ ရက်နေ့တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် သာကေတမြို့နယ်၊ မြို့မရဲစခန်းသို့ ကွင်းဆင်း စုံစမ်း စစ်ဆေးခြင်း၊ ယင်းနေ့ ညနေပိုင်းတွင် တိုင်တန်းစာပေးပို့သည့် နစ်နာသူအား ကော်မရှင်ရုံး ၌ ခေါ်ယူတွေ့ဆုံမေးမြန်းခဲ့ခြင်းများ ပြုလုပ်ခဲ့ရာ အောက်ပါအချက်များကို တွေ့ရှိရပါသည်-

(က) သက်သေခံ ရွှေထည်ပစ္စည်းများကို တရားရုံးသို့ အမှုစစ်အရာရှိက တင်ပို့ခဲ့သော်လည်း တရားရုံး ဘိလစ်စာရေးက ဘဏ်သေတ္တာဖွင့်ရက်မှ လက်ခံနိုင်မည်ဟု ပြောကြားချက်အရ မြို့မရဲစခန်း၏ သက်သေခံပစ္စည်းအခန်းတွင် ဂတ်စာရေးက ပြန်လည် သိမ်းဆည်းထားသည်ကို တွေ့ရှိရပါသည်။

(ခ) အမှုစစ်အရာရှိက ယင်းအခြေအနေကို ယခင်စခန်းမှူးထံ နှုတ်ဖြင့် တင်ပြခဲ့သည်ဟု သိရှိရပါသည်။

(ဂ) စစ်ဆေးသောနေ့တွင် အမှုစစ်အရာရှိက ခရိုင်တရားသူကြီးထံ သက်သေခံပစ္စည်း ရွှေထည် များကို အပ်နှံနိုင်ရေး ထပ်မံတင်ပြခဲ့ရာ ခရိုင်တရားသူကြီးက လာရောက် အပ်နှံနိုင်ရေး အမိန့်ချမှတ်ခဲ့သည် ဟု သိရှိရပါသည်။

၃။ စိစစ်တွေ့ရှိချက်များအရ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့သို့ အောက်ပါ အတိုင်း ပေးပို့အကြံပြုခဲ့ပါသည်-

(က) တရားစွဲတင်ပြီးနောက် သက်သေခံ ရွှေထည်ပစ္စည်းများအား မြို့မရဲစခန်း၏ သက်သေခံပစ္စည်း အခန်းတွင် ပြန်လည် သိမ်းဆည်းထားခြင်းအတွက် တာဝန်ရှိသူများအား လိုအပ်သလိုအရေးယူ ဆောင်ရွက်သင့် ပါသည်။

(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အမှုများ တရားစွဲတင် ဆောင်ရွက်ရာတွင် မိမိ ရဲလုပ်ငန်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ရမည့်အပြင် ဆက်စပ်ဌာန အဖွဲ့အစည်းများဖြစ်သည့် ဥပဒေနှင့် တရားရုံးတို့၏ လုပ်ထုံးလုပ်နည်းများကိုပါ သိရှိနားလည်ခြင်းဖြင့် မလိုလားအပ်သည့် ဖြစ်စဉ်များ ကို ရှောင်ရှားနိုင်ရေးအတွက် သင်ခန်းစာ ဖော်ထုတ်ဆောင်ရွက်စေသင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## ဆောင်ရွက်ချက် အမှတ်စဉ် (၂၈/ကာကွယ်/၂၀၁၇)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်ဦးယုလွင်အောင်ဦးဆောင်သည့် ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကော်မရှင် ရုံးဝန်ထမ်း ၃ ဦးနှင့်အတူ မန္တလေးတိုင်းဒေသကြီးရှိ မန္တလေးဗဟိုအကျဉ်းထောင်၊ ကုန်ထုတ်စခန်းများ၊ ရဲစခန်းအချုပ်ခန်းများ၊ ဆေးရုံအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး တွေ့ရှိချက်များအပေါ် လိုအပ်ချက်များအားသက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ပေးပို့ အကြံပြုခဲ့ပါသည်။

၂။ မန္တလေးဗဟိုအကျဉ်းထောင်နှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) ခရစ်ယာန်ဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များအတွက် ဝတ်ပြုဆုတောင်းရန် သီးခြားအဆောင်များ ဆောက်လုပ်ပေးသင့်ပါသည်။

(ခ) မသန်စွမ်းသူများ အသုံးပြုရန် ဘိုထိုင်အိမ်သာ သီးခြားပြုလုပ်ပေးခြင်း၊ အိမ်သာများတွင်လက်ကိုင်တန်းများ တပ်ဆင်ပေးခြင်းများ ပြုလုပ်ပေးသင့်ပါသည်။

(ဂ) ဆေးခန်းလိုက် အကျဉ်းသား/အချုပ်သားများအား ဆေးခန်းမှတ်တမ်းစာအုပ်များ ထုတ်ပေးသင့်ပြီး ပြောင်းရွှေ့သည့်အချိန်တွင် အကျဉ်းသားနှင့်တပါတည်း ထည့်ပေး သင့်ပါသည်။

(ဃ) ကျန်းမာရေး မကောင်းသည့် အကျဉ်းသား ၂ ဦးအား ဆေးရုံတက် ကုသနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(င) မိုးယိုနေအိပ်ဆောင် ၄ အပေါ်ထပ်အား ပြုပြင်ဆောက်လုပ်ပေးသင့်ပါသည်။

(စ) ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံ မေးမြန်းခဲ့သော အကျဉ်းသားများအား လက်တုံ့ပြန်မှု မခံရစေရေးအတွက် ကော်မရှင်ဥပဒေပုဒ်မ ၃၈ နှင့်အညီ အလေးထား ဂရုပြု ဆောင်ရွက်ပေး သင့်ပါသည်။

၃။ ထုံးဘို (၁) ကုန်ထုတ်စခန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) စာကြည့်တိုက်တွင် ဗဟုသုတရရှိစေမည့် စာအုပ်စာပေများ ထပ်မံဖြည့်ဆည်းပေး သင့်ပါသည်။

(ခ) လုပ်အားရှင်များ ရေလုံလောက်စွာ ချိုးခွင့်ရရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) အလုပ်ပိတ်ရက်များတွင် စခန်းအတွင်း လွတ်လပ်စွာ သွားလာခွင့် ပြုပေးသင့်ပါ သည်။

(ဃ) အသက်မွေးဝမ်းကြောင်း ပညာသင်ကြားနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(င) အကျဉ်းသား အချင်းချင်း ခွဲခြားဆက်ဆံမှု မရှိစေရေး တာဝန်ခံအရာရှိမှ ကြပ်မတ် ဆောင်ရွက်သင့်ပါသည်။

၄။ ထုံးဘို (၂) ကုန်ထုတ်စခန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) စာကြည့်တိုက်တွင် ဗဟုသုတ ရရှိစေမည့် စာအုပ်စာပေများ ထပ်မံ ဖြည့်ဆည်းပေး သင့်ပါ သည်။

(ခ) ဧည့်တွေ့လာရောက်သူများအား ထုံးဘို (၁) ကဲ့သို့ အဆင်ပြေစွာ တွေ့ခွင့်ရရှိရေး တာဝန်ခံအရာရှိမှ စီစဉ် ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) ရေလုံလောက်စွာ အသုံးပြုနိုင်ရေးအတွက် ရေကန်များတိုးချဲ့တည်ဆောက် ပေးသင့် ပါသည်။

(ဃ) ဘာသာရေး တရားပြဆရာများ ဝင်ရောက်တရားပြခြင်းကို အကျဉ်းသားများ ဆန္ဒနှင့် လုံခြုံရေးကိစ္စ ဟန်ချက်ညီစဉ်းစား၍ ဆောင်ရွက်ပေးသင့်ပါသည်။

၅။ ထုံးဘို (မ) ကုန်ထုတ်စခန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) ယားနာ၊ ပွေးများပေါက်နေသော အကျဉ်းသူများအား သီးခြား ရေကန်တစ်ကန်တွင် Detol ထည့်၍ သော်လည်းကောင်း၊ တမာပြုတ်ရည် ထည့်၍သော်လည်းကောင်း နေ့စဉ် ရေချိုးခွင့် ပြုပါသည်။

(ခ) စာကြည့်တိုက်တွင် စိတ်ကို ပြုပြင်ပြောင်းလဲစေမည့် စာအုပ်များ (ဥပမာ- ချစ်နိုင် (စိတ်ပညာ)၊ လယ်တွင်းသားစောချစ်၊ ဖေမြင့်တို့ ရေးသားသော စာအုပ်များ) အား ဖြည့်ဆည်းပေးသင့်ပါသည်။

(ဂ) သက်ကြီးအကျဉ်းသူများကို သီးခြား ရေချိုးခွင့်ပြုသင့်ပါသည်။

(ဃ) မိလ္လာများသည် အိပ်ဆောင်များအတွင်းသာ ရှိသဖြင့် စခန်းအတွင်း နေ့မိလ္လာများ ထပ်မံဆောက်လုပ်သင့်ပါသည်။

(င) ဆေးခန်းတွင် ဆေးဝါးလုံလောက်စွာ ရရှိရေး အထက်သို့ တင်ပြဆောင်ရွက်သင့်ပါ သည်။

(စ) ပုံစံအင်္ကျီများအား လုံလောက်စွာ ထုတ်ပေးသင့်ပါသည်။

(ဆ) နေ့စဉ် အလုပ်သွားရာတွင် ၂ လမ်းသွား လမ်းမကြီးအား ဖြတ်၍သွားစဉ် ယာဉ်အန္တရာယ်နှင့် ခရီးသွားများက လူ့ဂုဏ်သိက္ခာထိခိုက်စေသည့် အပြုအမူများ မပြုလုပ်စေရေး တာဝန်ရှိသူ အဆင့်ဆင့်မှ ကြီးကြပ်ဆောင်ရွက်သင့်ပါသည်။

(ဇ) ထမင်း၊ ဟင်းများ ကောင်းမွန်စွာ စားသောက်နိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဈ) အသက်ကြီး အကျဉ်းသူများအား ကျောက်လုပ်ငန်း၌ တာဝန်မပေးဘဲ သက်သာသောတာဝန် ပေးခြင်း၊ မူလအကျဉ်းထောင်သို့ ပြန်ပို့ခြင်းများ ဆောင်ရွက်ပေးသင့်ပါ သည်။

၆။ ၂၄ မိုင်ကုန်ထုတ်စခန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) အိပ်ဆောင်များတွင် မျက်နှာကျက်နှင့် ပန်ကာများ တပ်ဆင်နိုင်ရေး ဆောင်ရွက်ပေး သင့်ပါသည်။

(ခ) နေ့စဉ်ထုတ် သတင်းစာများနှင့် ဂျာနယ်များကို အကျဉ်းသားများ ဖတ်ရှုနိုင်ရေး ဆောင်ရွက်ပေး သင့်ပါသည်။

(ဂ) မိုးယိုနေသော အိပ်ဆောင် (၂) နှင့် (၃) အား ပြုပြင်သင့်ပါသည်။

(ဃ) အိပ်ဆောင် (၂) တွင် ကြပ်တည်းပြီး အိမ်သာ မလုံလောက်သဖြင့် တိုးချဲ့ဆောက်လုပ်သင့်ပါသည်။

(င) ထမင်းစားဆောင်တွင် လူဦးရေ ကြပ်တည်းစွာ စားသောက်နေရသဖြင့် တိုးချဲ့ ဆောက်လုပ်သင့် ပါသည်။

(စ) နေ့လည်စာ ပဲဟင်းတွင် ကုလားပဲအစား ပဲစဉ်းငုံကျွေးကြောင်း သိရှိရသဖြင့် အကျဉ်းသားများ ဆန္ဒအရ ကုလားပဲဟင်းကျွေးမွေးနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဆ) လေဖြန်းနေသည့် အကျဉ်းသားအား ဆေးရုံတင်ပို့ကုသနိုင်ရေး ဆောင်ရွက် ပေးသင့်ပါသည်။

(ဓ) လုပ်ငန်းခွင်တွင် သောက်ရေ သန့်ရှင်းစွာ သောက်နိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဈ) ကြည့်ရှုစစ်ဆေးရေးအဖွဲ့မှ ခေါ်ယူတွေ့ဆုံ မေးမြန်းခဲ့သော အကျဉ်းသားများအား လက်တုံ့ပြန်မှု မခံရစေရေးအတွက် ကော်မရှင်ဥပဒေပုဒ်မ ၃၈ နှင့်အညီ အလေးထား ဂရုပြု ဆောင်ရွက်ပေးသင့်ပါသည်။

၇။ ရဲစခန်း အချုပ်ခန်းများနှင့် ပတ်သက်၍ သန့်ရှင်းရေး ကောင်းမွန်ခြင်းနှင့် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုများ မတွေ့ရှိရပါ။

၈။ ဆေးရုံကြီးအချုပ်ခန်းနှင့် ပတ်သက်၍ မန္တလေးဆေးရုံကြီး အချုပ်ခန်းတွင် အလင်းရောင် အားနည်းခြင်း၊ လေဝင်လေထွက် မကောင်းခြင်းနှင့် ရေချိုးရန်၊ မိလ္လာအသုံးပြုရန် ရေလာ အလွန်နည်းခြင်းတို့အား ပြုပြင်ဆောက်လုပ်နိုင်ရေး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အကြောင်း ကြားခဲ့ပါသည်။

၉။ တရားရုံးအချုပ်ခန်းများနှင့် ပတ်သက်၍-

- ချမ်းအေးသာစံ မြို့နယ်တရားရုံး အချုပ်ခန်းတွင်း အိမ်သာများ သန့်ရှင်းမှုမရှိခြင်း၊ ကွပ်ပျစ်များ မရှိခြင်း၊ ခရိုင်တရားရုံးအချုပ်ခန်းတွင် အိမ်သာများ သန့်ရှင်းမှု မရှိခြင်း၊
- မဟာအောင်မြေမြို့နယ် တရားရုံး အချုပ်ခန်းတွင် အိမ်သာများ တွဲလျက်မရှိဘဲ သန့်ရှင်းမှု မရှိခြင်း၊ ကွပ်ပျစ်များ မရှိခြင်း၊
- ချမ်းမြသာစည် မြို့နယ်တရားရုံးအချုပ်ခန်းသည် မြေနိမ့်ပိုင်းဖြစ်သဖြင့် အချုပ်သားများ ထိုင်သည့်နေရာထိ ရေဝပ် ခြင်း၊ ကွပ်ပျစ်မရှိခြင်း၊ သန့်ရှင်းမှု အားနည်းခြင်း၊
- အမရပူရမြို့နယ်တရားရုံး အချုပ်ခန်း ဝင်ပေါက် သည် ၃ ပေခွဲအမြင့်သာ ရှိသဖြင့် ၅ ပေ ခွဲပြင်ဆင်ရန် လိုအပ်ခြင်း၊ မိုးမလုံခြင်း၊ ကျား/မ အခန်းမှာ မြင်ကွင်းမှာ ကာရံထားမှု မရှိခြင်း၊ အိမ်သာမရှိခြင်း၊
- ပြည်ကြီးတံခွန်မြို့နယ်တရားရုံး အချုပ်ခန်း ဝင်ပေါက်သည် ၃ ပေခွဲအမြင့်သာရှိ သဖြင့် ၅ ပေခွဲပြင်ဆင်ရန် လိုအပ်ခြင်း၊ ကွပ်ပျစ်မရှိခြင်း၊
- အောင်မြေသာစံ မြို့နယ်တရားရုံးအချုပ်ခန်းတွင် အိမ်သာများတွဲလျက်အချုပ်ခန်းဝင်ပေါက် သည် ၃ ပေခွဲ အမြင့်သာ ရှိသဖြင့် ၅ ပေခွဲ အမြင့်ပြင်ဆင်ရန် လိုအပ်ခြင်း၊ အလင်းရောင် အားနည်းခြင်း၊ လေဝင်လေထွက် အားနည်းခြင်းနှင့် ရဲတပ်ဖွဲ့ဝင်များနေရာနှင့် အချုပ်ခန်း မှာ တရားရုံးအဆောက်အဦတွင် အုတ်နံရံအား အဖီချ၍ ယာယီပုံစံ တည်ဆောက်ထားသည့် အဆောက်အဦတွင် နေထိုင်ရခြင်း ၊
- အချုပ်ခန်းအားလုံးသည် အချုပ်သားဝင်ဆံ့နိုင်မှု အလွန်ကျဉ်းကြပ်ခြင်းတို့အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြုပြင်တည်ဆောက်နိုင်ရေး ပေးပို့အကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
## ဆောင်ရွက်ချက် အမှတ်စဉ် (၂၉/ကာကွယ်/၂၀၁၇)

၁။ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အဗျားဘိုတဲကျေးရွာနေ အမျိုးသမီးတစ်ဦးက ၎င်းအား ဝေါမြို့မရဲစခန်းတွင် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆ (ဃ) ဖြင့် မဟုတ်မမှန်လုပ်ကြံ တိုင်ကြားခဲ့သည့် အမျိုးသားတစ်ဦး၊ မြဝတီမြို့မရဲစခန်းအတွင်း ခြိမ်းခြောက်ခဲ့သူ အမျိုးသားတစ်ဦးနှင့် မတရားဖမ်းဆီးခဲ့ကြသော မြဝတီမြို့မရဲစခန်းနှင့် ဝေါမြို့မရဲစခန်းတို့မှ ရဲအရာရှိများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူပေးပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံသို့ တိုင်ကြားစာပေးပို့ခဲ့ရာ အမျိုးသား လွှတ်တော်ရုံးမှတဆင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ တိုင်ကြားစာနှင့် စပ်လျဉ်း၍ စိစစ်ဆောင်ရွက်ပေးပါရန်နှင့် ဆောင်ရွက်မှု အခြေအနေအား အကြောင်းပြန်ကြားပေးပါရန် အမျိုးသားလွှတ်တော်ရုံးမှ အမှုတွဲလွှဲပြောင်းပေးပို့လာပါသည်။

၂။ အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ အဖြစ်မှန်အား သိရှိနိုင်ရန် ကော်မရှင် ကွင်းဆင်းစုံစမ်း စစ်ဆေးရေးအဖွဲ့သည် အခင်းဖြစ်ပွားရာ ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့သို့ ၁၂-၁၀-၂၀၁၇ ရက်နေ့မှ ၁၃-၁၀-၂၀၁၇ ရက်နေ့အထိ သွားရောက်စစ်ဆေးခဲ့ပြီး တွေ့ရှိချက်များအပေါ် ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ၁၇-၁၀-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်ရုံးသို့ ပေးပို့အကြောင်း ကြားခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
## ဆောင်ရွက်ချက်အမှတ်စဉ် (၃၈/ကာကွယ်/၂၀၁၇)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ရမည်းသင်းနှင့် တောင်ငူမြို့များရှိ အကျဉ်းထောင်များ၊ ကျောက်ထုတ်စခန်းများ၊ နေပြည်တော်အချုပ်ထောင်၊ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်း တို့အား ၂၃-၁၀-၂၀၁၇ ရက်နေ့ မှ ၂၆-၁၀-၂၀၁၇ ရက်နေ့ထိ ကြည့်ရှုစစ်ဆေးခဲ့ပြီး တွေ့ရှိချက်များအပေါ် လိုအပ်ချက်များအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့ ပါသည်။

၂။ ရမည်းသင်းအကျဉ်းထောင်နှင့်ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(က) အကျဉ်းသားအများစုတွင် ပွေး၊ ဝဲ၊ ယားနာများ ဖြစ်ပွားနေသဖြင့် ပျောက်ကင်းရန် သင့်လျော်သည့် ဆေးဝါးဖြင့်ကုသခြင်း၊ တမာရွက်ပြုတ်ရည်ဖြင့် ရေချိုးစေခြင်းများ ဆောင်ရွက်စေသင့်ပါသည်။

(ခ) အိပ်ဆောင်များတွင် ကြမ်းပိုးကိုက်သည်ဟု သိရှိရသဖြင့် ကြမ်းပိုးသတ်ဆေးများ ဖြန်းပေးသင့် ပါသည်။

(ဂ) အကျဉ်းသား အကျဆောင်အောက်ထပ်၌ မိုးပက်သဖြင့် အဖီချခြင်း၊ ယာယီအကာ ပြုလုပ်ခြင်းများ ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) တိုက်အမှတ် (၁) ရှိ ရေမြောင်းသည် ရေအိုင်နေပြီး ခြင်၊ ယင်၊ ပိုးလောက်လန်းများ ခိုအောင်းမှုမှ တစ်ဆင့် ကူးစက်ရောဂါများ ဖြစ်ပွားနိုင်သောကြောင့် ရေခိုအောင်းမှု မရှိစေရေး ဆောင်ရွက်သင့်ပြီး၊ ရေမြောင်းဖုံးများ ပြုလုပ်ပေးသင့်ပါသည်။

(င) အကျဉ်းထောင်ဆေးခန်းတွင် နေ့စဉ်ကုသနေရသည့် ရောဂါများနှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးများ ဖြည့်ဆည်းထားပေးသင့်ပါသည်။

(စ) အကျဉ်းဆောင်သည် ဝင်ဆံ့လူဦးရေထက်ကျော်လွန်၍ ထားရှိရသောကြောင့် မိလ္လာ လုံလောက်မှု မရှိသဖြင့် ထပ်မံဆောက်လုပ်ပေးသင့်ပါသည်။

(ဆ) တက္ကသိုလ်ဝင်စာမေးပွဲ ဆက်လက်ဖြေကြားလိုသည့် အကျဉ်းသားတစ်ဦးအား ပညာဆက်လက် သင်ယူနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဇ) နေရာကြပ်တည်းမှု ရှိသဖြင့် သမံတလင်းပေါ် အိပ်စက်ရသူများအတွက် ကွပ်ပျစ်များ ပြုလုပ်ပေး သင့်ပါသည်။

၃။ တောင်ငူအကျဉ်းထောင်နှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည် -

(က) ဖယောင်းပုဆိုး ကောင်းမွန်မှု မရှိသော အချုပ်ဆောင်များတွင် အသစ်လဲလှယ်ပေးသင့်ပါသည်။

(ခ) ကျန်းမာရေးချို့တဲ့သူများအား နေ့စဉ် သီးသန့် လမ်းလျှောက်ချိန်ပေးသင့်ပါသည်။

(ဂ) အချုပ်ဆောင်တွင် မိုးယိုနေသဖြင့် ပြုပြင်သင့်ပါသည်။

(ဃ) အိပ်ဆောင်များတွင် ကြမ်းပိုးသတ်ဆေး ဖြန်းပေးသည်ဟု သိရသော်လည်း ကြမ်းပိုးကိုက်နေ ကြောင်း သိရှိရသဖြင့် ကြမ်းပိုးသတ်ဆေးများ ထပ်မံ ဖြန်းပေးသင့်ပါသည်။

(င) အသက်မွေးဝမ်းကြောင်းပညာ သင်တန်းများ ဖွင့်လှစ်ပို့ချ ပေးသင့်ပါသည်။

(စ) တင်ပဆုံရိုးကျွံနေသည့် အကျဉ်းသားတစ်ဦးကို ဆေးရုံတက်ရောက်ကုသနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဆ) အကျဉ်းသားအများစုတွင် ပွေး၊ ဝဲ၊ ယားနာများ ဖြစ်ပွားနေကြောင်း တွေ့ရသဖြင့် သင့်လျော်သည့် ဆေးဝါးဖြင့်ကုသခြင်း၊ တမာရွက်ပြုတ်ရည်ဖြင့် ရေချိုးစေခြင်းများ ဆောင် ရွက်စေသင့်ပါသည်။

(ဇ) နောက်ကျောတွင် ဘုကြီးထွက်နေသည့် အကျဉ်းသားတစ်ဦးကို လိုအပ်သလို စစ်ဆေးပြီး ဆေးကုသ ပေးသင့်ပါသည်။

၄။ (၄) မိုင် ကုန်ထုတ်စခန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည် -

(က) သောက်ရေ သိုလှောင်ကန်သည် အလင်းရောင် ဝင်ရောက်မှု အားနည်းသဖြင့် အမိုးကို ပြုပြင် တည်ဆောက်သင့်ပါသည်။

(ခ) ညမိလ္လာသာရှိပြီး နေ့မိလ္လာ မရှိခြင်းကြောင့် နေ့မိလ္လာများ တိုးချဲ့ဆောက်လုပ်ပေးသင့် ပါသည်။

(ဂ) အူကျရောဂါဖြစ်နေသော အကျဉ်းသားတစ်ဦးကို ကုသနိုင်ရေး ဆောင်ရွက်ပေးသင့် ပါသည်။

(ဃ) အခါကြီး ရက်ကြီးများတွင် ဗုဒ္ဓဘာသာဝင်များအား ဥပုသ်ဆောက်တည်ခွင့်နှင့် ဝိပဿနာ တရားစခန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(င) အောက်ပိုင်းချိန့်ရောဂါ ဖြစ်ပွားနေသော အကျဉ်းသားကို ဆေးရုံတက်ရောက် ကုသနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(စ) စခန်းအတွင်း ခြင်ဆေးဖျန်းနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဆ) အကျဉ်းသား ဦးရေ ၃၃၆ ဦးရှိသော်လည်း မိသားစု ညအိပ်ဧည့်တွေ့ဆောင်မှာ ၄ ခန်းသာ ရှိသဖြင့် လိုအပ်သလို တိုးချဲ့ဆောက်လုပ်ပေးသင့်ပါသည်။

၅။ ကင်းသာ (၁) ကုန်ထုတ်စခန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) အိပ်ဆောင်များတွင် ပန်ကာများ တပ်ဆင်ပေးနိုင်ရေးအတွက် ခွင့်ပြုရန်ပုံငွေ မရှိပါက စေတနာရှင်များ၏အလှူငွေဖြင့် တပ်ဆင်ပေးသင့်ပါသည်။

(ခ) စာကြည့်တိုက်တွင် ဗဟုသုတရစေပြီး စိတ်ကို တိုးတက်ပြောင်းလဲစေမည့် စာအုပ်စာပေများ ဖြည့်ဆည်းပေးသင့်ပါသည်။

(ဂ) မိသားစုညအိပ် ဧည့်တွေ့ဆောင် ကွပ်ပျစ်မှာ ၆ လက်မခန့်သာ အမြင့်ရှိသဖြင့် မြွေများ၊ ကင်းများ ခိုအောင်းခြင်းကြောင့် ၂ ပေခန့်အမြင့် ပြင်ဆင်ပြုလုပ်ပေးသင့်ပါသည်။

၆။ ကင်းသာ (၂) ကုန်ထုတ်စခန်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) ခြင်ကိုက်နှုန်းများသဖြင့် ခြင်ဆေးဖြန်းသင့်ပါသည်။

(ခ) စာကြည့်တိုက်၌ ဗဟုသုတရစေပြီး စိတ်ကို တိုးတက်ပြောင်းလဲစေမည့် စာအုပ်စာပေများ ဖြည့်ဆည်း ပေးသင့်ပါသည်။

(ဂ) အကျဉ်းသားအများစုတွင် ကျောက်ပွေးများ ပေါက်နေကြောင်း တွေ့ရှိရသဖြင့် ပျောက်ကင်းနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) အိပ်ဆောင်များတွင် ကြမ်ပိုးကိုက်ကြောင်း သိရှိရသဖြင့် ပိုးသတ်ဆေးများ ဖြန်းပေး သင့်ပါသည်။

(င) အစားအစာများအား ယင်လုံဇကာများ တပ်ဆင်၍ ထားရှိသင့်ပါသည်။

(စ) မိသားစုညအိပ်ဧည့်တွေ့ဆောင် ကွပ်ပျစ်မှာ ၆ လက်မခန့်သာ အမြင့်ရှိသဖြင့် မြွေများ၊ ကင်းများ ခိုအောင်းခြင်းကြောင့် ၂ ပေခန့်အမြင့် ပြင်ဆင်ပြုလုပ် ပေးသင့်ပါသည်။

၇။ ရမည်းသင်းမြို့မ ရဲစခန်းအချုပ်ခန်းသည် ကျားအချုပ်ခန်း အိမ်သာ တွဲလျက်ရှိသော်လည်း မ အချုပ်ခန်းသည် အိမ်သာတွဲလျက်မရှိသဖြင့် အိမ်သာ သီးသန့် ဆောက်လုပ်သင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## ဆောင်ရွက်ချက် အမှတ်စဉ် (၃၁/ကာကွယ်/၂၀၁၇)

၁။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင်သာစည် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းတွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသားတစ်ဦးကို အကျဉ်းထောင် ဝန်ထမ်းတစ်ဦးက အနိုင်ကျင့်ရိုက်နှက်ခြင်း၊ ညဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်ခဲ့သောကြောင့် အောက်နှုတ်ခမ်းကွဲပြဲပြီး အောက်ရှေ့သွား တစ်ချောင်းပဲ့ထွက်ခဲ့သည့်အတွက် နစ်နာသူ၏ ဖခင်က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ ၁၂-၉-၂၀၁၇ ရက်နေ့က တိုင်တန်းချက် ပေးပို့လာပါသည်။

၂။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ ကော်မရှင်ကွင်းဆင်း စုံစမ်းစစ်ဆေးရေးအဖွဲ့သည် အခင်းဖြစ်ပွားရာ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်ကိုးပင်သာစည် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင် စခန်းနှင့် သရက်အကျဉ်းထောင်သို့ ၂၂-၁၀-၂၀၁၇ ရက်နေ့မှ ၂၅-၁၀-၂၀၁၇ ရက်နေ့အထိ သွားရောက် ကွင်းဆင်း စုံစမ်းစစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်များအရ ကော်မရှင်၏ အကြံပြုချက်များမှာ အောက်ပါ အတိုင်း ဖြစ်ပါသည် -

(က) အကျဉ်းထောင်များနှင့် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းများတွင် အကျဉ်းသားများ၏ စည်းကမ်းကို ထိန်းသိမ်းဆောင်ရွက်ရာတွင် အကျဉ်းထောင် လက်စွဲဥပဒေ နှင့်အညီအရေးယူ အပြစ်ပေးဆောင်ရွက်သင့်ပါသည်။

(ခ) ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုနှင့် ပတ်သက်၍ မကွေးတိုင်းဦးစီးမှူး၏ ထောက်ခံ တင်ပြချက် အတိုင်း ဆောင်ရွက်နိုင်ရန် အကြံပြုပါသည်။

(ဂ) အကျဉ်းသားများနှင့် ပတ်သက်၍ ထူးခြားဖြစ်စဉ် ဖြစ်ပွားပါက သက်ဆိုင်ရာ တာဝန်ခံများက အထက်အဆင့်ဆင့်သို့ အချိန်နှင့်တပြေးညီ တင်ပြဆောင်ရွက်နိုင်ရေး ကြပ်မတ်ဆောင်ရွက်သင့် ပါသည်။

၃။ ဖြစ်စဉ်တွင် အကျဉ်းသားအား ရိုက်နှက်ညှဉ်းပန်းခဲ့သူ အကျဉ်းဝန်ထမ်းအား ဌာနဆိုင်ရာ အရေးယူမှုများ ပြုလုပ်နေပြီဖြစ်သဖြင့် နောင်အလားတူ မဖြစ်စေရေးအတွက် အထက်ပါ အကြံပြုချက်များကို လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးနိုင်ပါရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## ဆောင်ရွက်ချက်အမှတ်စဉ် (၃၂/ကာကွယ်/၂၀၁၇)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ သရက်အကျဉ်းထောင်နှင့် ဆင်ပေါင်ဝဲမြို့နယ်၊ ကိုးပင် သာစည် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းတို့အား ၂၂-၁၀-၂၀၁၇ ရက်နေ့မှ ၂၅-၁၀-၂၀၁၇ ရက်နေ့ထိ ကြည့်ရှုစစ်ဆေးခဲ့ ပါသည်။

၂။ သရက်အကျဉ်းထောင်နှင့် ပတ်သက်သည့် အကြံပြုချက်များ

(က) အိပ်ဆောင်အတွင်း ရေသန့်ဘူးများအား ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် သန့်ရှင်းစွာ ဆေးကြောပေးသင့်ပါသည်။

(ခ) လွတ်ရက်နှင့် လျှော့ရက်များကို ပွင့်လင်း မြင်သာစွာ ကြိုတင် အသိပေးသင့်ပါသည်။

(ဂ) စာကြည့်တိုက်တွင် စိတ်ဓာတ်ခွန်အား တိုးတက်ပြောင်းလဲစေမည့် သုတ၊ ရသစာပေများ ယခုထက် ပိုမို ထားရှိပေးသင့်ပါသည်။

(ဃ) “က” အဆင့် အကျဉ်းထောင်ဖြစ်သော်လည်း ကျန်းမာရေးဝန်ထမ်း ၃ ဦးသာ ရှိသဖြင့် အကျဉ်းထောင် ဖွဲ့စည်းပုံနှင့်အညီ ခန့်အပ်တာဝန်ပေးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသင့်ပါသည်။

(င) မိခင်များနှင့်အတူ ပါရှိလာသော ကလေးငယ်များ၊ သက်ကြီးအကျဉ်းသူများနှင့် ကိုယ်ဝန်ဆောင် အကျဉ်းသူများအတွက် ဖြည့်စွက်အာဟာရ ကျွေးမွေးသင့်ကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု ဂရုပြုဆောင်ရွက်ပေးရန် အကြံပြုပါသည်။

(စ) အကျဉ်းသား မောင်ညွန့် (ဘ) ဦးထွန်းရီ ထောင်ဝင်အမှတ် သရ/၁၅/၀၀၂၇၉/က သည် ခြေတု စွပ်ထားရပြီး ခြေတုအံဝင်ဂွင်ကျမှုမရှိသည့်အတွက် လမ်းလျှောက်ရာတွင် အဆင်ပြေမှု မရှိခြင်းနှင့် အကျဉ်းသား သန်းထိုက် ထောင်ဝင်အမှတ် သရ/၁၇/ ၀၀၁၄၁/က နှင့် အကျဉ်းသား သန်းထွန်းဦး ထောင်ဝင် အမှတ် ပခ/၁၆/၀၀၈၁၄/က သည် မျက်မှန်တပ်ထားရပြီး အနီးအဝေး ကောင်းစွာ မြင်နိုင်မှု မရှိခြင်းတို့အတွက် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ပြုသဆောင်ရွက်ပေးသင့် ပါသည်။

(ဆ) အကျဉ်းသူများ၏ အရွယ်ရောက်သော ကလေးငယ်ကို ပညာသင်ကြားနိုင်ရေး လိုအပ်သလို စီစဉ် ဆောင်ရွက်ပေးသင့်ပါသည်။

၃။ ကိုးပင်သာစည် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းနှင့် ပတ်သက်သည့် အကြံပြုချက်များ

(က) အိပ်ဆောင်များအတွင်း ကြမ်းခင်းများ မညီမညာဖြစ်နေသဖြင့် ပြုပြင်ပေးသင့်ပြီး သင့်တော်သည့် အခင်းတစ်ခုခု ထားရှိပေးရန်နှင့် အိပ်ဆောင်များအတွင်း အမှိုက်ပုံးကို လုံလောက်စွာ ထားရှိပေး သင့်ပါသည်။

(ခ) သောက်သုံးရေကို ကျန်းမာရေးနှင့် ညီညွတ်စေရေးအတွက် သန့်ရှင်းစွာ သိုလှောင်နိုင်ရန် စီစဉ်ပေး သင့် ပါသည်။

(ဂ) ဆွေးမြေ့ယိုင်နဲ့နေသော ထမင်းချက် စားဖိုဆောင်နှင့် ဆေးနားဆောင်တို့အား ပြုပြင်ဆောက်လုပ်ပေးသင့်ပါသည်။

(ဃ) လွတ်ရက်နှင့် လျှော့ရက်များကို ပွင့်လင်းမြင်သာစွာ ကြိုတင် အသိပေးသင့်ပါသည်။

(င) ရေချိုးရာတွင် သတ်မှတ်ပုံစံဖြင့် ရေချိုးရသဖြင့် ရေအလုံအလောက် ချိုးခွင့်ရရှိရန် ဆောင်ရွက်ပေးသင့်ပါသည်။

(စ) ကျန်းမာရေးဝန်ထမ်းများကို ဖွဲ့စည်းပုံနှင့်အညီ ခန့်အပ်နိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်နှင့် လုံလောက်သည့် ဆေးဝါးနှင့် ထိရောက်သော ဆေးဝါးကုသမှု ရရှိရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဆ) စာကြည့်တိုက် မရှိသဖြင့် စာကြည့်တိုက်ထားရှိပေးပြီး စာဖတ်ချိန် သတ်မှတ်ပေးသင့်ပါသည်။

(ဇ) အိပ်ဆောင် ၁ ရှိ အိမ်သာတံခါးများ ပျက်စီးနေသဖြင့် အသစ်ပြန်လည် တပ်ဆင်ပေး သင့်ပါသည်။

(ဈ) မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဓာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ခြင်းနှင့် မီးသတ်ဆေးဗူးများ ပြည့်စုံလုံလောက်စွာ ထားရှိသင့်ပါသည်။

(ည) အလုပ်တာဝန်နေရာ ခွဲဝေချထားပေးရာတွင် ရှေ့တန်းနှင့် နောက်တန်း ညီမျှမှုရှိစေရေးအတွက် အလှည့်ကျတာဝန်ချထားပေးရန်နှင့် သက်ကြီး အကျဉ်းသားများကို တာဝန်ချထားရာ၌ လူမှုရေးအရ သက်ညှာစွာစဉ်းစားပေးသင့်ပါသည်။

(ဋ) အကျဉ်းသားများအပေါ် စည်းကမ်းထိန်းသိမ်းသည့်အခါ ဆဲဆိုရိုက်နှက်ကြိမ်းမောင်း ထိန်းကျောင်းခြင်းများ ပြုလုပ်ခြင်းမရှိစေဘဲ အကျဉ်းထောင်လက်စွဲဥပဒေနှင့်အညီ မျှတပြီး၊ ပွင့်လင်းမြင်သာစွာ အရေးယူဆောင်ရွက် သင့်ပါသည်။

(ဌ) အကျဉ်းဦးစီးဌာနဝန်ထမ်းများအတွက် ဝန်ထမ်းလိုင်းခန်းများ လုံလောက်စွာ ချမှတ် ဆောက်လုပ်ပေးသင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ဆောင်ရွက်ချက်အမှတ်စဉ် (၃၃/ကာကွယ်/၂၀၁၇)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ မြိတ်မြို့နှင့် ကော့သောင်းမြို့များရှိ အကျဉ်းထောင်များအား ၂၂-၁၁-၂၀၁၇ ရက်နေ့မှ ၂၄-၁၁-၂၀၁၇ ရက်နေ့ထိ ကြည့်ရှုစစ်ဆေးခဲ့ပြီး တွေ့ရှိချက်များအပေါ် လိုအပ်ချက်များအား သက်ဆိုင်ရာဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

၂။ မြိတ်အကျဉ်းထောင်နှင့်ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည် -

(က) ဝန်ထမ်းအင်အားမှာ ဖွဲ့စည်းပုံ ၁၀၉ ဦးအနက် ၅၇ ဦး (၅၂.၂၉ %) သာရှိသဖြင့် ဝန်ထမ်းများ နေ့/ည တာဝန်ထမ်းဆောင်ရခြင်း၊ နားချိန် နည်းပါးခြင်းနှင့် ခွင့်ခံစားမှုများ လျော့နည်းစွာ ရရှိနိုင်ခြင်းများကြောင့် ဝန်ထမ်းအင်အား ဖြည့်ဆည်းပေးနိုင်ရေး နည်းလမ်းရှာသင့်ပါသည်။

(ခ) အကျဉ်းသား တစ်ဦးလျှင် ၆ ပေ x ၁.၅ ပေသာ အိပ်စက်ရန် နေရာရရှိသဖြင့် လိုအပ်သလို ဆောင်ရွက်သင့်ပါသည်။

(ဂ) မြိတ်အကျဉ်းထောင်တွင် Intercon တယ်လီဖုန်းများဖြင့် ထောင်ဝင်စာ တွေ့ဆုံသည့် စနစ်တွေ့ရှိရသဖြင့် အခြားအကျဉ်းထောင်များအတွက် စံနမူနာပြုသင့်ပါသည်။

(ဃ) ဧည့်တွေ့ဆောင်အား ၁၅ ဦးခန့် တွေ့ဆုံနိုင်သည်ထိ တိုးချဲ့ပေးသင့်ပါသည်။

(င) စာကြည့်တိုက်တွင် ဗဟုသုတရစေမည့် စာအုပ်များ၊ စိတ်ကို တိုးတက်ပြောင်းလဲစေမည့် စာအုပ်များ ထပ်မံ ဖြည့်ဆည်းသင့်ပါသည်။

(စ) ရုပ်မြင်သံကြား ဇာတ်လမ်းအစီအစဉ်များတွင် စိတ်ကိုနူးညံ့ပျော့ပျောင်းစေမည့် တရားတော်များ၊ ပညာပေးဇာတ်လမ်းများကိုသာ အဓိကထား၍ ပြသပေးသင့်ပါသည်။

၃။ ကော့သောင်းအကျဉ်းထောင်နှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) ဝန်ထမ်းအင်အားမှာ ဖွဲ့စည်းပုံ ၁၀၉ ဦးအနက် ၅၅ ဦး (၅၀.၄၅%) သာရှိသဖြင့် ဝန်ထမ်းများ နေ့/ညတာဝန်ထမ်းဆောင်ရခြင်း၊ နားချိန် နည်းပါးခြင်းနှင့် ခွင့်ခံစားမှုများ လျော့နည်းစွာ ရရှိနိုင်ခြင်းများကြောင့် ဝန်ထမ်းအင်အား ဖြည့်ဆည်းပေးနိုင်ရေး နည်းလမ်းရှာသင့်ပါသည်။

(ခ) စာကြည့်တိုက်တွင် ဗဟုသုတရရှိစေပြီး စိတ်ကို တိုးတက်ပြောင်းလဲစေမည့် စာအုပ်စာပေများ ထပ်မံ ဖြည့်ဆည်းသင့်ပါသည်။

(ဂ) နေ့စဉ်ထုတ် သတင်းစာ/ဂျာနယ် ၁ စောင်သာ ယူကြောင်း သိရှိရသဖြင့် တိုးယူသင့်ပါသည်။

(ဃ) အကျဉ်းသားအချို့မှ နေ့စဉ် စာဖတ်၍ အချင်းချင်း စာပေဟောပြောပွဲများ ပြုလုပ်ပေးခြင်းသည် ကောင်းမွန်မှုရှိသဖြင့် အခြားအကျဉ်းထောင်၊ ကုန်ထုတ်စခန်းများပါ ဆောင်ရွက်ကြစေရန် ချပြ ဆောင်ရွက်သင့်ပါသည်။

(င) ဧည့်တွေ့ဆောင်မှာ ၁၁.၅ ပေသာရှိသဖြင့် တစ်ဦး ၂ ပေနှုန်းဖြင့် ၅ ဦးခန့်သာ တွေ့နိုင်ပါသည်။ သို့ဖြစ်၍ တစ်ကြိမ်လျှင် ၁၅ ဦး တွေ့နိုင်စေရေးအတွက် ၃၀ ပေအထိ တိုးချဲ့ပြင်ဆင် ဆောက်လုပ်ပေးသင့်ပါသည်။

(စ) မြိတ်အကျဉ်းထောင်ကဲ့သို့ ဧည့်တွေ့ရာတွင် Intercon ဖြင့် စကားပြောနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**
**ဆောင်ရွက်ချက်အမှတ်စဉ် (၃၄/ကာကွယ်/၂၀၁၇)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ သာယာဝတီ ဗဟိုအကျဉ်းထောင်နှင့် ရဲစခန်းအချုပ်ခန်းတို့အား ၃၀-၁၁-၂၀၁၇ ရက်နေ့ နှင့် ၁-၁၂-၂၀၁၇ ရက်နေ့များတွင် ကြည့်ရှုစစ်ဆေးခဲ့ပြီး တွေ့ရှိချက်များအပေါ် လိုအပ်ချက်များအား သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

၂။ သာယာဝတီဗဟိုအကျဉ်းထောင်နှင့်ပတ်သက်၍အောက်ပါအတိုင်းအကြံပြုခဲ့ပါသည်-

(က) အတန်းပညာ သင်ကြားနေသော ကျောင်းသားလူငယ် ၄၀ ဦးတွေ့ရှိရပြီး စာသင်ကြားနေသည့် အဆောင်သည် ကြံ့ခိုင်မှု မရှိသည့်အပြင် နေရာကြပ်တည်းခြင်းကြောင့် ၂ ထပ်ဆောင်သစ် ဆောက်လုပ်ခွင့် ရရှိရေး စီစဉ်တင်ပြသင့်ပါသည်။

(ခ) ယင်းကျောင်းသား လူငယ် အကျဉ်းသားများအား ကျောင်းဝတ်စုံ (အဖြူအစိမ်း) များ တစ်ဦးလျှင် ၂ စုံ နှုန်း ထုတ်ပေးနိုင်ရေး ဆောင်ရွက်သင့်ပါသည်။

(ဂ) အကျဉ်းသူတစ်ဦး၏သမီးဖြစ်သူကို အသက် ၁ နှစ် ၃ လတွင် ရွှေဂုံတိုင်လူမှုဝန်ထမ်း ဦးစီးဌာနသို့ ပို့ဆောင်ခံရပြီး ယခုအခါ သမီးဖြစ်သူသည် တိုက်ကြီး လူမှုဝန်ထမ်း ဂေဟာ၌ ရောက်ရှိနေကြောင်း သတင်းရရှိသဖြင့် မိခင်နှင့် ကလေးတွေ့ဆုံခွင့်ရရှိရေး သက်ဆိုင်ရာ ဦးစီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) အိပ်ဆောင်အချို့တွင် ဖယောင်းပုဆိုးများ စုတ်ပြဲနေကြောင်း တွေ့ရှိရသဖြင့် အသစ် လဲလှယ်ပေး သင့်ပါသည်။

(င) အိပ်ဆောင်များရှိ ရေသန့်ဗူးအချို့သည် သန့်ရှင်းမှုမရှိကြောင်း တွေ့ရှိရသဖြင့် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ အသစ်လဲလှယ်ခြင်းများ ပြုလုပ်ပေးသင့်ပါသည်။

(စ) အိပ်ဆောင် (၂) နှင့် (၃) တွင် မိလ္လာများ သန့်ရှင်းရေးမကောင်းသဖြင့် သန့်ရှင်းရေး ဆောင်ရွက်သင့် ပါသည်။

(ဆ) လူငယ်ဆောင်တွင် မီးချောင်းများ မရှိသဖြင့် တပ်ဆင်ပေးသင့်ပါသည်။

(ဇ) တာဝန်ခံအရာရှိသည် အကျဉ်းသားများအပေါ်တွင် နွေးထွေးစွာဆက်ဆံပြီး စားဝတ်နေရေးကိစ္စများ တွင် လိုအပ်ချက်မရှိစေရေး မိသားစုသဖွယ် ဆောင်ရွက်ပေးသည်ဟု အကျဉ်းသားအများစုက ထွက်ဆိုကြသဖြင့် လက်ရှိအခြေအနေအား စံနမူနာပြု ထိန်းသိမ်းထားသင့်ပါသည်။

၃။ မြို့နယ်ရဲစခန်းနှင့် ခရိုင်ရဲစခန်း အချုပ်ခန်းများတွင် အိမ်သာများတွဲလျက် ရှိသော်လည်း အိမ်သာအခန်းများ မှာ အသုံးပြုရန် သင့်လျော်မှုမရှိဘဲ အလွန်ညစ်ပတ်နေသဖြင့် အထူးပြုပြင် ထိန်းသိမ်းသင့်ပါကြောင်း အကြံပြုခဲ့ ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
## ဆောင်ရွက်ချက်အမှတ်စဉ် (၃၅/ကာကွယ်/၂၀၁၇)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စစ်တွေမြို့နှင့် ဘူးသီးတောင် မြို့များရှိ အကျဉ်းထောင်များနှင့် ရဲစခန်းအချုပ်ခန်းတို့အား ၁၁-၁၂-၂၀၁၇ ရက်နေ့နှင့် ၁၄-၁၂-၂၀၁၇ ရက်နေ့များတွင် ကြည့်ရှုစစ်ဆေးခဲ့ပြီး တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

၂။ စစ်တွေအကျဉ်းထောင်နှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည် -

(က) အကျဉ်းထောင်တွင် ကိုယ်အင်္ဂါမသန်စွမ်းသူ (ဥပမာ-ခြေထောက်ဒူးအောက်ပိုင်း ပြတ်နေသူ) များ နှင့် အသက်ကြီးသူများသည် အလေးသွားရန် အဆင်မပြေမှုများရှိကြောင်း သိရှိရသဖြင့် ဘိုထိုင် အိမ်သာ (သို့မဟုတ်) ဘိုထိုင်ကဲ့သို့ အသုံးပြုနိုင်သည့် သစ်သားခုံ သို့မဟုတ် စတီးခုံ သို့မဟုတ် ပလပ်စတစ်ခုံများအား ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ပေးရန်၊

(ခ) အချုပ်သားများ ရုံးထုတ်ချိန်တွင် ထောင်ဘူး၀ ပထမတံခါးနှင့် ဒုတိယတံခါး အကြားတွင် လုံခြုံရေးကို မထိခိုက်နိုင်ပါက ဖိနပ်စီးနင်းခွင့်ပြုပေးရန်၊

(ဂ) အိပ်ဆောင်များ အောက်ထပ်၌ အပေါ်ထပ်မှ သဲများ အမှုန်များနှင့် ရေကဲ့သို့ ပစ္စည်းများ ကျသဖြင့် ပလပ်စတစ် မျက်နှာကြက် တပ်ဆင်ပေးရန်၊

(ဃ) အမျိုးသမီးအဆောင်မှ အကျဉ်းသူ ၁၅ ဦးအား နေ့စဉ် (တနင်္ဂနွေမပါ) မျက်တောင် တုလုပ်ငန်းကို လူလဲခြင်းမရှိဘဲ ခိုင်းစေသဖြင့် မျက်လုံးညောင်းခြင်း၊ အကြောတက်ခြင်းများဖြစ်သဖြင့် အလှည့်ကျ အနားပေးရန်၊

(င) အကျဉ်းထောင်အတွင်း နေ့လည်ခင်းတန်းပိတ်ချိန်များတွင် ရုပ်မြင်သံကြား ကြည့်ရှုခွင့်အား လုံခြုံရေးနှင့် အကျဉ်းထောင် လုပ်ထုံးလုပ်နည်းများနှင့် မဆန့်ကျင်ပါက ခွင့်ပြုပေးရန်၊

(စ) ပြစ်ဒဏ်မှလွတ်ပြီးသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသား၊ ဌေးအချုပ်သား ၉ ဦးကို ၎င်းတို့နိုင်ငံကို ပြန်ပို့ နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ရန်၊

(ဆ) သောက်ရေမှာ ရေသန့်စက်မှ မဟုတ်ဘဲ သာမန်သုံးရေများကိုသာ သောက်သုံးနေရကြောင်း သိရှိရသဖြင့် ရေသန့်စက်အား ပြုပြင်ပေးရန်၊

(ဇ) သောက်ရေထည့်သော ပလတ်စတစ်ဘူးကြီးများမှာ သန့်ရှင်းမှုမရှိဘဲ ကျန်းမာရေး နှင့် မကိုက်ညီ ကြောင်း တွေ့ရှိရသဖြင့် သောက်ရေသန့် ရရှိရေးအပြင် ရေဘူးများ သန့်ရှင်းမှုရှိရေး စီစဉ် ဆောင်ရွက် ပေးရန်၊

(ဈ) ဆေးခန်းလိုက် အကျဉ်းသားများကို စနစ်တကျ စစ်ဆေးကုသပေးရန်နှင့် ရောဂါနှင့် သက်ဆိုင်သည့် ဆေးဝါးများကိုသာပေးရန်၊

(ည) အကျဉ်းထောင်အတွင်း ဘောလုံး (ဂိုးကျင်းစနစ်) ကန်ခွင့်ပြုရန် တောင်းဆိုသည့် အကျဉ်းသားများ ရှိသဖြင့် လုံခြုံရေးကို မထိခိုက်သည့်အပြင် သင့်လျော်သည့် မြေနေရာရှိပါက စီစဉ်ဆောင်ရွက်ပေးရန်၊

(ဍ) ထောင်ဝင်စာတွေ့ဆုံခွင့်အား တစ်ကြိမ်လျှင် ၁၅ ဦးခန့်ထိ တွေ့ဆုံနိုင်ရေးအတွက် လိုအပ်သလို တိုးချဲ့ပေးရန်၊

၃။ ဘူးသီးတောင်အကျဉ်းထောင်နှင့်ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) အကျဉ်းထောင်ဆေးခန်းတွင် သက်တမ်းလွန်ဆေးဝါးအချို့ တွေ့ရှိရသဖြင့် ၎င်းတို့ကို မသုံးစွဲမိစေရန်၊

(ခ) HIV ၊ TB ရောဂါသည် အကျဉ်းသူ၊ အကျဉ်းသားများအားလည်းကောင်း၊ မိခင် အကျဉ်းသူများနှင့်အတူပါရှိလာသော ကလေးငယ်များအားလည်းကောင်း ဖြည့်စွက် အာဟာရများ ထပ်တိုးကျွေးမွေးပေးရန်၊

(ဂ) အကျဉ်းသား/အကျဉ်းသူအချို့မှ စစ်တွေမြို့ရှိ မိသားစုဝင်များထံ စာရေးသား ဆက်သွယ်လိုကြောင်း သတင်းပို့သဖြင့် အကျဉ်းထောင် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးရန်၊

(ဃ) ထောင်ဝင်စာတွေ့ဆုံခွင့်အား တစ်ကြိမ်လျှင် ၁၅ ဦးခန့်ထိ တွေ့ဆုံနိုင်ရေးအတွက် လိုအပ်သလို တိုးချဲ့ပေးရန်၊

(င) တရားရုံးထုတ်စဉ် အချုပ်ကားတစ်စီးလျှင် အကျဉ်းသား ၅၀ ဦးခန့် တင်ဆောင်သွားရသဖြင့် မော်တော်ယာဉ်စီးရေ တိုးချဲ့ခြင်း၊ အကျဉ်းသားဦးရေ လျှော့ချခြင်း၊ စသည်ဖြင့် အဆင်ပြေစေရေး ဆောင်ရွက်ပေးရန်၊

(စ) အကျဉ်းသူ အိပ်ဆောင်ရှိ ဖယောင်းပုဆိုးများ လဲလှယ်ပေးရန်၊

(ဆ) ပြစ်ဒဏ်မှလွတ်မြောက်ပြီးသူ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၁၀ ဦးအား သက်ဆိုင်ရာ နိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်

**မောင်မိုးဝင်း (ခ) ပြည့်ဖြိုးအောင်အပေါ် လမ်းအလုပ်သမားခေါင်းဆောင် ဦးအောင်ကိုမင်းမှ လူ့အခွင့်အရေး ချိုးဖောက်ကြောင်း တိုင်တန်းချက်နှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးမှု သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၁/၂၀၁၇)**

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ကုန်းတန်းကြီးအုပ်စု၊ ဖျောက်ဆိပ်ပင်ကျေးရွာနေ ဒေါ်သန်းငွေ ၏သားဖြစ်သူ မောင်မိုးဝင်း (ခ) ပြည့်ဖြိုးအောင်ကို မိုင်းရှူးမြို့နေ အလုပ်သမားခေါင်းဆောင် ဦးအောင်ကိုမင်း ဆိုသူမှ လုပ်အားခ မပေးလိုသောကြောင့် ရိုက်နှက်ခဲ့ရာ ပြင်းထန်သည့် ဒဏ်ရာများရရှိခဲ့သဖြင့် မိုင်းရှူးရဲစခန်းတွင် မိခင် ဒေါ်သန်းငွေက အမှုဖွင့်တိုင်ကြားခဲ့သော်လည်း အရေးယူခဲ့ခြင်း မရှိသောကြောင့် ကူညီဆောင်ရွက်ပေးပါရန် နိုင်ငံတော် သမ္မတထံသို့ လိပ်မူ၍ တိုင်တန်းစာတစ်စောင် ပေးပို့ခဲ့ပါသည်။ ယင်းစာအား နိုင်ငံသားများ၏ မူလ အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌမှ ပြည်သူ့လွှတ်တော်သို့ လွှဲပြောင်းပေးပို့ခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ရုံးမှ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သို့ ဆက်လက်ဆောင်ရွက်နိုင်ရေး တိုင်တန်းစာ ပူးတွဲလျက် ပေးပို့ ပြီး တာဝန်ပေးအပ်လာပါသည်။

၂။ အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ အဖြစ်မှန်အား သိရှိနိုင်ရန် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင်မှ ဖွဲ့စည်းတာဝန်ပေးခဲ့သော ကွင်းဆင်းစုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၂၅-၁၂-၂၀၁၆ ရက်နေ့မှ ၃၀-၁၂-၂၀၁၆ ရက်နေ့ထိ ညောင်ဦးနှင့် မိုင်းရှူးမြို့များသို့ သွားရောက်၍ ကွင်းဆင်းစစ်ဆေးခြင်း၊ သက်သေ ၂၅ ဦးအား စစ်ဆေးမေးမြန်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ စစ်ဆေးတွေ့ရှိချက်များမှာ -

(က) မောင်မိုးဝင်း ဆိုင်ကယ်စီးနင်းနေစဉ် ဦးအောင်ကိုမင်းက နောက်ဘက်မှလိုက်၍ ဦးခေါင်းကို ရိုက်နှက်ခြင်း၊ နောက်ကျောကို ကျောက်ခဲဖြင့် ထုခြင်းများ ပြုလုပ်သည်ဟု မောင်မိုးဝင်း တစ်ဦး တည်းက ထွက်ဆိုခဲ့သော်လည်း အခြား ခိုင်လုံသော အထောက်အထားများ မတွေ့ရှိရပါ ။

(ခ) မောင်မိုးဝင်း ဆေးရုံတက်နေစဉ် ဦးအောင်ကိုမင်းက လာရောက်ထိုးကြိတ်သည်ဟု ဆေးရုံအုပ်ကြီး က ပြောဆိုသည်ဟု ၎င်းကထွက်ဆိုပါသည်။ ထို့ပြင် လူနာစောင့် ဒေါ်နိုင်ကလည်း မောင်မိုးဝင်းအား ဦးအောင်ကိုမင်းက လက်သီးဖြင့် (၃) ကြိမ် လာထိုးသည်ဟု ထွက်ဆိုပါသည်။ သို့ရာတွင် အခြား မျက်မြင်သက်သေများ မရှိသည့်အပြင် ဆေးရုံအုပ်ကြီး ဒေါက်တာမြသန်းကိုယ်တိုင် မြင်တွေ့ ကြားသိမှုမရှိဘဲ တိုင်ကြားမှုလည်း မရှိပါဟု ထွက်ဆိုပါသည်။

(ဂ) ဦးအောင်ကိုမင်းထံတွင် ခိုလမ်မြို့၌ အလုပ်လုပ်နေစဉ် မောင်မိုးဝင်း၏ ညာဘက် ခြေချောင်းများ သည် ကျောက်ခွဲစက်အတွင်း ညှပ်သွားပြီး ခြေချောင်း (၅) ချောင်း စလုံး ဖြတ်ပစ်ခဲ့ရသော်လည်း ၎င်းအတွက် ထိခိုက်နစ်နာမှု လျော်ကြေး မရရှိသေးကြောင်း မောင်မိုးဝင်းက ထွက်ဆိုသည့်အပြင် စုံစမ်းစစ်ဆေးရေးအဖွဲ့မှလည်း ခြေချောင်းလေးများ ပြတ်တောက်နေသည်ကို မျက်မြင်တွေ့ရှိခဲ့ရ ပါသည်။ ထို့အပြင် ဦးအောင်ကိုမင်း ကိုယ်တိုင်ကလည်း ၎င်း၏လုပ်ငန်းခွင်အတွင်း ထိခိုက် ဒဏ်ရာ ရရှိမှုဖြစ်သဖြင့် ခိုလမ်ဆေးရုံသို့ တင်ပို့ခဲ့ကြောင်း ထွက်ဆိုထားပါသည်။ သို့ရာတွင် လျော်ကြေးပေး ခဲ့သည့် အထောက်အထား တင်ပြနိုင်ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

(ဃ) မောင်မိုးဝင်း ပထမအကြိမ် ဆေးရုံမှဆင်းပြီးနောက် ဦးအောင်ကိုမင်းနှင့် ဇနီးဖြစ်သူ ဒေါ်ပူစူးမ တို့က ၎င်းအား ထမင်းမကျွေး၊ ရေမတိုက်ဘဲ အိမ်အပြင်ထုတ်ပြီး မြေကြီးပေါ်တွင် ထားသဖြင့် နှင်းတောထဲတွင် အိပ်ခဲ့ရကြောင်း မောင်မိုးဝင်း၏ ထွက်ဆိုထားချက်ကို နာရေးကူညီမှုအသင်းမှ ဦးအောင်တိုး၊ လူနာစောင့်ဒေါ်နိုင်၊ ဦးသိန်းဇံ၊ ဦးအောင်ကိုမင်း (တိုင်ကြား ခံရသူကိုယ်တိုင်)၊

ဒေါ်ပူစူးမ (တိုင်ကြားခံရသူ၏ ဇနီး) တို့၏ ထွက်ဆိုချက်များတွင် မှန်ကန်ကြောင်း ထွက်ဆိုထားကြသည့်အပြင် ဆေးရုံအုပ် ဒေါက်တာမြသန်းက “ဒုတိယအကြိမ် ဆေးရုံတက်သည့်အခါ အဟာရပြတ်ခြင်း၊ သကြားဓာတ် လွန်မင်းစွာ လျော့နည်းခြင်းဖြစ်နေပြီး သတိလစ်နေသည်” ဟုထွက်ဆိုထားသဖြင့် မှန်ကန်ကြောင်း တွေ့ရှိရပါသည်။

(င) ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလက စတင်၍ အလုပ်လုပ်ကိုင်ခဲ့သော်လည်း တိုင်ကြားသည့်အချိန်အထိ လုပ်ခငွေများရရှိခြင်း မရှိသေးကြောင်း မောင်မိုးဝင်းက ထွက်ဆိုထားသည်ကို ဦးအောင်ကိုမင်းနှင့်ဇနီး ဒေါ်ပူစူးမတို့က လုပ်ခထုတ်ပေးသည့် မှတ်တမ်းများတင်ပြငြင်း ဆိုခဲ့ကြပါသည်။ သို့ရာတွင် ဒေါ်ပူစူးမ၏ လုပ်ခငွေ ထုတ်ပေးမှု စာရင်းစာအုပ်တွင်ပါရှိသော လက်မှတ်အချို့မှာ မှင်အဟောင်းဖြစ်ပြီး လက်မှတ်အချို့မှာ မှင်အသစ်ဖြစ် နေသည်ကို တွေ့ရခြင်း၊ ငွေစာရင်းစာအုပ်ပါ မောင်မိုးဝင်း၏ လက်မှတ်နှင့် စစ်ကြောချက်တွင် ၎င်းကိုယ်တိုင် ရေးထိုးထားသော လက်မှတ်များမှာ မတူကွဲပြားနေခြင်းများတွေ့ရှိရပါသည်။

(စ) မိုင်းရှူးရဲစခန်းသို့ သွားရောက်၍ အမှုဖွင့်လိုသည်ဟု ပြောသော်လည်း အမှုဖွင့် မပေးပါဟု တိုင်တန်းစာတွင် ဖော်ပြထားခြင်းနှင့်ပတ်သက်၍ ဒေါ်သန်းငွေးတို့သည် အမှုမဖွင့်လိုဘဲ လျော်ကြေးငွေ သိန်း (၃၀) ကိုသာ တောင်းပေးစေလိုကြောင်း ဒုရဲမှူးသန်းဦးက ထွက်ဆိုထားပါသည်။ ဒေါ်သန်းငွေးတို့က အမှုဖွင့်လိုကြောင်း လာရောက်ပြောကြားသည်ကို ရဲအရေးမပိုင်သဖြင့် စခန်းမှူးနှင့် တွေ့ဆုံရန် ရဲတပ်ကြပ်ကြီး (စာရေး) သန်းနိုင်ထွန်းက စီစဉ်ပေးခဲ့သော်လည်း ရဲလုပ်ငန်းစနစ်နှင့်အညီ ဖြစ်စဉ်အကြောင်းအရာများကို အရပ်ရပ် နေ့စဉ်မှတ်တမ်း (GD) တွင် ရေးမှတ်ခြင်း မပြုခဲ့ကြောင်း တွေ့ရှိရပါသည်။

(ဆ) ညောင်ဦးမြို့မရဲစခန်းမှ ရဲအုပ်သန်းငွေးမြင့်နှင့် ရဲတပ်ကြပ်ကြီး မျိုးအောင်တို့က မိုင်းရှူး ရဲတပ်ဖွဲ့မှ ပို့လိုက်သော စွပ်စွဲစာကိုပြပြီး သားဖြစ်သူ မောင်မိုးဝင်းကို လက်ထိပ်ခတ်ခဲ့သည်ဟု ဒေါ်သန်းငွေးက တိုင်ကြားခြင်းနှင့်ပတ်သက်၍ ဆိုင်ကယ်မှောက်သည့် အမှုနှင့်စပ်လျဉ်း၍ တရားခံပြေးအား ကူညီစုံစမ်းပေးပါရန် မိုင်းရှူး ရဲစခန်းမှ ညောင်ဦးမြို့မရဲစခန်းသို့ ပေးပို့ထားသည့် စာမိတ္တူအား စုံစမ်းစစ်ဆေးရန် စေလွှတ်လိုက်သည့်အဖွဲ့သို့ ထည့်ပေးလိုက်ခြင်းကြောင့် ညောင်ဦး မြို့မရဲစခန်းမှ တာဝန်ရှိသူ (၂) ဦးက မောင်မိုးဝင်းအား တရားခံပြေးဟုယူဆပြီး ဖမ်းဆီးရန် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်ကို တွေ့ရှိရပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အောက်ပါအတိုင်း သုံးသပ်ပါသည်-

(က) မောင်မိုးဝင်း ဆိုင်ကယ်စီးနင်းနေစဉ် ဦးအောင်ကိုမင်းက နောက်ဘက်မှ လိုက်၍ ဦးခေါင်းကို ရိုက်နှက်ကြောင်း၊ နောက်ကျောကို ကျောက်ခဲဖြင့်ထုကြောင်း၊ မောင်မိုးဝင်းက ထွက်ဆိုထားသော်လည်း မျက်မြင်သက်သေများမရှိသည့်အတွက် ဤအချက်နှင့်စပ်လျဉ်း၍ မှန်ကန်သည်ဟု တထစ်ချ ယူဆရန် ခဲယဉ်းကြောင်း သုံးသပ်ရပါသည်။

(ခ) မောင်မိုးဝင်း၏ထွက်ဆိုချက်အရ ၎င်းဆေးရုံတက်နေစဉ် ဦးအောင်ကိုမင်းက လာ၍ ထိုးကြိတ်ခြင်းနှင့် ပတ်သက်၍ သက်သေခိုင်မာမှု မရှိသဖြင့် မှန်ကန်သည်ဟု တထစ်ချ ယူဆရန် ခဲယဉ်းကြောင်း သုံးသပ်ရပါသည်။

(ဂ) မောင်မိုးဝင်းအား ဦးအောင်ကိုမင်းနှင့် ဇနီးဖြစ်သူတို့က ထမင်းမကျွေး၊ ရေမတိုက်ဘဲ အိမ်အပြင် မြေကြီးပေါ်တွင်ထားခဲ့ခြင်းမှာ အခြားသက်သေနှင့် အထောက်အထားများအရ မှန်ကန်ကြောင်း တွေ့ရှိရသဖြင့် ဦးအောင်ကိုမင်းနှင့် ဒေါ်ပူစူးမတို့သည် မောင်မိုးဝင်၏ လူ့အခွင့်အရေးကို ဥပေက္ခာ ပြုလိုသည့် ဆန္ဒရှိသည်ဟု သုံးသပ်ရ ပါသည်။

(ဃ) ဦးအောင်ကိုမင်းထံတွင် ခိုလမ်မြို့၌ အလုပ်လုပ်နေစဉ် မောင်မိုးဝင်း၏ ညာဘက် ခြေချောင်းများ ကျောက်ခွဲစက်အတွင်း ညှပ်သွားပြီး ခြေချောင်း (၅) ချောင်းစလုံး ဖြတ်ပစ်ခဲ့ရသော်လည်း ၎င်း အတွက် ထိခိုက်နစ်နာမှု လျော်ကြေး မရရှိသေးသဖြင့် လုပ်ငန်းခွင်ထိခိုက်မှုအတွက် လျော်ကြေးရ သင့်သည်ဟု သုံးသပ်ရပါသည်။

(င) မောင်မိုးဝင်းကစတင်၍ အလုပ်လုပ်ကိုင်ခဲ့သည်မှ တိုင်ကြားသည့် အချိန်အထိ လုပ်ခငွေများ ရရှိခြင်း မရှိသေးကြောင်း ထွက်ဆိုထားပြီး ဦးအောင်ကိုမင်းနှင့် ဇနီး ဒေါ်ပူစူးမတို့ တင်ပြသော လုပ်ခ ထုတ်ပေးမှတ်တမ်းများတွင် မှင်အဟောင်းနှင့် မှင်အသစ် ကွဲပြားနေခြင်း၊ စာရင်းစာအုပ်ပါ မောင်မိုးဝင်း၏လက်မှတ်နှင့် စစ်ကြောချက်တွင် ရေးထိုးထားသော လက်မှတ်များ မတူကွဲပြားနေ ခြင်းများကြောင့် တင်ပြသည့် ငွေစာရင်းရှင်းတမ်းမှာ ပြင်ဆင်ပြုစုထားသည့် ငွေစာရင်းရှင်းတမ်း ဖြစ်နိုင် သဖြင့် မောင်မိုးဝင်းသည် ရထိုက်သော အခကြေးငွေများ မရရှိသေးဟု သုံးသပ်ပါသည်။

(စ) မိုင်းရှူးရဲစခန်းသို့ သွားရောက်၍ အမှုဖွင့်ချင်သည်ဟု ပြောသော်လည်း အမှုဖွင့် မပေးပါဟု တိုင်တန်းစာတွင် ဖော်ပြထားခြင်းနှင့်ပတ်သက်၍ တွေ့ရှိချက်များအရ မိုင်းရှူးရဲစခန်းမှူး ဒုရဲမှူးသန်းဦးနှင့် ရဲတပ်ကြပ်ကြီး (စာရေး) သန်းနိုင်ထွန်းတို့ သည် ၎င်းတို့ထမ်းဆောင်ရမည့် ရဲလုပ်ငန်း တာဝန်များကို ပြည့်စုံစွာ ဆောင်ရွက်ခဲ့ခြင်းမရှိဟု သုံးသပ်ရပါသည်။

(ဆ) ညောင်ဦးမြို့မရဲစခန်းမှ ရဲအုပ်သန်းဌေးမြင့်နှင့် ရဲတပ်ကြပ်ကြီး မျိုးအောင်တို့က သားဖြစ်သူ မောင်မိုးဝင်းကို မိုင်းရှူးရဲတပ်ဖွဲ့မှ ပို့လိုက်သော စွပ်စွဲစာကိုပြပြီး လက်ထိပ်ခတ်ခဲ့သည်ဟု ဒေါ်သန်းဌေးက တိုင်ကြားခြင်းနှင့် ပတ်သက်၍ ဒုရဲမှူးသန်းဦး၏ လွဲမှားသော လုပ်ဆောင်မှု ကြောင့် ရဲလုပ်ငန်းစနစ် ရှုပ်ထွေးပြီး မလိုလားအပ်သော ဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်ဟု သုံးသပ် ရပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ အကြံပြုတိုက်တွန်းချက်များမှာ -

(က) မောင်မိုးဝင်းအား ဦးအောင်ကိုမင်း၏ နေအိမ်တွင် ၎င်းအား ထမင်းမကျွေး ရေမတိုက်ဘဲ အိမ် အပြင်ထုတ်ထားခြင်းကြောင့် ၎င်းတို့နှစ်ဦးအား ဥပဒေကြောင်းအရ လိုအပ်သလို အရေးယူခြင်း နှင့် နစ်နာသူ မောင်မိုးဝင်းအား လူမှုရေးအရ ကုစားပေးခြင်းများ ဆောင်ရွက်ပေးသင့်ပါသည်။

(ခ) ဦးအောင်ကိုမင်းထံတွင် ခိုလမ်မြို့၌ အလုပ်လုပ်နေစဉ် မောင်မိုးဝင်း၏ ညာဘက် ခြေချောင်း များသည် ကျောက်ခွဲစက်အတွင်းညှပ်သွားပြီး ခြေချောင်း (၅) ချောင်းစလုံး ဖြတ်ပစ်ခဲ့ရသော် လည်း ၎င်းအတွက် ထိခိုက်နစ်နာမှုလျော်ကြေး မရရှိသေးသဖြင့် အလုပ်သမားဥပဒေအရ လျော်ကြေး ရရှိနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) မောင်မိုးဝင်းသည် ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလမှစ၍ လုပ်ခငွေများ အပြည့်အဝ ရရှိခြင်း မရှိသေးသဖြင့် မောင်မိုးဝင်းအတွက် ရထိုက်သော လုပ်ခငွေများရရှိရေး သက်ဆိုင်ရာမှ စိစစ် ဆောင်ရွက်ပေးသင့်ပါသည်။

(ဃ) မိုင်းရှူးရဲစခန်းမှူး ဒုရဲမှူးသန်းဦးနှင့် ရဲတပ်ကြပ်ကြီး (စာရေး) သန်းနိုင်ထွန်း တို့သည် ၎င်းတို့ ထမ်းဆောင်ရမည့် ရဲလုပ်ငန်းတာဝန်များကို ပြည့်စုံစွာ ဆောင်ရွက်ခဲ့ခြင်း မရှိသဖြင့် ၎င်းတို့ နှစ်ဦးအား သက်ဆိုင်ရာမှ သင့်တော်သလို အရေးယူသင့်ပါသည်။

(င) ထို့ပြင် မိုင်းရှူးရဲစခန်းမှူး ဒုရဲမှူးသန်းဦး၏ လုပ်ဆောင်မှုကြောင့် ညောင်ဦး ရဲစခန်းတွင် ရဲလုပ်ငန်းစနစ် ရှုပ်ထွေးပြီး မလိုလားအပ်သော ဖြစ်စဉ်များ ဖြစ်ပွားခဲ့ခြင်းကြောင့် ၎င်းအား သက်ဆိုင်ရာမှ သင့်တော်သလို အရေးယူသင့်ပါသည်။

၅။ စသည်ဖြင့် သုံးသပ်ချက်နှင့် အကြံပြုချက်များပါဝင်သည့် အစီရင်ခံစာကို ပြည်သူ့လွှတ်တော်ရုံးနှင့် နိုင်ငံတော် သမ္မတဦးစီးရုံးသို့လည်း ပေးပို့တင်ပြထားပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦး၊ မြင်းခြံ အကျဉ်းထောင်၊ ရဲအချုပ်ခန်းများ၊ ဆေးရုံအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ကြည့်ရှု စစ်ဆေးတွေ့ရှိချက်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၂/၂၀၁၇)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ညောင်ဦး၊ မြင်းခြံမြို့များရှိ အကျဉ်းထောင်၊ ရဲအချုပ်ခန်းများ၊ ဆေးရုံအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့အား ၁၀-၁-၂၀၁၇ ရက်နေ့ မှ ၁၂-၁-၂၀၁၇ ရက်နေ့ထိ ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည့် အကြံပြုချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

၂။ ညောင်ဦးအကျဉ်းထောင်နှင့် ပတ်သက်သည့် အောက်ပါအတိုင်း အကြံပြုချက်များ-

(က) အကျဉ်းသားများအတွက် ချက်ပြုတ်ကျွေးမွေးသော မီးဖိုကြီးမှာ သန့်ရှင်းရေး ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်၍ လက်ရှိ အခြေအနေကို ဆက်လက် ထိန်းသိမ်းထားပြီး ပိုမိုတိုးတက်အောင် ဆောင်ရွက်သင့်ပါသည်။

(ခ) TB ရောဂါသည် လူနာများအား နေရာအခြေအနေအရ အခြား အကျဉ်းသားများနှင့် အတူထားသည်ကို တွေ့ရပါသည်။ သို့ဖြစ်၍ တတ်နိုင်သရွေ့ ခွဲထားနိုင်ရေး စီစဉ်ဆောင်ရွက်သင့်ပါသည်။

(ဂ) ဆရာဝန်မရှိသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တောင်းခံသင့်ကြောင်း၊

(ဃ) ကျားအိပ်ဆောင်တွင် နေ့အသုံးပြု အိမ်သာများ ပျက်စီးနေကြောင်း တွေ့ရသဖြင့် နေ့အိမ်သာများအား ပြုပြင်သင့်ပါသည်။

(င) အိပ်ဆောင်များတွင် ခင်းထားသော ဖယောင်းပုဆိုးများ ပေါက်ပြဲနေကြောင်း တွေ့ရသဖြင့် ယင်းဖယောင်းပုဆိုးများအား အသစ်လဲလှယ်သင့်ပါသည်။

(စ) အမျိုးသမီး အကျဉ်းသူများအတွက် လစဉ်သုံး ဂွမ်းထုပ်များအား အကျဉ်းဦးစီးဌာန၏ အစီအစဉ်ဖြင့် ထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးသင့်ပါသည်။

(ဆ) ကိုယ်ဝန်ဆောင် (၁) ဦးနှင့် ကလေးမိခင် (၂) ဦးတို့အား တွေ့ရှိရသဖြင့် ၎င်းတို့အတွက် မိခင်နို့တိုက်ကျွေးနိုင်ရေး ဖြည့်စွက်အစာများ ကျွေးမွေးသင့်ပါသည်။

၃။ ညောင်ဦးမြို့ရှိ အချုပ်ခန်းများနှင့် ပတ်သက်၍ အောက်ပါအတိုင်း အကြံပြုချက်များ-

(က) ညောင်ဦးမြို့နယ်ရဲအချုပ်ခန်းရှိ အမျိုးသမီးအချုပ်ခန်းတွင် အိမ်သာသီးခြားမရှိသဖြင့် ဆောက်လုပ်ပေးသင့်ပါသည်။

(ခ) ညောင်ဦးတရားရုံးရှိ ကျား/မ အချုပ်ခန်းများမှ အိမ်သာများမှာ မသန့်ရှင်းကြောင်း တွေ့ရသဖြင့် ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ပေးသင့်ပါသည်။

(ဂ) ညောင်ဦးမြို့နယ် ရဲအချုပ်ခန်း ဝင်ပေါက်သည် အမြင့် ၆ ပေရှိသော်လည်း ညောင်ဦး တရားရုံးအချုပ်ခန်းနှင့် ပုဂံရဲအချုပ်ခန်း ဝင်ပေါက်သည် အမြင့် ၄ ပေခွဲသာ ရှိသေးသဖြင့် ၆ ပေအမြင့် ပြင်ဆင်သွားသင့်ပါသည်။

၄။ မြင်းခြံအကျဉ်းထောင်နှင့် ပတ်သက်သည့် အကြံပြုချက်များ-

(က) ICRC အစီအစဉ်ဖြင့် ပြုလုပ်ပေးထားသော မိလ္လာမြောင်းများမှ အနံ့ဆိုးများ ထွက်နေသဖြင့် ယင်းအနံ့အသက်များ ပျောက်ကင်း သက်သာစေရန် ICRC သို့ အကြောင်းကြား၍ပြုပြင်ခြင်း သို့မဟုတ် ဘတ်ဂျက်ငွေ တောင်းခံ၍ ပြုပြင်ခြင်းများ ပြုလုပ်သင့်ပါသည်။

(ခ) အိပ်ဆောင်များတွင် ခင်းထားသော ဖယောင်းပုဆိုးများ ပေါက်ပြဲနေကြောင်း တွေ့ရသဖြင့် ယင်း ဖယောင်းပုဆိုးများအား အသစ်လဲလှယ်သင့်ပါသည်။

(ဂ) အကျဉ်းသားအင်အား များပြားကြပ်တည်းနေသဖြင့် အကျဉ်းသားအိပ်ဆောင်များ တိုးချဲ့ ဆောက်လုပ်ပေးသင့်ပါသည်။

(ဃ) ဆရာဝန်မရှိသဖြင့် လိုအပ်ချက်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ တောင်းခံသင့် ပါသည်။

(င) အိပ်ဆောင် ကော်ရစ်တာများ၌ တပ်ဆင်သွယ်တန်းထားသော မီးကြိုးများမှာ စနစ်ကျနမှု မရှိသဖြင့် ယင်းတို့အား စနစ်တကျ ပြန်လည်ပြင်ဆင် သွယ်တန်း ပေးသင့်ပါသည်။

(စ) ဆေးရုံဆောင်နှင့် ကျားအချုပ်ဆောင်တွင် မျက်နှာကျက်မရှိဘဲ ပိုးမျှင်များဖြင့် ရှုပ်ထွေးနေသော ကြောင့် ရှင်းလင်းပြီး မျက်နှာကြက် တပ်ဆင်သင့်ပါသည်။

(ဆ) အကျဉ်းထောင် စာကြည့်တိုက်တွင် သတင်းစာနှင့် ဂျာနယ်များမရှိသဖြင့် နေ့စဉ် ထုတ် သတင်းစာ၊ ဂျာနယ်များအား ထားပေးသင့်ပါသည်။

(ဇ) မီးဖိုကြီးတွင် မီးကြိုးများကို ပလတ်စတစ်ကြိုးများဖြင့် သွယ်တန်းထားသဖြင့် ယင်းတို့အား စနစ်တကျ ပြုပြင်သွယ်တန်းသင့်ပါသည်။

(ဈ) မီးဖိုကြီးရှိ ငပိပုံးနှင့် ပဲပုံးများတွင် ယင်ကောင်များ အုံနေခြင်းကြောင့် ဝမ်းရောဂါ ဖြစ်ပွားနိုင်သဖြင့် ရှင်းလင်းပေးသင့်ပါသည်။

(ည) မွေးဖွားပြီး (၃) ရက်ခန့်သာရှိသေးသော ကလေးနှင့်မိခင်အား ဖြည့်စွက်အစာများ ကျွေးမွေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများ ပေးသင့်ပါသည်။

(ဋ) အိပ်ဆောင် (၃) ရှိ အနံ့အသက် မကောင်းမွန်သော ရေအိုင်အား အပြင်သို့ ရေ စီးဆင်းအောင် ပြုလုပ်ခြင်း သို့မဟုတ် မြေဖို့ခြင်းများ ပြုလုပ်သင့်ပါသည်။

(ဌ) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ၁၄-၁၀-၂၀၁၆ ရက်နေ့က ခေါ်ယူတွေ့ဆုံ စစ်မေးခဲ့သော အကျဉ်းသား ၈ ဦးအနက် ထောင်ဝင်အမှတ် မခ/ ၁၂/၀၀၀၂၇/က ဝေယံလင်း (ဘ) ဦးထိန်လင်းအား ကော့သောင်း အကျဉ်းထောင်သို့ ပြောင်းရွှေ့ခဲ့သည်ဟု သိရှိရသဖြင့် ကော့သောင်း အစား ၎င်းအကျဉ်းသား၏ မိသားစုနှင့် နီးစပ်ရာ အကျဉ်းထောင်သို့ ပြန်လည်ပြောင်းရွှေ့ ပေးသင့်ပါသည်။

၅။ မြင်းခြံအကျဉ်းထောင်အား ၁၄-၁၀-၂၀၁၆ ရက်နေ့က မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ စစ်ဆေးချက်အရ ပေးပို့ခဲ့သော အကြံပြုချက်များအပေါ် ပြုပြင်ဆောင်ရွက် ပြီးစီးမှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ART ဆေးသောက်နေရသည့် HIV ပိုးရှိသူများနှင့် TB ဆေးသောက်နေသူများအား အင်အားဖြည့်စာအဖြစ် ဆေးရုံရိက္ခာ ကျွေးမွေးနေပြီကို တွေ့ရှိရပါသည်။

(ခ) ကျန်းမာရေးမကောင်းသော အကျဉ်းသား၊ သူများအားကုသရန် မန္တလေး ဗဟိုအကျဉ်းထောင်မှ ဆရာဝန်တစ်ဦးအား ၈-၁၁-၂၀၁၆ ရက်နေ့မှ ၈-၁၁-၂၀၁၆ ရက်နေ့ထိ တွဲဖက်ပေးထားပြီး မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန် တစ်ဦးကိုလည်း တစ်ပတ် ၄ ကြိမ် လာရောက် ဆေးကုသပေးနိုင်ရေး ဆောင်ရွက်ပေးနေသည်ကို တွေ့ရှိရပါသည်။

(ဂ) အကျဉ်းသားများအပေါ် တရားနည်းလမ်းမကျသည့် ငွေကြေးကောက်ခံခြင်းများကို လုံးဝမပြုလုပ်ရန် ဟန့်တားထားရှိကြောင်း သိရှိရပါသည်။

(ဃ) အကျဉ်းသားများ၏ ကိုယ်ပိုင်ပစ္စည်းများအား ကစ်ပုံပြသခြင်းနှင့်ပတ်သက်၍ ထောင်တာဝန်ခံအရာရှိမှ အကျဉ်းထောင်လက်စွဲနှင့်အညီ ဆောင်ရွက်လျက်ရှိသော်လည်း အကျဉ်းသားများ လိုအပ်သည်ထက်ပို၍ စိတ်ကြပ်တည်းပြီး မွန်းကြပ်မှု မရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်ဟု သိရှိရပါသည်။

(င) အကျဉ်းသားများအပေါ် စည်းကမ်းထိန်းသိမ်းခြင်းနှင့် ကြပ်မတ်ဆောင်ရွက်ခြင်းများအား တာဝန်ခံအရာရှိနှင့် ဝန်ထမ်းများသည် အကျဉ်းထောင် လက်စွဲနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

(စ) သတ်မှတ်ဝန်ထမ်းအင်အားအောက် လျော့နည်းနေသည့်အတွက် ၁၁/၂၀၁၆ လတွင် ပထမအကြိမ်အဖြစ် အကျဉ်းထောင်တပ်သား ၃ ဦး ထပ်မံဖြည့်တင်းပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။

(ဆ) ၁၄-၁၀-၂၀၁၆ ရက်နေ့က ကော်မရှင်မှ ခေါ်ယူတွေ့ဆုံခဲ့သော အကျဉ်းသား ၈ ဦးအနက် ထောင်ဝင်အမှတ် မခ/၁၂/ ၀၀၀၂၇/က ဝေယံလင်း (ဘ) ဦးထိန်လင်းအား ကော့သောင်း အကျဉ်းထောင်သို့ ၁-၁၂-၂၀၁၆ ရက်နေ့က ပြောင်းရွှေ့လိုက်ကြောင်း သိရှိရပါသည်။

(ဇ) အကျဉ်းသားများ၏ ကျန်းမာရေးအရ ဝယ်ယူပေးရန် တောင်းဆိုသော လိုအပ်သည့် ဆေးဝါးများအား ချက်ချင်းဝယ်ယူ ဖြည့်ဆည်း ဆောင်ရွက်ပေးနေသည်ဟု သိရှိရပါသည်။

(ဈ) ထောင်ဝင်စာ လာတွေ့သည့် မိသားစုများမှ ပေးခဲ့သော တစ်ကိုယ်ရေသုံး ဆေးဝါးများအား ဆရာဝန်နှင့် ကျန်းမာရေးမှူးတို့မှ စိစစ်ပြီး သုံးစွဲစေလျက်ရှိကြောင်း သိရှိရပါသည်။

(ည) အကျဉ်းထောင်အတွင်း ရာသီသီးနှံစိုက်ခင်းများ စိုက်ပျိုးရန်အတွက် တာဝန်ခံ အရာရှိ၏ အစီအစဉ်ဖြင့် မျိုးစေ့များအားထုတ်ပေး၍ စိုက်ပျိုးထားသည်ကို မျက်မြင် တွေ့ရှိရပါသည်။

(ဋ) ရိက္ခာဝယ်ယူရေးအတွက် ဒုတိယတာဝန်ခံအရာရှိမှ ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် အဖွဲ့ဝင် ၃ ဦးမှ ဝယ်ယူဖြည့်တင်း၍ တာဝန်ခံအရာရှိမှ ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် အဖွဲ့ဝင် ၃ ဦးမှ ဖွင့်ဖောက်စစ်ဆေးဆောင်ရွက်နေကြောင်း သိရှိရပါသည်။

၆။ မြင်းခြံမြို့ရှိ အချုပ်ခန်းများနှင့် ပတ်သက်သည့် အကြံပြုချက်များ-

(က) မြင်းခြံ မြို့မရဲအချုပ်ခန်း၊ မ အချုပ်ခန်း၌ အိမ်သာ မရှိသဖြင့် အိမ်သာ ဆောက်လုပ်ပေးသင့်ပါသည်။

(ခ) မြင်းခြံမြို့မ ရဲအချုပ်ခန်း၏ ဝင်ပေါက်သည်အမြင့် ၄ ပေခွဲသာရှိသေးသဖြင့် ၆ ပေ အမြင့်ပြင်ဆင်သွားသင့်ပါသည်။

(ဂ) မြင်းခြံမြို့နယ် တရားရုံးအချုပ်ခန်းသည် တရားရုံးနှင့် ဝေးကွာနေသဖြင့် အတူတွဲဖက်တည်ဆောက်ထားသင့်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့ရှိ အကျဉ်းထောင်၊ ရဲအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေး တွေ့ရှိချက်နှင့် စပ်လျဉ်း၍ ကော်မရှင်၏သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၃/၂၀၁၇)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ဟင်္သာတမြို့ရှိ အကျဉ်းထောင်၊ ရဲအချုပ်ခန်းများနှင့် တရားရုံး အချုပ်ခန်းတို့အား၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ နှင့် ၂၆ ရက်နေ့များတွင် ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

၂။ ဟင်္သာတအကျဉ်းထောင်နှင့် ပတ်သက်၍ ဆရာဝန်ရရှိရေး တောင်းခံရန်၊ စုတ်ပြဲနေသည့် ဖယောင်းပုဆိုး ဟောင်းများ ခင်းထားသည့် အိပ်ဆောင်များတွင် အသစ်လဲလှယ်ပေးရန်၊ TB ရောဂါသည် လူနာများအား အခြား အကျဉ်းသားများနှင့် တတ်နိုင်သရွေ့ ခွဲထားရန်၊ အမျိုးသမီး အကျဉ်းသူများအတွက် လစဉ်သုံးဂွမ်းထုပ်များ ထုတ်ပေးနိုင်ရေး စီစဉ်ပေးပါရန်၊ ကိုယ်ဝန်ဆောင် ၁ ဦး၊ ကလေးမိခင် ၆ ဦးနှင့်ကလေး ၆ ဦးတို့အား ဖြည့်စွက် အစာများ ကျွေးမွေးရန်၊ အိပ်ဆောင် ကော်ရစ်တာများရှိ မီးကြိုးများအား စနစ်တကျ ပြန်လည်ပြင်ဆင် သွယ်တန်း ပေးရန်၊ အိပ်ဆောင် အချို့ရှိ အိမ်သာများ ကောင်းမွန်သန့်ရှင်းစေရန်၊ မီးဖိုကြီး မျက်နှာကြက်တွင် ပိုးမျှင်များနှင့် မီးကြိုးများ ရှုပ်ထွေးနေသည်ကို ရှင်းလင်းပေးရန်၊ အကျဉ်းသား အိပ်ဆောင်များတွင် စာကြည့်တိုက် ၁ ခု သီးသန့်ထားရှိပေးရန် စသည်တို့ကို အကြံပြုခဲ့ပါသည်။

၃။ ဟင်္သာတမြို့နယ် တရားရုံးအချုပ်ခန်းသည် အကြီးစားပြင်ဆင်ရန် ခွင့်ပြုမိန့်ရရှိပြီး ဖြစ်သဖြင့် ပြန်လည် ဆောက်လုပ်သည့်အခါ အချုပ်ခန်းတွင် အိမ်သာတွဲ၍ ဆောက်ရန်နှင့် အချုပ်ခန်း ဝင်ပေါက်တံခါးအားအမြင့် ၆ ပေ ထားရှိ တည်ဆောက်ရန် စသည်တို့ကို အကြံပြုခဲ့ ပါသည်။

၄။ ဟင်္သာတမြို့၊ အမှတ် ၁ မြို့မရဲစခန်း အချုပ်ခန်းဝင်ပေါက်သည် အမြင့် ၃ ပေခွဲသာရှိ ပြီး၊ အမှတ် ၂ နယ်မြေ ရဲစခန်းအချုပ်ခန်း ဝင်ပေါက်သည် အမြင့် ၄ ပေသာရှိသဖြင့် အချုပ်ခန်း ဝင်ပေါက်များအား ၆ ပေအမြင့် ပြင်ဆင် သင့်ကြောင်း အကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်

**ဒုတိယအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံအား ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်ချက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သတင်းထုတ်ပြန်ချက် (၄ / ၂၀၁၇)

၁။ ဒုတိယအကြိမ် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ (၂၁) ရာစု ပင်လုံကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတွင် ကျင်းပလျက် ရှိကြပါသည်။

၂။ ဤညီလာခံကြီးတွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့ အပြင် NCA လက်မှတ်ရေးထိုးခြင်း မပြုရသေးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများပါ ပါဝင်တက်ရောက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) နှင့် သက်ဆိုင်ရာ အဖွဲ့အစည်း အသီးသီး၏ အားတက်သရော ကြိုးပမ်းအားထုတ်မှုများကို ကော်မရှင်က ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ကြိုဆိုထောက်ခံအပ်ပါသည်။

၃။ ညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြင့် ပြည်သူတစ်ရပ်လုံး လိုလားတောင့်တ လျက်ရှိသည့် ရေရှည်တည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းရေးကို ရရှိဖော်ဆောင်ရာတွင် များစွာ အထောက်အကူ ဖြစ်မည်ဟု မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရန်ကုန်တိုင်းဒေသကြီးရှိ အကျဉ်းထောင်၊ ရဲစခန်းအချုပ်ခန်းများနှင့် တရားရုံးအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးတွေ့ရှိချက်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၅/၂၀၁၇)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင်နှစ်ဦး ပါဝင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ရန်ကုန်တိုင်းဒေသကြီးရှိ အင်းစိန် ဗဟိုအကျဉ်းထောင်၊ အင်းစိန်မြို့မရဲစခန်း အချုပ်ခန်းနှင့် အင်းစိန်မြို့နယ် တရားရုံးအချုပ်ခန်းတို့အား ၂၀၁၇ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ စစ်ဆေးတွေ့ရှိချက်အရ အင်းစိန်မြို့မရဲစခန်းအချုပ်ခန်း၌ မ အချုပ်ခန်း အိမ်သာအား သန့်ရှင်းရေးဆောင်ရွက်ရန်၊ အင်းစိန်မြို့နယ် တရားရုံးအချုပ်ခန်းများ၌ ကွပ်ပျစ်များခင်းသင့်ပြီး မအချုပ်ခန်းအား အလင်းရောင်ကောင်းမွန်စွာရရှိရေး ဆောင်ရွက်ရန်၊ အင်းစိန် ဗဟိုအကျဉ်းထောင်၌ လူဦးရေကြပ်တည်းမှုအား ဖြေလျှော့နိုင်ရေး အကျဉ်းထောင်အတွင်း မြေနေရာလွတ်များတွင် အိပ်ဆောင်များ ထပ်မံတိုးချဲ့ ဆောက်လုပ်ရန်၊ ရုံးထုတ်ရာတွင် နောက်မှူ အကျဉ်းသားများအား ခြေကျင်းခတ်ခြင်းအစား အခြားနည်းဖြင့် လုံခြုံရေး ဆောင်ရွက်ရန်၊ မဖြစ်မနေ သံခြေကျင်း ခတ်ရမည်ဆိုပါကလည်း ယခုကဲ့သို့ သံကွင်းကို တူဖြင့် ထုနှက်တပ်ဆင်ခြင်းအစား အခြားနည်းလမ်းဖြင့် ဆောင်ရွက်ရန်၊ ဖွဲ့စည်းပုံအရ ဝန်ထမ်းလိုအပ်ချက်အား ဖြည့်ဆည်းပေးရန်၊ မန္တလေးအကျဉ်းထောင်မှ ပြောင်းရွှေ့ရောက်ရှိလာသော အကျဉ်းသားတစ်ဦးက ၎င်း၏မိခင်ဖြစ်သူသည် မန္တလေးအကျဉ်းထောင်၌ အကျဉ်းကျခံနေရသဖြင့် ၎င်း၏မိခင်ရှိရာ မန္တလေး ဗဟိုအကျဉ်းထောင်သို့ ပြောင်းရွှေ့ပေးပါရန် တင်ပြချက်အပေါ် ထည့်သွင်းစဉ်းစား၍ လိုအပ်သလို ဆောင်ရွက်ပေးရန်၊ ဘူလ်ဂေးရီးယား နိုင်ငံသားအကျဉ်းသား၏ တင်ပြချက်အရ မိခင်နိုင်ငံသို့ လွှဲပြောင်း အကျဉ်းကျခံနိုင်ရေး လိုအပ်သလို ဆောင်ရွက်ပေးရန် စသည့်အချက်များအား အကြံပြု ခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၅ ရက်

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ အကျဉ်းထောင်၊ ရဲစခန်း အချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးတွေ့ရှိချက်နှင့် စပ်လျဉ်း၍ ကော်မရှင်၏ သတင်းထုတ်ပြန်ချက် (၆ /၂၀၁၇)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ ပါဝင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၄-၃-၂၀၁၇ ရက်နေ့တွင် မြစ်ကြီးနားမြို့ရှိ အကျဉ်းထောင်၊ ရဲစခန်း အချုပ်ခန်းများ၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံအချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

၂။ မြစ်ကြီးနားအကျဉ်းထောင်အား အောက်ပါအတိုင်း အကြံပြုခဲ့ပါသည်-

(က) အကျဉ်းသားဦးရေ များပြားကြပ်တည်းနေဆဲဖြစ်သဖြင့် ထောင်ပြောင်းရွှေ့ခြင်း၊ အိပ်ဆောင်များ တိုးချဲ့ဆောက်လုပ်ခြင်း၊ မူးယစ်ဆေးဝါး ဥပဒေ ကျူးလွန်သူများအနက် ပမာဏအနည်းငယ်မျှသာ တွေ့ရှိရသူများအား အသိပညာပေးပြီး လျှော့ရက်များပေးကာ ထောင်အင်အား လျော့စေခြင်း စသည်ဖြင့် စီမံဆောင်ရွက်ရန်၊

(ခ) မူးယစ်ဆေးဝါးမှုဖြင့် ပြစ်ဒဏ်ကျခံနေရသည့် အသက် ၇၀ ကျော် သက်ကြီး အကျဉ်း သား/သူ ၂၂ ဦးအား အထက်အဆင့်ဆင့်သို့ တင်ပြ၍ ပြန်လည်လွတ်နိုင်မည့် နည်းလမ်းရှာဖွေ ဆောင်ရွက်ရန်၊

(ဂ) အကျဉ်းသားများအား ပညာရေးစာသင်ခန်းများ ဖွင့်လှစ်ပို့ချနိုင်ရေးအတွက် အကျဉ်းထောင် အတွင်း အဆောက်အဦ နေရာတစ်ခု စီစဉ်ရန်၊

(ဃ) စားဖိုကြီးတွင် အစားအသောက်နှင့် အိုးခွက်ပန်းကန်ထားရှိရာ နေရာများတွင် ယင်ကောင်များ တွေ့ရှိရသဖြင့် ယင်လုံဇကာများ တပ်ဆင်ရန်၊

(င) မိခင်အကျဉ်းသူများနှင့်အတူရှိသော ကလေးငယ်များအတွက် ဖြည့်စွက်နို့မှုန့်များ ထုတ်ပေးရန်၊

(စ) အဆောင်တိုင်းတွင် မီးသတ်ဆေးဘူးများထားရှိရန်၊

(ဆ) အကျဉ်းသူများနှင့်အတူရှိနေသော ကလေးငယ်များမှာ လူကြီးများထံမှ ရောဂါ ကူးစက်နိုင်သဖြင့် ပြင်ပမှ ကလေးအထူးကုများအား လစဉ်ပင့်ဖိတ်၍ စစ်ဆေး ကုသနိုင်ရေး ဆောင်ရွက်ရန်၊

(ဇ) မူးယစ်ဆေးဝါးအမှုဆိုင်ရာ အကျဉ်းသားများအတွက် ပညာပေးသင်တန်းများ ပို့ချပြီး ပြန်လည် ဆန်းစစ်ခြင်းဖြင့် လျှော့ရက်ပေးသည့် စနစ်ကို စမ်းသပ်ကျင့်သုံးရန်၊

၃။ မြစ်ကြီးနား မြို့နယ်မြေရဲစခန်း အချုပ်ခန်းရှိ အိမ်သာများ သန့်ရှင်းရေး ဆောင်ရွက်ရန်၊ ဆေးရုံအချုပ်ခန်း အချုပ်သား လူနာအခန်းမှာ အနံ့အသက်မကောင်းသဖြင့် သန့်ရှင်းရေး ဆောင်ရွက်ပေးရန်၊ အချုပ်သူလူနာများအား အညောင်းပြေ လမ်းလျှောက်နိုင်ရန် အချုပ်သားများနှင့် သီးခြားခွဲ၍ ဆောင်ရွက်ပေးရန်၊ လေဖြတ်နေသော အချုပ်သား လူနာအား မိသားစုမှ လူနာစောင့်နိုင်ရေး ဆောင်ရွက်ပေးရန် စသည့်အချက်များအား အကြံပြုခဲ့ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ခုနှစ်၊ ဧပြီလ ၅ ရက်

**သတင်းမီဒီယာသမား ၃ ဦး အရေးယူခံရခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက် (၇/၂၀၁၇)**

၁။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ဧရာဝတီသတင်းဌာနမှ အကြီးတန်း သတင်းထောက်တစ်ဦးနှင့် ဒီမိုကရက်တစ် မြန်မာ့အသံမှ သတင်းထောက် နှစ်ဦးတို့အား TNLA လက်နက်ကိုင်အဖွဲ့နှင့် ဆက်သွယ်၍ ပြန်လည်ထွက်ခွာလာခြင်းဖြစ်ကြောင်း သိရှိရသဖြင့် တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေးအတွက် လားရှိုးမြို့နယ်ရဲစခန်းသို့ ပို့ဆောင်ထားကြောင်း သိရှိရပါသည်။ အဆိုပါကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများက သတင်းမီဒီယာ လွတ်လပ်ခွင့်ကို ဖောက်ဖျက်ရာရောက်ကြောင်း ရေးသားဖော်ပြကြပါသည်။

၂။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အရေးယူခံရသူများသည် သတင်းမီဒီယာသမားများ ဖြစ်သဖြင့် ၎င်းတို့၏ သတင်းရယူခွင့်နှင့် သတင်းလွတ်လပ်ခွင့်ကို အလေးထား စဉ်းစားရန်နှင့် ယခုအချိန်သည် ပြည်ထောင်စုငြိမ်းချမ်းရေးကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဖော်ဆောင်နေသော အချိန်ကာလ ဖြစ်သည်ဆိုသည့် အချက်ကိုလည်း ထည့်သွင်းစဉ်းစားရန် သင့်မြတ်မည်ဟု မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ယူဆပါသည်။

၃။ ဆိုပါ သတင်းမီဒီယာသမားများအား ထိန်းသိမ်းထားစဉ် ညှဉ်းပန်းနှိပ်စက်မှု မခံရစေရန်၊ ကျန်းမာရေးစောင့်ရှောက်မှု ခံစားခွင့်ပြုရန်၊ မိသားစုနှင့် တွေ့ဆုံခွင့်ပြုရန်နှင့် တရားရင်ဆိုင်သည့် အခါတွင် ရှေ့နေငှားရမ်းခွင့်နှင့် တိုင်ပင်ခွင့်ပြုရန်စသည့် ၎င်းတို့၏ အခြေခံအခွင့်အရေးများအား ခံစားခွင့်ပေးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏**
**သတင်းထုတ်ပြန်ချက် (၈/၂၀၁၇)**

၁။ ၂၀၁၆-၁၇ ပညာသင်နှစ်၌ တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့သည့် မန္တလေး ဗဟို အကျဉ်းထောင်မှ ကျောင်းသား၊ ကျောင်းသူ ၅ ဦးနှင့် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ကျောင်းသား ၂ ဦးတို့ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့က နိုင်ငံတော် လွတ်ငြိမ်းချမ်းသာ ခွင့်ဖြင့် လွတ်ပေးလိုက်သည့် သတင်းအား မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ဝမ်းမြောက်စွာဖြင့် ကြိုဆိုထောက်ခံပါသည်။

၂။ အလားတူ အကြောင်းအမျိုးမျိုးကြောင့် အကျဉ်းထောင်များအတွင်းသို့ ပညာရေး တစ်ပိုင်းတစ်စဖြင့် ရောက်ရှိလာကြသော လူငယ်အကျဉ်းသား၊ အကျဉ်းသူများအနက် ပညာရေးကို ကြိုးပမ်းအားထုတ်ပြီး အောင်မြင်မှု ရှိသည့် ကျောင်းသား၊ ကျောင်းသူများကို ၎င်းတို့၏ စာရိတ္တ ပြုပြင်မှု အနေအထားကို ထောက်ရှု၍ နောင်တွင်လည်း နိုင်ငံတော်က ယခုကဲ့သို့ လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဖြင့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်သည့် လူငယ်များ အဖြစ် ရောက်ရှိစေနိုင်မည်ဟု ယုံကြည်ပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၈ ရက်

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်
## သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၉/၂၀၁၇)

၁။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့ နံနက်ပိုင်းတွင် အစွန်းရောက် အကြမ်းဖက်သမားများသည် မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ် အတွင်းရှိ လုံခြုံရေး တာဝန် ထမ်းဆောင်နေသော ရဲကင်းစခန်း ၃၀ နှင့် တောင်ဘဇာ ကျေးရွာရှိ နယ်မြေခံတပ်ရင်းဌာနချုပ်တို့ကို အကြမ်းဖက် တိုက်ခိုက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင် ၁၀ ဦး၊ တပ်မတော်သား ၁ ဦး စုစုပေါင်း လုံခြုံရေးတပ်ဖွဲ့ဝင် ၁၁ ဦးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်း ၁ ဦးတို့ ကျဆုံးပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ၉ ဦးနှင့် အပြစ်မဲ့ပြည်သူ အများအပြား ဒဏ်ရာရရှိကာ လက်နက် ၆ လက် ဆုံးရှုံးခဲ့ရကြောင်း သိရှိရပါ သည်။

၂။ ယင်းကဲ့သို့ အကြမ်းဖက်သမားများ၏ လက်နက်မျိုးစုံ စွဲကိုင်၍ သောင်းကျန်းသော နည်းလမ်းဖြင့် ကြမ်းတမ်းရက်စက်သည့် တိုက်ခိုက်မှု လုပ်ရပ်များကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါသည်။

၃။ နိုင်ငံတော်အစိုးရက ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုနှင့် သဟဇာတ ဖြစ်မှုတို့အတွက် ဆောင်ရွက်နေချိန်တွင် ယခုဖြစ်ရပ်သည် နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို များစွာ ထိခိုက်စေသည်ဟု ခံယူပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် သတင်းမီဒီယာသမား ၃ ဦးအား အမှု ကျေအေးပေးလိုက်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၁၀ /၂၀၁၇)**

၁။ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ဧရာဝတီသတင်းဌာနမှ အကြီးတန်း သတင်းထောက် တစ်ဦးနှင့် ဒီမိုကရက်တစ် မြန်မာ့အသံမှ သတင်းထောက် နှစ်ဦးတို့အား မတရားအသင်းအက် ဥပဒေ ပုဒ်မ ၁၇ (၁) ဖြင့် တပ်မတော်မှ တရားလိုပြုလုပ်၍ တရားစွဲဆိုခဲ့ပြီး သီပေါ အကျဉ်းထောင်တွင် ချုပ်နှောင်ခံနေရကြောင်း သိရှိရပါသည်။

၂။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း သီပေါအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးစဉ် အဆိုပါ သတင်းထောက် ၃ ဦးတို့နှင့် တွေ့ဆုံခဲ့ပြီး ၎င်းတို့၏ တင်ပြချက်များအပေါ် သုံးသပ်၍ ကာကွယ်ရေးဝန်ကြီးဌာနသို့ ပေးပို့ခဲ့ပါသည်။

၃။ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့ ညနေပိုင်းတွင် တပ်မတော်မှ တရားစွဲဆိုထားခြင်းအား ကျေအေးရုပ်သိမ်းပေးခဲ့ပြီး သတင်းမီဒီယာသမား ၃ ဦးအား အာမခံပေး၍ လွှတ်ပေးလိုက်ကြောင်း ကြားသိရသဖြင့် နောင်တွင် တပ်မတော်နှင့် သတင်းမီဒီယာများအကြား အပြန်အလှန် နားလည်ယုံကြည်မှု ပိုမိုတိုးတက် ခိုင်မြဲစေရေးအတွက် အထောက်အကူ ဖြစ်စေသည်ဟု ယူဆပါကြောင်း မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ထောက်ခံကြိုဆို ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရခိုင်ပြည်နယ်အတွင်းရှိ မောင်တော၊ ဘူးသီးတောင်မြို့နယ်များတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုများနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၁၁/၂၀၁၇)**

၁။ ဘူးသီးတောင်၊ မောင်တောမြို့နယ်များတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့သည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှ ၂၉ ရက်နေ့ အထိ ကွင်းဆင်းကြည့်ရှု လေ့လာခဲ့ပါသည်။

၂။ ထိုသို့ သွားရောက်ရာတွင် ဘင်္ဂါလီရွာ ၅ ရွာ၊ တိုင်းရင်းသားရွာ ၇ ရွာ၊ ဟိန္ဒူရွာ ၁ ရွာတို့သို့လည်းကောင်း၊ ဒုက္ခသည်စခန်းများအနေဖြင့် ဘင်္ဂါလီစခန်း ၁ ခု၊ တိုင်းရင်းသားစခန်း ၇ ခု၊ ဟိန္ဒူစခန်း ၂ ခု၊ ဘုန်းတော်ကြီးကျောင်း ၆ ကျောင်းတို့သို့လည်းကောင်း သွားရောက်၍ ဘင်္ဂါလီ ၇၁ ဦး၊ တိုင်းရင်းသား ၃၃ ဦး၊ ဟိန္ဒူဘာသာဝင် ၁၃ ဦးတို့အား လွတ်လပ်စွာ တွေ့ဆုံမေးမြန်းခဲ့သည့်အပြင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများကိုလည်း တွေ့ဆုံ မေးမြန်းခဲ့ပါသည်။

၃။ တွေ့ဆုံမေးမြန်းချက်များအရ ARSA အကြမ်းဖက်သမားများသည် နယ်မြေအတွင်းရှိ လူငယ်များအား စည်းရုံးခြင်း၊ ခြိမ်းခြောက်သိမ်းသွင်းခြင်း၊ အကြမ်းဖက် တိုက်ခိုက်နည်းများ သင်ကြားလေ့ကျင့်ပေးခြင်း၊ ၎င်းတို့ စည်းရုံးမှုကို လက်မခံသူများအား ခြိမ်းခြောက်သတ်ဖြတ်ခြင်း၊ အစိုးရသတင်းပေးဟု ယူဆသူများ၊ သတင်းမီဒီယာ နှင့် တာဝန်ရှိသူများက လာရောက်မေးမြန်း သည့်အခါ ၎င်းတို့အား ဆန့်ကျင်ဖြေကြားခဲ့သူများအား သတ်ဖြတ်ခြင်း၊ တိုင်းရင်းသား လူနည်းစု များ နေထိုင်သည့် ကျေးရွာများသို့ သွားရောက်ခြိမ်းခြောက်ခြင်း၊ တိုင်းရင်းသားများနှင့် ဟိန္ဒူ ဘာသာဝင်များအား အုပ်စုလိုက် သတ်ဖြတ်ခြင်း၊ နယ်မြေ လုံခြုံရေးဆောင်ရွက်နေသော ရဲတပ်ဖွဲ့ စခန်းများ၊ နတလစခန်းများနှင့် တိုင်းရင်းသား ကျေးရွာများအား အကြမ်းဖက် တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

၄။ အကြမ်းဖက် သောင်းကျန်းသူများနှင့် တိုက်ခိုက်သည့်ဖြစ်စဉ်များ ရပ်ဆိုင်းသွားပြီး နောက်ပိုင်း ၂၈-၉-၂၀၁၇ ရက်နေ့တွင် အလယ်သံကျော် ကျေးရွာအနီး ပင်လယ်ကမ်းခြေ၌ တစ်ဖက်နိုင်ငံသို့ သွားရောက်ရန် စုဝေးစောင့်ဆိုင်းနေသည့် ဘင်္ဂါလီ ၁၀၀၀ ခန့် ရောက်ရှိနေကြောင်း သတင်းအရကော်မရှင် ကြည့်ရှုလေ့လာရေးအဖွဲ့မှ သွားရောက် တွေ့ဆုံမေးမြန်းခဲ့ပါသည်။ ၎င်းတို့က တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေသော အသိမိတ်ဆွေများက တယ်လီဖုန်းဖြင့် ဆက်သွယ် ကာ ၎င်းတို့ဘက်တွင် စားသောက်နေထိုင်ရေး အဆင်ပြေသဖြင့် လာရောက်ရန် ခေါ်ယူမှုများ ရှိနေပြီး ၎င်းတို့အနေဖြင့်လည်း လက်ရှိနေရာတွင် လုံခြုံရေးနှင့် စားသောက်ရေး အခက်အခဲများ ကြုံတွေ့နေရခြင်းတို့ကြောင့် သွားရောက်လိုခြင်းဖြစ်ကြောင်း ပြောကြားပါသည်။ မိမိတို့ဘက်မှ လုံခြုံရေးနှင့် စားသောက်ရေး အခက်အခဲများကို ကူညီဖြေရှင်းပေးနေကြောင်း ပြောကြားခဲ့သော်လည်း ၎င်းတို့အား စက်လှေများဖြင့် လာရောက်ခေါ်ဆောင်ရန် စီစဉ်ထားပြီးဖြစ်၍ မိမိတို့ဆန္ဒအလျောက် ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း ဖြေကြားကြပါသည်။

၅။ ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူးသီးတောင်၊ မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာ မထိပါးရေး၊ ထိုဒေသတွင် နေထိုင်သူများ၏ လူ့အခွင့်အရေး ထိခိုက်နစ်နာမှုများ ထပ်မံမဖြစ်ပွားစေရေးအတွက် လိုအပ်သည့်လုံခြုံရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့်စီးပွားရေးတို့ကို အမြန် ပြန်လည် ထူထောင်ရေးနှင့် ယင်းဒေသတွင် ခရီးသွားလုပ်ငန်းများ၊ ငါးဖမ်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး

အတွက် နိုင်ငံတော်က စီမံချက်ချမှတ်၍ ဆောင်ရွက်သင့်ပါကြောင်းနှင့် ထိုဒေသလုံခြုံရေးအတွက် ရဲစခန်းများ၊ ရဲကင်းများ၊ လုံခြုံရေးစခန်းများကို လိုအပ်သလို တိုးချဲ့တည်ဆောက်ပေးသင့်ပါကြောင်း အကြံပြုအပ်ပါသည်။

၆။ နေရပ်စွန့်ခွာ ထွက်မပြေးဘဲ ငြိမ်းချမ်းစွာကျန်ရှိနေထိုင်သော ဘင်္ဂါလီများအား ၎င်းတို့၏ စားဝတ်နေရေးခက်အခဲနှင့် ကျန်းမာရေး၊ လူမှုရေး အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် အမြန်ဆုံးစာရင်းကောက်ယူပြုစု၍ ဒေသအုပ်ချုပ်ရေး အစီအစဉ် ဖြင့် ယာယီထောက်ခံချက်များကို ထုတ်ပေးပြီးဒေသတွင်း လွတ်လပ်စွာ သွားလာရှာဖွေစားသောက်ခွင့်ပြုပေးခြင်းနှင့် ထိုဒေသတွင် နေထိုင်သူများအားလုံးအတွက် လတ်တလော လိုအပ်နေသည့် စားနပ်ရိက္ခာများနှင့် ဆေးဝါးများကို လိုအပ်သလို ထောက်ပံ့ ကူညီပေးခြင်းတို့ ဆောင်ရွက်ပေးသင့်ပါသည်။

၇။ နေရပ်စွန့်ခွာတိမ်းရှောင်သွားကြသည့် ဘင်္ဂါလီများအားပြန်လည်လက်ခံရာတွင် ရာဇဝတ်မှု ကျူးလွန်ခဲ့သူများ ARSA အကြမ်းဖက် သောင်းကျန်းသူများ ပါရှိမလာစေ ရေးစနစ်တကျ စိစစ် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပြန်လည်နေရာချထားရေးကိစ္စများ ဆောင်ရွက်ရာတွင်လည်း ရေရှည်ငြိမ်းချမ်းစွာ နေထိုင်နိုင်ရေးကို အလေးအနက်ထား ဆောင်ရွက်သင့်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ရခိုင်ပြည်နယ်အတွင်းရှိ မောင်တော၊ ဘူးသီးတောင်မြို့နယ် များတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ ကော်မရှင်၏ ကွင်းဆင်းကြည့်ရှုခြင်းနှင့် ပတ်သက်သည့် သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၁၂/၂၀၁၇)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးယုလွင်အောင်နှင့် ဒေါက်တာ မြင့်ကြည်တို့ ပါဝင်သည့် ကွင်းဆင်းကြည့်ရှု လေ့လာရေးအဖွဲ့သည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကော်မရှင်ရုံးဝန်ထမ်း ၄ ဦးနှင့်အတူ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များသို့ ကွင်းဆင်း လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများကို လေ့လာခဲ့ပါသည်။

၂။ ယင်းကဲ့သို့ လေ့လာရာတွင် ရွှေ့ပြောင်းခြင်းမပြုဘဲ သို့မဟုတ် မီးလောင်ကျွမ်းမှု မရှိဘဲ ကျန်ရှိနေသည့် ရွာများ အနက် ဘင်္ဂါလီရွာ ၅ ရွာ၊ တိုင်းရင်းသားရွာ ၅ ရွာ၊ ရခိုင်ရွာ ၂ ရွာ၊ ဟိန္ဒူရွာ၁ရွာ၊ စုစုပေါင်း ၁၃ ရွာနှင့် အကြမ်းဖက် လုပ်ရပ်များကြောင့် နေရပ်စွန့်ခွာလာ သူများအား စောင့်ရှောက် ထားသည့် ဘင်္ဂါလီစခန်း ၁ ခု၊ တိုင်းရင်းသားစခန်း ၇ ခု၊ ဘုန်းတော်ကြီးကျောင်း ၆ ကျောင်း၊ ဟိန္ဒူစခန်း ၂ ခု စုစုပေါင်း ၁၆ ခုမှ ဘင်္ဂါလီ ၇၁ ဦး၊ တိုင်းရင်းသား ၃၃ ဦး၊ ဟိန္ဒူ ၁၃ ဦး၊ ဘူးသီးတောင်မြို့မှ ဘင်္ဂါလီ ရပ်မိရပ်ဖ ၂ ဦးတို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်။

၃။ အထက်ပါတွေ့ဆုံမေးမြန်းမှုများမှ အောက်ပါအချက်များကို တွေ့ရှိရပါသည်-

(က) ဩဂုတ်လ ၂၅ ရက်နေ့ အကြမ်းဖက် တိုက်ခိုက်မှုများမဖြစ်မီ တဖက်နိုင်ငံမှ စိမ့်ဝင်လာသော ARSA အကြမ်းဖက်သမားများသည်-

- နယ်မြေအတွင်းရှိ ဘင်္ဂါလီကျေးရွာများသို့ ဝင်ရောက်၍ လူငယ်များအား စည်းရုံးခြင်း၊ ခြိမ်းခြောက်သိမ်းသွင်းခြင်း၊ အကြမ်းဖက် တိုက်ခိုက်နည်းများ၊ လက်လုပ်ဗုံး ပြုလုပ်နည်းများ သင်ကြားလေ့ကျင့်ပေးခြင်းများ ပြုလုပ်ခဲ့ကြသည်ဟု သိရှိရပါသည်။

- အကြမ်းဖက် သင်တန်းပေးရာတွင်လည်း ၎င်းတို့ဩဇာအာဏာ လက်မခံသူ မွတ်ဆလင်များ အား ခြိမ်းခြောက်ခြင်း သတ်ဖြတ်ခြင်းများ ပြုလုပ်သည်ဟု သိရှိ ရပါသည်။

- အစိုးရသတင်းပေးဟု ယူဆသူများ၊ သတင်းမီဒီယာနှင့် တာဝန်ရှိသူများက မေးမြန်းမှုများကို အမှန်အတိုင်း ဖြေကြားခဲ့သူများအား သတ်ဖြတ်ခြင်းဖြင့် ဒေသန္တရ အုပ်ချုပ်သူများနှင့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအား သတင်းဆက်ဖြတ်သည့်လုပ်ငန်းကို လုပ်ဆောင်ခဲ့ ကြောင်း သိရှိရပါသည်။ (သာဓကအားဖြင့် မောင်တောမြို့နယ်တွင် အုပ်ချုပ်ရေးမှူး ၃ ဦး၊ ကျေးရွာတာဝန်ခံ ၁ ဦး၊ ရာအိမ်မှူး ၃ ဦး၊ ဆယ်အိမ်မှူး ၃ ဦး၊ ကျေးရွာ ကော်မရှင်ဥက္ကဋ္ဌ ၁ ဦး၊ အရပ်သား ၃၉ ဦး၊ စုစုပေါင်း ၅၀ ဦးတို့ သတ်ဖြတ်ခံခဲ့ရပြီး ရာအိမ်မှူး ၁ ဦးနှင့် အရပ်သား ၁၇ ဦးတို့ ပျောက်ဆုံးခဲ့ပါသည်။ ထို့အတူ ဘူးသီးတောင်မြို့နယ်တွင် ကျေးရွာတာဝန်ခံ ၂ ဦး၊ ရာအိမ်မှူး ၂ ဦး၊ ဆယ်အိမ်မှူး ၂ ဦး၊ အရပ်သား ၁၁ ဦး၊ စုစုပေါင်း ၁၇ ဦးတို့ သတ်ဖြတ်ခံခဲ့ရ ပြီး ရာအိမ်မှူး ၂ ဦး၊ အရပ်သား ၁ ဦးတို့ ပျောက်ဆုံးခဲ့ပါသည်။ စုစုပေါင်းချုပ်အနေဖြင့် သတ်ဖြတ်ခံရသူ ၆၇ ဦးနှင့် သေဆုံးသွားပြီဟု ယူဆရသော ပျောက်ဆုံးနေသူ ၂၁ ဦး ရှိကြောင်း သိရှိရပါသည်။)

- ၎င်းနောက် တိုင်းရင်းသားလူနည်းစုများ နေထိုင်သည့် ကျေးရွာများသို့ သွားရောက်ခြိမ်းခြောက် ခြင်း၊ လှုပ်ရှားသွားလာနေသော တိုင်းရင်းသားများအား အုပ်စုလိုက် စီးနင်းသတ်ဖြတ်ခြင်းများ

ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။ (သာဓကအားဖြင့် ဩဂုတ်လ ၃ ရက်နေ့က ဘူးသီးတောင်မြို့နယ်၊ ကိုင်းကြီး (မြို) ကျေးရွာမှ မြိုတိုင်းရင်းသား ၈ ဦး၊ ဩဂုတ်လ ၂၄ ရက်နေ့ခန့်က ရဲဘောက်ကျ ကျေးရွာနှင့် ခမောင်းဆိပ်ကျေးရွာမှ ဟိန္ဒူဘာသာဝင် ၉၃ ဦးတို့အား အုပ်စုလိုက် သတ်ဖြတ်ခဲ့ခြင်းများကို ဆိုလိုပါသည်။)

- ၎င်းနောက် ဩဂုတ်လ ၂၅ ရက် (သောကြာနေ့) တွင် ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တော ဒေသရှိ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော ရဲတပ်ဖွဲ့စခန်းများ၊ နတလစခန်းများအား အကြမ်းဖက် တိုက်ခိုက်ခဲ့ ပါသည်။

(ခ) တိုက်ခိုက်ရာတွင် အဓိကအကြမ်းဖက် တိုက်ခိုက်သူများနှင့် နယ်မြေခံ ကျေးရွာများရှိ ၎င်းတို့ စည်းရုံးထားသော မွတ်စလင်လူငယ်များက ဝတ်ရုံအနက်များ ဝတ်ဆင်ပြီး လက်နက်ငယ်များနှင့် လက်လုပ်မိုင်းများ ကိုင်ဆောင်ပစ်ခတ် တိုက်ခိုက်ကြ သည်ဟု သိရပါသည်။

(ဂ) အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် ကျန်ရွာသားများက အင်အား ၃၀၀ ကျော်မှ ၁၀၀၀ ဦးခန့်ထိ စုစည်း၍ တုတ်၊ ဓားများ ကိုင်ဆောင်ကာ တိုင်းရင်းသားများနှင့် စခန်းရှိ လုံခြုံရေး တပ်ဖွဲ့ဝင်များ တုန်လှုပ်ခြောက်ခြားစေရန် ညာသံပေး အော်ဟစ်ခြင်း၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်ခြင်း၊ တုတ်၊ ဓား စသည့် လူကို သေစေနိုင်သော လက်နက်များဖြင့် အနီးကပ် ဝင်ရောက်ထိုးခုတ် သတ်ဖြတ်ခြင်း စသည့် နည်းဗျူဟာများဖြင့် တိုက်ခိုက်ခဲ့ကြသည်ဟု သိရှိရပါသည်။

(ဃ) ဘင်္ဂါလီ အကြမ်းဖက်သမားများက ၎င်းတို့စည်းရုံး၍ မရသော ကျေးရွာများအား မီးရှို့ခြင်းဖြင့် ခြိမ်းခြောက်မှုများ ပြုလုပ်သကဲ့သို့ မိမိတို့ စည်းရုံးထားသော ကျေးရွာများကိုလည်း မီးရှို့ခြင်းဖြင့် ထိုဒေသတွင်နေထိုင်သူ ဘင်္ဂါလီများ ဆက်လက်နေထိုင်၍ မရဘဲ တဖက်နိုင်ငံသို့ သွားရောက်ခိုလှုံ စေရေးအတွက် ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိ ရပါသည်။

(င) ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် မိမိနိုင်ငံအပေါ် နိုင်ငံတကာမှ အထင်အမြင် လွဲမှားမှုများဖြစ်စေပြီး ဒုက္ခသည်များအဖြစ် အသွင်ယူကာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး၊ ၎င်းတို့အတွက် သီးခြား နယ်မြေ ထူထောင်နိုင်ရေး ဆောင်ရွက်ရန် ပြန်လည် ရောက်ရှိချိန်တွင် လတ်တလော အသုံးပြုနိုင် ရေးအတွက် မီးရှို့ထားသော နေအိမ်များ၏ မြေအောက်၌ အဝတ်အစားများ၊ ဆန်များ၊ အခြား အသုံးအဆောင်များကို တွင်းတူး၍ မြှုပ်ထားသည်ကိုလည်း ပြန်လည်ဖော်ထုတ် တွေ့ရှိရသည်ဟု သိရှိရပါသည်။

(စ) မောင်တောခရိုင်အတွင်း ရပ်ကွက်ကျေးရွာပေါင်း ၇၃၄ ရှိသည့်အနက် ၁၈၂ မှာ ဘင်္ဂါလီအကြမ်းဖက် သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်သွားခဲ့ပါသည်။ အိမ်ခြေအားဖြင့် ၁ သိန်း ၄ ထောင် ကျော်ရှိရာမှ ၂ သောင်း ၉ ထောင်ကျော် မီးလောင်ပျက်စီးသွားသည်ဟု သက်ဆိုင်ရာဌာနမှ ရရှိသော အချက်အလက်များအရ သိရှိရပါသည်။

(ဆ) ARSA အကြမ်းဖက်သမားများက ရဲဘောက်ကျကျေးရွာနှင့် ခမောင်းဆိပ်ကျေးရွာတို့မှ ဖမ်းဆီး ခေါ်ဆောင်သွားသော ဟိန္ဒူဘာသာဝင်များအနက် အလောင်း ၄၅ လောင်းတွေ့ရှိရပြီး အမျိုးသမီး ငယ် ၈ ဦးမှာ တဖက်နိုင်ငံသို့ ဖမ်းဆီး ခေါ်ဆောင်သွားခြင်းခံရကာ အစ္စလမ်ဘာသာသို့ အဓမ္မ သိမ်းသွင်းခံရကြောင်းနှင့် လမ်းတလျှောက်တွင် သားမယားပြုကျင့်ခံရကြောင်းသိရှိရပါသည်။

(ဓ) အဆိုပါ အကြမ်းဖက်ဖြစ်စဉ်များသည် မော်လဝီဘာသာရေးခေါင်းဆောင်အချို့၏ စည်းရုံးလှုံ့ဆော်မှုများ၊ တဖက်နိုင်ငံမှ ခိုးဝင်လာသော ARSA အကြမ်းဖက်သမားများ၏ ခြိမ်းခြောက်မှု၊ စည်းရုံးသိမ်းသွင်းမှုများနှင့် ဒေသခံ ဘင်္ဂါလီများ၏ စာမတတ်မှု၊ အသိပညာ နည်းပါးမှုများကြောင့် ဖြစ်ပွားခဲ့ရသည်ဟု ဆွေးနွေးတင်ပြမှု များအရ သိရှိခဲ့ရပါသည်။

(ဈ) ညောင်ချောင်း ဘင်္ဂါလီကျေးရွာသားများက ၎င်းတို့ကျေးရွာသို့ အကြမ်းဖက် ဘင်္ဂါလီများက လာရောက်စည်းရုံးမှုများ ပြုလုပ်ခဲ့သော်လည်း ၎င်းတို့အနေဖြင့် လိုက်ပါသွားခြင်း မရှိခဲ့ကြောင်း၊ ၎င်းတို့သည် ဘိုးဘွားလက်ထဲ ကတည်းက ဤကျေးရွာတွင် နေထိုင်ခဲ့ကြသူများဖြစ်၍ မိမိတို့၏ မိသားစုနှင့်အတူ ငြိမ်းချမ်းစွာ ဆက်လက်နေထိုင်လိုကြောင်း၊ ၎င်းတို့၏ လုံခြုံရေးနှင့် စားဝတ်နေရေးအတွက် အဆင်ပြေအောင် ကူညီစောင့်ရှောက်ပေးစေလိုကြောင်း တင်ပြပါသည်။

(ည) ပန်းတောပြင် ဘင်္ဂါလီကျေးရွာမှ ကျောင်းဆရာတစ်ဦးက၎င်းတို့သည် ဤမြေပေါ်တွင် ဘိုးဘွားအစဉ်အဆက်က မွေးဖွားလာခဲ့ကြသော ဤနိုင်ငံသားများဖြစ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မွေးဖွားသော ဘင်္ဂါလီများ မဟုတ်ကြောင်း၊ သို့ဖြစ်၍ ၎င်းတို့ကို ဘင်္ဂါလီဟု ခေါ်ဆိုနေခြင်းကို မကျေနပ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း လွတ်လပ်စွာ သွားလာခွင့် မရှိသည်ကိုလည်း မကျေနပ်ကြောင်း စသည်ဖြင့် ပြောကြားပါသည်။ (ထိုအချိန်တွင်ပင် တပ်မတော်မှ စစ်ကားတစ်စီးဖြင့် စစ်သည်များ ရွာတွင်းသို့ ဝင်ရောက်လာသည်ကို တွေ့ရှိရသဖြင့်မေးမြန်းရာ ရွာသားများအား ဆေးကုသပေးရန် လာသည်ဟု သိရှိရပါသည်။)

(ဋ) ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ရန် အလယ်သံကျော်ကျေးရွာအနီး ပင်လယ်ကမ်းခြေ သဲသောင်ပြင်၌ ရောက်ရှိနေသော ဘင်္ဂါလီများအား သွားရောက် တွေ့ဆုံမေးမြန်းချက်များအရ ၎င်းတို့အနက်အချို့သည် ပဋိပက္ခ ဖြစ်ပွားနေသော နေရာများမှ လာရောက်ခြင်းမဟုတ်ဘဲ မေယုတောင်ကြော၏ အရှေ့ဘက်၊ ဘူးသီးတောင်မြို့၏ တောင်ဘက်ခြမ်း ကျေးရွာများမှ လာရောက်ကြသူများ ဖြစ်သည့်အပြင် အချို့မှာ မြောက်ဦးဘက်မှ လာရောက်ကြသည်ဟု သိရှိရပါသည်။ ၎င်းတို့အား တစ်ဖက်နိုင်ငံရှိ ၎င်းတို့၏ မိတ်ဆွေများမှ တယ်လီဖုန်းဖြင့် စည်းရုံးခေါ်ယူခဲ့ခြင်းများကြောင့် သွားရောက်ခြင်းဖြစ်ပြီး သွားရောက်ရန်အတွက် စီးနင်းမည့် စက်လှေကိုလည်း တစ်ဖက်နိုင်ငံဘက်ရှိ ဘင်္ဂါလီမိတ်ဆွေများက စီစဉ်ပေးသည်ဟု သိရှိရပါသည်။

(ဌ) ARSA အကြမ်းဖက်သောင်းကျန်းသူများ၏ နည်းမျိုးစုံဖြင့် ခြိမ်းခြောက်စည်းရုံးမှုကြောင့် ဆူပူအုံကြွ၍ လုံခြုံရေးစခန်းများနှင့် တိုင်းရင်းသား ကျေးရွာများအား ရွာလုံးကျွတ် ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြသော ဘင်္ဂါလီများသည် ပြန်လည်တုန့်ပြန် လက်စားချေမည်ကို စိုးရိမ်ကြောက်လန့်ပြီး နေအိမ်စွန့်ခွာထွက်ပြေးခဲ့ကြရာ မိမိတို့ နေအိမ်များကို မိမိတို့ကိုယ်တိုင် မီးရှို့ခဲ့ကြသည်များ ရှိသကဲ့သို့ လူမရှိတော့သော နေအိမ်များအား တိုင်းရင်းသားများကလည်း မီးရှို့ကြသည်ဟု သိရပါသည်။ ထို့ပြင် နတလကျေးရွာများအဖြစ် ထူထောင်ထားသည့်ရွာများတွင် နေထိုင်သူများမှလည်း မီးရှို့ကြသည်ဟု သိရှိရပါသည်။

၄။ အထက်ပါတွေ့ရှိချက်များနှင့် လူတွေ့မေးမြန်းသိရှိရချက်များအပေါ် အခြေခံ၍ အောက်ပါ အတိုင်းသုံးသပ်ရရှိပါသည်-

(က) ဘင်္ဂါလီအကြမ်းဖက်များသည် ၂၀၁၂ ခုနှစ်တွင် မောရ၀တီ၊ ကိုင်းကြီး၊ ဗောဓိကုန်း၊ ခရေမြိုင်၊ ရွှေရင်အေး၊ ကံသာယာ၊ သရေကုန်းဘောင်၊ ၀ေသာလီ၊ ဗိုလ်မှူးရွာစသည့် တိုင်းရင်းသား ကျေးရွာများကို မီးရှို့ခဲ့ခြင်း၊ ၂၀၁၆ ခုနှစ်တွင် နယ်ခြားစောင့် ရဲကွပ်ကဲမှု ဌာနချုပ်ကို ၀င်ရောက်စီးနင်းတိုက်ခိုက်သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်း၊ ယခု ၂၀၁၇ ခုနှစ်တွင် အစိုးရသတင်းပေးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စသည့် အမာခံများအား ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်း၊ တိုင်းရင်းသားလူနည်းစုများ အား ခြိမ်းခြောက်ခြင်း၊ အစုလိုက်သတ်ဖြတ်ခြင်း၊ မေယုတောင်ကြောပေါ်ရှိ ၎င်းတို့၏ လျှို့ဝှက်စခန်းများကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် လုံခြုံရေး ကင်းစခန်းများကို ယခုကဲ့သို့ အစီအစဉ်တကျ အချိန်ကိုက် တိုက်ခိုက်လာခြင်းများကြောင့် ARSA အဖွဲ့သည်ဘူးသီးတောင်၊ မောင်တောဒေသအား သီးခြား နယ်မြေတစ်ခုအဖြစ် ထူထောင်နိုင်ရေး အစဉ်တစ်စိုက် ကြိုးပမ်းနေသည်ဟု သုံးသပ်ရပါသည်။

(ခ) ဟိန္ဒူဘာသာဝင်များအား အစုလိုက် သတ်ဖြတ်ခြင်း၊ ဟိန္ဒူအမျိုးသမီးငယ်များအား ဖမ်းဆီးခေါ်ဆောင်သွားပြီး လမ်းကြောင်းတလျှောက် သားမယားပြုကျင့်ခြင်း၊ ၎င်းတို့ဘာသာသို့ ၀င်ရောက်စေရန် အဓမ္မ ကြိုးပမ်းခြင်းများသည်လည်းကောင်း၊ ဤကာလမတိုင်မီက မြိုတိုင်းရင်းသားစဦးကို အုပ်စုလိုက် သတ်ဖြတ်ခြင်းသည်လည်းကောင်း၊ အစ္စလာမ် ဘာသာဝင်များကိုလည်း ၎င်းတို့နှင့်အတူ အဖျက်အမှောင့်လုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်ရန် အဓမ္မစည်းရုံး သိမ်းသွင်းခြင်း၊ ၎င်းတို့နောက်သို့ မလိုက်ပါသူများအား ရိုက်နှက်ခြင်း၊ နေအိမ်မီးရှို့ခြင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ရန် စည်းရုံးသိမ်းသွင်းခြင်းများသည်လည်းကောင်း လူအခွင့်အရေး ချိုးဖောက်ရာရောက်သည်ဟုဆိုရပါမည်။ ထို့ပြင် တိုင်းရင်းသားကျေးရွာများနှင့် လုံခြုံရေးတပ်စခန်းများအား လူအင်အားဖြင့် အော်ဟစ်အသံပေး ကြောက်လန့်စေခြင်း၊ ၀င်ရောက်စီးနင်း တိုက်ခိုက်ပြီး သတ်ဖြတ်ခြင်းများသည် လူ့အခွင့်အရေး ချိုးဖောက်ရာ ရောက်သည့်အပြင် အချုပ်အခြာအာဏာကိုလည်း ထိပါးသည့် လုပ်ရပ်များပင်ဖြစ်သည်ဟု သုံးသပ်ရရှိပါ သည်။

(ဂ) လက်ရှိအခြေအနေတွင် ကျေးရွာအချို့ မီးလောင်ပျက်စီးသွားခြင်း၊ ဘင်္ဂါလီများနှင့် တိုင်းရင်းသားများအကြား အပြန်အလှန် ယုံကြည်မှုပျက်ပြားပြီး လက်ရှိ နေထိုင်သော ကျေးရွာ၏ အပြင်ဘက်သို့ မထွက်ရဲခြင်း၊ သားငါး ရှာဖွေမှုမှစ၍ စားဝတ်နေရေး ခက်ခဲနေခြင်း၊ ကျန်းမာရေးအတွက် ဆေးဝါးကုသရန် ခက်ခဲနေခြင်း စသည့် အခက်အခဲများကို ဘင်္ဂါလီများအပြင် ဒေသခံတိုင်းရင်းသားများအားလုံး ရင်ဆိုင်ကြုံတွေ့နေရခြင်းသည်လည်း လူ့အခွင့်အရေး ထိခိုက်နစ်နာနေခြင်းပင် ဖြစ်သည်ဟု သုံးသပ်ရရှိပါသည်။

(ဃ) ပန်းတောပြင် ဘင်္ဂါလီကျေးရွာမှ ကျောင်းဆရာတစ်ဦး၏ ပြောကြားချက်အရ ထိုဒေသရှိ ဘင်္ဂါလီများတွင် အထွေထွေ မကျေနပ်မှုများရှိနေပြီး ယင်း မကျေနပ်မှုများနှင့် တစ်ဖက်နိုင်ငံမှ ခိုးဝင်လာသော အကြမ်းဖက်သမားများ၏ သွေးထိုးလှုံ့ဆော်မှုများ ပေါင်းစပ်လိုက်သည့်အခါ ယခုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များ ဖြစ်ပေါ်လာသည်ဟု သုံးသပ်ရပါသည်။ အကယ်၍ ယင်းအခြေအနေကို ထိန်းသိမ်းခြင်း၊ လိုအပ်သလိုကုစားခြင်းများ မပြုလုပ်နိုင်ပါက နောက်ထပ် အကြမ်းဖက် ဖြစ်စဉ်များ ထပ်မံဖြစ်ပွားလာနိုင်သည့် အလားအလာများ ဖြစ်လာနိုင်သည်ဟု သုံးသပ်ရရှိပါသည်။

(င) တစ်ဖက်နိုင်ငံသို့ ထွက်ပြေးရန် ကြိုးစားနေကြသည့် ဘင်္ဂါလီများနှင့် တွေ့ဆုံ မေးမြန်းချက်များအရ ARSA အကြမ်းဖက်သမားများက တိုင်းရင်းသား လူနည်းစုများအပေါ် အုပ်စုလိုက်သတ်ဖြတ်ခြင်း၊ အစိုးရလုံခြုံရေးစခန်းများကို ရှာလုံးကျွတ် ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြခြင်းများကြောင့် ပြန်လည်လက်စားချေမှုများ ပြုလုပ်လာနိုင်သည်ဟု တစ်ဖက်နိုင်ငံရှိ မိတ်ဆွေများမှ ဖုန်းဖြင့် စည်းရုံးပြောကြားပြီး လာရောက်ရန် စက်လှေ စီစဉ်ပေးခြင်းများ ပြုလုပ်ခြင်းသည် မိမိနိုင်ငံအပေါ် နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်ရန် ဖန်တီးသည့်လုပ်ရပ်ဟု သုံးသပ်ရရှိပါသည်။

(စ) ထိုဒေသရှိ ဘင်္ဂါလီကျေးရွာများအား စဉ်ဆက်မပြတ် ထိတွေ့ဆက်ဆံမှု အားနည်းခြင်းကြောင့် ARSA အကြမ်းဖက်သမားများသည် အဆိုပါ ရွာများအတွင်းသို့ ဝင်ရောက် ခြိမ်းခြောက်စည်းရုံးပြီး ရွာတွင်း၌ပင် အကြမ်းဖက်သင်တန်းများ ဖွင့်လှစ်နေသည်ကို အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများနှင့် လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများ အချိန်မီ သိရှိတားမြစ် ထိန်းချုပ်နိုင်ပါက ယခုကဲ့သို့ အကြမ်းဖက် ဖြစ်စဉ်များ ဖြစ်ပွားခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဟု သုံးသပ်ရရှိပါသည်။

၅။ သို့ဖြစ်၍ ရခိုင်ပြည်နယ်မြောက်ပိုင်း ဘူသီးတောင်၊ မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာတည်မြဲရေး၊ ပိုင်နက်နယ်မြေ မဆုံးရှုံးရေး၊ ထိုဒေသရှိ တိုင်းရင်းသားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများ ထပ်မံမဖြစ်ပွားစေရေးတို့အတွက် အောက်ပါတို့ကို အကြံပြုခဲ့ပါသည်-

(က) တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားသည့် ဘင်္ဂါလီများအနက် ရိုးသားစွာဖြင့် သူတပါး ခြိမ်းခြောက်မှုကြောင့် လိုက်ပါသွားကြရသူများ ရှိသကဲ့သို့ လူသတ်ခြင်း၊ မိုင်းထောင်ခြင်း၊ မီးရှို့ခြင်း၊ မုဒိမ်းကျင့်ခြင်းစသည့် ရာဇဝတ်မှုများ ကျူးလွန်ပြီး ထွက်ပြေးသွားသူများ၊ အထူးသဖြင့် အကြမ်းဖက် အုပ်စုများထံမှ အကြမ်းဖက်သင်တန်းများ တက်ရောက်ပြီးသူများ၊ ပြန်လည်လက်ခံချိန်တွင် စစ်ဆေးတွေ့ရှိရပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်သင့်ပါသည်။

(ခ) လက်ရှိမီးလောင်သွားသော ကျေးရွာများတွင် ပြန်လည်ဝင်ရောက်လာမည့် ဘင်္ဂါလီများအား ပြန်လည်နေရာချထားပေးခြင်းဖြင့် လက်ရှိနေထိုင်နေသော တိုင်းရင်းသား လူနည်းစုများသည် စိတ်ဓာတ်ရေးရာအရ မလုံခြုံမှုများ ခံစားနိုင်သည့်အပြင် နောင်ကာလတစ်ခုတွင် ယခုကဲ့သို့ အကြမ်းဖက် တိုက်ခိုက်ခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်လာနိုင်သဖြင့် ၎င်းတို့အား ပြန်လည်နေရာချထားပေးခြင်းနှင့်ပတ်သက်၍ အလေးအနက် စဉ်းစား ဆောင်ရွက်သင့်ပါသည်။

(ဂ) အဆိုပါ မီးလောင်ခဲ့သည့် ကျေးရွာများအနက် မောင်တောမြို့ တောင်ဘက်ခြမ်း အင္ဂမော်အထိ ပင်လယ်ကမ်းခြေဒေသသည် လုံခြုံရေးအရ အရေးပါသော ဒေသဖြစ်သည့်အပြင် လွန်စွာသာယာလှပသော ဒေသဖြစ်သဖြင့် ယင်းဒေသအား ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ထူထောင်ပေးသင့်ပါသည်။

(ဃ) ထို့ပြင် ပင်လယ်ကမ်းခြေတစ်လျှောက် ငါးဖမ်းလုပ်ငန်း လုပ်ကိုင်လိုသူများအား လုပ်ငန်းထူထောင်ခွင့်ပြုပေးသင့်ပြီး ၎င်းတို့လိုအပ်ချက်များကို ပံ့ပိုး ကူညီပေးသင့်ပါသည်။

(င) ထွက်မပြေးဘဲ ငြိမ်းချမ်းစွာ ကျန်ရှိနေထိုင်သော ဘင်္ဂါလီများအား ၎င်းတို့၏ စားဝတ်နေရေး အခက်အခဲနှင့် ကျန်းမာရေး၊ လူမှုရေး အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် အမြန်ဆုံး စာရင်း

ကောက်ယူပြုစုပြီး ယာယီထောက်ခံချက် လက်မှတ်များကို ဒေသအုပ်ချုပ်ရေး အစီအစဉ်ဖြင့် ထုတ်ပေးပြီး ဒေသတွင်း လွတ်လပ်စွာ သွားလာရှာဖွေ စားသောက်ခွင့်ပြုပေးခြင်းနှင့် လတ်တလော လိုအပ်နေသည့် စားနပ်ရိက္ခာများနှင့် ဆေးဝါးများကို ဒေသအစီအစဉ်ဖြင့် ထောက်ပံ့ကူညီပေးသင့်ပါသည်။

(စ) ကျန်ရှိနေသော ဘင်္ဂါလီများအပါအဝင် တိုင်းရင်းသားများ၏ ကျန်းမာရေး စောင့်ရှောက်မှုကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ အထူးအဖွဲ့များ ဖွဲ့စည်းပြီး ကာလတစ်ခုအထိ သတ်မှတ်၍ သွားရောက်ကူညီစောင့်ရှောက် ကုသပေးခြင်း၊ တပ်မတော် ဆေးတပ်ဖွဲ့မှလည်း ပူးပေါင်းပါဝင် ကူညီစောင့်ရှောက် ကုသပေးခြင်းများကို ရေတိုလုပ်ငန်းအဖြစ် ပြုလုပ်ပေးပြီး ရေရှည်လုပ်ငန်းအဖြစ် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများ တိုက်နယ်ဆေးရုံများ၊ မြို့နယ်ဆေးရုံများ တည်ဆောက်ပေးသင့်ပါသည်။

(ဆ) လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသည် အခြားဖွံ့ဖြိုးတိုးတက်မှုများ၏ အခြေခံဖြစ်သဖြင့် ဘူးသီးတောင်၊ မောင်တောဒေသအတွင်း မော်တော်ကားလမ်းများကို လက်ရှိမြေသားလမ်းများ၊ ကျောက်ခင်းလမ်းများအဖြစ်မှ ကွန်ကရစ်လမ်းများအဖြစ်သို့ အမြန်ဖောက်လုပ်ပေးသင့်ပါသည်။ ထို့ပြင် စစ်တွေမှ ရသေ့တောင်၊ ဘူးသီးတောင် မော်တော်ကားလမ်း ဖောက်လုပ်နိုင်ရေးအတွက် လိုအပ်သောနေရာ များတွင် တံတားကြီးများ တည်ဆောက်ပေးသင့်ပါသည်။

(ဇ) ထိုဒေသတွင် နေထိုင်ပြီး လယ်ယာလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သည့် စက်ကိရိယာ ပစ္စည်းနှင့် နည်းပညာများ၊ ငွေကြေးအကူအညီများ၊ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများအတွက် ငါးဖမ်းစက်လှေများ၊ ငါးဖမ်းပိုက်များ၊ နည်းပညာများ၊ ငွေကြေးအကူအညီများ ပေးရမည့်အပြင် ထွက်ပေါ်လာမည့် လယ်ယာထွက်ကုန်နှင့် သားငါးများအား ပြည်တွင်း ပြည်ပသို့ ဖြန့်ချိရောင်းချမှုကို ကူညီဆောင်ရွက်ပေးသင့် ပါသည်။

(ဈ) ထို့ပြင် ယင်းဒေသတွင် နေထိုင်သူများ၏ သားသမီးများ ပညာရေးအတွက် မူကြိုကျောင်းများ၊ မူလတန်းကျောင်းများ၊ အလယ်တန်းကျောင်းများ၊ အထက်တန်းကျောင်းများ၊ အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများကို အမြန်ဆုံး ထူထောင်ပေးပြီး သွားရောက်တာဝန်ထမ်းဆောင်မည့် ကျောင်းဆရာ၊ ဆရာမများအနေဖြင့် ယင်းဒေသသို့ သွားရောက်လုပ်ကိုင်ဆောင်ရွက်လိုစိတ် ဖြစ်ပေါ်လာစေရေးအတွက် ၎င်းတို့ နေထိုင်ရေး၊ သက်သာချောင်ချိရေးနှင့် လုံခြုံရေးများကိုလည်း အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးသင့်ပါသည်။

(ည) ထို့ပြင် ထိုဒေသလုံခြုံရေးအတွက် ရဲစခန်းများ၊ ရဲကင်းများ၊ လုံခြုံရေးစခန်းများကို လိုအပ်သလို တည်ဆောက်ပေးပြီး ၎င်းတို့အချင်းချင်း ဆက်သွယ်မှု လွယ်ကူစေရေးအတွက် ဆက်သွယ်ရေး ပစ္စည်းကိရိယာများ၊ ကွန်ရက်များ၊ ခေတ်မီ လက်နက်များ တပ်ဆင်ပေးသင့်ပါသည်။

(ဋ) ဘူးသီးတောင်၊ မောင်တောဒေသ၌ လက်ရှိကျန်ရစ်ခဲ့သော ဘင်္ဂါလီများအားလည်းကောင်း၊ ပြန်လည်စိစစ်လက်ခံပြီးသော ဘင်္ဂါလီများအားလည်းကောင်း၊ မိမိနိုင်ငံ၏ ဥပဒေနှင့်အညီ လိုက်နာနေထိုင်နိုင်ရေးတို့ကို တိကျစွာ ညွှန်ကြားစိစစ် ကြပ်မတ်သင့်ပါသည်။

၆။ ဩဂုတ်လ ၂၅ ရက်နေ့တွင် ARSA အကြမ်းဖက် သောင်းကျန်းသူများက လုံခြုံရေးတပ်ဖွဲ့ စခန်းများသို့ ဝင်ရောက်စီးနင်းတိုက်ခိုက်ခြင်း၊ တိုင်းရင်းသားကျေးရွာများအား ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခြင်း၊ တိုင်းရင်းသားလူနည်းစုများအား အကြောင်းမဲ့ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ အမျိုးသမီးငယ်များအား သားမယား ပြုကျင့်၍ ၎င်းတို့ဘာသာအတွင်းသို့ အဓမ္မသိမ်းသွင်းခြင်းများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်သကဲ့သို့ ယင်းဖြစ်ရပ်များကို တားဆီးနှိမ်နင်း တိုက်ဖျက်ချိန်တွင် ဆက်စပ်ပတ်သက်နေသည့် ကျေးရွာပြည်သူအများစုမှာလည်း လူ့အခွင့်အရေး ဆုံးရှုံးနစ်နာမှုများ ကြုံတွေ့ခံစားခဲ့ကြရပါသည်။ ထို့ပြင် ပဋိပက္ခဖြစ်ပွားမှုများ အေးငြိမ်းသွားခဲ့သော်လည်း ကျန်ရှိနေသော ဘင်္ဂါလီများသည် သံသယဖြင့် ပြောဆိုဆက်ဆံမှုများ ခံစားနေရပြီး သွားလာနေထိုင်မှု ကန့်သတ်ချက်များ ရှိနေခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှု ခံယူခွင့် အခက်အခဲများ ကြုံတွေ့နေရခြင်း၊ ဝမ်းစာရှာဖွေမှုအတွက် အကန့်အသတ်များ ရှိနေခြင်းများကြောင့် နောက်ဆက်တွဲ ဆိုးကျိုးများ ကြုံတွေ့ခံစားနေရကြောင်း တွေ့ရှိရပါသည်။

၇။ သို့ဖြစ်ပါ၍ အဆိုပါဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အလျင်အမြန် ဆောင်ရွက်ခြင်းဖြင့် မလိုလားအပ်သော အနိဋ္ဌာရုံများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများမှ ရှောင်ရှားနိုင်မည်ဟု သုံးသပ်ရရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်

**၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အထိမ်းအမှတ် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက် ထုတ်ပြန်ချက်အမှတ် (၁၃/၂၀၁၇)**

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခါသမယတွင် နိုင်ငံတကာ အသိုက်အဝန်းနှင့်အတူ ဤသမိုင်းဝင်နေ့ထူးနေ့မြတ်ကို ဂုဏ်ပြုဆင်နွှဲအပ်ပါသည်။

၂။ ၁၉၄၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ကုလသမဂ္ဂအထွေထွေညီလာခံက ထုတ်ပြန်ကြေညာခဲ့သည့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း (The Universal Declaration of Human Rights – UDHR) သည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် နှစ် (၇၀) ပြည့်မြောက်မည် ဖြစ်ပါသည်။ သို့ဖြစ်ရာ လူသားအားလုံး၏ အခြေခံ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့် "စံ" များကို ထည့်သွင်းဖော်ပြထားသော အဆိုပါ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းသည် လူသားတို့၏ နေ့စဉ်လူမှုဘဝအတွက် မည်သို့အဓိပ္ပါယ်ရှိသည်ကို ဖော်ထုတ်ပြသရန်အတွက် ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့မှ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့အထိ တစ်နှစ်တာကာလကို လူ့အခွင့်အရေး အထိမ်းအမှတ်အဖြစ် ကမ္ဘာ့နိုင်ငံအသီးသီးက ဆင်နွှဲကျင်းပသွားမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို မြန်မာဘာသာ သာမက ကချင်၊ ကရင် (ပိုးအရှေ့၊ ပိုးအနောက်၊ စကော)၊ မွန်၊ ရှမ်း စသည့် တိုင်းရင်းသားဘာသာစကားများသို့ ဘာသာပြန်ဆို၍ နိုင်ငံသားများ၏ လူ့အခွင့်အရေးအသိပညာ တိုးတက်စေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေခဲ့ပြီး ဖြစ်ပါသည်။ ထို့ပြင် ပြည်သူများ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိနိုင်စေရန်အတွက် ကော်မရှင်က ကျင်းပသော လူ့အခွင့်အရေး အသိပညာပေးဟောပြောပွဲများ၊ လူ့အခွင့်အရေး အလုပ်ရုံဆွေးနွေးပွဲများနှင့် အလုပ်ရုံသင်တန်းများတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် စပ်လျဉ်း၍ ဟောပြောဆွေးနွေးခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။

၃။ ဤသို့သော နေ့ထူးနေ့မြတ် အခါသမယတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ တစ်နှစ်တာကာလအတွင်း လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေး ဆောင်ရွက်ချက်များကို သုံးသပ်ဖော်ပြရန် အသင့်လျော်ဆုံး အချိန်လည်းဖြစ်ပါသည်။

၄။ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် စပ်လျဉ်း၍ ကော်မရှင်သည် ၂၀၁၇ ခုနှစ်အတွင်း၌ ပြည်နယ်နှင့် တိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်ပေါင်း (၁၅) မြို့နယ်သို့ သွားရောက်၍ လူ့အခွင့်အရေး အသိပညာပေး ဟောပြောပွဲများကိုလည်းကောင်း၊ လားရှိုးခရိုင်၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ မကွေးခရိုင်နှင့် မြစ်ကြီးနားခရိုင်များရှိ အစိုးရဝန်ထမ်းများအတွက် လူ့အခွင့်အရေးအသိပညာပေး အလုပ်ရုံသင်တန်းများကိုလည်းကောင်း ကျင်းပခဲ့ပါသည်။ ထို့ပြင် ကော်မရှင်သည် ရဲအရာရှိများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၄) ကြိမ်၊ အမျိုးသမီးအဖွဲ့အစည်းများအတွက် လူ့အခွင့်အရေးဆိုင်ရာ အလုပ်ရုံသင်တန်း (၂) ကြိမ်၊ ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက် ကျင်းပသော ကလေးသူငယ် အခွင့်အရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၁) ကြိမ် ကျင်းပသကဲ့သို့ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်၊ စစ်ဦးစီးတက္ကသိုလ်နှင့် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်းများရှိ တပ်မတော် အရာရှိသင်တန်းများတွင်လည်း လူ့အခွင့်အရေး ဘာသာရပ်များကို သွားရောက်ပို့ချခဲ့ပါသည်။ အလားတူပင် ကော်မရှင်သည် ၂၀၁၇ ခုနှစ်အတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တို့၌ နိုင်ငံ့ဝန်ထမ်းများအတွက် ဖွင့်လှစ်သော အရာရှိသင်တန်းများနှင့် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်းတွင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အရာရှိများအတွက် ဖွင့်လှစ်သော သင်တန်းများတွင် လူ့အခွင့်အရေး ဘာသာရပ်ကို ပို့ချခဲ့ပါသည်။

၅။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်း အဖြစ် တိုင်တန်းချက်များကို လက်ခံဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ လက်ရှိအချိန်အထိ လက်ခံရရှိသော တိုင်တန်းချက်ပေါင်း ၃၅၉ စောင် ကျော်ကို စိစစ်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်အချို့နှင့် ပတ်သက်၍လည်း လိုအပ်သကဲ့သို့ ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် အတွင်းတွင် ကော်မရှင်သည် ညောင်ဦး၊ မြင်းခြံ၊ စစ်တွေ၊ ဘူးသီးတောင်၊ အင်းစိန်၊ လားရှိုး၊ မြစ်ကြီးနား၊ ကျောက်ဖြူ၊ သံတွဲ၊ ကလေး၊ မုံရွာ၊ ကျိုင်းတုံ၊ မိုင်းဆတ်၊ ဟသ်ာတ၊ သထုံ၊ သီပေါ၊ မြောင်းမြ၊ ပုသိမ်၊ မန္တလေး(ထုံးဘို)၊ ရမည်းသင်း၊ သရက်၊ တောင်ငူ၊ နေပြည်တော်၊ မြိတ်၊ ကော့သောင်း၊ သာယာဝတီမြို့များရှိ အကျဉ်းထောင်၊ အကျဉ်းစခန်းများသို့ လူ့အခွင့်အရေး အခြေအနေများနှင့် စပ်လျဉ်း၍ သွားရောက်စစ်ဆေးခဲ့ပြီး ကော်မရှင်၏ တွေ့ရှိချက်များ၊ အကြံပြု ချက်များကို သက်ဆိုင်ရာဌာနသို့ပေးပို့၍ အများပြည်သူ သိရှိနိုင်ရန်အတွက် ထုတ်ပြန်ချက်များလည်း ထုတ်ပြန်ခဲ့ ပါသည်။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့တစ်ဖွဲ့သည် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှ ၂၆ ရက်နေ့အထိ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှု များကို သွားရောက်လေ့လာစုံစမ်းခဲ့ပြီး တွေ့ရှိချက်များနှင့် အကြံပြုချက်များပါဝင်သည့် သတင်းထုတ်ပြန်ချက် တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။

၆။ ကော်မရှင်သည် ပြည်သူ့ရေးရာနှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်ကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုပြီး ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် အစိုးရဝန်ကြီးဌာနများ သို့ ဖြန့်ချိခဲ့ပါသည်။ ထို့ပြင် ကော်မရှင်သည် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ကလေးသူငယ် အခွင့်အရေး များဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ကော်မရှင်၏ အကြံပြုချက်များကို ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့ တင်ပြခဲ့ပါသည်။ ကော်မရှင်သည် သေဒဏ်ဖျက်သိမ်းရေးကို ရည်ရွယ်သည့် ပြည်သူ့ရေးရာနှင့် နိုင်ငံရေး အခွင့်အရေး များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်၏ ဒုတိယ နောက်ဆက်တွဲစာချုပ်ကို အင်္ဂလိပ်ဘာသာမှ မြန်မာ ဘာသာသို့ ပြန်ဆိုခဲ့ပါသည်။

၇။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ဒေသဆိုင်ရာ လှုပ်ရှားမှုအနေဖြင့် လူ့အခွင့်အရေးနှင့် စပ်လျဉ်းသည့် ဒေသဆိုင်ရာ အစည်းအဝေးများနှင့် ဆွေးနွေးပွဲများတွင် တက်ကြွစွာ ပါဝင်တက်ရောက်ခြင်း၊ မိမိတို့ ကော်မရှင်က အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် အရှေ့တောင်အာရှ အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (South East Asia National Human Rights Institutions Forum - SEANF) နှင့် အာရှ-ပစိဖိတ် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဖိုရမ် (Asia Pacific Forum of National Human Rights Institutions – APF) တို့ ကဲ့သို့ဒေသအဆင့် လူ့အခွင့်အရေး အဖွဲ့အစည်းများနှင့်လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းဖြစ်သည့် အမျိုးသား လူ့အခွင့်အရေး အဖွဲ့အစည်းများဆိုင်ရာ ကမ္ဘာ့အဖွဲ့ကြီး (Global Alliance of National Human Rights Institutions - GANHRI) နှင့်လည်းကောင်း လူ့အခွင့်အရေး ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၈။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ရခိုင်ပြည်နယ် အရေးကိစ္စအပေါ် လွတ်လပ်မှုကို အခြေခံ၍ အမြင်ချင်း ဖလှယ်ခြင်းအားဖြင့် နိုင်ငံတော်က ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ "ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့အလားအလာများ ဆွေးနွေး ပွဲ" ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ အတွေ့အကြုံ

ရှိသည့် ပုဂ္ဂိုလ်များ၊ ပြည်တွင်း NGOs ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စားသူများ ပါဝင်တက်ရောက် ဆွေးနွေးကြပြီး ဆွေးနွေးပွဲမှ ဆွေးနွေးအကြံပြုချက်များကို နိုင်ငံတော်သမ္မတထံ အစီရင်ခံတင်ပြခဲ့ပါသည်။ ထို့ပြင် ကော်မရှင်သည် APF ၏ ပံ့ပိုးကူညီမှုဖြင့် "သေဒဏ်ကို တရားဝင်ရပ်ဆိုင်းရေးနှင့် စပ်လျဉ်းသည့် အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ" ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဌာနများမှ အဆင့်မြင့် အရာရှိများ၊ အရပ်ဘက် အဖွဲ့အစည်းနှင့် မီဒီယာမှ ကိုယ်စားလှယ်များနှင့် ကော်မရှင်အဖွဲ့ဝင်များ ပါဝင်ဆွေးနွေးခဲ့ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် သေဒဏ်ကို လက်တွေ့အကောင် အထည်ဖော်ဆောင်ခြင်း မရှိသဖြင့် ပြည်တွင်းပြည်ပ အကျိုးကျေးဇူးများ ရရှိနိုင်စေရန် သေဒဏ်ကို တရားဝင်ဆိုင်းငံ့ရေးအတွက် အစိုးရအနေဖြင့် စဉ်းစားသင့်ကြောင်း အလုပ်ရုံဆွေးနွေးပွဲ၏ ဆွေးနွေးအကြံပြုချက်ကို နိုင်ငံတော်သမ္မတထံ တင်ပြခဲ့ပါသည်။

၉။ လူ့အခွင့်အရေးနေ့ အခါသမယတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံသားများ၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြည်ထောင်စုလွှတ်တော် ကပြဋ္ဌာန်းခဲ့သည့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း သန္နိဋ္ဌာန်ပြုပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်

**သတင်းမီဒီယာသမားနှစ်ဦး ဖမ်းဆီးခံရခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ သတင်းထုတ်ပြန်ချက် အမှတ်စဉ် (၁၄/ ၂၀၁၇)**

၁။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တောဒေသတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ရန်ကုန်မြို့ **သတင်းမီဒီယာ သမား**တွင် ပြန်လည်အနားပေး စုဖွဲ့လျက်ရှိသော လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ တပ်ဖွဲ့ဝင်များထံမှ ရရှိခဲ့သည့် လုံခြုံရေးဆိုင်ရာ အရေးကြီး စာရွက်စာတမ်း အထောက်အထားများနှင့်တကွ တွေ့ရှိခဲ့သော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းဌာနမှ သတင်းထောက် ကိုသက်ဦးမောင် (ခ) ကိုဝလုံးနှင့် ကိုကျော်စိုးဦး (ခ) ကိုမိုးအောင်တို့နှစ်ဦးအား ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက်နေ့ညတွင် မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၌ ဖမ်းဆီးရမိကြောင်း၊ ၎င်းတို့နှစ်ဦးအား ထောက်ကြန့် နယ်မြေရဲစခန်း (ပ) ၁၂၉၈/ ၂၀၁၇၊ ၁၉၂၃ ခုနှစ် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေ ပုဒ်မ ၃ ဖြင့် အမှုဖွင့် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းများအရ သိရှိရပါသည်။

၂။ အဆိုပါ သတင်းထောက်နှစ်ဦးအား မိသားစုဝင်များနှင့် တွေ့ဆုံခွင့် မရရှိကြောင်း၊ မည်သည့်နေရာတွင် ချုပ်နှောင်ထားသည်ကို မသိရှိရကြောင်း၊ ၎င်းတို့အပေါ် စွပ်စွဲချက်များကို ခုခံချေပ ဖြေရှင်းနိုင်ရေးအတွက် ရှေ့နေနှင့် တွေ့ဆုံခွင့်မရရှိကြောင်း ကော်မရှင်သို့ တိုင်တန်းချက်အရ သိရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ၎င်းတို့အား ဖမ်းဆီးထိန်းသိမ်းခံထားရစဉ် ညှဉ်းပန်းနှိပ်စက်မှု မခံရစေရေး၊ ကျန်းမာရေး စောင့်ရှောက်မှု ရရှိရေး၊ မိသားစုဝင်များ၊ ရှေ့နေနှင့် တွေ့ဆုံခွင့် ရရှိရေးတို့အပါအဝင် ၎င်းတို့ ရပိုင်ခွင့်ရှိသော လူ့အခွင့် အရေးများ ရရှိခံစားနိုင်ရေးအတွက် ဆောင်ရွက်ပေးသင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်

**မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ထိုင်းနိုင်ငံရှိ မြန်မာရွှေ့ပြောင်း အလုပ်သမားများ ကိစ္စနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ထံသို့ မေတ္တာရပ်ခံစာပေးပို့ခြင်း**

ထိုင်းနိုင်ငံ၌ ၂၀၁၇ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့က ထုတ်ပြန်ခဲ့သည့် အလုပ်ရှင်၊ အလုပ်သမား ဥပဒေသစ်ကို အကောင်အထည်ဖော်ရာတွင် မြန်မာရွှေ့ပြောင်း အလုပ်သမားများ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ၎င်းတို့၏ လူ့အခွင့်အရေး အကာအကွယ်ပေးရေးအတွက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ထံသို့ လိုအပ်သကဲ့သို့ ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ စာတစ်စောင်ကို ၂၀၁၇ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ကပေးပို့ခဲ့သည်။

အဆိုပါစာတွင် ထိုင်းနိုင်ငံ၌ အလုပ်ရှင်၊ အလုပ်သမားဥပဒေသစ်ကို ပြဋ္ဌာန်းခဲ့ပြီး ယင်းဥပဒေ အကောင်အထည်ဖော်ရာတွင် ထိုင်းရဲတပ်ဖွဲ့ဝင်များက မြန်မာနိုင်ငံမှ ရွှေ့ပြောင်းအလုပ်သမားများအား ဖမ်းဆီးမှုများ လုပ်ဆောင်နေသည်ဟု ကြားသိရကြောင်း၊ ထိုင်းနိုင်ငံ၏ အသစ်ပြဋ္ဌာန်းသော ဥပဒေနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ မှတ်ချက်မပြုလိုသော်လည်း ဥပဒေသစ်ကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ လာရောက်လုပ်ကိုင်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့မိသားစုများ၏ လူ့အခွင့်အရေးကို အကာအကွယ်ပေးရေးအတွက် ထိုင်းနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က လိုအပ်သကဲ့သို့ ကူညီဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

နောက်ဆက်တွဲ (ဃ)

**Outcome Statement of Workshop on Consideration of a Moratorium on the Application of Death Penalty, pending its abolition**

**Nay Pyi Taw, Myanmar**

**31 October 2017**

The Workshop on the Moratorium of the Death Penalty was held at Hotel Max, Nay Pyi Taw on 30-31 October 2017 organized by the Myanmar National Human Rights Commission and supported by the Asia Pacific Forum of National Human Rights Institutions (APF). The workshop was attended by 33 participants including Parliamentarians, Senior Government Officials from the President's Office, Ministry of Foreign Affairs, Ministry of Home Affairs (General Administration Department, Myanmar Police Force and Prison Department), Ministry of Defense, Union Supreme Court, Ministry of Education, Union Attorney General's Office, and representatives from civil society organizations, the media and Members of the Myanmar National Human Rights Commission and its officials.

The objective of the Workshop is to recommend the government to consider initiating a moratorium on the application of death penalty, pending its abolition.

The Workshop commenced with the welcoming remarks by U Win Mra, Chairman of the Myanmar National Human Rights Commission. In the welcoming remarks, the Chairman stated that Myanmar has not carried out any execution since 1988, that it is considered abolitionist in practice, although the death sentence is imposed on offenders in serious crimes. The Chairman requested the participants to freely express their views and comments with regard to considering a moratorium on the application of the death penalty based on prevailing practices.

In the Workshop, presentations were made by the international expert Dr. Jon Yorke, Professor of Human Rights in the School of Law, Birmingham City University in the United Kingdom and Director of the Centre for Human Rights. He shared his views and experiences regarding the Evolution of the UN Legislative Mandate Towards the Abolition of the death penalty, and on the theme of Multilateralism and the Movement Towards Global Abolition, based on the human rights perspective on the death penalty. Dr. Yorke raised some pertinent points regarding the denunciation of the death penalty as an expression of legitimate contemporary state sovereignty and the solidity of the human rights standards for rejecting the use of the death penalty and for enhancing the human dignity of the victims of crimes.

It was then followed by presentation made by U Soe Phone Myint, Member of the Myanmar National Human Rights Commission, focusing on the relevant provisions of the domestic criminal laws, rulings and precedents relating to the imposition of the death penalty in serious crimes, and granting of pardon by the President under the Constitution of the Republic of the Union of Myanmar.

Next, U Khin Maung Lay, Member of the Myanmar National Human Rights Commission made his presentation, discussing his Impressions on the experiences with regard to the 6th World Congress on the Abolition of Death Penalty.

The participants then discussed and expressed their views on the prospective moratorium on the application of death penalty, pending its abolition.

In the open discussions by the participants, it was noted that in Myanmar, the death penalty is not usually imposed in every criminal case. It is imposed only in the most serious crimes, whereby a court has no choice, but, is compelled under such criminal sanction to impose the death penalty according to law. The discussions also noted that although the death penalty is imposed in Myanmar according to law, no execution has been carried out since 1988. Accordingly Myanmar is considered to be on the list of abolitionist in practice.

The ineffectiveness of the death penalty as a deterrent against murder was highlighted. It was discussed that within the capital judicial system there may be possibility of misuse and there may be mistakes.

Since Myanmar is considered abolitionist in practice, the workshop recommends the government to consider a moratorium on the application of the death penalty, pending its abolition.

Due to the reasons above, the workshop recommends:

1. A moratorium on the death penalty enables within domestic law:
    - a. The identification of effective alternative punishments
    - b. Prevents misconceptions concerning a possible rise in crime rates
    - c. Educates the public on the benefits of a more humane criminal justice system
    - d. Enables the government to chart the next steps towards the domestic abolition of the death penalty
2. A moratorium on the death penalty enables within the international arena:
    - a. Establishes the legal and political platform for the government to participate effectively in the international arena on the question of the death penalty.
    - b. Enables the government to contribute further to the moratorium of the death penalty in the Asia Pacific region.
    - c. Establishes the legal and political platform for the government to accede to the ICCPR.
3. While commending the government for the impending legislative provisions consistent with the CRC, the workshop recommends the prohibition of the death penalty on pregnant women, women with dependent children, for the elderly and for the persons with disabilities.

## "ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့အလားအလာများ ဆွေးနွေးပွဲ" ကျင်းပခြင်း

၁၂ အောက်တိုဘာ ၂၀၁၇

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ရခိုင်ပြည်နယ် အရေးကိစ္စအပေါ် လွတ်လပ်မှု အခြေခံဖြင့် အမြင်ချင်း ဖလှယ်ခြင်းအားဖြင့် နိုင်ငံတော်က ရခိုင်ပြည်နယ်အရေးကိစ္စ ဖြေရှင်းဆောင်ရွက်ရာတွင် အထောက်အကူ ဖြစ်စေရန် ရည်ရွယ်၍ "ရခိုင်ပြည်နယ်အရေးကိစ္စ၊ စိန်ခေါ်မှုများနှင့် ရှေ့အလားအလာများ ဆွေးနွေးပွဲ" ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ရန်ကုန်မြို့ရှိ Summit Parkview ဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ အတွေ့အကြုံရှိသည့် ပုဂ္ဂိုလ်များ၊ ပြည်တွင်း NGOs ကိုယ်စားလှယ်များနှင့် စိတ်ပါဝင်စား သူများ ပါဝင်တက်ရောက် ဆွေးနွေးကြသည်။ ဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက အဖွင့်မိန့်ခွန်း ပြောကြားရာတွင် ဤသို့ အတွေ့အကြုံရှိသော ပုဂ္ဂိုလ်များက ဘာသာရပ်ခေါင်းစဉ် အသီးသီးတွင် ပါဝင်ဆွေးနွေးခြင်းဖြင့် ရခိုင်ပြည်နယ် အရေးကိစ္စအတွက် အဖြေရှာရာတွင် ပိုမိုပြည့်စုံစွာ သိရှိ နားလည်ခွင့်နှင့် အကြံဉာဏ်ကောင်းများ ရရှိရေးတို့အတွက် များစွာ အကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဆွေးနွေးပွဲပထမပိုင်းအဖြစ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ ဆွေးနွေးကြရာတွင် ညှိနှိုင်းဆွေးနွေးရေးမှူးအဖြစ် ကော်မရှင် ဒုတိယ ဥက္ကဋ္ဌ ဦးစစ်မြိုင်က ဆောင်ရွက်ပြီး ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ် အဖွဲ့၏ ရခိုင်ပြည်နယ်တွင် ၂၄-၉-၂၀၁၇ ရက်နေ့မှ ၂၉-၉-၂၀၁၇ ရက်နေ့အထိ သွားရောက်ကြည့်ရှု လေ့လာတွေ့ရှိချက်များကိုလည်းကောင်း၊ ရခိုင် ပြည်နယ် ဝန်ကြီးချုပ် (ငြိမ်း) ဦးမောင်မောင်အုန်းက ရခိုင်ပြည်နယ် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက် မှု အတွေ့အကြုံများကိုလည်းကောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယ ဥက္ကဋ္ဌ (၁) ဦးအောင်လှထွန်းက ရခိုင်ပြည်နယ်အရေးကိစ္စနှင့် သတင်းမီဒီယာ၏ အခန်းကဏ္ဍတို့ကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက် ကြသူများက မေးခွန်းမေးမြန်းခြင်း၊ သုံးသပ်ခြင်းနှင့် အကြံပြုခြင်းတို့ ပြုလုပ်ကြပါသည်။

ဆွေးနွေးပွဲဒုတိယပိုင်းအဖြစ် မြန်မာနိုင်ငံ၏ ပြည်ပဆက်ဆံရေးအပေါ် ရခိုင်ပြည်နယ်အရေးကိစ္စ၏ သက်ရောက်မှု များနှင့်ပတ်သက်၍ ဆွေးနွေးကြရာတွင် ညှိနှိုင်းဆွေးနွေးရေးမှူးအဖြစ် ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြက ဆောင်ရွက်ပြီး ကော်မရှင် အဖွဲ့ဝင် ဦးညွန့်ဆွေက မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂ ဆက်ဆံရေးကိုလည်းကောင်း၊ နိုင်ငံတကာရေးရာ သုတေသီ ဦးကိုကိုလှိုင်က မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် အပါအဝင် အခြားနိုင်ငံများနှင့် ဆက်ဆံရေးကို လည်းကောင်း၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၊ အဖွဲ့ဝင် ဦးဘလှအေးက မြန်မာနိုင်ငံနှင့် အာဆီယံ/ ဥရောပသမဂ္ဂ ဆက်ဆံရေးကိုလည်းကောင်း ဆွေးနွေးတင်ပြကြပြီး တက်ရောက်ကြသူများက မေးခွန်း မေးမြန်းခြင်း၊ သုံးသပ်ခြင်းနှင့် အကြံပြုခြင်းတို့ ပြုလုပ်ကြပါသည်။

ထို့နောက် ဆွေးနွေးတင်ပြချက်၊ သုံးသပ်ချက်နှင့် အကြံပြုချက်များကို ခြုံငုံသုံးသပ် ဆွေးနွေးကြပြီး အဆိုပါ ဆွေးနွေးသုံးသပ်အကြံပြုချက်များကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်က နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံ တင်ပြသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

နောက်ဆက်တွဲ (တ)

**ပြည်ပ သင်တန်းများသို့ စေလွှတ်ခဲ့သည့် သင်တန်းသား စာရင်း**

| စဉ် | ကာလ | နိုင်ငံ/မြို့ | အကြောင်းအရာ | တက်ရောက်သူများ |
|---|---|---|---|---|
| ၁ | ဇန်နဝါရီလ ၂၃ မှ ၂၇ | ဖိလစ်ပိုင်၊ မနီလာ | Blended Learning Course on Monitoring Economic, Social and Cultural Rights (ESCR) | ဒုဥက္ကဋ္ဌ ဦးဇော်လွင်ထူး၊ ဒုဥက္ကဋ္ဌဒေါ်ဖြိုးသီရိဝင်း၊ လူ့အခွင့်အရေးအရာရှိ ဒေါ်မီမီစန်းအောင် |
| ၂ | ဇန်နဝါရီလ ၃၀ မှ ၃၁ | ထိုင်း၊ ဘန်ကောက် | the Garment Industry and Business and Human Rights: Closing the Gap | ဒု-ညွှန်မှူး ဦးအာကာဟိန်းစိုး |
| ၃ | ဖေဖော်ဝါရီလ ၁၃ မှ ၁၇ | ဖိလစ်ပိုင်၊ မနီလာ | Blended Learning Course on Sexual Orientation, Gender Identity and Sex Characteristic | ညွှန်မှူး ဒေါက်တာခိုင်ခိုင်ဝင်း |
| ၄ | ဧပြီလ ၂၅ မှ ၂၆ | ထိုင်း၊ ဘန်ကောက် | APF-UNDP Conference on the Yogyakarta Principles | ညွှန်မှူး ဦးသူရကျော်၊ လ/ထညွှန်မှူး ဦးကျော်ထက်စိုး |
| ၅ | ဇွန်လ ၅ မှ ၇ | ထိုင်း၊ ဘန်ကောက် | Regional Blended Learning Course on Business and Human Rights | လူ့အခွင့်အရေးအရာရှိ ဦးဟန်ကိုကိုမျိုး |
| ၆ | ဇူလိုင်လ ၁၇ မှ ၂၁ | ထိုင်း၊ ဘန်ကောက် | Regional Blended Learning Course on Human Rights and Environment/ Climate Change in the Framework of Agenda 2030 | ညွှန်မှူး ဒေါက်တာခိုင်ခိုင်ဝင်း၊ လူ့အခွင့်အရေးအရာရှိ ဒေါ်မိမိခိုင် |
| ၇ | ဇူလိုင်လ ၂၄ မှ ၂၈ | အင်ဒိုနီးရှား ဂျာကာတာ | Annual Human Rights Training: "Human Rights and Persons with Disabilities" | လ/ထညွှန်မှူး ဒေါ်နန့်ရှန်အောင် |
| ၈ | ဩဂုတ်လ ၂၉ မှ ၃၀ | မလေးရှား၊ မီလာကာ | Senior Executive Officer (SEO) Network Meeting | ခေတ္တညွှန်ချုပ် ဦးဘုန်းကြွယ် |
| ၉ | အောက်တိုဘာ ၄ မှ ၅ | ဖိလစ်ပိုင် မနီလာ | ASEAN Policy Dialogue on Building a Child-Friendly ASEAN | ဒု-ညွှန်မှူး ဦးအာကာဟိန်းစိုး |
| ၁၀ | နိုဝင်ဘာလ ၂၁ မှ ၂၂ | ဘင်္ဂလား ဒေ့ရှ်၊ ဒါကာ | APF Communications Network Collaboration Workshop | ဒု-ညွှန်မှူး ဦးဇော်လွင်ထူး |
| ၁၁ | ဒီဇင်ဘာလ ၄ မှ ၅ | အင်ဒိုနီးရှား ဗန်တန်း | Workshop on Human Rights Cities and the Role of Local Government on Respecting, Protecting and Fulfilling Human Rights at the SEANF respective countries | ညွှန်မှူး ဦးသူရကျော် |

နောက်ဆက်တွဲ (ထ)

## ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ရှိ ဝန်ထမ်းအင်အား

| စဉ် | ရာထူး | သနေ့ အင်အား | ရုံးချုပ် အင်အား | ရုံးခွဲအင်အား | | တွဲဖက် အင်အား | စုစုပေါင်း အင်အား |
|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | | |
| ၁ | ဒုတိယညွှန်ကြားရေးမှူးချုပ် | ၁ | ၁ | - | - | - | **၁** |
| ၂ | ညွှန်ကြားရေးမှူး | ၂ | ၂ | - | - | - | **၂** |
| ၃ | ဒုတိယညွှန်ကြားရေးမှူး | ၄ | ၄ | - | - | - | **၄** |
| ၄ | လက်ထောက်ညွှန်ကြားရေးမှူး | ၃ | ၃ | - | - | - | **၃** |
| ၅ | စာကြည့်တိုက်မှူး | ၁ | ၁ | - | - | - | **၁** |
| ၆ | လူ့အခွင့်အရေးအရာရှိ | ၁၂ | ၁၂ | - | - | - | **၁၂** |
| ၇ | ဒုတိယလူ့အခွင့်အရေးဦးစီးမှူး | ၇ | ၈ | ၁ | ၁ | - | **၁၀** |
| ၈ | အကြီးတန်းစာရေး | ၆ | ၄ | ၁ | - | - | **၅** |
| ၉ | အငယ်တန်းစာရေး | ၅ | ၁၀ | ၁ | ၁ | - | **၁၂** |
| ၁၀ | ယာဉ်မောင်း (၂) | ၂ | ၂ | - | - | - | **၂** |
| ၁၁ | ယာဉ်မောင်းစက်ပြင် (၃) | ၁ | ၁ | - | - | - | **၁** |
| ၁၂ | ယာဉ်မောင်း (၃) | ၃ | ၂ | - | - | - | **၂** |
| ၁၃ | ရုံးအကူ | ၅ | ၅ | - | - | - | **၅** |
| ၁၄ | သန့်ရှင်းရေး | ၂ | ၂ | - | - | - | **၂** |
| ၁၅ | အစောင့် | ၂ | ၂ | - | - | - | **၂** |
| ၁၆ | ဥယျာဉ်လုပ်သား | ၁ | ၁ | - | - | - | **၁** |
| | **စုစုပေါင်း** | **၅၇** | **၆၀** | **၃** | **၂** | **-** | **၆၅** |

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
## လူ့အခွင့်အရေးဆိုင်ရာ ဗဟုသုတဆန်းစစ်ချက်

အမည် -------------------- ရာထူး ------------------- ဌာန -------------------------

ရက်စွဲ -------------------- နေရာ --------------------

၁။ **အောက်ပါတို့ကိုမှား/ မှန်ရွေးချယ်ပါ။** (မှန်လျှင်✓မှားလျှင်×ခြစ်ရန်)

(၁) လူ့အခွင့်အရေးများသည် လူ့အခွင့်အရေးကော်မရှင် ဖွဲ့ထားသော နိုင်ငံများနှင့်သာ ဆိုင်သည်။ (   )

(၂) ကုလသမဂ္ဂက အတည်ပြုထားသော အဓိကလူ့အခွင့်အရေးစာချုပ် (၁၀) ခုရှိသည်။ (   )

(၃) ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတိုင်းသည် ကုလသမဂ္ဂမှ အတည်ပြုထားသော လူ့အခွင့်အရေး စာချုပ်အားလုံးကို လိုက်နာရန် တာဝန်ရှိသည်။ (   )

(၄) လူ့အခွင့်အရေးသည် လူသားအားလုံးနှင့် သက်ဆိုင်ပြီး မည်သည့်နေရာတွင်မဆို ရရှိခံစားခွင့် အတူတူဖြစ်သည်။ (   )

(၅) အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံတွင် အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းထားသည့် နိုင်ငံ (၆) နိုင်ငံရှိသည်။ (   )

(၆) ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အတည်ပြုရေး မဲခွဲရာ၌ မြန်မာနိုင်ငံသည် ထောက်ခံမဲပေးခဲ့သောနိုင်ငံ ဖြစ်သည်။ (   )

(၇) လူ့အခွင့်အရေးသည် ယဉ်ကျေးမှု ဓလေ့ထုံးစံများအားလုံးကို အစဉ်သဖြင့် လွှမ်းမိုးမှု ရှိသည်။ (   )

(၈) လက်ရှိအစိုးရလက်ထက်တွင် ကလေးသူငယ်များ၏ ပညာသင်ကြားခွင့် အပြည့်အဝ ရရှိသည်။ (   )

(၉) မိမိရရှိခံစားလိုသော အခွင့်အရေးများကို နိုင်ငံသားတိုင်း လွတ်လပ်စွာ ကျင့်သုံးနိုင်သည်။ (   )

(၁၀) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW) တွင် မြန်မာနိုင်ငံသည် စာချုပ်အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ (   )

၂။ **အောက်ပါတို့အနက်မှ မှန်ရာကို ရွေးချယ်ပါ။** {အမှန် (✓) ခြစ်ပါ။}

(၁) လူ့အခွင့်အရေးမှ အထောက်အကူပြုနိုင်သော အကြောင်းအချက်

(က) အမျိုးသားအကျိုးစီးပွား (ခ) ဒီမိုကရေစီ (ဂ) တရားဥပဒေစိုးမိုးရေး

(၂) နှစ်စဉ် ဒီဇင်ဘာလ ____________ ရက်နေ့သည် လူ့အခွင့်အရေးနေ့ ဖြစ်သည်။

(က) ၃ (ခ) ၇ (ဂ) ၁၀ (ဃ) ၁၅

(၃) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ကို ___________ ခုနှစ်တွင် စတင် ဖွဲ့စည်းခဲ့သည်။

(က) ၂၀၁၁ (ခ) ၂၀၁၂ (ဂ) ၂၀၁၃ (ဃ) ၂၀၁၄

(၄) အမျိုးသား လူ့အခွင့်အရေး ကော်မရှင်များဖွဲ့စည်းခြင်းဆိုင်ရာ အခြေခံမူများကို _______ ဟုခေါ်သည်။

(က) နယူးယောက်အခြေခံမူ (ခ) ရောမအခြေခံမူ (ဂ) ဗီယင်နာအခြေခံမူ (ဃ) ပဲရစ်အခြေခံမူ

(၅) လူ့အခွင့်အရေးကောင်စီက ကြီးမှူး၍ နှစ်စဉ်ပြုလုပ်သည့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အားလုံး၏ လူ့အခွင့်အရေး အခြေအနေများကို အလှည့်ကျသုံးသပ်သည့် လုပ်ငန်းစဉ် (Universal Periodic Review - UPR) တွင် အဖွဲ့ဝင်နိုင်ငံတိုင်း၏ လူ့အခွင့်အရေး အခြေအနေကို ____________ နှစ်လျှင်တစ်ကြိမ် အလှည့်ကျသုံးသပ်သည်။

(က) ၂ (ခ) ၃ (ဂ) ၄ (ဃ) ၅

(၆) ကုလသမဂ္ဂ၏ အဓိက လူ့အခွင့်အရေး သဘောတူစာချုပ်များအနက် စာချုပ် ______ ခုကို မြန်မာနိုင်ငံက အတည်ပြုထားပြီးဖြစ်သည်။

(က) ၂ (ခ) ၃ (ဂ) ၄ (ဃ) ၅

(၇) မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားသော လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များအနက် ပထမဆုံး စာချုပ်မှာ ______________ ဖြစ်သည်။

(က) ကလေးသူငယ်အခွင့်အရေးဆိုင်ရာစာချုပ်

(ခ) အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားမှုမှန်သမျှ ပပျောက်ရေးဆိုင်ရာ သဘောတူ စာချုပ်

(ဂ) မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်

(၈) မြန်မာနိုင်ငံကအတည်ပြု လက်မှတ်ရေးထိုးပြီးသော လူ့အခွင့်အရေးဆိုင်ရာ သဘောတူ စာချုပ်များကို ____________ ဌာနက တာဝန်ယူ အကောင်အထည်ဖော် ဆောင်ရွက်သည်။

(က) နိုင်ငံခြားရေး (ခ) လူမှုဝန်ထမ်း (ဂ) ပြည်ထဲရေး (ဃ) လူ့အခွင့်အရေးကော်မရှင်

(၉) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် _______ အဖွဲ့အစည်းဖြစ်သည်။

(က) နိုင်ငံတော် (ခ) အစိုးရ (ဂ) CSO (ဃ) NGO

(၁၀) မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်၊ ကာကွယ်ရေးတာဝန်များ ဆောင်ရွက်ရာတွင် အောက်ပါပုဂ္ဂိုလ်/ အဖွဲ့အစည်း၏ ကြီးကြပ်မှု/ လမ်းညွှန်မှုအောက်တွင် ရှိသည်။

(က) နိုင်ငံတော်သမ္မတ (ခ) ပြည်ထဲရေးဝန်ကြီးဌာန (ဂ) ကော်မရှင်ဥပဒေ

(ဃ) ပြည်ထောင်စုလွှတ်တော်

နောက်ဆက်တွဲ (ဓ)

## ခုနှစ်အလိုက်စစ်ဆေးပြီး အကျဉ်းထောင်စာရင်း

| ၂၀၁၅ ခုနှစ် | | ၂၀၁၆ ခုနှစ် | | ၂၀၁၇ ခုနှစ် | | | |
|---|---|---|---|---|---|---|---|
| စဉ် | အမည် | စဉ် | အမည် | စဉ် | အမည် | စဉ် | အမည် |
| ၁ | အင်းစိန် (ဗဟို) | ၁ | မြင်းခြံ (ဒု) | ၁ | ညောင်ဦး | ၁၆ | လားရှိုး (တ) |
| ၂ | မန္တလေး (ဗဟို) | ၂ | တောင်ငူ | ၂ | မြင်းခြံ (တ) | ၁၇ | သထုံ |
| ၃ | မြင်းခြံ | ၃ | ကသာ | ၃ | ဟသ်ာတ | ၁၈ | မြောင်းမြ |
| ၄ | သာယာဝတီ (ဗဟို) | ၄ | ရွှေဘို | ၄ | စစ်တွေ (ဒု) | ၁၉ | ပုသိမ် |
| ၅ | လားရှိုး | ၅ | ခန္တီး | ၅ | ဘူးသီးတောင် (ဒု) | ၂၀ | မန္တလေး (ဒု) |
| ၆ | သီပေါ | ၆ | ညောင်ရွှေ | ၆ | အင်းစိန် (ဒု) | ၂၁ | ဘူးသီးတောင် (တ) |
| ၇ | မိုင်းဆတ် | ၇ | မြစ်ကြီးနား | ၇ | ကျောက်ဖြူ | ၂၂ | တောင်ငူ (ဒု) |
| ၈ | စစ်တွေ | ၈ | လွိုင်ကော် | ၈ | သံတွဲ | ၂၃ | ရမည်းသင်း |
| ၉ | ဘူးသီးတောင် | | | ၉ | မြစ်ကြီးနား (ဒု) | ၂၄ | နေပြည်တော် |
| ၁၀ | မြိတ် | | | ၁၀ | လားရှိုး (ဒု) | ၂၅ | သရက် |
| ၁၁ | ကော့သောင်း | | | ၁၁ | ကလေး | ၂၆ | မြိတ် (ဒု) |
| | | | | ၁၂ | မုံရွာ | ၂၇ | ကော့သောင်း |
| | | | | ၁၃ | ကျိုင်းတုံ | ၂၈ | သာယာဝတီ |
| | | | | ၁၄ | မိုင်းဆတ် (ဒု) | ၂၉ | စစ်တွေ (တ) |
| | | | | ၁၅ | သီပေါ (ဒု) | ၃၀ | ဘူးသီးတောင် (စ) |

## အကျဉ်းထောင်များရှိ အကျဉ်းသားနှင့် အချုပ်သား အခြေအနေ

| စဉ် | အကျဉ်းထောင် အမည် | ရက်စွဲ | | ထောင်ကျ | | | အချုပ် | | | စုစု ပေါင်း | အချုပ်နှင့် အကျ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | ရက် | လ | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | |
| ၁ | ဘူးသီးတောင် | ၂၅ | ၉ | ၅၉၀ | ၈၃ | ၆၇၃ | ၈၀၇ | ၉ | ၈၁၆ | ၁၄၈၉ | ၁၂၁ |
| ၂ | အင်းစိန် | ၁၄ | ၃ | ၄၆၇၂ | ၁၁၇၄ | ၅၈၄၆ | ၄၃၂၃ | ၅၆၇ | ၄၈၉၀ | ၁၀၇၃၆ | ၈၄ |
| ၃ | ရမည်းသင်း | ၂၄ | ၁၀ | ၆၅၃ | ၄၈ | ၇၀၁ | ၄၃၂ | ၁၃၂ | ၅၆၄ | ၁၂၆၅ | ၈၀ |
| ၄ | သထုံ | ၁၇ | ၇ | ၂၅၂ | | ၂၅၂ | ၁၂၄ | | ၁၂၄ | ၃၇၆ | ၄၉ |
| ၅ | မြိတ် | ၂၀ | ၁၁ | ၇၆၄ | ၁၄၁ | ၉၀၅ | ၃၄၄ | ၃၅ | ၃၇၉ | ၁၂၈၄ | ၄၂ |
| ၆ | ကော့သောင်း | ၂၂ | ၁၁ | ၆၆၈ | ၆၄ | ၇၃၂ | ၂၅၃ | ၃၀ | ၂၈၃ | ၁၀၁၅ | ၃၉ |
| ၇ | ပုသိမ် | ၂၃ | ၈ | ၇၃၂ | ၈၅ | ၈၁၇ | ၂၆၀ | ၂၆ | ၂၈၆ | ၁၁၀၃ | ၃၅ |
| ၈ | မုံရွာ | ၁၁ | ၅ | ၅၇၃ | ၅၄ | ၆၂၇ | ၁၉၃ | ၁၈ | ၂၁၁ | ၈၃၈ | ၃၄ |
| ၉ | တောင်ငူ | ၂၃ | ၁၀ | ၉၄၁ | ၁၁၉ | ၁၀၆၀ | ၂၆၀ | ၂၉ | ၂၈၉ | ၁၃၄၉ | ၂၇ |
| ၁၀ | မန္တလေး | ၁၄ | ၉ | ၅၄၉၆ | ၈၆၀ | ၆၃၅၆ | ၁၃၈၇ | ၁၇၉ | ၁၅၆၆ | ၇၉၂၂ | ၂၅ |
| ၁၁ | ဟသ်ာတ | ၂၅ | ၁ | ၅၂၁ | ၇၃ | ၅၉၄ | ၁၂၉ | ၁၄ | ၁၄၃ | ၇၃၇ | ၂၄ |
| ၁၂ | သီပေါ | ၈ | ၈ | ၃၁၁ | ၈၆ | ၃၉၇ | ၄၅ | ၂၃ | ၆၈ | ၄၆၅ | ၁၇ |
| ၁၃ | လားရှိုး | ၁၁ | ၈ | ၂၃၇၆ | ၅၇၀ | ၂၉၄၆ | ၄၂၅ | ၅၂ | ၄၇၇ | ၃၄၂၃ | ၁၆ |
| ၁၄ | မြစ်ကြီးနား | ၂၄ | ၃ | ၂၄၄၂ | ၅၁၇ | ၂၉၅၉ | ၃၈၅ | ၆၉ | ၄၅၄ | ၃၄၁၃ | ၁၅ |
| ၁၅ | ကလေး | ၉ | ၅ | ၁၄၅၁ | ၂၄၂ | ၁၆၉၃ | ၂၃၄ | ၂၂ | ၂၅၆ | ၁၉၄၉ | ၁၅ |
| ၁၆ | မိုင်းဆတ် | ၂၁ | ၆ | ၂၃၉ | ၇၈ | ၃၁၇ | ၃၃ | ၁၁ | ၄၄ | ၃၆၁ | ၁၄ |
| ၁၇ | သံတွဲ | ၃၀ | ၃ | ၃၉၈ | ၁၉ | ၄၁၇ | ၄၂ | ၅ | ၄၇ | ၄၆၄ | ၁၁ |
| ၁၈ | စစ်တွေ | ၁၁ | ၁၂ | ၁၁၄၄ | ၉၅ | ၁၂၃၉ | ၁၁၈ | ၈ | ၁၂၆ | ၁၃၆၅ | ၁၀ |
| ၁၉ | မြောင်းမြ | ၂၃ | ၈ | ၈၂၆ | ၄၇ | ၈၇၃ | ၈၀ | ၈ | ၈၈ | ၉၆၁ | ၁၀ |
| ၂၀ | ကျောက်ဖြူ | ၂၈ | ၃ | ၇၅၆ | ၁၃ | ၇၆၉ | ၅၁ | ၁၃ | ၆၄ | ၈၃၃ | ၈ |
| ၂၁ | ကျိုင်းတုံ | ၁၉ | ၆ | ၁၅၁၀ | ၂၀၈ | ၁၇၁၈ | ၁၂၄ | ၁၃ | ၁၃၇ | ၁၈၅၅ | ၈ |
| ၂၂ | မြင်းခြံ | ၁၁ | ၁ | ၁၆၄၄ | ၂၈၇ | ၁၉၃၁ | ၁၁၂ | ၁၃ | ၁၂၅ | ၂၀၅၆ | ၆ |
| ၂၃ | ညောင်ဦး | ၁၀ | ၁ | ၄၁၉ | ၄၅ | ၄၆၄ | ၁၇ | ၅ | ၂၂ | ၄၈၆ | ၅ |
| ၂၄ | သရက် | ၂၁ | ၁၀ | ၁၁၂၅ | ၁၇၃ | ၁၂၉၈ | ၄၆ | ၅ | ၅၁ | ၁၃၄၉ | ၄ |
| ၂၅ | သာယာဝတီ | ၃၀ | ၁၁ | ၂၅၉၇ | ၂၆၀ | ၂၈၅၇ | ၈၀ | ၉ | ၈၉ | ၂၉၄၆ | ၃ |
| | **စုစုပေါင်း** | | | **၃၃၁၀၀** | **၅၃၄၁** | **၃၈၄၄၁** | **၁၀၃၀၄** | **၁၂၉၅** | **၁၁၅၉၉** | **၅၀၀၄၀** | ၃၀ |

နောက်ဆက်တွဲ (ပ)

**ခုနှစ်အလိုက် စစ်ဆေးပြီး အကျဉ်းစခန်းစာရင်း**

| ၂၀၁၅ ခုနှစ် | | ၂၀၁၆ ခုနှစ် | | ၂၀၁၇ ခုနှစ် | | | |
|---|---|---|---|---|---|---|---|
| စဉ် | အမည် | စဉ် | အမည် | စဉ် | အမည် | စဉ် | အမည် |
| ၁ | ဟိုခိုစခန်း | ၁ | အိုင်ကလောင်စခန်း | ၁ | မင်းကုန်းစခန်း | ၁၄ | ရင်းငြိမ်စခန်း |
| ၂ | ဂယ်လောင်းစခန်း | ၂ | ထီခမ်းစခန်း | ၂ | လေ့လျော်အင်းစခန်း | ၁၅ | မုပ္ပလင် (ကျား) စခန်း |
| ၃ | ထုံးဘို (၁) စခန်း | ၃ | ဘန်းကန်စခန်း | ၃ | တောကြီးတန်းစခန်း | ၁၆ | မုပ္ပလင် (မ) စခန်း |
| ၄ | ထုံးဘို (၂) စခန်း | ၄ | တောင်လေးလုံးစခန်း | ၄ | ရွှေသူဌေးစခန်း | ၁၇ | အင်္ဂဘိုစခန်း |
| | | ၅ | တောင်ငူ (၄) မိုင်စခန်း | ၅ | အောင်ချမ်းသာစခန်း | ၁၈ | ထုံးဘို (၁) စခန်း |
| | | | | ၆ | သနန်စခန်း | ၁၉ | ထုံးဘို (၂) စခန်း |
| | | | | ၇ | မြို့သစ်စခန်း | ၂၀ | ထုံးဘို (မ) စခန်း |
| | | | | ၈ | အုတ်ဖိုစခန်း | ၂၁ | ၂၄ မိုင်စခန်း |
| | | | | ၉ | ဗန္ဓုလစခန်း | ၂၂ | ၄ မိုင်စခန်း |
| | | | | ၁၀ | ရာဇဂြိုလ် (၁) စခန်း | ၂၃ | ကင်းသာ (၁) စခန်း |
| | | | | ၁၁ | ရာဇဂြိုလ် (၂) စခန်း | ၂၄ | ကင်းသာ (၂) စခန်း |
| | | | | ၁၂ | အင်းဗြောင်စခန်း | ၂၅ | ကိုးပင်သာစည် |
| | | | | ၁၃ | ဇင်းကျိုက်စခန်း | | |